www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (မျှားစာပေ)
အမှတ်- ၅၂၀(က) အင်းဝ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရှင် (မြ-၀၅၄၁၇) (ရွှေမြသဲ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ အရှေ့လမ်း တော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ဆက်သွယ်ရန် - 09 420243327
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၁၄ ခုနှစ် ဒီဇင်ဘာလ
တန်ဖိုး - ၁၀၀ ကျပ် အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
မျှားစာပေ
ဖုန်း ၅၄၃၁၀၀၆ ၀၉ ၅၁၈၅၂၀၀၄
၁၀ ကျော်ဝင်ရှင်

၈၉၅. ၈၃
နတ်သမီး
လေနှင်တိမ်တစ်စ
မျှားစာပေ၊ ၂၀၁၄။
၂၅၆ - စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) လေနှင်တိမ်တစ်စ

## အခန်း (၁)

"အွန်"

"အင့်"

"ဆောရီး"

"ဆောရီးပါရှင့်"

နေရာကရှင်းရှင်းကြီး။ အကာအကွယ်လည်းမရှိ၊ ထောင့်ချိုးလည်းမဟုတ်။ နှစ်ယောက်လုံး ငေးမောမိလို့ တိုက်မိကြတာ။ ကောင်မလေးငေးမောနေတာက သူနှင့်ရွယ်တူကောင်လေးတစ်ယောက်။ သူကလည်း မောင်းလာသောကားနှင့်မလိုက်ဖက်သော ထိုကောင်လေးကိုပဲကြည့်နေမိတာ။

ကောင်မလေးက ထိုကောင်လေးကို သင်တန်းထဲဝင်ခါနီးအထိ လည့်ပြန်လက်ပြလို့မဆုံး။

သမီးရည်းစားလား၊ ချစ်သူတွေလား။ ထိုကောင်မလေးနှင့်

www.burmeseclassic.com



ကောင်မလေးလည်း မလိုက်ဖက်။

"ဆောရီးပါနော်၊ ရစ်မူး ငေးလာမိလို့ပါ"

"ရစ်မူး"

"ပန်းရစ်မူးပါရှင့်၊ ဒီသင်တန်းမှာ တက်နေတာ"

"ဪ ကိုယ်က သူငယ်ချင်းဆီလာတာ၊ ကိုယ့်နာမည် ကမ္ဘာပိုင်ပါ"

"ကြီးကျယ်လိုက်တာနော်၊ နာမည်က စီးပိုးလိုက်တာ"

ကောင်မလေးအပြုံးက တော်တော်ချစ်စရာကောင်းသည်။ မိန်းကလေးတိုင်းနှင့် ရင်မခုန်တတ်သော သူ့နှလုံးက ဒိတ်ခနဲပင်မြည်သွားလေ၏။

"သင်တန်းချိန် မနီးသေးဘူးဆိုရင် ရှေ့က ကင်န်တင်းမှာ ကော်ဖီတစ်ခွက်လောက် သောက်ပါလား၊ ကိုယ် ဧည့်ခံပါရစေ"

"ဆောရီးပါ၊ သင်တန်းချိန်ကနီးနေပါပြီ၊ ဒီနေ့ ကိုကိုလိုက်ပို့တာနောက်ကျနေလို့"

"ကိုကို ဟိုတစ်ယောက်လား၊ ရစ်မူး အစ်ကိုအရင်းလား"

"အစ်ကိုရင်းမဟုတ်ပါဘူး။ ဒီလိုပဲ အစ်ကိုရင်းလို ခင်တွယ်ရတဲ့သူပါ၊ ရစ်မူးကို ခွင့်ပြုပါဦးနော်"

သူ လှပ်ခနဲ ဝမ်းသာသွားတာ သူမတို့နှစ်ယောက် ချစ်သူတွေ မဟုတ်ဘူးဆိုတာကြောင့်ပင်။

ပန်းရစ်မူး ။

စကားပြောလေးက ချိုသာသိမ်မွေ့လိုက်တာ။ မျက်နှာလေးကလည်း ဖြူစင်ရိုးသားမှုတွေပေါ်လွင်နေသည်။ ကားအကောင်းစားကြီးစီးနိုင်သည်ဆိုတော့ သူဌေးသမီးပဲဖြစ်နိုင်သည်။ ဘယ်လောက်ထိချမ်းသာ





သည်ဆိုတာမသိပေမယ့် သူမကိုကိုလို့ခေါ်သော ကားမောင်းလိုက်ပို့သည့် ကောင်ကတော့ ဒီလိုအသိုက်အဝန်းထဲက မဖြစ်နိုင်။

"ဟိတ်ကောင် လွင်ကိုဦး"

"ဟာ ကမ္ဘာ မင်းကဖုန်းဆက်ထားပြီး ရောက်မလာသေးလို့ ငါ မျှော်နေတာ"

လွင်ကိုဦးက ဒီသင်တန်းမှာဆရာလုပ်နေတာမို့ ရုံးခန်းထဲပဲ တစ်ခါတည်းလာခဲ့လိုက်သည်။ သူက လွင်ကိုဦးရှေ့ကခုံမှာ ဝင်ထိုင်လိုက်ပြီး

"သိတဲ့အတိုင်းပဲလေ၊ ကားလမ်းတွေက နေရာတကာမှာ ပိတ်နေတာ၊ မင်းဆီကို ခက်ခက်ခဲခဲ လာခဲ့ရတာ ငါ့ကောင်"

"ဆိုစမ်းပါဦး၊ မင်းက ငါ့ကိုတွေ့ချင်ရတဲ့အကြောင်း"

"ငါ ဂျပန်စာနည်းနည်းလေ့လာချင်လို့၊ အခု ဖေဖေ့ကုမ္ပဏီမှာ ငါ အလုပ်စဝင်နေပြီ၊ ငါက ဘာသာစကားနှစ်မျိုးလောက်ပဲ တတ်တာလေ၊ အခု ဂျပန်ကုမ္ပဏီနဲ့စီးပွားရေးပူးပေါင်းမယ်၊ ဖေဖေ့အကြောင်းလည်း သိရဲ့သားနဲ့ ကိုယ့်ပြည်တွင်းကလုပ်ငန်းရှင်တွေဆိုရင် သိပ်အထင်ကြီးတာ မဟုတ်ဘူး"

"မင်းအဖေက ဉာဏ်အမြော်အမြင်ကြီးတာကိုးကွ၊ ဒါကြောင့်လည်း အောင်မြင်နေတာ"

"အောင်မြင်အောင်ကြိုးစားနိုင်တာကိုတော့ ငါလည်း ဂုဏ်ယူပါတယ်၊ ဒါပေမဲ့ ကိုယ့်ပြည်တွင်းက လုပ်ငန်းရှင်တွေကို အထင်သေးတာကိုတော့ ငါ မကြိုက်ဘူး၊ တကယ်ဆို ကိုယ့်ပြည်တွင်းက စီးပွားရေးလုပ်ငန်းရှင်အချင်းချင်း သွေးစည်းညီညွတ်ပြီး ပူးပေါင်းနိုင်ရင် နိုင်ငံခြားသားတွေ ကပ်လို့တောင်ရမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီခေတ်မှာ မင်းအတွေးက ကျန်ခဲ့ပြီကွ၊ မင်းအဖေက မင်းထက်အရည်အချင်းရှိတယ်၊ နိုင်ငံတကာကို ထိုးဖောက်နိုင်တဲ့အင်အားက ဘယ်လောက်အားကျဖို့ကောင်းသလဲ"

"အေး မင်းကပဲ ဖေဖေ့ကိုအားကျ၊ ငါတော့ တစ်ခါတလေ တော်တော်စိတ်ပျက်မိတယ်"

လွင်ကိုဦးကို ရင်ဖွင့်နေကျမို့ သူ ညည်းညူမိလိုက်သည်။ ကျောင်းအတူတက်ခဲ့ကြတာမို့ သူ့အကြောင်းကို လွင်ကိုဦး အားလုံးနားလည်ပြီး သိနေခဲ့သည်။ လွင်ကိုဦးမိဘတွေက သူတို့လို စီးပွားရေးအသိုက်အဝန်းက မဟုတ်။ အစဉ်အဆက် ကျောင်းဆရာ၊ ဆရာမ၊ သင်တန်းဆရာ၊ ဆရာမတွေပဲလုပ်လာခဲ့သည်။ ဒါကြောင့် ကျောင်းပြီးချိန်မှာ လွင်ကိုဦးလည်း ဘာသာစကားတွေသင်သော သင်တန်းဆရာဖြစ်နေခြင်းပင်။

"ကဲ ကျန်တာတွေ မပြောချင်သေးဘူး၊ အခု ငါ့ကို အဲဒီကိစ္စ ကူညီနိုင်မှာလား ပြော၊ ငါတခြားလည်း သွားမသင်ချင်လို့ ပြီးတော့ ငါ့ဘက်က ဒီတစ်ချိန်ပဲ အဆင်ပြေတယ်"

"အေးပါ မင်းတစ်ယောက်တည်း သီးသန့်သင်မှာမဟုတ်လား။ ငါ ဆရာတစ်ယောက်သီးသန့်ခေါ်ပေးမယ်၊ ငါကတော့ ငါ့သင်တန်းသားတွေနဲ့ မဖြစ်ဘူးကွ"

"ငါကလည်း မင်းကိုမယုံကြည်ပါဘူး၊ ငါအရင်ကလည်း မင်းအဖေအမေနဲ့ပဲ သင်လာတာ"

"မင်းလည်း မင်းအဖေလိုပဲ အချင်းချင်းကို အထင်သေးတတ်တဲ့ကောင်ပဲ၊ အဖေတူသား ဟား ဟား"





လွင်ကိုဦးစကားကို သူ တော်တော်စိတ်တိုသွားသည်။ သူ ဘယ်တော့မှ အဖေတူသားမဖြစ်ချင်ပါ။ ဖေဖေ့လိုအတ္တကြီးတတ်သည့် လူမျိုးမဖြစ်ချင်ပါ။ ကိုယ့်အတွက်ပဲ ကိုယ်တွေးတတ်သည့်သူမျိုး မဖြစ်ချင်ပါ။

"ငါက စတာကို မင်းမျက်နှာက ဘာဖြစ်သွားတာလဲ ကမ္ဘာ"

"အဖေတူသားလို့ မင်းပြောတာကို ငါ လက်မခံနိုင်တာ၊ ငါ ဘယ်တော့မှ ဖေဖေ့လိုလူမျိုး မဖြစ်စေရဘူး"

"မင်းကလည်း တယ့်သန့်နေပြန်ပြီ၊ ဒီအဖေရဲ့သားက ဒီအဖေကိုတူတာ ဘာဖြစ်လို့လဲကွ"

"ဖေဖေ့ကို ငါမကြိုက်တဲ့အချက်တွေ အများကြီးပဲ ကိုဦး၊ ငါ ဆယ်နှစ်သားအရွယ်လောက်မှာ မေမေ့ကိုကွာရှင်းလိုက်တယ်၊ ဟိုလူနဲ့ ဒီလူနဲ့ရှုပ်ထွေးပြီး အပြစ်ရှာခဲ့တာ၊ မေမေက မဟုတ်တာကို သက်သေပြဖို့အတွက် အဲဒီအချိန်တည်းက သီလရှင်ဝတ်သွားခဲ့တယ်၊ ဒါလည်း မေမေ့ကို အခုချိန်ထိ အကောင်းမြင်စကားတစ်ခွန်းမှ မပြောဘူး။ မေမေနဲ့အတူနေတုန်းက စီးပွားဖြစ်သင့်သလောက် မဖြစ်တာ မေမေ့ကြောင့်တဲ့လေ"

"မင်းအမေက တရားသမားလေ၊ သူများအပေါ် မတရားတဲ့နည်းလမ်းနဲ့စီးပွားရှာတာကို ကြိုက်မှမကြိုက်တာ"

"ဟုတ်တယ် ဖေဖေက တစ်ကိုယ်ကောင်းဆန်တယ်၊ ဘယ်သူ သေသေ ငတေမာရင်ပြီးရောလူစားမျိုး၊ ငါ ဆယ့်ငါးနှစ်သားအရွယ်လောက်မှာ နောက်အိမ်ထောင်ပြုတော့လည်း ငါ ကန့်ကွက်တယ်၊ ဆန္ဒပြတယ်၊ တားခဲ့တယ်၊ ဒါပေမဲ့ ငါ့အဖေ ငါလုပ်ချင်တာလုပ်မယ်ဆိုပြီး ငါ့ကိုပယ်ချခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ သားသမီးစကားကို ဘယ်မိဘက နားထောင်မှာလဲကွာ။ သားသမီးကပဲ မိဘစကားနားထောင်ရတာ ထုံးတမ်းစဉ်လာဖြစ်နေတာပဲ၊ သားသမီးမှားရင် မိဘတွေက ပြုပြင်ဆုံးမသွန်သင်လို့ရတယ်၊ မိဘတွေမှားရင် သားသမီးတွေက ဝေဖန်လို့တောင်မရဘူး။ ငရဲကြီးတတ်တယ်တဲ့၊ အဲဒါကြောင့် မှားတဲ့သူတိုင်းကို မှားပါတယ်လို့ထောက်ပြလို့ မရသရွေ့ မှားတဲ့သူတွေက ဆက်ပြီးမှားနေကြဦးမှာပဲ၊ သူတို့ကိုယ်သူတို့ မှန်တယ်လို့ပဲ ထင်နေကြမှာလေ"

လွင်ကိုဦး ပြောတော့ သူ ထောက်ခံသလို ပြုံးလိုက်မိသည်။ လွင်ကိုဦးကို ပေါင်းသင်းဖြစ်တာက ဒီလိုနားလည်မှုတွေကြောင့်ပါ။ ကျောင်းသားအရွယ်တည်းက မိဘတွေရဲ့ဆုံးမသွန်သင်မှုကြောင့် လွင်ကိုဦးက ရင့်ကျက်သည်။

သူနှင့်ညှိနှိုင်းတိုင်ပင်တာတွေလည်း ရှိ၏။ ဒါကြောင့်လည်း ကျောင်းပြီးသွားတာတောင် အဆက်အသွယ်မပြတ်ခဲ့ခြင်းဖြစ်သည်။

"အေးကွာ အမှားဆိုတာ လူတိုင်းမကောင်းပါဘူး။ မှားတာက အကြီးမားဆုံး ဆုံးရှုံးမှုမဟုတ်ဘူး။ အမှားကို မပြင်တာက အကြီးမားဆုံး ဆုံးရှုံးမှုတဲ့၊ ကိုယ့်ကိုယ်ကိုယ် မှားတယ်လို့ မထင်ဘဲ ဆက်မှားနေတဲ့သူတွေကတော့ ပိုဆိုးတာပေါ့"

"မင်းအဖေက အဲလောက်ကြီး မှားနေတဲ့သူမျိုးလည်း မဟုတ်ပါဘူးကွာ"

"မင်းမသိတာတွေ အများကြီးရှိပါသေးတယ် ကိုဦးရယ်၊ ငါမင်းကို မပြောဖြစ်တာတွေ အများကြီးပါ"

"ကဲ ပြောစရာရှိရင်လည်းနောက်မှပြောတော့၊ ငါ ဂျူတီချိန်း





ရတော့မယ်၊ မင်းကတော့ ဆရာနဲ့ချိန်းရဦးမှာဆိုတော့ နောက်နေ့မှ လာတက်၊ ကုမ္ပဏီကနေ ပြေးလာရမှာ အချိန်ရောမီပါ့မလား"

"ဖြစ်ပါတယ် ဖေဖေ့ကိုပြောထားတယ်၊ ဖေဖေက တာဝန်ကုန်လွှဲပေးသေးတာမှ မဟုတ်တာ၊ ငါ့အပေါ်မှာ လေးလေးပင်ပင် ဝန်ထုပ်ဝန်ပိုးမရှိသေးပါဘူး။ ငါ့ကိုစိတ်တိုင်းမကျသေးဘူးတဲ့လေ၊ သူ စိတ်တိုင်းကျတဲ့အထိ ပုံသွင်းဦးမှာပေါ့၊ ဒါဆိုငါသွားပြီကွာ၊ မနက်ဖြန်မှ လာမယ်"

"အိုကေ သူငယ်ချင်း"

နှုတ်ဆက်ပြီး ထွက်လာမှ ပန်းရစ်မှူးဆိုသည့် ကောင်မလေးရဲ့အကြောင်း လွင်ကိုဦးကို မမေးဖြစ်ခဲ့တာ သတိရသည်။ သူ့သင်တန်းကဆိုတော့ ဒီကောင်မလေးအကြောင်း မသိဘဲနေမှာမဟုတ်ပေ။

ပန်းရစ်မှူး မင်းအရမ်းလှပြီး ချစ်စရာကောင်းဖို့တယ် ကောင်မလေး။

■ ■ ■

www.burmeseclassic.com

## အခန်း (၂)

"ပန်း ကိုကိုဒီမှာ"

ဘုန်းလက်ာ လက်ပြလိုက်တော့ ပန်းရစ်မှူး အပြုံးလေးဖြင့် ခြေလှမ်းမြန်မြန်လျှောက်လာသည်။ အနီးရောက်သည့်အခါမှ ဘုန်းလက်ာ လက်မောင်းကိုတွဲခိုတ်၏။

"ကိုကို အချိန်ကွက်တိပဲ"

"အလုပ်တွေက ပြတ်သေးတာမဟုတ်ဘူး၊ အနက်ကယ်က မင်းညီမ စိတ်ဆိုးနေလိမ့်မယ် သွားတော့ဆိုလို့ ထွက်လာခဲ့ရတာ၊ ဒီနေ့ ကားလမ်းသိပ်မပိတ်တော့ ဆယ့်ငါးမိနစ်လောက်တောင် စောရောက်နေတယ်"

"ဒါဆို ကိုကို ဗိုက်ဆာနေမှာပေါ့၊ ဆိုင်ဝင်ထိုင်မယ်လေ"

"သဘောပျာ၊ ကိုယ်လည်း ဗိုက်ဆာနေတာနဲ့ အတော်ပဲ"

ဘုန်းလက်ာက ပန်းရစ်မှူးဆန္ဒဆို ဘယ်တော့မှ ငြင်းသည်ဆိုတာ မရှိပေ။ ငယ်ငယ်တည်းက ပန်းရစ်မှူးက အဖော်မက်စွာ တတွဲတွဲပါ။





အသက်က နှစ်နှစ်လောက်သာ ကွာပေမယ့် အစ်ကိုတွေ မောင်တွေ လိုချင်တာမို့ ငယ်ငယ်ကခေါ်သလို ကိုကိုဆိုတာက ပါးစပ်ထဲမှာ စွဲနေခဲ့သည်။

အိမ်ချင်းက နီးနီးလေးမဟုတ်။ ပန်းရစ်မှူးတို့က လူကုံထံ အသိုင်းအဝန်းတွေနေသော ကိန်းကြီးခန်းကြီးနေရာမှာ ပြည့်စုံကြွယ်ဝစွာ နေရသော်လည်း ဘုန်းလက်ာတို့က ဆင်းရဲသားရပ်ကွက်မှာ ချို့တဲ့စွာ ဘဝကို ရပ်တည်နေရသူတွေပင်။

တကယ်တော့ ဘုန်းလက်ာအဖေ ဦးမြဝင်းက ပန်းရစ်မှူးအဖေ ဦးအောင်မင်းထွဋ်ရဲ့လုပ်ငန်းဆိုဒ်ထဲက ဝန်ထမ်းပါ။ ဘုန်းလက်ာက ငယ်ငယ်တည်းက သူ့အဖေနှင့်ဆိုဒ်ထဲကို လိုက်လိုက်လာတတ်သည်။ ဦးမင်းထွဋ်က ချစ်လို့အိမ်ခေါ်သွားရင်း ပန်းရစ်မှူးလေးကာပါ ခင်တွယ်သွားခဲ့ခြင်းဖြစ်၏။

မုန့်တစ်ခုကို နှစ်ယောက်အတူဝေမျှစားပြီး ဘုန်းလက်ာကို မပြည့်စုံမှန်းသိလို့ ပန်းရစ်မှူးက လက်ဆောင်လေးတွေလည်း ဝယ်ပေးတတ်သည်။ သူတို့နှစ်ယောက် သံယောဇဉ်ကို လူကြီးတွေကလည်း သိကြ၏။

"ကိုကို ဘာတွေတွေးနေတာလဲ"

"ဘာမှမဟုတ်ပါဘူး ပန်းရဲ့၊ ကိုကိုတို့ငယ်ငယ်ကအကြောင်းတွေ တွေးမိလို့ပါ။ ပန်းက ငယ်ငယ်တည်းက အရမ်းစိတ်ရင်းကောင်းပြီး ကြင်နာတတ်တယ်လေ၊ အဲဒါကြောင့် ပန်းက တစ်နေ့တခြား ချော လှပြီး ချစ်စရာကောင်းလာတာ"

"မမြှောက်ပါနဲ့နော်၊ ဆိုင်ကိုရောက်ရင် ရစ်မှူး ကျွေးမှာပါ"



www.burmeseclassic.com

"စားချင်လို့ မြှောက်ပြောနေတာ မဟုတ်ပါဘူး ပန်းရယ်၊ ပန်းက တကယ်လှတာပါ၊ တက္ကသိုလ်တက်တုန်းက ရည်းစားမတွေ့ခဲ့ဘူး။ အခု သင်တန်းမှာရော ရည်းစားရနေပြီလား ပန်း"

"အဟင်း ရှာတုန်းပဲ"

"ဟင်း ကောင်မလေးနော်"

ပန်းရစ်မှူး စနောက်နေမှန်းသိ၍ သူမ နဖူးလေးကို ချစ်စနိုးနှင့် ဘုန်းလက်က ဖွဖွလေးထုလိုက်ပြီး ကားကိုသင်တန်းရှေ့ကနေ မောင်းထွက်လာခဲ့သည်။

အမြဲတမ်းမဟုတ်ပေမယ့် ပန်းရစ်မှူး ကားမမောင်းချင်သောနေ့ဆိုလျှင် ဒီလိုမျိုး ပို့ရကြိုရမြဲပါ။ သမီးကိုချစ်လွန်းရှာသော ဦးမင်းထွဋ်ကလည်း အလုပ်မအားတောင် သမီးအတွက် ကိုယ့်ကိုတာဝန်ပေးတတ်သည်။

"သမီးက အရွယ်ရောက်လာပြီဆိုတော့ တခြားသူတွေနဲ့ စိတ်မချဘူးကွာ၊ သမီးကို မင်းစောင့်ရှောက်ပေးပါ မောင်လက်ာ၊ ပြီးတော့ ပြောဆိုဆုံးမပါ၊ သမီးက မင်းစကားဆို နားထောင်ပါတယ်၊ သူ့အမေ ကိုယ်စား အန်ကယ်ကလည်း အနီးကပ်မစောင့်ရှောက်နိုင်ဘူး၊ အပြိုင်အဆိုင်များတဲ့ခေတ်ကြီးထဲမှာ အလုပ်ကို ဦးစားပေးနေရတယ်၊ ခြေတစ်လှမ်းနောက်ကျတာနဲ့ ဘဝပါပျက်ပြီး ကျွန်ခဲ့နိုင်တယ်လေ၊ အဲဒါကြောင့် မင်းကိုအားကိုးပါတယ် မောင်လက်ာ"

ဦးမင်းထွဋ်ရဲ့ဒီလိုစကားတွေကြောင့် ပန်းရစ်မှူးလေးကို ပိုဂရုစိုက်မိသည်။ ပန်းရစ်မှူးမှာက အမေမရှိတော့ပါ။

လွန်ခဲ့သော သုံးနှစ်လောက်က ဆုံးသွားတာမို့ သနားစရာ





မိခင်မဲ့လေးဖြစ်နေခဲ့သည်။ ဒါကြောင့်လည်း ကိုယ့်မိသားစုကို သူမ ခင်တွယ်နေခဲ့ခြင်းပင်။

"ကိုကို ဆိုင်ရောက်တာတောင် ငြိမ်နေတုန်းပဲ၊ ဘာမှမစား မသောက်တော့ဘူးလား"

"စားမှာပေါ့၊ ဒီနေ့ တော်တော်ဆာနေတာ၊ ကြေးအိုးဆွဲမယ်ကွာ၊ တစ်ယောက်တည်းတော့ မကုန်ဘူး၊ နှစ်ယောက်အတူစားမယ်လေနော်၊ ပြီးမှ ကော်ဖီသောက်ကြတာပေါ့"

"အင်း ကိုကို့သဘော"

ပန်းရစ်မှူးက တစ်ပန်းကန်ထဲ နှစ်ယောက်အတူစားရလည်း ရွံရှာသည်ဆိုတာမျိုးမရှိပါ။ ငယ်ငယ်ကဆို ကိုယ်ခွံ့ကျွေးမှ ထမင်းစားမည်ဆိုပြီး ဂျီကျတာမျိုးတောင် ရှိတတ်၏။

အိမ်ကိုအလည်လာလျှင်လည်း မေမေ့ကို လက်ဖက်ထမင်းသုပ်ကျွေးခိုင်းပြီး နှစ်ယောက်အတူစားရတာ မြိန်ရေယှက်ရေ ရှိသည်ဟုဆိုသည်။

"မနက်ကလေ သိလား ကိုကို"

"ဘာလဲ ကိုကို ဘယ်သိပါ့မလဲ"

"မနက်ကလေ ကိုကို့ကိုလှည့်ပြီး တာ့တာပြမိတာနဲ့ လူတစ်ယောက်ကို ဝင်တိုက်မိသွားတယ်"

"ဟုတ်လား၊ အဲဒီလူက စိတ်မဆိုးဘူးလား"

"မဆိုးပါဘူး၊ သူလည်း ငေးလာတာမို့ နှစ်ယောက်ဝင်တိုက်မိတာပေါ့၊ ရစ်မှူးတစ်ယောက်တည်း မှားတာမဟုတ်ဘူးလေ၊ တကယ်လို့သူသာ မငေးဘူးဆိုရင် ရစ်မှူးဝင်တိုက်မိတောင် သူ ရှောင်နိုင်ရတာပေါ့"

www.burmeseclassic.com



"အင်း ဟုတ်သားပဲ"

"နာမည်တောင် ပြောသွားသေးတယ်၊ ကမ္ဘာပိုင်တဲ့"

"နာမည်က မိုက်သားပဲ၊ ပန်းတို့သင်တန်းကပဲလား"

"မဟုတ်ဘူးထင်တယ်၊ ဟုတ်တယ်ဆိုရင် တွေ့ရမှာပေါ့၊ သူ့ပုံစံက နည်းနည်းထည်ကြီးဝါကြီးပဲ၊ စတိုင်ပန်နဲ့ကုတ်နဲ့ လုပ်ငန်းရှင်အသိုက်အဝန်းထဲက ဖြစ်မလားမသိဘူး"

"ဒါဆို သင်တန်းတက်မှာမဟုတ်လောက်ဘူး၊ တခြားကိစ္စနဲ့ရောက်လာတာ ဖြစ်မှာပေါ့"

"အင်း သူငယ်ချင်းဆီလာတာတဲ့"

"ဟော ပန်းကတော့ ခဏလေးနဲ့ အဲဒါတွေသိသွားရလား"

"မဟုတ်ပါဘူး ကိုကိုကလည်း၊ ဆောရီးလို့တောင်းပန်ရင်းနဲ့ပြောမိကြတာပါ"

"ကဲ ဟုတ်ပါပြီ၊ ကြေးအိုး ရောက်လာပြီ သောက်ရအောင်၊ ရော့ ငုံးဥလေး ပန်းအရင်စားလိုက်"

မပူအောင် တူလေးနှင့်ညှပ်ကာ မှုတ်ပေးရင်းနှင့် ပန်းရစ်မှူး ပါးစပ်လေးထဲ ထည့်ပေးလိုက်သည်။ ပန်းရစ်မှူးကလည်း ကြက်သားဖတ်လေးကို တူလေးနှင့်ညှပ်ကာ

"ကိုကိုက ကြက်သားကြိုက်တယ် ပါးစပ်ဟ"

"အိုကေ"

"ဟင်း ဟင်း"

အလိုက်သင့်လေး ပါးစပ်ဟပေးလိုက်တော့ ပန်းရစ်မှူး သဘောကျစွာရယ်သည်။ ဘုန်းလက်ာနှင့်ပန်းရစ်မှူးက ဒီလိုရင်းနှီးမှုတွေနှင့်





နွေးထွေးခဲ့ကြတာပါ။

"ကိုကို အမြန်ကျရင် ဦးဝင်းနဲ့ဒေါ်လေးအတွက် ကြေးအိုးရယ်၊ ကျော်ကျော်နဲ့မွန်မွန်အတွက် ဒင်းဆမ်းရယ် ဝယ်ပေးလိုက်မယ်"

"အမြဲတမ်း ခဏခဏ ဝယ်ပေးနေရတာ ပန်းရယ်၊ မေမေတို့က အရမ်းအားနာနေတာ မပေးပါနဲ့တော့"

"အံမယ် ဒီလူနဲ့ဒီလူ အားနာစရာလား၊ ရစ်မှူး ကိုကိုတို့အိမ်လာရင်လည်း စားချင်တာရှိ အကုန်စားသွားတာပဲ"

"ကိုကိုတို့အိမ်က ဘာတန်ဖိုးရှိတဲ့ အစားအသောက်မှလဲ၊ ပန်းတို့သားအဖကသာ ကိုကိုတို့မိသားစုအတွက် လိုအပ်တာတွေဖြည့်ဆည်းပေးနေတာပါ၊ ဖေဖေ လေဖြတ်ပြီးတည်းက တာဝန်ယူထားခဲ့တာ၊ ဘယ်လိုကျေးဇူးပြန်ဆပ်ရမှန်း မသိတော့ဘူး"

"ကိုကို့အဖေ ကျန်းမာရေးကောင်းတဲ့အချိန်က ဖေဖေ့လုပ်ငန်းတွေအပေါ် တာဝန်ကျေခဲ့တာပဲ၊ အခုလည်း ဆောက်လုပ်ရေးလုပ်ငန်းတွေနဲ့ပတ်သက်ပြီး ဖေဖေခိုင်းတဲ့အတိုင်း ကိုကိုလုပ်နေတာပဲလေ၊ မိသားစုလိုဖြစ်နေတာ အဲလို အားနာတယ်ဆိုတဲ့စကားတွေ မပြောပါနဲ့ ကိုကိုရယ်နော်"

"အင်းပါ ပန်းရယ်၊ ကဲ စား ကြေးအိုးတွေ အေးကုန်ဦးမယ်"

"ကိုကိုလည်း စားလေ"

"အင်း ဆွဲပြီနော်"

ပန်းရစ်မှူးကို အားနာမနေနိုင်ဘဲ ခေါင်းမဖော်တမ်း ဆွဲလိုက်သည်။ ပန်းရစ်မှူးက သူမဝယ်ကျွေးတာကို အဲလို အားရပါးရစားမှ သဘောကျကြိုက်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုလျှင် သူမ တပြုံးပြုံးဖြင့် ကျေနပ်နေတတ်သည်။

ထိုသံယောဇဉ်တွေကြောင့်ပဲ ကိုယ်လည်း . . .။

■ ■ ■

## အခန်း (၃)

"မင်း သင်တန်းတက်ဖို့ကိစ္စ အဆင်ပြေလား"

"ဟုတ်ကဲ့ ဖေဖေ"

"အတတ်နိုင်ဆုံး မြန်မြန်လုပ်၊ အစတည်းက နိုင်ငံတကာဘာသာစကားအကုန်လေ့လာထားလို့ ငါပြောသားပဲ၊ ငါက နိုင်ငံတကာလုပ်ငန်းရှင်တွေနဲ့ ဆက်ဆံနေတာ၊ သူတို့ဘာသာစကားကို နားလည်ထားမှ သူတို့ကို လေးစားရာရောက်တာကွ၊ နိုင်ငံတကာသုံးပဲဆိုပြီး အင်္ဂလိပ်စာတစ်မျိုးတည်း တတ်နေလို့ မဖြစ်ဘူး"

"ကျွန်တော်လည်း တတ်နိုင်သလောက် လေ့လာထားတာပဲ ဖေဖေ၊ နိုင်ငံခြားသွားပြီးနေရမယ်ဆိုလို့လည်း ကျွန်တော် သုံးနှစ်လောက် သွားနေခဲ့ပါတယ်"

"ပြောလိုက်ရင် ဒီအကြောင်းက ပါပြီ၊ မင်းကို နိုင်ငံခြားပို့မယ်ဆိုတာ ဟိုမှာရှိတဲ့ငါ့လုပ်ငန်းတွေအတွက် မင်းကို ထဲထဲဝင်ဝင် ကျွမ်းကျွမ်း



www.burmeseclassic.com

www.burmeseclassic.com



ကျင်ကျင်ဖြစ်အောင် လွှတ်ထားတာ၊ ဒါတောင် မင်းကမြန်မာပြည်ပဲ ပြန်လာချင်နေတယ်၊ သောက်သုံးကိုမကျဘူး''

ဖေဖေကတွေ့လိုက်တိုင်း စိတ်တိုင်းမကျမှုများနှင့် ပြဿနာ ရှာနေမြဲပင်။ သူ ထမင်းဝိုင်းက ထသွားရမလား စဉ်းစားမိသေးပေမယ့် ပြဿနာပိုကြီးသွားမှာစိုး၍ ဒီအတိုင်းပဲ ထိုင်နေလိုက်ရသည်။ စားချင်စိတ်မရှိတော့တာမို့ ဖွန်းခက်ရင်းကိုတော့ ကိုင်မထားတော့ပါ။

သူ့အသက်နှင့် ဆယ်နှစ်လောက်သာကွာသော မိထွေးရဲ့မျက်နှာကတော့ ထုံးစံအတိုင်း မဲ့ရွဲ့လျက်ပင်။

သူ့ယောကျ်ားကို ပြန်ပြောရမလားလို့ မကြိုက်သည့်ပုံစံမျိုး ချိုးပြနေတာပါ။ မခံချင်စိတ်ဖြင့် အံကြိတ်ထားမိတော့

''မင်းက ဘာဖြစ်တာလဲ၊ ငါ့ကိုမကျေနပ်ဘူးလား''

''မဟုတ်ပါဘူး ဖေဖေ၊ ကျွန်တော် ဖေဖေ့စကားကို နားထောင်နေပါတယ်''

''မင်းက နားထောင်တာမဟုတ်ဘူး၊ ပြန်မပြောတာ၊ ငါ့စကားသာ နားထောင်ခဲ့မယ်ဆိုရင် ဒီအခြေအနေလောက်ပဲ ဖြစ်မှာမဟုတ်ဘူး နိုင်ငံခြားသွားနေတာ မင်းဘာတွေဖြစ်ထွန်းအောင်မြင်ခဲ့လဲ၊ အလုပ်ကိစ္စ စိတ်မဝင်စားဘူး၊ အပျော်အပါးပဲ မက်နေခဲ့တာ''

''အဲဒီအချိန်က ငယ်သေးလို့ ကိုယ့်မြန်မာပြည်နဲ့ ခွဲနေရတာကို ပျင်းနေခဲ့တာပါ ဖေဖေ၊ ပျော်ရာမှာမနေ တော်ရာမှာနေရမယ်ဆိုတာလည်း နားမလည်သေးလို့ပါ''

''အခု နားလည်လာပြီဆိုရင် တစ်ခေါက်သွားနိုင်းလိုက်ပါလား ကိုကျော်''





မိထွေး စကားကြောင့် သူ့မျက်နှာတင်းထန်သွားသည်။ ဖေဖေက သူ့ကိုမျက်မှောင်ကြုတ်ကြည့်နေလျက်

''မင်းမျက်နှာက ဘာဖြစ်တာလဲ၊ သင်္ဂီပြောတာ မှားလို့လား၊ အဲဒီမှာ သွားနေရင် မင်းအတွက်ချည်းပဲ၊ အခုက ဟိုကလူတွေကို မျက်ကွယ်ရာနိုင်းနေရတာ စိတ်မချဘူး၊ ခဏ ခဏသွားကြည့်နေရတာလည်း ငါ့အတွက် ပင်ပန်းတယ်၊ မင်းသွားပြီး တာဝန်ယူသင့်တယ်''

''ဟိုမှာတော့ သွားမလုပ်ပါရစေနဲ့ ဖေဖေ၊ ဖေဖေ့ကိုယ်စား ခဏတဖြုတ် သွားကြည့်ပေးဆိုရင် သားသွားပါ့မယ်''

''မင်းပျော်ရာမှာမနေ တော်ရာမှာနေရမှာ နားလည်လာပြီ မဟုတ်လား၊ အရင်က ငယ်သေးလို့ဆို၊ အခုက ဘာဖြစ်ပြန်ပြီလဲ''

''မေမေ ကျန်းမာရေးမကောင်းဘူး ဖေဖေ''

''ဘာ''

''ကျွန်တော် ဒီမှာရှိနေမှ အချိန်မရွေး သွားလို့လာလို့ လွယ်မှာ ပါ''

မိထွေးဒေါ်သီဂီ နှာခေါင်းရှုံ့သွားသလို ဖေဖေက ခပ်ကြိတ်ကြိတ် တက်ခေါက်လျက်

''မင်းအမေက အပူသောက မရှာချင်လို့ သီလရှင်သွားဝတ်နေ တာ၊ မင်းက သံယောဇဉ်တွေငြိတွယ်မှုတွေ ပေးနေတာလား''

''မေမေက အပူသောကမရှာချင်လို့ ကိုယ်လွတ်ရုန်းထွက်တာ မဟုတ်ပါဘူး ဖေဖေ သံသယတွေက ကင်းလွတ်ချင်လို့ တောထွက်တာပါ''

''ဟား နားထောင်ကောင်းအောင် မပြောစမ်းပါနဲ့ကွာ၊ သူ့ ကြောင့် ငါ့စီးပွားတွေပျက်မလို ဖြစ်ခဲ့တယ်၊ ငါက ငါ့မိန်းမဆိုပြီး စီးပွား



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတွေ တိုင်ပင်တယ်၊ လျှို့ဝှက်လုပ်ရမယ့်အလုပ်တွေလည်း ငါ့မိန်းမ ငါ့ဘက်မှာပါမှာပဲဆိုပြီး သူ့ရှေ့မှာပဲ ဖုန်းဆက်ခဲ့တယ်၊ အဲဒါကို သူက သူ့လင်တွေကို သံတော်ဦးတင်တယ်၊ မင်းအမေကြောင့် ငါ ဘယ်လောက် ဆုံးရှုံးနစ်နာရလဲ မင်းသိလား''

"အဲဒါတွေ သိရလောက်အောင် အဲဒီအရွယ်က ကျွန်တော် ရင့်ကျက်ဖွံ့ဖြိုးမှုမရှိသေးပါဘူး ဖေဖေ၊ ဖေဖေ ရိုက်ပုတ်နှိပ်စက်လို့ မေမေနဲ့ ကျွန်တော် ဖက်ပြီး ငိုခဲ့ရတာပဲ မှတ်မိပါတယ်''

"ငါ့ရက်စက်မှုတွေပဲ မြင်တယ်ပေါ့၊ မင်းအမေ ဖောက်ပြန်တာ တော့ မင်းမသိခဲ့ဘူးမဟုတ်လား''

"မေမေသာဖောက်ပြန်တဲ့သူဆိုရင် ဖေဖေ ကွာရှင်းတဲ့အချိန် မှာ အဲဒီယောက်ျားတွေနဲ့ သွားနေလိုက်ရုံပဲပေါ့၊ ဒီလောက်ကိုတော့ ဖေဖေ လည်းစဉ်းစားမိမှာပါ''

"တော်ပြီ ကမ္ဘာ၊ မင်းအမေအကြောင်း ငါမပြောချင်ဘူး၊ နောက်မင်းလည်း သင်္ဂီရှေ့မှာ မင်းအမေအကြောင်း မပြောပါနဲ့၊ နောက် မိန်းမရှေ့မှာ အရင်မိန်းမအကြောင်း ပြောရတာ သင်္ဂီကိုအားနာဖို့ ကောင်းတယ်''

မေမေ့ကိုတော့ ဖေဖေ တစ်ခါမှ အားမနာခဲ့ဘူးမဟုတ်လားလို့ မေးပစ်လိုက်ချင်သည်။ မေမေက လောဘနည်းကာ မတရားမှုကို မကြိုက် ပေ။

ဖေဖေက စီးပွားရေးကို မတရားတာ တရားတာနားမလည်။ အကျိုးအမြတ်တစ်ခုကိုပဲကြည့်သည်။ ဒါကြောင့်မို့ ဖေဖေနှင့်မေမေ အမြဲ တမ်း တကျက်ကျက်ပြဿနာတက် ရန်ဖြစ်တတ်၏။ ဖေဖေက ဘယ်



တော့မှ သည်းမခံတတ်ပါ။ မေမေ့ကို ဖေဖေက ခြေနှင့်ကန် လက်သီးနှင့် ထိုးတတ်တာ သူ သိနေခဲ့သည်။

အခု သီလရှင်ဝတ်နေချိန်မှာတောင် အကောင်းမမြင်သေးတာ ဖေဖေ အရမ်းကိုလွန်သည်ထင်၏။ သူ့စိတ်ထဲ ဘယ်လိုမှမခံစားနိုင်တော့ ၍ ထမင်းဝိုင်းက ထထွက်လာခဲ့သည်။ နောက်မှာ မိထွေးမျက်စောင်းထိုး နေလိမ့်မည်ဆိုတာ လှည့်မကြည့်ဘဲ သူ သိနေခဲ့သည်။

"ကိုကိုကျော်သားကတော့လေ တကယ်မပြောချင်ဘူး၊ ကိုကို ကျော် ဒီအရွယ်ထိ ကျွေးမွေးစောင့်ရှောက်လာတာကို ကျေးဇူးတင်ရမှန်း မသိဘူး၊ သူ့အမေမှ သူ့အမေပဲ''

"ကိုယ် စီးပွားရှာနေတဲ့အချိန်တွေက သူ့အမေနဲ့နေရတာများ လို့ အမေကို ပိုခင်တွယ်တာလေ၊ ငယ်ငယ်တည်းက သူ့အမေက သူ့ စိတ်အတိုင်း ပုံသွင်းထားတာ၊ ဘယ်နေရာမှာမှ လောဘမရှိဘူး၊ အဲဒါ ကြောင့် သူ့အမေမရှိတော့တဲ့အချိန်မှာ မနည်းပုံစံပြောင်း ရိုက်သွင်းလိုက် ရတယ်၊ နိုင်ငံခြားသွားနေခိုင်းလိုက်တာလည်း အဲဒါကြောင့်ပါ၊ ဟိုကလူ တွေက အချိန်ကိုအလဟဿမဖြုန်းတီးဘူး၊ အချိန်ရှိသရွေ့ အလုပ်လုပ် ပြီး မနားမနေ ငွေရှာကြတာ''

"ကိုကိုကျော်သားက အခုထိ သွေးအေးတုန်းပါ၊ သူလုပ်လို့ လုပ်ငန်းဘယ်နှခုအောင်မြင်သေးလို့လဲ၊ အဆောက်အဦးနှစ်ခုရဲ့လေလံ လည်း ကိုကိုကျော်ကြောင့်ပဲ အောင်ခဲ့တာ၊ သူ့အလိုဆို ဒီဈေးနဲ့မတန် ဘူးဆိုပြီး အလျှော့ပေးပြန်လာခဲ့မှာ''

"အဲဒါကြောင့် ကိုယ်စိတ်တိုင်းမကျသေးလို့ တာဝန်ကိုမလွှဲ သေးတာပေါ့၊ ပညာကျတော့ သူက ကိုယ့်ထက်ပိုတတ်တယ်၊ နိုင်ငံတကာ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ဆက်ဆံတဲ့အခါကျတော့ သူရှိမှဖြစ်မှာ''

''သင်္ဂီမောင်လေးလည်း ပညာတတ်ပါပဲ၊ ကိုကိုကျော်ဆီမှာ ကျိုးကျိုးနွံနွံလုပ်ပါမယ်လို့ ကတိပေးထားတာကို တခြားကုမ္ပဏီမှာခိုင်းတယ်၊ ကိုကိုကျော်ဆီမှာ ခိုင်းတော့ ဘာဖြစ်လို့လဲ''

ဒေါ်သင်္ဂီမျက်နှာကို ဦးကျော်ခေါင် တစ်ချက်ကြည့်သည်။ တခြားကုမ္ပဏီမှာ မန်နေဂျာအဆင့်နှင့်သွင်းပေးထားတာတောင် တင်းတိမ်ချင်ပုံမပေါ်။ သားနေရာကို ဝင်လုစေချင်နေတာမို့ ဦးကျော်ခေါင် စိတ်လည်းဆိုးချင်သည်။

ဒါပေမဲ့ ဇနီးငယ်ငယ်လေးကို စိတ်လည်းမဆိုးရက်ပါ။ ဘယ်ပွဲတက်တက် သင်္ဂီနှင့်က ပွဲလည်းတင့်သည်မဟုတ်လား။ တော်ရုံတန်ရုံ စီးပွားရေးကြောင်းဆိုလည်း သားတို့အမေထက် တိုင်ပင်လို့ကောင်းသည်။ ကိုယ်လုပ်သမျှကိုလည်း အကောင်းမြင်ကာ အားပေးအားမြှောက်ရှိ၏။

ဒါကြောင့်လည်း သင်္ဂီတို့မိသားစုကိုကြည့်ရှု ထောက်ပံ့ပေးထားတာပါ။

''ကိုကိုကျော်''

''ဟင်''

''သင်္ဂီပြောနေတာကို အင်းမလုပ်အဲမလုပ်နဲ့ ဘာမှလည်းပြန်မပြောဘူး၊ မောင်လေးကို''

''သူလည်း နေရာကောင်းရထားတာပဲ သင်္ဂီရယ်၊ သင်္ဂီနဲ့ပတ်သက်တဲ့ဆွေမျိုးတွေကို သင့်တော်တဲ့နေရာတွေမှာ အလုပ်တွေသွင်းပေးထားတာပဲ၊ သူတို့ဟာသူတို့လည်း အဆင်ပြေနေကြတာ သင်္ဂီ သိရဲ့နဲ့''

''ဒါဆိုလည်း မောင်လေးကို ဈေးသင့်တဲ့ကားလေးတစ်စီး





လောက် ဝယ်ပေးလိုက်ပါလားဟင်၊ မန်နေဂျာရာထူးနဲ့ လိုင်းကားတိုးစီး၊ တက္ကစီစီးနေရတာ မသင့်တော်ပါဘူး''

''အဲဒါက သူရတဲ့လစာနဲ့ဆို ကားအကောင်းစားတောင် ဝယ်စီးနိုင်တယ်၊ လောင်းကစားလုပ်နေလို့ သင်္ဂီမောင် စုမိဆောင်းမိမဖြစ်တာ''

''ဟို သင်္ဂီလည်းဆုံးမထားပါတယ်၊ အခုနောက်ပိုင်း အဲဒါတွေ သိပ်မလုပ်တော့ပါဘူး ကိုကိုကျော်ရဲ့''

''အေးပါ မင်းစိတ်ချမ်းသာအောင် နောက်တော့ ဝယ်ပေးတာပေ့ါ''

''အဟင်း ကိုကိုကျော်က အဲဒါတွေ ချစ်ဖို့ကောင်းတာ''

သင်္ဂီက ဦးကျော်ခေါင်ပါးကိုရွှတ်ခနဲ နမ်းသည်။ ဒါတွေကိုပဲ ဦးကျော်ခေါင်တို့သာယာနေတာ။ ဒါပေမဲ့ စီးပွားရေးနှင့်ပတ်သက်လျှင်တော့ ဦးကျော်ခေါင်က ဘယ်သူ့ကိုမှ မညှာတာပေ။

သင်္ဂီဆွေမျိုးတွေ အုပ်စီးသွားမှာစိုး၍ တခြားကုမ္ပဏီတွေမှာပဲ အလုပ်သွင်းပေးခဲ့သည်။ လုပ်ငန်းနှင့်ပတ်သက်လျှင်တော့ သားကမ္ဘာပိုင်ကိုပဲ နေရာပေးဖို့မျှော်မှန်းထားတာ။

မျှော်မှန်းသလို ဖြစ်လာဖို့ဆိုတာတော့ . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ဟိတ် ပန်းရစ်မှူး"

"ဟင်"

ခေါ်သံကြောင့် နောက်လှည့်ကြည့်လိုက်တော့ ဟိုနေ့က ရှူချင်း ဝင်တိုက်မိသည့် ကမ္ဘာပိုင်ဆိုသောလူ။

ကမ္ဘာပိုင်က သူမခြေစုံရပ်နေသည့်နေရာကို ခြေလှမ်းကြဲနှင့် လျှောက်လာကာ

"မင်းဒီနေ့ စောတယ်ထင်တယ်၊ တခြားသူတွေတောင် သိပ် မရောက်သေးဘူး"

"ဟုတ်ကဲ့ ဒီနေ့ ကိုကိုက မိတင်ရှိလို့ ကိုယ့်ဘာသာစောပြီး ကားမောင်းထွက်လာတာလေ၊ ဒါနဲ့ ရှင်က သူငယ်ချင်းဆီလာတာပဲ လား"

"အင်း မင်းတို့ဆရာက ကိုယ့်သူငယ်ချင်းလေ၊ လုပ်ငန်းအ တွက် လိုအပ်တဲ့ စပီကင်နည်းနည်း လေ့လာတာ၊ ဆရာတစ်ယောက်နဲ့





သီးသန့်သင်နေတယ်"

"ဩော်"

သူမက နည်းနည်းအံ့သြသွားပုံမျိုးဖြင့် သူ့ကိုအကဲခတ်သည်။ ဒီနေ့ သူမပုံစံလေးက ကျောပိုးအိတ်လေး ဘေးဘက်မှာသိုင်းလွယ်ပြီး ရှူးဖိနပ်လေးနှင့်မို့ ကလေးဆန်ကာ ချစ်စရာကောင်းနေသည်။

ဂုတ်အောက်မရောက်တရောက် ဆံနွယ်လေးတွေက အဖြောင့် စင်းလေး နွဲ့နေလျက် ပန်းရောင်ဖျော့ဖျော့ နှုတ်ခမ်းနီလေးဆိုးထားတာ လည်း မရိုင်းပေ။ မျက်နှာလေးက ဖွေးဥဝင်းဝါလျက် နှုတ်ခမ်းလေးလှုပ် ကာ ပြုံးလိုက်တိုင်း ဆွဲဆောင်မှုရှိသည်ဟု ထင်မိသည်။

အရပ်အမောင်းက မိန်းကလေးအများစုထဲမှာ ရှည်သည်ဟု ထင်ရပေမယ့် သူနှင့်ယှဉ်လျှင်တော့ ခေါင်းတစ်လုံးစာလောက် နိမ့်ပေသည်။

"ဒီမှာ ဘာတွေရှိုးနေတာလဲ၊ မိန်းကလေး မမြင်ဖူးဘူးလား"

"ဩော် မဟုတ်ပါဘူး၊ ကိုယ်က မင်းကိုမပြောသင့် ပြောသင့် ချိန်ဆနေတာ"

"ဘာလဲ ဘာပြောမလို့လဲ"

"သင်တန်းချိန်စောသေးတာ ကင်န်တင်းသွားမလားလို့လေ၊ ဟိုနေ့ကလည်း ပြောသေးတယ်နော်၊ ကိုယ် ဧည့်ခံပါရစေလို့"

"ဩော် ရစ်မှူးတိုက်ပါမယ်၊ ဟိုနေ့က ရစ်မှူးအမှားပဲဥစ္စာ"

"မင်းဆန္ဒရှိရင် ကိုယ်သောက်မှာပေ့ါ"

ဘယ်လိုပဲဖြစ်ဖြစ် သူမနှင့်အချိန်ကြာကြာ အတူနေရဖို့အတွက် ဘာမဆိုလိုက်လျောနိုင်နေသည်။ သင်တန်းရှေ့ကဆိုင်ကို သူမ ဦးဆောင် မှုနှင့် နောက်ကနေ လိုက်လာခဲ့သည်။



www.burmeseclassic.com

"ရစ်မှူးကတော့ ကော်ဖီပဲနော်၊ အိမ်ကနေ့လယ်စာ စားလာခဲ့လို့"

"ကိုယ်လည်း စားခဲ့ပါပြီ၊ ကော်ဖီပဲပေါ့"

"ကော်ဖီအေး နှစ်ခွက်ပေးပါ"

သူ့ကိုအပူသောက်မလား အအေးသောက်မလား မမေး၊ သူမှာတာကိုပဲ သူသောက်လိုက်ရသည်။

"မင်းကကော်ဖီအေးပဲ ကြိုက်တာလား"

"အင်း ဩော် ရှင်က မကြိုက်ဘူးလား။ ရှင့်ကိုမမေးဘဲ မှာလိုက်မိပြီ"

"ရပါတယ်၊ ကော်ဖီအေးကို ကိုယ်တစ်ခါမှမသောက်ဖူးဘူး၊ အခု စသောက်ပြီး ကြိုက်ချင်လည်း ကြိုက်သွားမှာပါ၊ သောက်ကြည့်လိုက်မယ်လေနော်"

သူက ကော်ဖီလေးကို ပိုက်ကလေးဖြင့် ငုံသောက်လိုက်ပြီး ကြိုက်နှစ်သက်သွားသည့်ဟန်ဖြင့် ဟားခနဲ အော်လိုက်ကာ

"ဟား ခါးသက်သက်လေး ရင်ထဲအေးစိမ့်ပြီး ဝင်သွားတာ အရမ်းကောင်းတာပဲ၊ ကိုယ်လည်း နောက်ကျရင် မင်းလိုပဲ ကော်ဖီအေးပဲ သောက်တော့မယ်၊ မင်းတိုက်မှ ဒီအရသာကို သိတော့တာ၊ ကျေးဇူးပဲ ရစ်မှူး"

"အဲလောက်လည်း မဟုတ်ဘဲနဲ့ ရှင်ကပိုတယ်"

အပြုံးနုလေးဖြင့် မျက်စောင်းငေ့ကာ ပြောပုံလေးက သူ့ရင်ကို လှုပ်ခနဲ ခါသွားစေသည်။ ဒီကောင်မလေး တော်တော်ဆွဲဆောင်မှုရှိပါသည်။





"မင်းရော လုပ်ငန်းအတွက် စကားပြောသင်တန်းတက်နေတာလား"

"အင်း ဆိုပါတော့ ဖေဖေ့အလုပ်ကို နည်းနည်းကူချင်လို့ပါ၊ နိုင်ငံတကာနဲ့စီးပွားရေးလက်တွဲလုပ်ပြီး ပူးပေါင်းနေကြပြီဆိုတော့ ဘာသာစကားတွေက အရေးကြီးလာပြီလေ၊ ဖေဖေ့အတွက် အထောက်အကူဖြစ်ချင်လို့ပါ၊ သားယောကျ်ားလေးမရှိတော့ ရစ်မှူးကပဲ ဖေဖေ့အတွက် အားကိုးအားထားဖြစ်လာမှာ"

"ဟုတ်လား မင်းအဖေက ဘာလုပ်ငန်းလုပ်တာလဲ"

"ဆောက်လုပ်ရေးပိုင်းပါ၊ မြေဝယ်တယ် အဆောက်အဦးဆောက်တယ်၊ ငှားတယ် ရောင်းတယ်"

"ဟုတ်လား လုပ်ငန်းကြီးပဲ၊ ကုမ္ပဏီနာမည်က"

"နာမည်ကျော်ကြားတဲ့အထဲမှာတော့ မပါပါဘူး၊ ဖေဖေက ငွေကိုလောဘတကြီးမရှာချင်ဘူးတဲ့၊ တရားဝင်ရောင်းလို့ဝယ်လို့ အဆင်ပြေတာကိုပဲ လုပ်တယ်၊ လယ်သမားတွေမြေပိုင်ရှင်တွေဆီက မတရားဈေးနှိမ်ဝယ်တာ၊ အပိုင်သိမ်းအနိုင်ကျင့်တာမျိုးတွေ မလုပ်တော့ အရမ်းကြီး အောင်မြင်တဲ့အထဲမှာ မပါဘူး"

"အဲဒီဂုဏ်သတင်းက ပိုကောင်းတာပေါ့ ရစ်မှူးရဲ့၊ တချို့လယ်သမားတွေ မြေပိုင်ရှင်တွေက အဲလိုလူမျိုးတွေကိုမှ ယုံကြည်ပြီး ရောင်းချင်ကြတာမျိုးတွေရှိတယ်၊ ငွေတစ်မျက်နှာတည်း မကြည့်ဘဲ ရိုးရိုးသားသားအရောင်းအဝယ်ဖြစ်ချင်ကြတဲ့သူတွေပေါ့၊ တချို့ကျတော့လည်း ငွေနည်းနည်းလောက် မက်လုံးပိုပေးပြီး လယ်သမားတွေ မြေပိုင်ရှင်တွေကို လုပ်စားသွားတာတွေရှိတယ်"

www.burmeseclassic.com



အဲဒီလိုလူမျိုးထဲမှာ ကိုယ့်အဖေလည်းပါတယ်လို့တော့ မပြောဖြစ်။ အထင်ကြီးစရာကောင်းသည့်လုပ်ရပ်မှ မဟုတ်တာ။ ကိုယ်တိုင်းက ဖေဖေခိုင်းသည့်အတိုင်း လုပ်နေရသည့်အတွက် ကျောမလုံပါ။ သူမက သူ့ကိုမော့ကြည့်လာပြီး

"ရှင်က ရစ်မှူးကိုတော့ စပ်စုနေတယ်၊ ရှင်ကရော ဘာလုပ်တာလဲ"

"ကိုယ်လည်း ကိုယ့်အဖေဆောက်လုပ်ရေးကုမ္ပဏီမှာ လုပ်နေတာပါ၊ ကိုယ့်အဖေက ကမ္ဘာမြေဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင်လေ"

"အင်း ကြားဖူးတယ်၊ အရမ်းအောင်မြင်ပြီး နာမည်ကြီးတယ်၊ ဖေဖေနဲ့ကိုကို ပြောသံကြားဖူးလို့လေ၊ ကမ္ဘာမြေကုမ္ပဏီကို ဘယ်သူမှ မယှဉ်နိုင်ဘူးတဲ့"

"ကောင်းသတင်းချည်းတော့ မဟုတ်လောက်ဘူး ထင်တယ်"

"ဖေဖေတို့က သူများကို အရမ်းမကောင်းမြင်တတ်တဲ့သူတွေတော့မဟုတ်ပါဘူး၊ အပြိုင်အဆိုင်ခေတ်မှာ လျင်သူစားစတမ်းပေါ့တဲ့၊ လုပ်ရဲတဲ့သူ စံရမှာပေါ့တဲ့လေ၊ ရပ်တည်မှုအတွက် အောင်မြင်မှုအတွက် လူတိုင်းတော့ ကြိုးစားနေကြတာပဲ၊ အဲဒါကြောင့် ဖေဖေလည်း သူများနောက်ကျန်ခဲ့မှာစိုးလို့ ကိုကို့ကိုအားကိုးရင်း ကြိုးစားနေရတာ"

ကိုကိုဆိုတာ ခဏခဏထည့်သုံးနေတာတော့ သူ သိပ်မကြိုက်ချင်လှပေ။ အဲဒီ ကိုကိုဆိုတာ သူမတို့အတွက် သိပ်ကိုအရေးပါသည့်လူတစ်ယောက်ဖြစ်နေခဲ့သလား။

သွေးသားမတော်စပ်ဘဲ ဒီလောက်ရင်းနှီးနေတာ သူမနာလိုဖြစ်လာမိသည်။





"ကိုယ်လည်း ဒီမှာသင်တန်းတက်ဦးမှာ၊ မင်းနဲ့အမြဲဆုံဖြစ်တော့မှာပဲနော်၊ နေ့တိုင်း ဒီဆိုင်မှာ ကော်ဖီအတူသောက်ခွင့်ရရင် ကောင်းမှာပဲ"

"အချိန်တူနေတာကြောင့် ပြဿနာတော့မရှိပါဘူး၊ ဒါပေမဲ့ နေ့တိုင်း ရှင့်ကိုအချိန်ပေးနိုင်မယ်မထင်ဘူး၊ ရစ်မှူးက ကားမမောင်းချင်တဲ့နေ့ဆို ကိုကို့ကို အပို့အကြိုလုပ်ခိုင်းတာ"

"ကိုယ်လုပ်ပေးလို့ရော မရဘူးလား"

"ရှင်"

"ဪ အဲဒီတာဝန်ကို ကိုယ်ယူချင်လို့ပါ၊ ရစ်မှူးက ကိုယ်မောင်းတဲ့ကားကိုစီးပေါ့၊ ရစ်မှူးအတွက် ကိုယ်ဒရိုင်ဘာလုပ်ပေးမယ် ဖြစ်လား"

အထက်တန်းကျကျ ရည်မွန်ပြေပြစ်သည့်လူတစ်ယောက်က ဒီလိုတောင်းဆိုလာတော့ သူမ စိတ်လှုပ်ရှားသွားမိသည်။ ကမ္ဘာပိုင်ဆိုသည့် ကိုလူချောက တကယ်ကို စမတ်ကျကာ သန့်ပြန့်ကြည့်ကောင်းလွန်းပါသည်။ မျက်လုံးတွေက စူးရဲရဲဖြင့် အားတစ်ခုထည့်ထားသလို တောက်ပရဲဝံ့လွန်းသည်။ မြင့်မားသောအရပ်အမောင်းနှင့် တောင့်တင်းသော ကိုယ်ခန္ဓာကြောင့် ယောကျ်ားပီသခံ့ညားကာ ဆွဲဆောင်မှုရှိသည်ဟု ထင်မိသည်။ ရိုးရိုးသားသားဆိုလျှင် ဒီလိုတောင်းဆိုမည်မဟုတ်ပါ။ လိုက်လျောချင်သည့် သူမဆန္ဒတွေကရော ရိုးသားမှုရှိရဲ့လား။

"ရစ်မှူး"

"ရှင်"

"ကိုယ် ပြောနေတာ"

"ဪ ကြားပါတယ်"

"ဘာလို့ အဲလောက်ကြီး စဉ်းစားနေတာလဲကွာ၊ အဲဒီအခွင့်



www.burmeseclassic.com

www.burmeseclassic.com



အရေး ကိုယ့်ကိုမေးနိုင်ဘူးလား''

"ဟို [illegible]နဲ့ကိုကို တစ်မျိုးထင်သွားမလားလို့ပါ''

"[illegible]က ရစ်မှူးကို ရည်းစားစကားပြောနေသေးတာမှ မဟုတ် [illegible]တော့ မပြောတတ်ဘူးနော်''

[illegible] အငြိုရက်သွားသည်။ ဒီအခွင့်အရေးကို ပေးလိုက် [illegible]အပြောခံချင်လို့ဟု အထင်ခံနေရဦးမည်။ သူမ [illegible]တလေးတော့ မဟုတ်ပါ။

"[illegible]ဦးမယ်၊ သူစိမ်းယောက်ျားလေးမောင်းတဲ့ [illegible]တာပဲ စီးဖူးတာ၊ ကိုကိုက ရစ်မှူးကို အမြဲတမ်း [illegible] နှေးနှေးမောင်းစေချင်ရင် နှေးနှေးမောင်းတယ်၊ [illegible] မြန်မြန်မောင်းတယ်၊ ဗိုက်ဆာလို့ ဘယ်ဆိုင်မဆို [illegible] နှစ်ယောက်အတူစားလိုက်တာပဲ၊ လမ်းဘေးက တုတ် [illegible]စားချင်တယ်ဆိုလည်း မငြိုငြင်ဘူးနော်၊ ကိုကိုဆိုတာနဲ့ [illegible]''

"အဲလောက်တောင် အလိုလိုက်တာလား၊ ဒါ ခက်ခဲတဲ့အလုပ် [illegible] မင်းက ရေးကြီးခွင်ကျယ်လုပ်ပြီး ချီးကျူးနေတယ်၊ အဲဒီကိုကိုနာမည်က ဘယ်သူ''

"ဘုန်းလက်ျာ''

"အင်း၊ ဘုန်းလက်ျာကို အရမ်းခင်တာပဲလား''

"ခင်တာပေါ့၊ ငယ်ငယ်တည်းက ကိုကိုက ရစ်မှူးရဲ့အဖော်ပဲ လေ၊ ရစ်မှူးတို့က လူချမ်းသာရပ်ကွက်မှာနေတော့ အိမ်တွေက တသီး တခြား တထီးတနန်း တစ်အိမ်နဲ့တစ်အိမ် တော်ရုံအဆက်အဆံ အဆက်





[illegible]တွယ်မရှိကြဘူး၊ အဲဒီအချိန်မှာ ကိုကိုက ရစ်မှူးအတွက်တန်ဖိုးကြီး အဖော်ပဲ၊ ငယ်ငယ်တည်းက အခုချိန်ထိ ရစ်မှူးအပေါ်အလိုလိုက်တယ်၊ မငြိုငြင်မခံဘူး၊ အဲဒါကြောင့် ရစ်မှူးကလည်း ကိုကို့ကိုလက်ဆောင် တွေဝယ်ပေးတယ်၊ အစားအသောက်ဆိုလည်း တစ်ဝက်ခွဲကျွေးတယ်၊ အစေခံနဲ့ခရီးတွေလိုက်သွားရင်တောင် အမြဲအမှတ်တရပစ္စည်းလေးတွေ ဝယ်လာတယ်''

ဒီလောက် အရေးတယူရှိလှသည့်စကားတွေကို သူနားမထောင် ချင်ပေ။ သူတစ်ပါးအပေါ် သူ တစ်ခါမှ ဒီလိုမျိုး မနာလိုမဖြစ်ဘူးပါ။ သူ ရစ်မှူးကိုအချိန်တိုတိုလေးအတွင်းမှာ ချစ်မိသွားခဲ့ပြီလား။ ဘုန်းလက်ျာ ဆက် သူ့အများကြီး ဂရုစိုက်ပြနိုင်အောင် ကြိုးစားချင်စိတ်တွေလည်း ဖြစ်နေမိသည်။

"မင်းဖုန်းမြည်နေတယ် ရစ်မှူး''

"ဪ ကိုကိုပါလား''

နားမထောင်ရသေးဘဲ ဖုန်းနံပါတ်ကိုကြည့်ရုံနှင့် ဘုန်းလက်ျာ မှန်း သူမတန်းခနဲ သိလေသည်။

"ကိုကို အင်း''

" ... ''

"ကိုကိုလာကြိုရင် တက္ကစီစီးလာခဲ့လေ၊ ရုံးက ကားနဲ့လိုက် ပို့ခိုင်းမနေနဲ့''

"...''

"ဒေါ်ဒေါ်က မုန့်ဟင်းခါးချက်ထားတယ်တဲ့လား၊ အဲဒါနဲ့ ကိုကို အိမ်အရင်သွားမယ်၊ ဟိုတစ်ပတ်သွားတုန်းက ရစ်မှူးစားချင်တယ်ဆိုလို့



www.burmeseclassic.com

ဒေါ်ဒေါ်က ချက်ကျွေးတာဖြစ်မယ်၊ အိုကေ ကိုကို၊ သင်တန်းဆင်းရင် မိအောင်လာနော် ဟုတ် ကိုကို ဘိုင့်"

သူမမျက်နှာလေးက ဘုန်းလက်ာနှင့်စကားပြောရတာကြောင့် ပြုံးရွှင်ချိုမြနေသည်။ ဖုန်းပိတ်ပြီး သူ့ကိုမျက်ခုံးလေးပင့်ပြကာ

"တွေ့လား ကိုကိုမိဘတွေကအစ ရစ်မူးကိုအရမ်းချစ်ကြတာ ရစ်မူးစားချင်တယ်ပြောတာနဲ့ လုပ်ကျွေးတော့တာပဲ"

"ကျေးဇူးရှိတဲ့သူမို့ ဒီလောက်အရေးတယူလုပ်နေတာ ရှိမှာပါကွာ"

"ဘာဖြစ်ဖြစ်လေ လူတစ်ယောက်ရဲ့အရေးထားမှု ဂရုစိုက်မှု တန်ဖိုးထားမှုခံရတာ နည်းတဲ့ကုသိုလ်လား၊ မိသားစုသံယောဇဉ်ပုံစံမျိုးနဲ့ နွေးထွေးတယ်ဆိုတာ အတိတ်ကအကြောင်းရေစက်တွေပါ ဆုံဆည်းရတာလေ"

"မင်းကကွာ အရမ်းကိုစကားလုံးကြီးကြီးကျယ်ကျယ်တွေ သုံးတာပဲ၊ ကဲပါ ကိုယ်တို့နောက်ဆုံဦးမှာပဲ၊ နောက်မှ မင်းပြောချင်တာတွေ ကိုယ်နားထောင်တော့မယ်နော်၊ အခုတော့ မင်းတိုက်တဲ့ကော်ဖီအေးလေးကို အရသာခံသောက်ပါရစေဦး"

သူမစကားကို အဖြတ်ခံလိုက်ရသည့်အတွက် သူမ နှုတ်ခမ်းလေး စူချိတ်သွားရသည်။ ကိုကိုဆို အမြဲတမ်း သူမကို ဦးစားပေးနေကျပါ၊ သူမစကားတွေ များများပြောနေပြီဆို ပြုံးပြုံးကြီးနားထောင်နေတတ်သည်။

ကိုကိုနှင့်ကွာခြားသော်လည်း ကမ္ဘာပိုင်ဆိုသည့်လူက ကိုကို့ထက် ကြည့်ကောင်းနေတာ အမှန်ပင်။ မျက်လုံးအကြည့်တွေက ညှို့အားပြင်းသလို မထိတထိ အပြုံးများက နှလုံးသားများကို ဆွဲခါရမ်းသလို ယိမ်းယိုင်



သည်။

ရှင်က အတွေ့အကြုံမရှိတဲ့ နှလုံးသားနုနုကို ပြုစားတတ်သူလား ကမ္ဘာပိုင်။ တစ်ခါတွေ့ရုံနဲ့ အိပ်မက်ထဲထိ အလည်ရောက်လာတတ်တာတော့ ရှင် တဆိတ် မလွန်လွန်းဘူးလား။ ခင်တွယ်စရာ သံယောဇဉ်တွေကြောင့် အချစ်ကိုမေ့ထားမိခဲ့တဲ့ ရစ်မူး နှလုံးသားကို ရှင်မကစားပါနဲ့လား ကမ္ဘာပိုင် ...။

■ ■ ■

www.burmeseclassic.com

## အခန်း (၅)

"ကမ္ဘာပိုင် ငါ့ကောင်ကြီး ဝိရိယတွေ ကောင်းနေပါလားကွ၊ မင်းအဖေအလုပ်က အရေးမကြီးဘူးလား"

လွင်ကိုဦးက ဆရာပြန်သွားချိန်မှာ ပနံ့လာပုတ်ပြီး မေးသည်။ သူက စာအုပ်ကိုပိတ်ကာ အိတ်ထဲထည့်လိုက်ပြီး

"သူခိုင်းတဲ့အလုပ်ပဲကွာ၊ နှစ်လပိုင်းမှာ ဂျပန်ကလုပ်ငန်းရှင်တွေနဲ့လုပ်ငန်းပူးပေါင်းမယ့်စာချုပ်ချုပ်ဖို့ ရှိတယ်၊ စက်ရုံတည်ဖို့ လေလံအောင်သွားလို့လေ၊ အဲဒီအတွက်မို့ ငါ့ကိုလွှတ်ထားတာ အေးဆေးပဲ၊ ဒါနဲ့ မင်းသင်တန်းက ကောင်မလေး"

"ကောင်မလေး ဘယ်သူလဲ ငါ့သင်တန်းမှာ ကောင်မလေးတွေက အများကြီး"

"ပန်းရစ်မူး"

"ပန်းရစ်မူး"

လွင်ကိုဦးက သံယောင်လိုက်ကာ စဉ်းစားနေသည်။ ပြီးမှ





"ဘာဖြစ်လဲ ပန်းရစ်မူး၊ မင်းနဲ့သိလို့လား"

"အင်း ဒါပေမဲ့ သူ့အကြောင်းထက် ဘုန်းလက်ာဆိုတာ ဘယ်လိုကောင်မျိုးလဲ သိချင်တာ"

"ဘုန်းလက်ာ ဩော် ပန်းရစ်မူးကို တစ်ခါတလေ သင်တန်းအထိ လာကြိုတတ်တဲ့သူလား၊ သူ့အဖေ လူယုံတော်ရဲ့သားလေ၊ ဘုန်းလက်ာက ငါနဲ့လည်း သိပါတယ်၊ အဲဒါကြောင့် ပန်းရစ်မူးကို ငါ့သင်တန်းသားအစ်တာပဲ၊ ဘာဖြစ်လို့လဲ မင်းက မိန်းကလေးအကြောင်းသိချင်တာ ဆောတ်တဲနဲ့ ယောကျ်ားလေးအကြောင်းသိချင်ရတယ်လို့ ဂေးလား ဂန်ဒူး သား"

"အာ မင်းကလည်း"

လွင်ကိုဦးလက်မောင်းကို ကမ္ဘာပိုင် လက်သီးနှင့်ပြန်ထိုးလိုက်သည်။ လွင်ကိုဦးက ကမ္ဘာပိုင်ရှေ့က ခုံမှာဝင်ထိုင်လိုက်ပြီး

"သိချင်ရတဲ့အကြောင်းရင်းတော့ ပြောလေ မင်းကလည်း"

"ပန်းရစ်မူးက အဲဒီကောင်ကို ကိုကိုလို့ခေါ်ပြီး ချိုးမွမ်းခန်းဖွင့်ထပ်ယူနေလွန်းလို့ပါ"

"ဩော် သူတို့ချင်းက မောင်နှမအရင်းတွေထက်ချစ်ကြတယ်ကွ၊ ပန်းရစ်မူးအဖေက အဆင့်အတန်းမခွဲဘူး၊ ကိုယ့်ဝန်ထမ်းရဲ့သားဆိုပေမယ့် ငယ်ငယ်ကဆို သူတို့အိမ်ကနေ ကျောင်းတက်ခိုင်းတာ၊ သူ့သမီးအဖော်ရစေချင်လို့လေ၊ အဲဒီတော့ အတူကြီးပြင်းလာရင်းနဲ့ ပိုခင်သွယ်ကြတာပေါ့၊ ဒါနဲ့ သူတို့အဲလိုနေတာ ဘာဖြစ်လို့လဲ"

"ငါ မနာလိုလို့"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



လွင်ကိုဦး မျက်လုံးပြူးလျက် လန့်သွားသလို အော်သည်။ သူ့ကိုအကဲခတ်သလိုကြည့်ရင်း ပြုံးစိစိလည်း လုပ်နေ၏။

''မင်းက ဘာပြုံးတာလဲ''

''မင်း အဲလိုဖြစ်တယ်ဆိုတာ အံ့သြလို့ပါ၊ အရင်က မင်းမှာ အဲလိုစိတ်မရှိဘူးလားလို့ နေစမ်းပါဦး မင်းက ပန်းရစ်မှူးနဲ့ ဘယ်လိုတွေ့ပြီး မနာလိုတာတွေ ဘာတွေဖြစ်သွားရတာလဲ''

''မင်း သင်တန်းကိုစလာတဲ့နေ့မှာ သူနဲ့လူချင်းတိုက်မိရာက ဆုံတာပဲကွ၊ သူအရမ်းလှပြီး ချစ်စရာကောင်းလို့ ရောလိုက်တာ၊ အခု ဒီမှာသင်တန်းတက်နေတဲ့ တစ်ပတ်လုံး သူနဲ့ရှေ့က ကော်ဖီဆိုင်မှာ အတူ သောက်တယ်၊ စကားတွေပြောတယ်''

''ဟ မြန်လှချည်လား''

''သူလည်းစိတ်ပါသလိုပါပဲ၊ ဒါပေမဲ့ တစ်ချိန်လုံး ဘုန်းလက် အကြောင်းမပါရင်မပြီးဘူး။ ဟိုကောင်လာကြိုတဲ့နေ့ဆို ငါ့ကိုမသိမသာ လက်ကလေးပဲပြသွားတယ်၊ ဒီကောင်လိုက်ပို့ရင် ငါနဲ့ကော်ဖီဆိုင်တောင် မထိုင်ဘူး။ နောက်ကျလို့ဆိုတဲ့အကြောင်းပြချက်နဲ့ သင်တန်းထဲ တန်းခနဲ ဝင်သွားတော့တာပဲ၊ အဲဒါ ငါနဲ့ပတ်သက်တာကို ဟိုကောင်မသိအောင် ဖုံးကွယ်ချင်လို့ဖြစ်မှာ၊ အဲဒါ ဘာသဘောလဲ''

''အဲဒါ ငါ့လာမေးနေရလားကွ၊ ပန်းရစ်မှူးဆီက သိချင်တာ ပန်းရစ်မှူးကို မေးမှဖြစ်မှာပေါ့''

ကမ္ဘာပိုင် မျက်လုံးလှန်ကြည့်ပြီး မျက်နှာလွှဲသွား၏။ ထရပ်ရင်း နှင့် လွင်ကိုဦးပခုံးကို ဖြန်းခနဲ ပုတ်သည်။

''မင်းအားကိုးလို့လည်း မဖြစ်ပါဘူးကွာ''





''ဟ ဘာလဲ ပြဿနာရှာနေပြန်ပြီ''

''သူတို့နှစ်ယောက်ပတ်သက်မှုက ဘယ်လိုအခြေအနေမျိုးလဲ အဲဒါ တိတိကျကျသိရမှ ငါဖွင့်ပြောလို့ရမှာပေါ့''

''အဲဒါတော့ သေချာတယ်၊ ချစ်သူတွေမဟုတ်ဘူးဆိုတာ၊ သူတို့ ချင်းက မောင်နှမသံယောဇဉ်ကွ''

''ဟုတ်ပါ့မလား၊ ဒီလောက်ရင်းနှီးပြီးနွေးထွေးကြင်နာနေကြ တာ''

''ဩော် အဲဒါတော့ သေချာပါတယ်ဆို၊ ချစ်သူတွေသာဆို ဒီ အချိန်လက်ထပ်ပြီးနေလောက်ပြီပေါ့ကွ၊ မိဘတွေကလည်း အဆင့်အတန်း ခွဲဘဲ ကြည်ဖြူနေတာ''

''အင်း ဟုတ်သားပဲနော်''

လို့ သူထောက်ခံလိုက်မိသည်။ တကယ်လည်း လွင်ကိုဦးပြော သလိုဖြစ်နိုင်တာပဲ။ ရိုးသားသည့်သံယောဇဉ်ကြောင့်သာ မဟုတ်လျှင် သူ ချည်းကပ်တာကို ပန်းရစ်မှူး ဘယ်လက်ခံပါ့မလဲ။

''ကမ္ဘာ''

''ဟင်''

''မင်းက ပန်းရစ်မှူးကို တကယ်ချစ်နေပြီလား''

''အင်း တကယ်မချစ်ဘဲ ငါ ဘယ်လိုခံစားမှာလဲ''

''အပျော်တွဲကြည့်ချင်တာလား''

''ငါ့အသက်အရွယ်က အပျော်ရည်းစားထားနေရမယ့်အရွယ် မှမဟုတ်တာကွ၊ လေးလေးနက်နက် ချစ်စကားပြောပြီး အတည်လက်ထပ် သူမှာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"မင်းအဖေက သဘောတူပါ့မလား"

"ပန်းရစ်မှုးမှာ ဘာအပြစ်အနာအဆာရှိလို့လဲ၊ မိဘကလည်း ချမ်းသာတယ်၊ သူကိုယ်တိုင်က ပညာတတ်တယ်၊ ရိုးသားတယ်၊ ငါတို့ လောက်မအောင်မြင်ဘူးဆိုပေမယ့် လုပ်ငန်းချင်းလည်းတူနေတာ၊ ဘာ လိုအပ်တာရှိမှာလဲ"

"မင်းစဉ်းစားဆုံးဖြတ်ပြီးသားဆိုလည်း ရှေ့ဆက်တိုးပေါ့ကွာ၊ ပန်းရစ်မှုးက မင်းထက်တော့ ငယ်မယ့်ပုံနော်"

"အလွန်ဆုံးငယ်မှ နှစ်နှစ်၊ သုံးနှစ်ပေါ့"

"အလိုလိုက်ရနိုင်တယ်လို့ သတိပေးတာပါ၊ ဒါပေမဲ့ ပန်းရစ်မှုး က အရမ်းကြီးကလေးဆန်ပြီး ဆိုးနွဲ့မယ့်အထဲမှာတော့ မပါလောက်ဘူး။ တည်တည်ငြိမ်ငြိမ်နဲ့ရင့်ကျက်လောက်တယ်"

ဒါတော့ သူလည်းသိနေသည်။ လူပုံစံလေးက ကလေးဆန်ကာ ချစ်စရာကောင်းပြီး စိတ်က အရမ်းကြီးကလေးဆန်နေတာမျိုးမဟုတ်ဘူး ဟုထင်မိသည်။ ကလက်တက်တက် ပေါ့ပျက်ပျက် အမူအရာမျိုးလည်း မဟုတ်။

နားလည်သိတတ်မှုနှင့် လေးနက်မှုတွေရှိသည်။

"ငါ ဆုံးဖြတ်လိုက်ပြီကွာ"

"ဘာကိုလဲ"

"သူ့ကိုဖွင့်ပြောတော့မယ်လို့"

"ဖြစ်ရပြန်ပြီ ကောက်ကာငင်ကာ"

"စိတ်ထဲမှာ အမြဲတမ်း သူ့အကြောင်းရှိနေတာပါ၊ ငါ နောက်ကျ မှာတော့ စိုးရိမ်တယ်ကွာ၊ ငါ သူ့ကိုလေးလေးနက်နက် ချစ်မိနေတယ်





ဆင်ပါတယ်"

"ငါ မင်းကို အံ့တော့ အံ့သြမိတယ်"

"ဘာလဲ"

"ပန်းရစ်မှုးကိုမှ အရူးအမူးဖြစ်သွားလို့လေ၊ မင်း တခြား ချောင်မလေးတွေတုန်းက စိတ်မဝင်စားခဲ့ဘူးမဟုတ်လား"

"လေးလေးနက်နက် ဖြစ်အောင် မချစ်ခဲ့လို့ပေါ့ကွာ"

"အေးပါ ချစ်တတ်လာတာ ကောင်းပါတယ်၊ ပန်းရစ်မှုးနဲ့ဆို ငါလည်း အားပေးတယ် ကွာ၊ ငါ့သင်တန်းမှာ ပန်းရစ်မှုးက ထက်ထက် မြက်မြက်ရှိတယ်၊ တော်တယ်ကွ၊ သူ့အဖေက သားယောကျ်ားလေးမမွေး လို့ သမီးကို သူ့လုပ်ငန်းတွေအတွက် အားကိုးချင်တာနဲ့ ပညာကုန်သင် ပေးနေတာထင်တယ်"

"မင်းအားပေးတာနဲ့တင် ငါလည်းအားရှိနေပါပြီ၊ ကျေးဇူးပဲ ကိုဦး၊ ငါသွားတော့မယ်၊ ပန်းရစ်မှုးတို့ သင်တန်းဆင်းနေပြီမဟုတ်လား"

"အင်း အခုမှ ဆင်းကြမှာပါ"

သူ ခပ်သုတ်သုတ်လေး ပြေးထွက်လာခဲ့သည်။ လှေကားထစ် အကွေ့လေးမှာ ပန်းရစ်မှုးကိုတွေ့လိုက်ရ၍ သင်တန်းသူနှစ်ယောက် သုံး ယောက်ကို သူ ထွန်းတိုက်၍ ပြေးဆင်းလာခဲ့သည်။

"ရစ်မှုး"

"ဟင် ရှင်လည်း သင်တန်းဆင်းပြီလား"

"အင်း ဒီနေ့ ဘုန်းလက်ာ လာကြိုဦးမှာလား"

"လာမှာ မနက်က လိုက်ပို့တော့ ကားပြန်ယူသွားတယ်လေ"

"မနက်ဖြန်ကျ သူ့ကိုလိုက်မပို့ခိုင်းပါနဲ့လား၊ မင်းကိုကိုယ်စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောစရာရှိလို့ပါ''

''ဘာပြောမှာမို့လဲ၊ အခုပြောလေ ကိုကို ဖုန်းဆက်ထားတယ်၊ ကားလမ်းပိတ်နေလို့ နည်းနည်းနောက်ကျမယ်တဲ့''

''ဒီလောက် အချိန်တိုလေးနဲ့ ကိုယ့်စကားက ပြောလို့ကုန်မှာ မဟုတ်ဘူး၊ မနက်ဖြန်မှ အေးအေးဆေးဆေး ပြောမယ်နော် ရစ်မူး''

''ပြီးရော''

သူမကိုယ်လေးလှည့်ကာ အပြင်ဘက်ကိုလျှောက်သွားတော့ ကားပါကင်နေရာကနေ ဘုန်းလက်ာ အလာကိုစောင့်နေသည်။ သူက ထိုအနားထိလျှောက်သွားကာ

''ကိုယ်လည်း အတူစောင့်ပေးမယ်လေ၊ ကိုယ့်ကိုဘုန်းလက်ာနဲ့ မိတ်ဆက်ပေးပါလား''

''သူငယ်ချင်းဆိုပြီး မိတ်ဆက်ပေးရမှာလား၊ ရှယ်ဘူမှမဟုတ်တာ၊ ယုံပါ့မလား''

''ဒါဆို မင်းက ဘယ်လိုမိတ်ဆက်ပေးချင်တာလဲ''

''ဘယ်လိုမှ မိတ်ဆက်မပေးချင်သေးဘူး''

''ဘာ ဘာဖြစ်လို့လဲ''

''ဘာမှမှမဟုတ်တာ ဘာလို့မိတ်ဆက်ပေးနေမှာလဲ၊ တော်ကြာ တစ်မျိုးထင်နေဦးမယ်''

''ဘာလို့ တစ်မျိုးထင်မှာ ကြောက်နေတာလဲ''

''ကြောက်တာတော့ မဟုတ်ပါဘူး၊ တော်ကြာ ဖေဖေရော ကိုကိုရော စိုးရိမ်နေကြမှာစိုးလို့ပါ''

''ဪ''





သူ တိုးတိုးတိတ်တိတ်ရွာပဲ အာမေဋိတ်သံပြုလိုက်မိသည်။ ဘုန်းလက်ာကို တကယ်ကိုအလေးထားတာပါပဲလား။ ဘုန်းလက်ာ ကားလာသည့်အခါမှာ သူမကခပ်ဝေးဝေးကိုလျှောက်သွားလျက် လက်လေးပြကာ ကားပေါ်တက်၍လိုက်သွားသည်။

သူ မခံချိမခံသာဖြစ်ကာ ကျန်ခဲ့ရ၏။ ရင်ထဲတနုံ့နုံ့ပါ။ ဘာကြောင့်မှန်းမသိဘဲ သဝန်တိုစိတ်တွေက ကြီးစိုးလျက် . . .။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"အေး မင်းလည်း မင်းညီမကို လိုက်ပို့သွားကြိုနဲ့ အလုပ်တွေ ပိုနေပြီပေါ့၊ ထမင်းစားပြီးမှပြန် မောင်လက်ာ၊ လာ ထိုင်ဦး"

"ဟုတ်ကဲ့ အန်ကယ်"

ကားသော့လေးကို ချိတ်နေကျနေရာမှာ ချိတ်ထားလိုက်ပြီး ဦးအောင်မင်းထွဋ်ရှေ့က ခုံမှာ ဘုန်းလက်ာ ဝင်ထိုင်လိုက်သည်။ ပန်းရစ်မူးက သူမအဖေနားမှာ မှီနွဲ့ကာ ဝင်ထိုင်လျက်

"ကိုကို့ကိုထမင်းကျွေးပြီးမှ ပြန်လွှတ်မှာပါ ဖေဖေရယ်၊ လမ်းမှာလည်း သမီးတို့ စားခဲ့ကြပါသေးတယ်"

"ကိုမြဝင်းတို့ဖို့ ဝယ်ပေးလိုက်သေးလား သမီး"

"ကိုကိုက ဒီနေ့မဝယ်တော့ဘူး ဖွတ်ပြောလို့ မဝယ်ပေးရဘူး ဖေဖေ"

"ဘာလို့လဲ မောင်လက်ာ၊ ကိုမြဝင်းက ကျန်းမာရေးကောင်းတာမဟုတ်ဘူး၊ အန်ကယ့်မှာတာဝန်ရှိလို့ ဂရုစိုက်နေတာပါ၊ သမီးကိုလည်း



ချစ်ကြတယ်လေ၊ အဲဒါကြောင့် သမီးကိုလည်း ဂရုစိုက်နိုင်းနေတာပါ"

"အန်ကယ်တို့ အရမ်းကိုတာဝန်ကျေနေပါပြီ၊ ဖေဖေကလည်း ကျေးဇူးတင်နေတာပါ။ ကျွန်တော် ပညာရေးတင်မကဘဲ ညီလေးနဲ့ညီမလေးပညာရေးပါ တာဝန်ယူနေလို့ ကျေးဇူးတွေက ဆပ်မကုန်ဘူးလို့ တဖွဖွပြောနေရှာတာ"

"ဒါကတော့ ဆွေမျိုးသားချင်းလို သံယောဇဉ်ဖြစ်ဖို့ဆိုတာ အတိတ်ကအကြောင်းရေစက်တွေပါလာမှကွ၊ တို့တွေခင်မင်လာခဲ့ကြတာ နှစ်တွေမနည်းတော့ဘူး၊ ကြားထဲမှာ ဘာပြဿနာမှမရှိတာ ကုသိုလ်ကံကောင်းလို့ပဲ"

ဦးအောင်မင်းထွဋ်က ခေါင်းတညိတ်ညိတ်ဖြင့် ပီတိတွေဖြစ်ကာ ပြောနေသည်။ ပန်းရစ်မူးက ထရပ်ပြီး

"ကဲ သမီးဒေါ်လေးသိန်းနဲ့ ထမင်းပွဲပြင်လိုက်မယ်နော်၊ ကိုကို အပြန်နောက်ကျနေဦးမယ်"

"အေး သမီး ပြင်လိုက်လေ၊ မောင်လက်ာ ထမင်းစားရအောင်"

"ဟုတ်ကဲ့ အန်ကယ်"

ဗိုက်တင်းနေသည်ဆိုလည်း ငြင်းလို့ရမှာမဟုတ်ပေ။ အိမ်ရောက်လျှင် ထမင်းစားပြီးပြန်မှ ဦးအောင်မင်းထွဋ်က ကြိုက်တာပါ။ ပန်းရစ်မူးနှင့်လည်း ရင်းရင်းနှီးနှီး ခင်ခင်မင်မင်နေမှ ကြိုက်သည်။ ပန်းရစ်မူးတို့ ထမင်းပွဲပြင်ပြီးချိန်မှာ ဘုန်းလက်ာနှင့်ဦးအောင်မင်းထွဋ်တို့ ထမင်းစားခန်းထဲ လာခဲ့ကြသည်။

"ကိုကို ထိုင်"

ပန်းရစ်မူးက သူမအဖေနှင့်ဘုန်းလက်ာပန်းကန်ထဲ ဟင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ဦးချပြီးမှ ထိုင်စားသည်။ ဒါက ပန်းရစ်မှူးရဲ့အကျင့်လေးပါ။

"ကိုကို ဝက်သားနဲ့ပုန်းရည် ကိုကို့အကြိုက်ပဲ"

"ဟင်းတွေကျန်ရင် ကိုမြဝင်းတို့ စားလို့ရအောင် ချိုင့်နဲ့အကုန်ထည့်ပေးလိုက် သမီး၊ ကိုမြဝင်းနဲ့မတည့်ပေမယ့် ကလေးတွေစားလို့ရတာပေါ့"

"ဟုတ်ကဲ့ ဖေဖေ၊ သမီးကလည်း ထည့်ပေးမလို့ပါ၊ အစိမ်းကြော်တွေလည်းအများကြီးပဲ၊ ကိုကို ဟင်းချိုင့်တွေနဲ့ဆို လိုင်းကားမတိုးနဲ့နော် တက္ကစီစီးသွား"

"အင်းပါ"

ပန်းရစ်မှူးတို့သားအဖကြောင့် ဘုန်းလက်ာ သိမ်ငယ်ရသည် ဆိုတာမရှိ။ ဟင်းပေးလို့ ငွေကြေးထောက်ပံ့လို့လည်း မမော့ကမာကြ။ ဦးအောင်မင်းထွန်း၏ ထမင်းစားနေရင်းနှင့် ဖွန်းခက်ရင်းကို ခဏချထားပြီး

"အန်ကယ်ဈေးသင့်တဲ့ကားတစ်စီး ကြည့်ထားတယ်၊ သဘက်ခါ လောက်ဆို ငွေချေပြီး ယူလို့ရပြီ"

"ဘာလုပ်ဖို့လဲ ဖေဖေ"

"သမီးကိုကိုအတွက်ပေါ့ကွယ်၊ လိုင်းကားတိုးစီးရ၊ တက္ကစီစီးရနဲ့ ဘယ်ဖြစ်မလဲ"

"ဟာ အန်ကယ်မလုပ်ပါနဲ့၊ ဖေဖေ့ကျန်းမာရေးမကောင်းတုန်းက ငွေတွေကုန်ထားတာလည်း မနည်းဘူး"

"မင်းလည်း အန်ကယ့်အလုပ်မှာ အရမ်းကိုကြိုးစားပေးနေတာပဲ၊ အန်ကယ်လုပ်ပေးသင့်လို့ လုပ်ပေးတာပါ၊ ဘာမှ အားမနာနဲ့"

"ကိုကိုလည်း အားနာစရာလား၊ နောက်ဆို ကိုကို့ကားနဲ့ ရစ်မှူးကို လာကြိုလို့ရတာပေါ့၊ ရစ်မှူး ကားအလဲအပြောင်းတောင် စီးရသေးတယ်၊ ဟြော် ဟိုလေ မနက်ဖြန်ကျ သင်တန်းကို ကိုကိုလိုက်မပို့နဲ့ လာလည်းမကြိုနဲ့၊ ရစ်မှူး ကိုယ့်ဘာသာမောင်းချင်လို့ သိလား"





"သမီးကတော့ လုပ်ပြန်ပြီ၊ ပို့နိုင်းလိုက် မပို့နိုင်းလိုက်နဲ့"

"အမြဲတမ်းကျတော့ ကိုကို့ကို အားနာလို့ပါ ဖေဖေရဲ့"

သူမ မှသားသုံးမိပြီဆိုတာ ကိုယ့်ကိုကိုယ် သတိထားလိုက်မိသည်။ မနက်ဖြန် ကမ္ဘာပိုင်က စကားပြောစရာရှိလို့တွေ့ချင်သည် ပြောထားတာမဟုတ်ပါလား။ ဒီလူ ဘာစကားပြောမည်ဆိုတာ မသိလို့ သူမ လက်ခံလိုက်တာတော့မဟုတ်ပေ။ ဒီအရွယ်နှင့်ဒီအရွယ် ဘယ်လိုစကားပြောချင်လို့ ချိန်းသည်ဆိုတာ မသိဘဲနေပါ့မလား။

သူမကရော သိသိကြီးနှင့် ဘာကြောင့်လက်ခံမိတာလဲ၊ ဒီလူကို ချစ်မိနေပြီလား။ ညှို့မျက်ဝန်းအစုံနှင့် ဆွဲဆောင်မှုရှိသော နှုတ်ခမ်းတစ်စုံကို သူမတောင့်တနေခဲ့မိပြီလား။

ရှင် ဘယ်လိုလူစားလဲ ကမ္ဘာပိုင်ရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ကမ္ဘာ မင်း ဒီလာဦး"

ဖေဖေ့ရုံးခန်းကအဖြတ်မှာ ခေါ်လိုက်တာကြောင့် သူ ဖေဖေ့ ရှေ့သွားလိုက်ရသည်။

"ဒီနေ့ မင်းသင်တန်းဖျက်လိုက်လို့ရလား"

"ဗျာ ဘာဖြစ်လို့လဲ ဖေဖေ"

"စင်ကာပူက လုပ်ငန်းရှင်လာမယ်၊ လေယာဉ်ကွင်းကို မင်း သွားကြိုရမှာ"

"တခြားတစ်ယောက်လွှတ်လိုက်ပါလား ဖေဖေ၊ ကျွန်တော်က သင်တန်းမှာ ဆရာနဲ့ချိန်းပြီးပြီ၊ အဲ ဆရာကို ခွင့်တိုင်မထားဘူး"

"သင်တန်းက ဘာအရေးကြီးလို့လဲ၊ သူများတွေလည်း မတက် ချင်ရင် ဒီလိုပျက်နေကြတာပဲ"

"ကျွန်တော်က သူများတွေနဲ့မတူဘူး၊ တစ်ယောက်တည်း သီးသန့်သင်တာပါ ဖေဖေ"





"လျှာမရှည်နဲ့၊ ဆင်ခြေမပေးနဲ့ ဟိတ်ကောင်၊ ငါ ဒီမှာအရေး ကြီးကိစ္စရှိနေလို့ ငါ့ကိုယ်စား မင်းကိုလွှတ်နေတာ၊ အရေးကြီးသည့်သည့် စီးပွားရေးကိစ္စလောက် အရေးကြီးတာ ဘာမှမရှိဘူး နားလည်လား ဟိတ်ကောင်"

ဖေဖေဒေါသထွက်ပြီဆိုလျှင် ဒီလိုရိုင်းရိုင်းစိုင်းစိုင်းတွေ ဖြစ်လာ သည်။ ဘယ်တော့မဆို အတွက်ကိုရှေ့တန်းတင်လျက် သူ့ဘက်ကိုမကြည့်။ ဒီဘက်မှာ ဘယ်လိုဖြစ်နိုင်လဲလို့ ဘယ်တော့မှလည်း ကိုယ်ချင်းမစာ။

"ဟိတ်ကောင် ငါပြောနေတာ ကြားလား"

"ဟုတ်ကဲ့"

"အဲဒါဆို သွား၊ အောက်မှာကားမောင်းပို့လိမ့်မယ်"

သူ ဘာတတ်နိုင်တော့မှာလဲ။ ပန်းရစ်မှူး ချိန်းထားပြီးသားကို သူမသွားလျှင် ပန်းရစ်မှူး ဘယ်လိုထင်သွားမလဲ။

သူ ကားပေါ်ရောက်မှ လွင်ကိုဦးဆီ ဖုန်းဆက်လိုက်သည်။ လွင်ကိုဦးက ဖုန်းကိုင်ကာ

"ဘာလဲကွ ကမ္ဘာ"

"ငါ သင်တန်းလာမတက်ဖြစ်ဘူးကွာ အဲဒါ"

"ဪ ဒါများကွာ မင်းဆရာဆီ ဖုန်းဆက်လိုက်ပြီးတာပဲ"

"ဟို ဆရာ့ဆီ ငါဆက်မှာပါ၊ ငါက မင်းဆီအကူအညီတောင်း ချင်လို့"

"ဘာလဲ ဟိတ်ကောင် ပြော"

"ပန်းရစ်မှူးကို ပြောပေးပါလား"

"ဘာကွ ငါကဘာပြောပေးရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ အလုပ်ကိစ္စအရေးကြီးလို့ လေယာဉ်ကွင်းသွားရတာနဲ့ မ လာဖြစ်တဲ့အကြောင်းပေါ့"

"မင်းကကွာ ရေးကြီးခွင်ကျယ်လုပ်လို့ မင်းဘာသာ ဖုန်းဆက် ပြောချင်ပြောပါလား"

"မလေးစားရာရောက်မှာစိုးလို့ပါကွာ၊ ငါ သူ့ကိုဒီနေ့ ပြောစရာ ရှိတယ်ဆိုပြီး ချိန်းထားတာ၊ အဲဒါ အခုမှ ဖေဖေက လေယာဉ်ကွင်းကို ညွှန်သည်ကြိုနိုင်းနေလို့ ကူညီပါကွာနော်"

"အေးကွာ ပြောလိုက်မယ် ဒါပဲမဟုတ်လား"

"အေး သေချာပြောပေးနော် ကိုဦး၊ ဒါမှ မင်းလည်း မိန်းမချော ချောရမှာ"

"ဖြစ်ရသေးတယ် ဒါပဲ ဒါပဲ"

လွင်ကိုဦး ဖုန်းကိုအရင်ချပစ်လိုက်သည်။ ကမ္ဘာပိုင်ကတော့ ပန်းရစ်မှူးအပေါ် သည်းသည်းလှုပ်နေတာ အမြင်တောင်ကတ်စရာ ကောင်းလာသည်။ ဒီကောင် တကယ်ချစ်တတ်လာတာပဲ ထင်ပါရဲ့။

ပန်းရစ်မှူးကိုရလျှင်တော့ ကံကောင်းမှာပါ။ ပန်းရစ်မှူးက အေး အေးဆေးဆေး တည်ငြိမ်ရင့်ကျက်သူလေးပင်။ တချို့ငွေကြေးချမ်းသာ ကြွယ်ဝသည့် မိန်းကလေးတွေလိုလျှပ်ပေါ်လော်လီနေတာမျိုး ခပ်ကဲကဲ ထဲက မဟုတ်။

မိဘဆုံးမထိန်းသိမ်းမှုကြောင့် ဣန္ဒြေရလိမ္မာယဉ်ကျေးသူဟု ပြောလို့ရသည်။

"ပန်းရစ်မှူး ပြီးရင် ဆရာ့ဆီခဏလောက်"

သင်တန်းချိန်မှာ တခြားသင်တန်းသူ သင်တန်းသားတွေနှင့်





ပြောဖြစ်ပေမယ့် ပြန်ကြမည့်အချိန်မှာတော့ မပြောမဖြစ်သည့်ကိစ္စရှိနေ၍ ခေါ်လိုက်ရသည်။

"ဟုတ်ကဲ့ ဆရာ"

ပန်းရစ်မှူးက ကျိုးနွံစွာဖြင့် ရှေ့မှာလာရပ်သည်။ ဆရာတစ် ယောက်က သိနေသည်ဆိုပြီး ပန်းရစ်မှူး ရှက်သွားမလားလို့ ပြောရမှာ ခပ်အမ်းအမ်း ဖြစ်နေမိသည်။

ဒါပေမဲ့လည်း ကမ္ဘာပိုင် စိတ်ဆိုးနိုင်တာကြောင့် မပြောလို့လည်း မဖြစ်ပါ။

"ဒီနေ့ ကမ္ဘာပိုင် မလာနိုင်ဘူး"

"ရှင် ဆရာ"

"မင်းနဲ့ ဒီနေ့ချိန်းထားတယ်မဟုတ်လား"

"ရှင် ဟုတ် ဟုတ်ကဲ့ ဆရာက"

"ကမ္ဘာက ဆရာ့သူငယ်ချင်းပါ"

"သြော် သူငယ်ချင်းရှိတယ်ဆိုတာ ဆရာလား"

"အင်း ဆရာနဲ့သူက ကျောင်းနေဘက်လေ၊ ဒီကောင် စိတ် ကောင်းပါတယ်၊ ရည်းစားလည်းမထားဖူးဘူး"

"ဆရာကလည်း ရစ်မှူးက ဘာတွေမေးနေလို့လဲ"

"အဟင်း ဟုတ်သားပဲ၊ သြော် ဒီနေ့ရစ်မှူးနဲ့ချိန်းထားတယ်လို့ ကောင်ပြောတယ်၊ အဲဒါ သူ့အဖေက လေယာဉ်ကွင်းမှာ ညွှန်သည် ကြိုခိုင်းလို့ သင်တန်းတောင် မတက်ဖြစ်ဘူး၊ ကမ္ဘာက သူမလာ တဲ့အကြောင်း ပန်းရစ်မှူးကို ပြောဖြစ်အောင်ပြောပေးပါလို့ဆိုလို့ပါ"

"ဟုတ် ဟုတ်ကဲ့ပါ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာက ဖုန်းဆက်နိုင်းပါသေးတယ်၊ မလေးစားရာရောက် မှာစိုးလို့ကိုယ်တိုင် ပြောပေးပါဆိုလို့ ပြောရတာ"

"ကမ္ဘာ ကလည်း ဘာမှန်းမသိဘူး၊ ဆရာ့ကိုအားနာစရာ"

"အားနာစရာမလိုပါဘူး၊ သူငယ်ချင်းအတွက်ဆို ဆရာကူညီ ရမှာပေါ့၊ နောက်ပန်းရစ်မှူးအကူအညီလိုရင်လည်း ပြောပါ၊ ကမ္ဘာနဲ့ ပတ်သက်နေတော့ ကူညီစရာရှိရင် ကူညီပါ့မယ်"

ပြုံးပြီးပြောတာကြောင့် သူမ ရှက်ကိုးရှက်ကန်းလေး ဖြစ်သွား သည်။ ဆရာတစ်ယောက်ရှေ့မှာမို့ သူမ မနေတတ်မထိုင်တတ်လေး ဖြစ်သွားရတာပါ။

"ရစ်မှူးကို ခွင့်ပြုပါဦးဆရာ"

"ကောင်းပါပြီ ကမ္ဘာကို စိတ်ဆိုးမနေနဲ့ဦးနော်"

"ဟုတ်ကဲ့ပါ"

ကမ္ဘာဆိုသည့်လူ။ သူငယ်ချင်းဖြစ်ဦးတော့ ဆရာကိုလျှောက် ပြောစရာလား။ သူဘာတွေရင်ဖွင့်ထားလို့ ဆရာ ဒီလိုတွေပြောသည် မသိပေ။ သူမမှာတော့ ရင်ဖွင့်တိုင်ပင်စရာ ကိုကိုတစ်ယောက်တည်း ရှိတာပါ။

ကိုကို့ကို ဒီအကြောင်းတိုင်ပင်လို့ရော ကောင်းပါ့မလား။ ဘာ ဖြစ်ဖြစ် အကြောင်းရှိလာလျှင်တော့ . . . ။

■ ■ ■



## အခန်း (၈)

"အကြောင်းက ချက်ချင်းပေါ်လာတာ၊ ကိုယ် ရစ်မှူးကိုအရမ်း အားနာပါတယ် ရစ်မှူးရယ်"

"အားနာတာက ထားပါဦး။ ဘာလို့ဆရာ့ကို လျှောက်ပြောထား ရတာလဲ၊ မျက်နှာကို ဘယ်လိုထားရမှန်းမသိဘူး။ ထူပူနေတာပဲ တကယ်"

သူမပြောပုံလေးကြောင့် သူ ပြုံးလိုက်မိသည်။ သူ ဒီနေ့စော စောက်လာခဲ့ပြီး သူမကိုစောင့်နေခဲ့တာပါ။ ဒီနေ့လည်း ဘုန်းလက်ာကို ဆိုက်မပို့နိုင်းဘဲ သူမကိုယ်တိုင် ကားမောင်းလာသည်။ ဒီနေ့ ပန်းရစ်မှူး သင်တန်းမတက်ဖြစ်သည့်အကြောင်း လွင်ကိုဦးကို အရင်အကြောင်းကြား ထားလိုက်သည်။

ပြီးမှ ပန်းရစ်မှူးကို ခေါ်ထုတ်လာခဲ့ခြင်းဖြစ်သည်။

"ရစ်မှူး ကန်တော်ကြီးထဲ ရောက်ဖူးလား"

"အင်း ကိုကိုနဲ့ရော ဖေဖေနဲ့ရော ခဏခဏ ရောက်ဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကန်ပေါင်ကိုရော"

"အဲဒီကိုတော့ တစ်ခေါက်မှ မရောက်ဖူးဘူး၊ ကိုကို့ကိုတောင် လိုက်ပို့ခိုင်းနေတာ၊ ကိုကိုက အဲဒီနေရာက ချစ်သူစုံတွဲတွေအသွားများ တဲ့နေရာ၊ ညီမလေးမသွားရဘူးဆိုလို့"

ထိုစကားကြောင့် သူ ပျော်သွားလျက် ချစ်သူစုံတွဲတွေထိုင်တတ် သော ကန်ပေါင်က ခုံတန်းလေးကို သူ ခေါ်လာခဲ့ခြင်းပင်။

"ဟယ် ရှက်စရာကြီး"

ချစ်သူစုံတွဲတစ်တွဲ ကလူကျီစယ် နမ်းရှုံ့နေတာကိုမြင်သွားပြီး မျက်နှာလေးကိုလက်ဝါးနှင့်အုပ်ထားလျက် သူမအော်သည်။ သူက သူမ လက်ကလေးကိုဆွဲဖြုတ်လိုက်ပြီး

"သူတို့ကို မကြည့်ရဲရင် ကိုယ့်ဘက်ကို ကြည့်လေ ရစ်မှူးရဲ့ ဘာလဲ လက်ငါးချောင်းထဲကနေ ခိုးကြည့်မလို့လား"

"ရှင်နော် ကြည့်စရာလား၊ ရှက်စရာကြီးကို"

"ကဲ မင်းချစ်သူနဲ့ဆိုရင်ရော မင်း အဲလိုမနေဘူးလား"

"ချစ်သူမှမရှိတာ ဘာလို့ အဲလိုနေရမှာလဲ"

"ချစ်သူရှိပြီဆိုရင်ရော"

"ဘယ်မှာလဲ ချစ်သူ"

"ဒီမှာလေ"

ကော်လံကို မကာ ကိုယ့်ကိုကိုယ် လက်ညှိုးထိုးပြမိတော့ သူမ ခစ်ခနဲ မျက်နှာလွှဲ၍ ရယ်လေသည်။ ထိုပုံစံလေးကပဲ ချစ်စရာ ဆွဲဆောင်မှု လေးဖြစ်နေကာ သူ အရမ်းကို ချစ်မြတ်နိုးသွားရသည်။

"ရစ်မှူး"





"ဟင်"

"မင်းကိုကိုယ်ချစ်တယ်"

"ရှင်"

ဒီလောက်မြန်မြန်ဆန်ဆန် တဲ့တိုးကြီး မျက်နှာကြည့်ပြီး ပြော လိမ့်မည်မထင်မိ။ နည်းနည်းနားထောင်လို့ရအောင် ရင်တလှပ်လှပ် ငြိမ့် ငြိမ့်လေးခုန်အောင် စိတ်လှုပ်ရှားအောင်လုပ်ဦးမှပေါ့။

အခုတော့ ဒိန်းခနဲရင်တွေဆောင့်ခုန်သွားရတာမို့ မျက်နှာလေး တောင် ပန်းရောင်ပြေးကာ ပူထူသွားရသည်။

"ရစ်မှူး"

သူမ မထူးမိ။ ရင်ခုန်သံတွေ မငြိမ်သေးလို့ပါ။

"ရစ်မှူး"

"ရစ်မှူး"

"ဟင့်အင်း"

သူမ လက်ကလေးကို ဆုပ်ကိုင်လိုက်တာမို့ သူမ ဖျတ်ခနဲ ရုန်းထွက်လိုက်သည်။ ဒါပေမဲ့ သူ့လက်ထဲကနေ သူမလက်ကလေးက လွတ်မြောက်ခြင်းမရှိပါ။

"ဘာလုပ်တာလဲ ဖယ်ပါ လွှတ်"

"ရစ်မှူး"

"ဘာလို့ ခဏခဏ ခေါ်နေတာလဲ"

"နာမည်လေးက ချစ်စရာကောင်းလို့ ကိုယ့်နှလုံးသားလေးကို ရစ်မှူးစေလို့၊ ပြီးတော့ မင်းကို ကိုယ်ပိုင်ဆိုင်ချင်တယ် ရစ်မှူး၊ ကိုယ့်ကို ပြန်ချစ်နိုင်မလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



''ချက်ချင်းအဖြေပြန်ပေးရအောင် ရစ်မှူးက ခပ်လွယ်လွယ် မိန်းကလေးလို့ ထင်ရလို့လား''

''ဟင် အဲ အဲလိုမဟုတ်ပါဘူး၊ ရစ်မှူး စဉ်းစားချင်သေးတယ် ဆိုရင် စဉ်းစားပါ၊ ဒါပေမဲ့ အချိန်အကြာကြီးတော့ မညှဉ်းဆဲပါနဲ့ ရစ်မှူး ရယ်နော်၊ ကိုယ် ရစ်မှူးကို အရမ်းကိုချစ်နေလို့ပါ''

ရင်ထဲမှာနွေးပြီးလှုပ်ရှားအောင် သူပဲ ပြောတတ်လွန်းသည်။ သူမ တကယ်ကို အချစ်ကြောင့် သွေးတွေပွက်ပွက်ဆူအောင် နွေးထွေးပြီး လှုပ်ရှားနေရတာပါ။ သူ့လက်ထဲက သူမလက်ကလေးကိုလည်း မရုန်းမိ။ ဒါကို အဖြေပေးတယ်လို့ ထင်သွားမှာတော့ သူမ စိုးရိမ်သည်။ ဒီကိစ္စ ဒီလောက်လွယ်လွယ်နှင့် ပြီးသွားလို့ မဖြစ်ပေ။

''ဟို ရစ်မှူးလက်ကိုလွှတ်ပါဦး၊ ရစ်မှူး မနေတတ်ဘူး''

''ရစ်မှူးကလည်းကွာ''

''ရှင့်ကိုအဖြေမပေးရသေးဘူးလေ''

''ဩော် အင်း ကိုယ်မေ့သွားလို့''

အခုမှပဲ သူမလက်ကလေးကို လွှတ်ဖော်ရတော့သည်။ သူ ကိုင်လွှတ်လိုက်သော လက်ကလေးက ပူနွေးကာ ကျန်ခဲ့သည်။

''ရစ် ရစ်မှူးတို့ ပြန်ရအောင်''

''သင်တန်းဆင်းချိန်တောင် မရောက်သေးပါဘူး။ ဒီနေ့ ဘုန်း လက်ာ လာကြိုမှာမို့လား''

''မဟုတ်ပါဘူး ကိုကို့ကို လာမကြိုဖို့ ပြောထားတယ်''

''ကိုယ်နဲ့ချိန်းထားတာကြောင့်လား''

သူမ မပြောပေမယ့် သူ သိလိုက်သည်။ ဒါကြောင့်လည်း





သူမကို ပိုချစ်သွား၏။

''အရမ်းချစ်တယ် ရစ်မှူးရယ်၊ ကိုယ့်ကို အဖြေမြန်မြန်ပေးပါ နော်''

''ရှင် တကျီကျီမလုပ်နဲ့နော်၊ ရစ်မှူး စိတ်ဆိုးတော့မှာ''

''ဆောရီး ဆောရီး''

ရင်တွေခုန်လို့ပါလို့ မပြောရဲ။ သူမ စိတ်ဆိုးဟန်ဆောင်လိုက် ချိန်မှာ ကမ္ဘာ ပျာပျာသလဲဖြစ်သွားသည်။ သူမကိုမကြည့်ဘဲ ကန်ရေပြင် ကို ကြည့်နေပြန်တော့လည်း သူမ မနေတတ်ပြန်။

ရစ်မှူးလည်း ရှင့်ကိုတကယ်ချစ်မိနေပြီထင်ပါရဲ့ ကမ္ဘာရယ်။ ရှင်မှ အရူးအမူးဖြစ်တာ မဟုတ်ပါဘူး။ ရစ်မှူးလည်း ရှင့်ကိုအရူးအမူး ဖြစ်နေပြီထင်ပါရဲ့။

ရစ်မှူးတို့နှစ်ယောက်လုံး . . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဘာ ဘာပြောတယ် ပန်း၊ ပန်း ဘာပြောလိုက်တယ်"

"ဟိုလေ ကိုကို၊ ကမ္ဘာ ကမ္ဘာပိုင်က ရစ်မူးကို ချစ်ခွင့်တောင်းတယ်၊ အ အဖြေတောင်းတယ်၊ အဲ အဲဒါ ရစ်မူး ဘယ်လိုပြန်ဖြေရမလဲ ဟင်"

"ရစ်မူးရယ်"

ဘုန်းလက်ာ ဒီလောက်ပဲ ညည်းညူနိုင်လိုက်သည်။ တခြားတစ်ယောက်နှင့်ချစ်ဖို့ ကိုယ့်ကိုလာပြီး တိုင်ပင်နေတာတဲ့လား။ သူမအဖေရဲ့ဆန္ဒတွေကို ဘယ်လိုပြောပြရပါ့မလဲ။

"ကိုကို"

"ဟင် ရစ်မူး"

"သူက လူတော်လူကောင်းတစ်ယောက်ပါ။ ကိုကိုတို့သိမှာပါ။ ကမ္ဘာမြေဆောက်လုပ်ရေးကုမ္ပဏီ"

"ဘာ"





"ဟုတ်တယ် ကမ္ဘာမြေဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင် ဦးကျော်ခေါင်ရဲ့သား ကမ္ဘာပိုင်တဲ့၊ ကိုကို့ကိုပြောဖူးပါတယ်၊ ရစ်မူးနဲ့ သင်တန်းမှာ လူချင်းတိုက်မိတယ်ဆိုတာလေ"

"ဪ ဒီလောက်အချိန်တိုလေးအတွင်းမှာ ရစ်မူးရယ်၊ သူ့ကို ဘာတွေယုံကြည်သွားတာလဲ"

အံ့ဩတကြီး မေးခွန်းကို ပန်းရစ်မူး ရှက်ပြုံးလေးပြုံး၍

"မြင်မြင်ချင်းချစ်မိသွားတဲ့ ရာဇဝင်တွေတောင် ရှိသေးတာပဲ ကိုကိုရယ်၊ ရစ်မူးတို့က တစ်လတောင် ကြာပါပြီ"

"တစ်လ တစ်လက အရမ်းကြာနေပြီလား"

"ရစ်မူးကို ရှုတ်ချတာလား၊ သူ့ကိုမယုံကြည်စေချင်တာလား ဟင်"

ဒီမေးခွန်းကိုရော ဘယ်လိုဖြေရပါ့မလဲ၊ ဒီလူကို ရစ်မူး မချစ်ဘဲနှင့်ဒီလိုတွေ အတိုက်အခံ မေးခွန်းတွေ မေးနေမှာမဟုတ်ပေ။

"ကိုကို ရစ်မူး မေးနေတယ်"

"မ မဟုတ်ပါဘူး ရစ်မူးရယ်၊ ရစ်မူးကရော သူ့ကို ဘယ်လိုစဉ်းစားနေလို့လဲ၊ ဟို သူ့ကိုချစ်နေပြီလား"

"ဟုတ် အင်း ရစ်မူး သူ့ကိုချစ်တယ် ကိုကို၊ ဒါပေမဲ့ သူ့ကို ရစ်မူး အဖြေမပေးရသေးပါဘူး၊ ကိုကို့ကို အရင်တိုင်ပင်တာ"

"ကိုကိုက မချစ်နဲ့ဆိုရင် မချစ်ဘဲနေမှာမို့လား"

"မဟုတ်ဘူးလေ ကိုကို၊ သူ့လိုလူမျိုးက ဘာငြင်းစရာအကြောင်းရှိမှာလဲ၊ ဖေဖေ့ကိုပြောလည်း ဖေဖေ သဘောတူမှာပါနော် ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ပန်း"

"ထူးတတ်တယ် ငွေကြေးချမ်းသာတယ်၊ လုပ်ငန်းကြီးလည်း ရှိပြီးသား။ သူ့မှာဘာလိုအပ်ချက်မှ မရှိဘူး။ အဲလိုလူမျိုးကို ရစ်မှူး ချစ်မိတာ မှားလား ကိုကို"

တိုင်ပင်သည့်မေးခွန်းတွေက ဘေးကျပ်နံကျပ်ပါ။ သဘောမတူဘူးပြောလည်း ဘယ်လိုအကြောင်းပြချက် ပြန်ပေးရမလဲ။ ပန်းအဖေက ဒီလိုဆန္ဒတွေ ရှိနေတာပါဆိုသည့်စကားကိုတော့ လုံးဝ ပြောမထွက်ပေ။ ငယ်ငယ်တည်းက မောင်နှမတွေလိုပဲ သံယောဇဉ်ကြီးခဲ့ကြတာ မဟုတ်ပါလား။

အဖြူရောင်လေးကို ကိုယ်လည်း မညစ်နွမ်းစေချင်ပါ။

"ပန်း မမှားပါဘူး။ ကမ္ဘာပိုင်က ပန်းချစ်ထိုက်တဲ့လူတစ်ယောက်ပါ၊ ပန်းပြောသလို အရာရာပြည့်စုံတဲ့သူပါပဲ၊ ဒါပေမဲ့ သူ့အကြောင်း ပန်း ဘယ်လောက်သိထားလဲ၊ ပန်းတစ်ယောက်တည်းကိုပဲ ချစ်တာလား။ ပန်းအရင်ချစ်သူတွေ ဘာတွေရှိသလား၊ အခုလက်ရှိရော"

"ဟင့်အင်း သူ ရည်းစားတစ်ယောက်မှ မထားဖူးဘူးတဲ့ ကိုကို၊ ပန်းတို့သင်တန်းဆရာက ကမ္ဘာပိုင်သူငယ်ချင်းပါ၊ ဆရာက အကုန်ပြောပြတယ်၊ ပန်းနဲ့တွေ့မှ သူ ချစ်တတ်သွားတာတဲ့"

"ဪ ပန်း ဒီလောက်ယုံကြည်နေမှတော့ ဆုံးဖြတ်ပြီးသားလည်းဖြစ်မှာပါ၊ ဘာလို့ ကိုကို့ကို တိုင်ပင်နေသေးတာလဲ"

"ကိုကို့ကို အသိပေးတာ မပေးရဘူးလား ကိုကို၊ ရစ်မှူးမှာ တိုင်ပင်စရာ အသိပေးစရာဆိုလို့ ကိုကိုတစ်ယောက်ပဲ ရှိတာပါ"

"မ မဟုတ်ပါဘူး ပန်းရယ်၊ တိုင်ပင်လို့ရပါတယ်၊ အသိပေးလို့ရပါတယ်၊ ဒါပေမဲ့ ပန်းအသိပေးတိုင်ပင်တာက နောက်ကျနေသလိုပဲ၊ ဆုံးဖြတ်ပြီးမှဆိုတော့ ကိုကိုက ဘယ်လို"

"ဆောရီး ကိုကို"

ပြုံးတုံ့တုံ့ဖြင့် ဆောရီးပြောဖော်ရလို့ တော်သေးသည်။ ဒီကောင်မလေးကို မငြိုငြင်ရက်ပါ။ မတွန့်တိုရက်ပါ။

သူမသာ စိတ်ချမ်းသာမည်ဆိုလျှင် ဘာမဆိုလိုက်လျောဖို့ အဆင်သင့်ပါပဲ။ ကမ္ဘာမြေဆောက်လုပ်ရေးကုမ္ပဏီကြီးရဲ့ပိုင်ရှင်ရဲ့သားတဲ့လား။ ဒီဘက်စီးပွားရေးလောကမှာတော့ ထိပ်ဆုံးနီးပါးရောက်နေသည့်သူပါ။ ဟိုတယ်တွေ ကွန်ဒိုတွေအထိတောင် ကြီးကြီးကျယ်ကျယ် လုပ်နိုင်သည့်သူပင်။

ပန်းရစ်မှူး အဖေကတော့ မြေရလျှင် ဝယ်လိုက်၊ ဆောက်လိုက် ငှားလိုက် ရောင်းလိုက်ဖြင့် အဆင်ပြေပြေ ရပ်တည်ရုံလောက် လုပ်နေတာ။ ဒါတောင် အတိုက်အခံ အပြိုင်အဆိုင်တွေက အများသား။

"ကိုကို ရစ်မှူး စိတ်မရှည်တော့ဘူးနော်၊ ဒီနေ့ ဘာဖြစ်နေတာလဲ ရစ်မှူးပြောတာကို စိတ်မဝင်စားသလိုပဲ၊ ပွင့်ပွင့်လင်းလင်းပြောပါ ကိုကို၊ ကမ္ဘာပိုင်က ရစ်မှူးအတွက် သင့်တော်လား မသင့်တော်လား"

"ပန်းပြောသလိုပါပဲ၊ အရာရာပြည့်စုံနေတဲ့သူဆိုတော့ မသင့်တော်စရာတော့ မရှိပါဘူး၊ ပန်းကိုယ်တိုင်က ချစ်နေတဲ့သူဆိုတော့ ကိုကို တားလည်းမတားချင်ပါဘူး၊ ပန်း စိတ်ချမ်းသာမယ်ဆိုရင် လက်ခံပေါ့ ပန်းရယ်"

"တကယ်နော် ကိုကို၊ ရစ်မှူး ရွေးချယ်လိုက်တဲ့သူက မမှားပါဘူးနော်၊ ဟိုလေ ဖေဖေ့ကိုလည်း ကူပြောပေးနော်၊ ရစ်မှူးချစ်သူထား




www.burmeseclassic.com

www.burmeseclassic.com



တာ သေချာတာ ကြိုက်ချင်မှကြိုက်မှာ၊ ဒါပေမဲ့ ကိုကိုက ရစ်မူးဘက်က ချစ်တည်ပေးမယ်ဆိုရင် ဖေဖေက လက်ခံမှာပါ နော် ကိုကို''

''အေးပါ ပန်းရယ်၊ ကိုကို အတတ်နိုင်ဆုံးတော့ ကူပြောပေးမှာပေါ့ ဒါပေမဲ့ အန်ကယ်က တစ်ခုခုကြောင့် လက်ခံမပေးရင်လည်း ပန်းက နားလည်ပေးရမယ်နော်၊ မိဘဆိုတာ သူ့သဘောနဲ့သူ စီစဉ်ထားတာမျိုးလည်း ရှိတတ်တယ်၊ မေတ္တာနဲ့စိတ်မချတာမျိုး ရှိချင်ရှိတတ်တယ်လို့ပြောတာ''

''ဘာကိုလဲ''

ပန်းရစ်မူး နားမလည်သလိုလေး ပြန်မေးသည်။ ကိုယ်လည်း နားလည်အောင် ရှင်းမပြတတ်ပါ။ ရှင်းမပြတတ်လို့ တစ်မျိုးထင်သွားလျှင် ဘယ်လိုလုပ်မလဲ။

ဒီကောင်မလေး အရွယ်ရောက်လာတာကို မေ့လျော့နေတာမျိုး မဟုတ်ပေမယ့် ချစ်သူရည်းစားထားလိမ့်ဦးမည်ဟုတော့ မထင်မိပေ။ တက္ကသိုလ်တက်စဉ်ကလည်း ဒီလိုကိစ္စမျိုးတွေမှ မရှိခဲ့တာ။ သင်တန်းမှာလည်း ကိုယ်တိုင်ပို့လိုက် ကြိုလိုက်၊ သူမကိုယ်တိုင် ကားမောင်းသွားချင်သွားလိုက်ဆိုတော့ သမားရိုးကျအတိုင်းပဲလို့ ထင်ခဲ့သည်။

ဒီကြားထဲမှာတော့ ကမ္ဘာပိုင်နှင့်ပတ်သက်ခဲ့တာ ဒီအခြေအနေထိ ရင်းနှီးသွားဖို့တဲ့လား။

''ကိုကို ရစ်မူးမေးတာမဖြေဘဲ ဘာလို့ သက်ပြင်းတွေချနေတာလဲ''

''ပန်းရယ် ကိုကို့အရိပ်အကဲကြည့်ပြီး ပြောနေတော့ အသက်ရှူတောင်ကျပ်လာပြီ၊ ပန်းအဆင်ပြေသလို လုပ်ပါ၊ အန်ကယ်မေးလာတဲ့အခါ ကိုကိုကို အသိပေးထားတယ်လို့ ကိုယ်ပြောလိုက်မယ် ရပြီမဟုတ်လား''

''မဟုတ်ဘူး ခုနက''

''ရစ်တယ် ပန်းရယ်၊ မိဘဆိုတာ ဒီလူကောင်းပါတယ်၊ သင့်တော်ပါတယ်ဆိုတိုင်း သဘောတူချင်မှတူတတ်တာ၊ အဲဒါကို နားလည်ပေးဖို့ပြောတာ ရှင်းပြီလား''

''ကိုကို ဘာလို့ ဒီနေ့ရစ်မူးကို စိတ်မရှည်ဖြစ်နေရတာလဲ''

''ကဲ''

အခုမှ တကယ်ကို စိတ်မရှည်ဖြစ်လာသည်။ ပန်းရစ်မူး အရင်က ဒီလိုအမေးအမြန်းထူ၍ ရစ်တတ်သူမဟုတ်ပါ။ ကိုယ်ကပဲ စိတ်ရှည်ရှည်နှင့် မငြိုငြင်အောင်နေခဲ့မိလို့လား။

အခုက ကိုယ်တကယ်မွန်းကြပ်လာသို့ပါ။ စားချင်သောက်ချင်စိတ်မရှိတော့ဘဲ ထရပ်လိုက်တော့ ပန်းရစ်မူး မျက်လုံးလေးပြူးသွားသည်။

''ကြေးအိုးက အခုမှရောက်တယ်၊ ကိုကိုက ဘာလုပ်မလို့လဲ''

''အန်ကယ်ခိုင်းထားတဲ့ကိစ္စလေး အခုမှ သတိရလို့ပါ''

''အာ အဲဒါဆိုလည်း စားပြီးမှ သွားမှပေါ့ ထိုင် ကိုကို၊ စောစောကတော့ ဗိုက်ဆာလို့ဆို ရစ်မူးလည်း ဗိုက်ဆာနေတာ''

လက်ကိုဆွဲကာ ထိုင်ခိုင်းတာမို့ ပြန်ထိုင်လိုက်ရသည်။ ပန်းရစ်မူးက ကြက်သားတုံးလေးတွေကို တူနှင့်ညှပ်၍ ပါးစပ်ထဲကိုလာခွံ့တော့ အလိုက်သင့် ပါးစပ်ဟာပေးလိုက်ရသည်။ ထုံးစံအတိုင်း ငုံးဥလေးတွေကို တူနှင့်ညှပ်ပြီး မပူအောင် လေနှင့်မှုတ်ပြီးမှ သူမပါးစပ်ထဲ ခွံ့ပေးလိုက်၏။






www.burmeseclassic.com

www.burmeseclassic.com



နောက်ဆို ဒီလိုလုပ်ပေးခွင့်ရတော့မှာ မဟုတ်ပေ။ သူမချစ်သူ အခဲ ကြင်နာယုယတော့မှာပေါ့။ ရင်ထဲမှာ နမြောတသစွာ ဟာသွားခဲ့သည်။ ကိုယ်မြတ်နိုးတန်ဖိုးထားရသည့် ပန်းကလေး၊ သူများပိုင်ဆိုင်သွားတော့မှာပါလား။

သူတို့နှစ်ယောက်အဖြစ်ကို တစ်နေရာကနေ ကမ္ဘာပိုင် ကြည့်နေခဲ့သည်ဆိုတာတော့ နှစ်ယောက်လုံး သတိမထားမိလိုက်ဘဲ ...။

■ ■ ■

## အခန်း (၁၀)

နေ့လယ်က မြင်ကွင်းက ညဘက်ထိ သူ့ကိုအိပ်မပျော်စေနိုင်ခဲ့ပါ။ ဒီလောက်ထိ ကြင်နာယုယနေကြတာ ချစ်သူတွေမဟုတ်ဘူးဆိုတာမှ ဟုတ်ရဲ့လား။ သူစိမ်းယောက်ျားလေးနှင့် ပူးပူးကပ်ကပ် လက်ပွန်းတနီးနေတာ သူ ဘယ်လိုမှ မခံစားနိုင်ပေ။

ကိုကိုနှင့်တိုင်ပင်ဦးမည်လို့ ပန်းရစ်မူး ပြောကတည်းက စိတ်ထဲမှာ မတင်မကျ ဖြစ်နေခဲ့တာ။ သူမရဲ့ကိုယ်ရေးကိုယ်တာအချစ်ရေးကိစ္စကို တခြားသူစိမ်းယောက်ျားလေးကို တိုင်ပင်အသိပေးနေစရာလား။

သူမ ဆုံးဖြတ်ချက်နှင့်သူမ ကိုယ်ပိုင်ဆုံးဖြတ်လို့ရနေတာပဲ။

"ဟူး"

လသာဆောင်ဘက်ကို ထွက်ထိုင်ရင်းဖြင့် စဉ်းစားလို့မရစွာ သေသူတွေမှတ်ထုတ်လိုက်မိသည်။ သူ့စိတ်တွေ ဘယ်လိုမှကို ငြိမ်ငြိမ်ခဲ။ ပန်းရစ်မူးကို အရမ်းကိုချစ်မိနေလို့ ဒီလောက်အထိ ခံစားနေရတာဖြစ်မည်။ ဒီပုံစံအတိုင်းဆို သူ တစ်ညလုံး အိပ်လို့ရမှာမဟုတ်ပါ။ သူမနှင့်

www.burmeseclassic.com



ခန်းအသစ်ရှေ့အတွက် အခန်းထဲပြန်ဝင်ကာ ဖုန်းယူလိုက်သည်။ ပြီး

အသဘောင်ဘက် ပြန်ထွက်လာကာ ပန်းရစ်မူးဆီ ဖုန်းခေါ်လိုက်သ

ခန်းရစ်မူးက ဖုန်းတော်တော်နှင့်မကိုင်။

ညတစ်နာရီနီးပြီမို့ အိပ်မောကျနေတာ ဖြစ်မည်။

"ဟယ်လို ဘယ်သူပါလဲ"

အိပ်ချင်မူးတူးနှင့်ဝင်လာသည့် ဖုန်းနံပါတ်ကိုတောင် မကြည့်

ဘူးထင်သည်။

"ကိုယ်ပါ ရစ်မူး"

"ဟင် ကမ္ဘာ ဒီအချိန်ကြီး"

ပန်းရစ်မူး မျက်လုံးများပြူးကျယ်ကာ အိပ်ရာကလူးလဲထထ

လိုက်သည်ထင်သည်။ သူလည်း သူမအသံလေးကို ကြားသည်နှင့် အရ

ဘက်(ခ်)မှာတောင် ထိုင်မနေနိုင်ပါ။

ကာရန်ထားသည့် စတီးပိုက်လုံးတန်းတွေကိုမှီရပ်လျက်

"ရစ်မူး အိပ်ပျော်နေတာဆို ဆောရီးနော်၊ ကိုယ် ဘယ်လို

အိပ်လို့မရလို့ပါ ရစ်မူးရယ်"

နေ့လယ်က မြင်ကွင်းကိုတော့ သူ ပြန်ပြောမနေချင်ပေ။

အချိန်မှာ သူမတို့ရင်းနှီးမှုအတိုင်းအတာကို သူ ဝေဖန်လို့ဖြစ်ပါ့မလား

ပန်းရစ်မူးက လေသံတိုးတိုးလေးဖြင့်

"ကမ္ဘာက ဘာလို့အိပ်မပျော်တာလဲ"

"ရစ်မူးဆီက အဖြေမရသေးလို့ပေါ့"

"မိန်းကလေးတစ်ယောက်ဆီကအဖြေကို အဲလောက် ဆော

လောကြီး လိုချင်လို့ဖြစ်ပါ့မလား၊ ဘယ်မိန်းကလေးဆီက ရှင် လွယ်လွ





ရမှာလို့လဲ"

"ဘယ်မိန်းကလေးဆီကမှ မတောင်းဘူးလို့ လွယ်လွယ်ရသ

ဘား။ ခက်ခက်ခဲခဲ စောင့်ရသလားဆိုတာ ကိုယ်မသိဘူး ရစ်မူး၊ အခု

ရစ်မူးဆီက အဖြေမရတာကိုပဲ ကိုယ် ရူးတော့မယ်၊ ကိုယ် အကြာကြီး

စောင့်နိုင်ဘူး ရစ်မူးရယ် ကိုယ့်ကိုအဖြေပေးပါတော့"

"ဟင်း"

ပန်းရစ်မူး သက်ပြင်းတွေချလိုက်မိသည်။ ကမ္ဘာပိုင်ကို အဲလို

ဇွတ်တရွတ်နိုင်သည့်လူလို့ မထင်မိ။ ညသန်းခေါင်ကျော်ကြီးတောင် လှမ်း

ပြီး အဖြေတောင်းနေရသလား။

"ရစ်မူး"

ခေါ်ပြန်ပြီ။ ဒီခေါ်သံကပဲ သူမကိုဆွဲဆောင်နေတာ။

သူမ တိုးညှဉ်းစွာပဲ ပြန်ထူးလိုက်သည်။

"ဘာလဲ ကမ္ဘာ"

"ကိုယ့်ကိုချစ်လားဟင်"

"အင်း"

"ဘာအင်းလဲ၊ ချစ်တယ်လို့ ပြောပါကွာ"

"ချစ် ချစ်တယ်"

"တ တကယ်နော် ရစ်မူး၊ တကယ်နော်"

သူ ထခုန်မိမတတ် ဝမ်းသာသွားသည်။ ထခုန်လို့မဖြစ်တာမို့

ဖုန်းကိုင်မထားသော လက်တစ်ဖက်နှင့် လေထဲကို လက်သီးဖြင့်ထိုးပစ်

လိုက်၏။

"ရစ်မူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ခဏခဏ ခေါ်နေတာလဲ၊ ပြောစရာရှိရင် ပြောတာ
တောက်တူး"

"ဒီနာမည်လေးက ကိုယ့်နှလုံးသားထဲမှာ အမြဲတမ်း မင်းမှာနေ
လို့ပါ ရစ်မူးရယ်၊ ကိုယ်တစ်ခါမှ မချစ်ခဲ့ဖူးဘူး၊ ရစ်မူးက ကိုယ့်ဘဝရဲ့
ပထမဆုံးအချစ်ဦးပါ၊ ကိုယ်ကရော ရစ်မူးအတွက် ဘယ်လိုနေရာမျိုးက
နံပါတ်ဘယ်လောက်လဲဟင်"

"ရှင် ရစ်မူးကို လွယ်လွယ်အဖြေပေးလို့ အထင်သေးပြီး မေး
တာလား ကမ္ဘာ"

"မဟုတ်ပါဘူး ရစ်မူးရယ်၊ ရစ်မူးက ကိုယ့်အတွက်တန်ဖိုးကြီး
မားပါတယ်၊ ဘယ်လိုမှ အဖိုးမဖြတ်နိုင်ပါဘူး၊ ဒါပေမဲ့ ကိုယ်သိချင်လို့ပါ"

"သစ္စာစကားလို့ ယုံကြည်ရင်တော့ ရစ်မူးပြောမယ်"

"ယုံကြည်ပါတယ်၊ ယုံကြည်ပါတယ် ရစ်မူး ပြောပါ"

"ရစ်မူးလည်း ချစ်သူရည်းစား တစ်ယောက်မှမထားဖူးဘူး
ရှင်က ရစ်မူးရဲ့အချစ်ဆုံး အချစ်ဦးပါ"

ဟုတ်ရဲ့လားလို့ သံသယနှင့်ပြန်မေးသင့်ရဲ့လား။ ဘုန်းလက်
က ရစ်မူးရဲ့ဘယ်နေရာက ပတ်သက်သူလဲလို့ မေးသင့်ရဲ့လား။ ဟင့်အင်း
ဒီအချိန်မှာမေးလိုက်လျှင် ပျော်ရွှင်ကြည်နူးနေမိတာလေးတွေ အလော
သသပျောက်ဆုံးသွားပေလိမ့်မည်။

"ကိုယ် ယုံလိုက်ပါမယ် ရစ်မူး၊ ဒီစကားတစ်ခွန်းအတွက် ကိုယ်
အိပ်လို့ပျော်မှာသေချာပါတယ်၊ ကိုယ် မင်းကိုအရမ်းချစ်တယ် ရစ်မူး
ကိုယ့်ရင်ထဲက သစ္စာစကားကိုလည်း ရစ်မူး ယုံပေးပါနော်"

"ရှင် ယုံစေချင်တယ်ဆိုရင် ယုံမှာပါ ကမ္ဘာ၊ ရှင်နဲ့ရစ်မူး





တွေ့တာမကြာသေးဘူး၊ တစ်ယောက်အကြောင်းလည်း သေသေချာချာ
ဘယ်နတာမသိကြသေးဘူး၊ ဒါပေမဲ့ အချစ်ကြောင့် စိတ်ချင်းနှလုံးသားချင်း
ဝင်သွားတယ်လို့ ရစ်မူး ယုံကြည်ထားပါတယ်၊ ဘယ်တော့မှ ဘယ်လို
အကြောင်းနဲ့မှ ရစ်မူးကို သစ္စာမဖောက်ဘူး၊ မထားခဲ့ဘူးဆိုတဲ့ကတိပဲ
ပေးပါ"

"စိတ်ချပါ ကိုယ် ဘယ်တော့မှ ရစ်မူးကို သစ္စာမဖောက်ဘူး
ထားခဲ့ဘူး၊ ဖြစ်နိုင်ရင် နောင်သံသရာတွေအထိပါ ရစ်မူးကိုအပါခေါ်
သွားမှာ"

"အဟင်း ဟင်း"

သူ့စကားတွေ ချိုမြိန်လွန်းသည်မို့ သူမ ကြည်နူးစွာ ရယ်ဖြစ်
သည်။ အချစ်ဆိုတာ အဲလိုမျိုး စိတ်လှုပ်ရှားမှုတွေ ရင်ခုန်မှုတွေကို
ဆောင်နိုင်သည်လား။

သူက အိပ်ပျော်မည်ဆိုပေမယ့် သူမကတော့ သူ့စကားတွေကို
ကြားယောင်ပြီး အိပ်ပျော်တော့မည်မထင်။ တစ်ညလုံးနီးပါး ချစ်စကား
သွေချည်း ပြောဖြစ်သည်။

ညသုံးနာရီကျော်မှ နှုတ်ဆက်ပြီး မျက်လုံးကြောင်တောင်နှင့်
အိပ်ရာဝင်ရသည်။ ချစ်သူရှိပြီဆိုသောအသိက မအိပ်မစားဘဲ အားအင်
ပြည့်သည်ဆိုတာ အမှန်ပဲဖြစ်မည်ထင်၏။

တစ်ညလုံးအိပ်မပျော်ပါဘဲ မနက်မိုးလင်းသည့်အခါမှာ သူမ
တက်ကြွကြွ လန်းလန်းဆန်းဆန်း ဖြစ်နေခဲ့သည်။

အဲဒါ အချစ်ရဲ့တန်ခိုးတွေလား ကမ္ဘာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"သမီးအိပ်ရာ အစောကြီးနိုးနေပါလားကွ"

"ဟုတ်ကဲ့ ဖေဖေ၊ ညက ကွန်ပျူတာမကိုင်ဘဲ အိပ်ရာအစော ကြီးဝင်လိုက်လို့ပါ"

ကမ္ဘာနှင့်ဖတ်သက်ကတည်းက သူမ မုသားတွေတစ်မျိုးပြီး တစ်မျိုးသုံးတတ်နေခဲ့သည်။ ဖေဖေက ယုံကြည်သွားဟန်ဖြင့်

"အင်း အဲလိုလည်း မျက်လုံးကိုအနားပေးဦးမှပဲ၊ အဲ့ဒီတာနေ့ ထိုင် ကွန်ပျူတာသုံးတာ ဗဟုသုတအများကြီးရတယ်ဆိုပေမယ့်လည်း ကျန်းမာရေးအရ ထိခိုက်တာပဲ သမီးရဲ့၊ မျက်လုံးအားနည်းပြီး မှုန်ဝါး သွားမယ်၊ ဇက်ကြောတက်၊ နောက်ကျောတက်နဲ့ အာရုံကြောထိခိုက်မယ် မျှမျှတတတော့ လုပ်ပေါ့ သမီးရယ်"

"ဟုတ်ကဲ့ပါ ဖေဖေ၊ ဒါနဲ့ ရစ်မူး ရှာပေးထားတဲ့ ဒီဇိုင်းတွေအစေ သုံးဖြစ်ပြီလား ဖေဖေ"

"အင်း အဲဒါကို စင်ကာပူကလုပ်ငန်းရှင်က အဲဒီအဆောက်





အဦး ဒီဇိုင်းကိုကြိုက်လို့ ဒီဇိုင်ဆိုင်ရာပညာရှင်နဲ့တွေ့ပေးပါ ဘာညာလုပ်နေ တာ၊ သမီးက ပညာရှင်မဟုတ်ပါဘူး၊ အခုမှ ပုံတွေဆွဲပြီးလေ့လာတုန်း ရှိလို့ ပြောထားရတယ်၊ အဲဒါတောင် သမီးဒီဇိုင်းကို ဖေဖေနဲ့ပူးပေါင်းပြီး ဆောက်ချင်တယ်ပြောတယ်၊ မောင်လက်ာနဲ့တိုင်ပင်ပြီး အကောင်အထည် ဖော်ကြည့်မလား သမီး"

"အဲဒါ ကိုကို့အိုင်ဒီယာတွေလည်းပါတယ်၊ ရစ်မူးတို့နှစ်ယောက် ပူးပေါင်းတိုင်ပင်ပြီး သူ့ရေမြေနဲ့ သဟဇာတဖြစ်နိုင်မယ့်ဒီဇိုင်းကို ထွင် လိုက်တာ၊ လူလတ်တန်းစားတွေအတွက် ဈေးနှုန်းပါသင့်တင့်ပြီး အဆင် ပြေနိုင်လိမ့်မယ်လို့ ထင်တယ်"

"သမီးက လူလတ်တန်းစားအတွက်လို့ ရည်ရွယ်နေတယ်၊ စင်ကာပူက လုပ်ငန်းရှင်က ဘာပြောတယ်မှတ်လဲ၊ ဒီ ဒီဇိုင်းကို လူကုံထံ တွေတောင် သဘောကျနိုင်တယ်တဲ့၊ ငွေကြေးတတ်နိုင်တဲ့သူတွေက ဒီလို ဆွဲသက်သာပြီး ကွန်ဒိုနီးပါးကောင်းတဲ့တိုက်ခန်းမျိုးမှ သဘောကျကြမှာ တဲ့လေ၊ ခန်းမွင့်အကျယ်ရယ် နောက်ကလသာဆောင်သဘောမျိုးထည့် ထားရယ်၊ ပန်းအိုးလေးတွေနဲ့စိုက်ပျိုးလို့ရမှာရယ်၊ ပြီးတော့ ဧည့်ခန်းက လည်း အမြင်မှာမကျဉ်းဘူးဆိုတော့ ဈေးနှုန်းသတ်မှတ်ထားတာနဲ့ဆို ဆောက်တော်တန်နေပြီ"

သူမ ဒီဇိုင်းတွင်ထားတာကို ကြိုက်သည်ဆိုတော့ သူမ ကြည်နူး ပျော်ရွှင်သွားသည်။ ဖေဖေ့ကိုတစ်ဖက်တစ်လမ်းက ကူညီခွင့်ရသည့် အတွက် ကိုယ့်ကိုကိုယ်လည်း ကျေနပ်အားရမိ၏။

"ဒါဆို ကိုကိုနဲ့တိုင်ပင်ပြီး နောက်ထပ်ပုံတွေဆွဲဖို့ အားရှိသွား ပြီ ဖေဖေ၊ ကိုကိုက ဘယ်လောက်ကုန်ကျမယ်၊ ဘယ်လောက်ရင်းနှီးမြှုပ်နှံ



www.burmeseclassic.com

www.burmeseclassic.com



ပြီး အမြတ်အစွန်းကျန်မယ်ဆိုတာ အတွက်အချက်နေရာမှာတော့ မိုက်တယ်''

''ဒါကြောင့်လည်း အင်ဂျင်နီယာတစ်ယောက်ဖြစ်အောင် ပညာရေးကို ဖေဖေ ပံ့ပိုးပေးခဲ့တာပေါ့ကွယ်၊ မောင်လက်ာက လူတော်လူကောင်းတစ်ယောက်ပါ၊ သူ့ကိုဖေဖေ ယုံကြည်တယ်၊ စိတ်ချတယ်၊ သူကြောင့်လည်း လုပ်ငန်းတွေကို နောက်ဆံမတင်းဘဲလုပ်နိုင်နေတာ၊ အခုသမီးကိုပါအားကိုးလို့ရပြီဆိုတော့ ဖေဖေ တော်တော်လေးအားရှိသွားပြီကွယ်''

''ပိုပြီးအားရှိအောင် မနက်စာစားလိုက်ဦး ဖေဖေ၊ စကားပြောတာနဲ့ ကော်ဖီတွေတောင် အေးနေပြီထင်တယ်''

''အေးအေးပါကွယ် သမီးနဲ့စကားပြောကောင်းနေတော့ ဘယ်လိုဖြစ်ဖြစ် ဖေဖေ သောက်တတ်ပါတယ်''

ဖေဖေက ကျေနပ်အားရကာ ပျော်နေသည်။ သားမရှိတော့ သမီးကိုပဲအားကိုးရမည်မဟုတ်လား။ ဘုန်းလက်ာကလည်း သားတော်ယောက်လိုပင် အားကိုးရပါသည်။ ဒီသမီး ဒီသားသာရှိနေမည်ဆိုလျှင် တခြားဘယ်သူ့ကိုမှ အားကိုးနေစရာမလို။

''ဒေါ်သိန်းရေ ညနေကျ မောင်လက်ာလာမှာဆိုတော့ ထမင်းရော ဟင်းရော ပိုချက်ထားပါဦး''

''ဟုတ်ကဲ့ ဆရာ၊ ဒါဆို ဒေါ်သိန်း ဈေးသွားလိုက်တော့မယ်နော်''

''သမီး ဒေါ်သိန်းကို ဈေးဖိုးပေးပြီးပြီလား''

''ဟုတ်ကဲ့ ပေးပြီးပါပြီ ဖေဖေ''





''ပန်းကန်တွေ ဒီအတိုင်းထားလိုက်နော် သမီး၊ ဒေါ်လေးသိန်း အပြန်မှဆေးမယ်''

''ရပါတယ် ဒေါ်လေးသိန်းရဲ့၊ ရစ်မူး ဆေးထားလိုက်ပါမယ်''

ပန်းရစ်မူးတို့က သူ့အလုပ်ကိုယ့်အလုပ် ခွဲခြားတာမျိုး အဆင့်အတန်းခွဲခြားတာမျိုး မရှိပေ။ ဒေါ်လေးသိန်း ဈေးထွက်သွားသည့်အခါမှာ

''ဒီနေ့ ကိုကို့ကို အိမ်ခေါ်ထားတာလား၊ ရစ်မူးက သင်တန်းလိုက်ပို့ဖို့ ခေါ်မထားဘူး၊ ဖေဖေ၊ ရစ်မူးဘာသာ ကားမောင်းသွားပြီး ကိုယ့်ဘာသာ ပြန်လာမှာ''

''ဖေဖေ အလုပ်ကနေ ခေါ်လာမှာပါ၊ ပြောစရာလေးရှိလို့ ပြီးရင် သမီးကိုပါပြောမယ်''

''ဘာပြောမှာလဲ အခုပြောလည်း ဖြစ်တာပဲကို''

''အလုပ်ကိစ္စမဟုတ်ဘူး သမီးရဲ့၊ လူမှုရေးကိစ္စဆိုတော့ အေးအေးဆေးဆေး တိုင်ပင်ဆွေးနွေးချင်တာ''

''ဘယ်လိုလူမှုရေးကိစ္စလဲ''

''ကဲပါ နောက်တော့ ဖေဖေပြောပြမှာပေါ့ သမီးရယ်''

''ဖေဖေကတော့ လုပ်ပြီ''

''ဟင်း ဟင်း စိတ်မကောက်ပါနဲ့ သမီးရဲ့၊ ဖေဖေပြောမှာပါ ဖေဖေသွားပြီ သမီး၊ ဒီနေ့ချိန်းထားတာလေးတွေလည်းရှိတယ်၊ ဆိုဒ်ဆင်းလည်းသွားရမယ်၊ မောင်လက်ာကိုလည်း သွားရလာရတာတွေများလို့ ကားဝယ်ပေးပြီးမှပဲ စိတ်ချမ်းသာတော့တယ်၊ သမီးရော မောင်လက်ာ ကားကို စီးပြီးသွားပြီလား''



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဟို စီးမကြည့်ရသေးဘူး ဖေဖေ"

"စီးကြည့်ဦးလေ သမီးရဲ့၊ အခုတလော မောင်လက်ာကို သိပ် အကြိုအပို့မလုပ်နိုင်းတော့တာ ကြာပြီနော်၊ ဘာဖြစ်လို့လဲ သမီး"

"ဘာ ဘာမှမဖြစ်ပါဘူး ဖေဖေ၊ ကိုကိုလည်း ပင်ပန်းနေသလား လို့ပါ၊ ရုံးမှာလည်း အလုပ်ရှုပ်နေတယ်ထင်လို့"

"အဲလိုတွေးပေးတတ်လာပြီဆိုတော့ ဖေဖေ့သမီးလေးက အရင် ကထက် ပိုလိမ္မာနေပြီပဲ"

ဖေဖေကတော့ သူမရဲ့မုသားတွေကို အဟုတ်အမှန်ထင်ပြီး ယုံကြည်နေဆဲ။ ဖေဖေ့သမီးက အချစ်နဲ့တွေ့ပြီး မုသားသုံးလိမ်ညာနေတာ ပါလို့ မပြောရဲ။ ကိုကို့ကို စစ်ကူခေါ်ရဦးမည်မဟုတ်လား။ သို့ဝှက်နိုင်သမျှ သို့ဝှက်ထားဦးမှ ဖြစ်မှာပါ။ အချစ်ကြောင့် မုသားတွေတောင် ချိုကုန်ပြီ ထင်ပါရဲ့ ကမ္ဘာ။

ရှင့်ကြောင့် ရစ်မူး ချစ်တတ်လာတာပါ။ ရှင့်ကြောင့် မုသားတွေ ပြောတတ်လာတာပါ။

ရှင့်ကြောင့် တမာတွေချိုကုန်တာပါ။ ရှင့်ကြောင့် မနက်ဖြန် တိုင်းက လင်းလက်တောက်ပပြီး သာယာနေတာပါ။

ရှင့်ကြောင့် သွေးခုန်နှုန်းတွေက ရင်ခုန်သံတွေဖြစ်ခဲ့တာပါ။

ရှင့်ကြောင့် တရွေ့ရွေ့ကုန်ဆုံးနေတဲ့အချိန်နာရီစက္ကန့်တွေက အဓိပ္ပာယ်ရှိနေခဲ့တာပါ။

ရှင့်ကြောင့် ရှင့်ကြောင့် ရှင့်ကြောင့် . . .။

■ ■ ■



## အခန်း (၁၂)

နှလုံးသားချင်းနီးစပ်ဖလှယ်ပြီးချိန်မှာ ရင်ခုန်သံတွေက တွေ့ လိုက်တိုင်းစည်းချက်မညီတော့ပေ။ မျက်ဝန်းအကြည့်တွေက ညှို့ရီလျက် သွေးခုန်နှုန်းတွေလည်း မြန်ဆန်နေခဲ့သည်။

"ကမ္ဘာ"

"ဟင်"

"ရစ်မူးကို တကယ်ချစ်တာပါနော်"

"တကယ်ပေါ့ ရစ်မူးရယ်၊ ကိုယ့်ရင်ခုန်သံတွေကို နားထောင် ကြည့်ပါလား၊ ရစ်မူးလို့ သံစဉ်တွေညှိနေသလိုပဲ"

"ပိုတယ်၊ ကမ္ဘာ့ရင်ဘတ်က ဂီတမှမဟုတ်တာ"

"ကိုယ့်ကိုကမ္ဘာလို့ မခေါ်ဘဲ ကိုကိုလို့ခေါ်ပါလား"

"အွန် မခေါ်ချင်ပါဘူး၊ ကိုကိုဆိုတာ ခေါ်ပြီးသားကြီး"

"ဘုန်းလက်ာကိုလား"

"အင်း"

"ကိုယ့်ချစ်သူလည်းမဟုတ်ဘဲနဲ့ ဘာလို့ အဲလိုခေါ်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်သူမဟုတ်လည်း မောင်နှမတွေဆိုလည်း ခေါ်ကြတာပဲ လေ၊ ငယ်ငယ်တုန်းက ရစ်မူးမှာ အစ်ကိုတွေမောင်တွေမရှိဘူး၊ အဲဒီ ကိုတို့ကို ဖေဖေက အိမ်ခေါ်လာပြီး ကိုကိုလို့ခေါ်ရမယ်၊ သမီးရဲ့ကိုကိုပဲလို့ ပြောတယ်၊ အဲဒီကတည်းက ကိုကိုလို့ခေါ်လာတာ နှုတ်ကျိုးနေပြီ"

"မရဘူးကွာ၊ သူ့ကိုလက်ဖြစ်ဖြစ် ကိုတုန်းဖြစ်ဖြစ် ပြောင်းခေါ် လိုက်၊ ကိုယ်က ရစ်မူးရဲ့ချစ်သူဖြစ်တဲ့အတွက် ကိုကိုလို့ခေါ်၊ ကိုယ်က မင်းထက်အသက်နှစ်နှစ်ကြီးတယ်နော်"

"ကမ္ဘာကလည်း"

"ဘာကမ္ဘာကလဲလည်း ရစ်မူးနော်၊ ကိုကိုလို့ခေါ် ခေါ်ပါဆို"

မျက်နှာတည့်တည့်ကြည့်ကာ သူမမေးဖျားလေးကိုကိုင်ပြီး ကမ္ဘာ ပိုင် ဖွတ်ပြောနေသည်။ အသက်နှစ်နှစ်ကြီးသည်ဆိုပြီး သူကပဲ ကလေး ဆန်ကာ ဖွတ်တရွတ်ဖြစ်နေရလား။ သူမနှုတ်ခမ်းလေးစူသွားလျက်

"တခြားနာမည်တစ်ခုခု ခေါ်မယ်ကွာ၊ ကိုတို့ မောင်တို့"

"ဟင့်အင်း ကိုကိုပဲခေါ်"

"အဲတော် ဘာလို့ ဂျီကျနေတာလဲ၊ အဲဒီကိုကိုက ဟိုကိုကိုကို ခေါ်ပြီးသားချည်းကို"

"မရဘူး သူ့ကိုပြောင်းခေါ်"

"ကမ္ဘာကကွာ"

ပန်းရစ်မူး ဘေးကျပ်နံကျပ် စိတ်ညစ်သွားပြီဆိုတာ သိပေမယ့် သူ အလျှော့မပေးချင်ပေ၊ အရင်တည်းက ဘုန်းလက်ကို ကိုကိုလို့ခေါ်တာ နားကြားပြင်းကတ်နေခဲ့တာပါ။ အခု ကိုယ့်ချစ်သူဖြစ်နေပြီဆိုတော့ ကိုယ့် ဆန္ဒကို သူမ လိုက်လျောရမှာပေါ့။





သူ တမင်ညစ်သလိုဖြစ်နေတာ ကိုယ့်ကိုကိုယ် သိသော်လည်း သူ့ကို သူမ တကယ်ချစ်မချစ်ဆိုတာ သေချာဖို့လိုသည်။ သူ ရစ်မူးကိုယ် လေးကို သိုင်းဖက်ကာ ပါးချင်းကပ်ထားလိုက်၏။ သူမစိတ်ညစ်ညူးစွာ ခပ်လွန့်လွန့်လေး ရုန်းသော်လည်း သူ တိုးဖက်ထားလိုက်သည်။

"ဘယ်လိုဖြစ်နေတာလဲ ကမ္ဘာ"

"ကိုကိုလို့ခေါ်"

"ကဲ ဒီမှာ အသက်ရှူကျပ်နေပြီ"

"ကျပ်ကျပ် မခေါ်ရင်မလွှတ်ဘူး"

"ကမ္ဘာနော် ရစ်မူး ငိုချလိုက်မှာ"

"ငိုချင်လည်းငို၊ ကိုကိုလို့မခေါ်ရင် ကိုယ်လည်းမလွှတ်ဘူး"

ကမ္ဘာကလေးဆန်ကာ ဖွတ်တရွတ်ဉာဉ်ဆိုးလေးရှိတာ အခုမှ သူမပိုသိသွားသည်။ သူမကို ကိုကို့လို အလျှော့ပေးလိုက်လျောမည့်ပုံစံ မဟုတ်ပါ။ သူဖြစ်ချင်တာ သူသိပြီး သူ့ဆန္ဒသူပဲ ဦးစားပေးမည့်လူစား မျိုးပင်။ ဒါပေမဲ့ အချစ်ဆိပ်တက်နေပြီမို့ သူမက ဒါလေးကိုပဲ ကြည်နူး စိတ်ဖြစ်မိကာ သူ့လည်ပင်းနားမှာ မျက်နှာလေးအပ်၍ မှီနွဲ့လိုက်သည်။ သူ့စိတ်တိုင်းကျ သူခေါ်စေချင်သော နာမည်လေးကို

"ကိုကို"

"ဟင်"

တိုးသဲ့သဲ့ ညှင်းသွဲ့သွဲ့လေးခေါ်လိုက်သည့်အခါမှာ သူ အံ့သြ သွားလျက် ကိုကိုဟုခေါ်သော နှုတ်ခမ်းဖူးဖူးလေးကို အချစ်မူးစွာ ရှိုက်နမ်း ၍ နမ်းမွှေးပစ်လိုက်သည်။

သူမ ရှက်လွန်းစွာ လွန့်လွန့်လေး ရုန်းသေးပေမယ့် သူ့အနမ်း



www.burmeseclassic.com

www.burmeseclassic.com



ရာရှည်ကြာလာသည့်အခါ မောသံလေးဖြင့် သက်ပြင်းငွေ့ငွေ့ချလေသည်။

"တော်ပြီ ကမ္ဘာရယ်၊ အသက်ရှူကျပ်တယ်"

"ချစ်လို့ပါ ရစ်မှူးရယ်၊ ကိုကိုလို့ခေါ်လိုက်တော့ ကိုယ့်ရင်ခုန်သံတွေ လုံးဝထိန်းမရတော့ဘူး။ ကိုကိုလို့အမြဲခေါ်ရမယ်နော်၊ တစ်သက်လုံး ဘယ်သူ့ရှေ့မှာဖြစ်ဖြစ်"

"အင်းပါ"

"ကိုယ်ကလွဲပြီး ဘယ်သူကိုမှ မချစ်ရဘူး"

"အင်းပါ"

"ကိုယ်တို့လက်ထပ်ကြမယ်နော်"

"အင်းပါ အာ ချက်ချင်းကြီး ဘယ်လိုလုပ်ဖြစ်မှာလဲ၊ ဖေဖေ့ကို ပြောရဦးမယ်၊ ဖေဖေသဘောတူမှ"

"ကိုယ့်လိုလူကို ရစ်မှူးအဖေက ငြင်းမှာတဲ့လား"

"အဲဒါတော့ မပြောတတ်သေးဘူးလေ၊ ကိုကိုက အဲ ကိုလက်ာက ပြောတယ်၊ အရာရာပြည့်စုံတိုင်း မိဘတွေက သဘောတူချင်မှ တူတတ်တာတဲ့"

"ဟင် အဲဒီစကားကို သူက ဘာကြောင့်ပြောတာလဲ"

"ဩော် ကမ္ဘာကို အဲ ကိုကို့ကို အဖြေမပေးခင်က ကို ကိုလက်ာကိုတိုင်ပင်တယ်၊ အဲဒီတုန်းက ကိုလက်ာပြောတာ၊ ဖြစ်လည်းဖြစ်နိုင်တာပဲလေ၊ ဖေဖေသဘောတူမယ် မတူမယ် သေချာတပ်အပ် မပြောနိုင်သေးဘူး"

"ရစ်မှူးကကွာ အချစ်ရေးကိစ္စကို ဘာလို့ သူစိမ်းယောက်ျား





လေးကို တိုင်ပင်ရတာလဲ၊ သူသာ တားခဲ့ရင် ရစ်မှူး ဘယ်လိုလုပ်မှာလဲ၊ ကိုယ့်ကိုမချစ်ဘဲနေမှာပေါ့"

"ဖြစ်ရပြန်ပြီ၊ မတားလို့ပဲ ကိုကိုနဲ့ချစ်သူတွေ ဖြစ်နေပြီလေ၊ တကယ်ပဲ"

သူ မကျေနပ်နိုင်ပါ။ ဘာကြောင့် ဘုန်းလက်ာက သူမအတွက် အဲလောက်အရေးပါနေရတာလဲ။

"ရစ်မှူး"

"အင်း ပြော ကိုကို"

"နောက်ဆို ဘာကိစ္စဘာအကြောင်းပဲရှိရှိ ကိုယ့်ကိုပြောပါ၊ ကိုယ့်ကို တိုင်ပင်ပါ၊ သူများသူစိမ်းကို ကိုယ်ရေးကိုယ်တာအကြောင်းကိစ္စတွေ မတိုင်ပင်ရဘူး၊ မပြောရဘူး ရစ်မှူးရဲ့"

"ကို ကိုလက်ာက သူစိမ်းမဟုတ်ပါဘူး၊ ရစ်မှူးတို့အတွက် ဆွေမျိုးသားချင်းထက် ရင်းနှီးတဲ့သွေးသားရင်းလိုပါပဲ၊ ရစ်မှူးတို့သားအဖ အပေါ် တစ်မိသားစုလုံး တကယ်ကောင်းကြပါတယ် ကိုကို၊ ကိုလက်ာကို သူစိမ်းလိုတွေးပြီး အပြစ်မမြင်ပါနဲ့နော်"

"ကိုယ် ရစ်မှူးကိုချစ်လွန်းလို့ သဝန်တိုတာ မနာလိုတာမျိုးရော ဖြစ်လို့မရဘူးလား၊ ရစ်မှူးကိုကိုယ် တစ်ယောက်တည်း ပိုင်ချင်တာ၊ ရစ်မှူး စိတ်ရောကိုယ်ရော ကိုယ်တစ်ယောက်တည်းအတွက်ပဲ ဖြစ်စေချင် တယ်"

"လောဘကြီးလိုက်တာ ကိုကိုရယ်၊ ရစ်မှူးကရော ဘယ်သူ့အတွက်ဖြစ်ရမှာလဲ၊ ရစ်မှူးတစ်ဘဝလုံး ကိုကို့အတွက်ပါပဲ"

"ဒီကိုကို့အတွက်နော်"

"ဟင်း ဟင်း ဟုတ်ပါတယ် ကိုကိုရယ်၊ တကယ်ပဲ ကလေး



www.burmeseclassic.com

www.burmeseclassic.com



လေးကျနေတာပဲ အရမ်းဆိုးတယ်''

သူမ ချစ်မြတ်နိုးလွန်းစွာ သူ့ကိုယ်ကြီးကို ဖက်တွယ်ထားရင်းနှင့်

''ကိုကို့ဖေဖေကရော ရစ်မူးနဲ့သဘောတူပါ့မလားဟင်''

''ဘာလို့ သဘောမတူရမှာလဲ၊ ရစ်မူးလိုအသိုက်အဝန်းကောင်း သမီးလိမ္မာမိန်းမကောင်းလေးကို''

''ကိုလက်ာပြောသလိုပဲ အရာရာပြည့်စုံနေလည်း မိဘတွေက သဘောတူချင်မှ တူကြမှာလေး ကိုကို လက်ထပ်ချင်တယ်ဆိုရင် ကိုကိုလည်း ကိုကို့အဖေကိုပြော၊ ရစ်မူးလည်း ရစ်မူးဖေဖေကို အသိပေးကြည့်မယ်၊ ဟို ကိုလက်ာက ကူပြောပေးမယ်လို့ ကတိပေးထားပါတယ်''

''ဒီနာမည်က ပါလာပြန်ပြီ ရစ်မူးရယ်''

သူ အရမ်းကိုစိတ်ဆိုးသွားရသည်။ သူမ စကားထွက်လိုက်တိုင်း ဘုန်းလက်ာအကြောင်းက အမြဲပါသည်။ ဒီနာမည် အမြဲပြောတတ်သော နှုတ်ခမ်းလေးကို သူ အပြစ်ပေးချင်လာ၏။

''ဟင့်အင်း ကိုကို''

''ရစ်မူး ချစ်လို့ပါ ရစ်မူးရယ်''

''ကိုကို ကိုကိုနော်''

ဘာကြောင့် အလင်းရောင်တွေပျောက်သွားတာလဲ၊ ဘာကြောင့် ကမ္ဘာအပြင်ဘက်ရောက်သွားတာလဲ။

ကမ္ဘာက ကမ္ဘာအပြင်ဘက်ကို အလည်ရောက်မူးအောင် ဖြားယောင်းလျက် . . . ။

■ ■ ■



## အခန်း (၁၃)

ညနေစာကို အတူစားနေရပေမယ့် အရင်လို ပျော်ရွှင်မှုတွေ မှိုမနေ။ ပန်းရစ်မူးက ထုံးစံအတိုင်း ဦးချပေးပေမယ့် စိတ်ပါလက်ပါ စားချင်စိတ်မရှိ။

ပန်းရစ်မူး အရင်လိုမဟုတ်ဘဲ စကားသံတွေတိတ်ဆိတ်နေခြင်းဟာ သူစိမ်းတွေပါလို့ သက်သေပြနေတာနှင့် တူတူပဲမဟုတ်ပါလား။ အဖြေ ပေးပြီးပြီလို့ပြောသည့်နေ့က တော်တော်လေးခံစားလိုက်ရသည်။ ချစ်သူ တစ်ယောက်လိုမဟုတ်ပေမယ့် ညီမလေးတစ်ယောက်ကို ဆုံးရှုံးလိုက်ရပြီ ဟု နှမြောတသမိလိုက်သည်။

''မောင်လက်ာ ထည့်စားလေကွယ်၊ ဒီနေ့တော့ ဒေါ်သိန်းကို ကြက်ကုန်းဘောင်ကြော်ခိုင်းလိုက်တာ၊ အပြန်ကျ ကိုမြဝင်းကိုလည်း ပေးလိုက်ချင်လို့လေ''

''ဟုတ်ကဲ့ အန်ကယ်''

''ကိုမြဝင်းရော ကျန်းမာရေးအခြေအနေ တိုးတက်ရဲ့လား''

''လေ့ကျင့်ခန်းလည်းလုပ်၊ ဆေးလည်းကုတော့ ကောင်းနေတာပါပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့အသက်အရွယ်အရ အရမ်းကြီး ကောင်းပြီး တိုးတက်လာတာတော့ မရှိပါဘူး''

''အေးကွာ ဖြစ်ချင်လာရင် တားမရဘူး။ အရက်သောက်ခဲ့တဲ့ ဒဏ်လည်းပါမှာပေါ့၊ ကိုမြဝင်းက ကျန်တာကောင်းပေမယ့် အရက်မသောက်ဖို့ တားတာတော့ သိပ်နားမထောင်ခဲ့ဘူး။ အရက်ရဲ့ဆိုးကျိုးတွေပေါ့ကွာ''

''ဟုတ်ကဲ့ အန်ကယ်၊ အခုမှ ဖေဖေနောင်တရပေမယ့်လည်း ဘာမှပြုပြင်လို့မရတော့ဘူးလေ၊ ကိုယ်က အဆုံးထိပြုစုနိုင်ပါရစေလို့ပဲ ဆုတောင်းပါတယ်''

''သမီး စကားနည်းလှချည်လားကွယ်၊ ဘာမှဝင်မပြောပါလား''

''ဟုတ် ဖေဖေနဲ့ကိုကို အဲ ကိုလက်ာတို့ပြောတာကို ရစ်မှူး နားထောင်နေတာပါ''

ပန်းရစ်မှူးရဲ့နာမ်စားပြောင်းမှုကြောင့် ဦးအောင်မင်းထွဋ်နှင့် ဘုန်းလက်ာတို့ မျက်လုံးချင်းဆုံကာ အံ့ဩသွားကြသည်။ ဦးအောင်မင်းထွဋ် ဖွန်းခက်ရင်းကို အသာချလျက်

''ဘာဖြစ်တာလဲ သမီး၊ ကိုကိုလို့ခေါ်နေရင်းက ကိုလက်ာဖြစ်သွားတာ လား''

''ဟို အဲလိုနာမ်စားပြောင်းခေါ်ချင်စိတ်ပေါ်လာလို့ပါ ဖေဖေ ကိုကို အဲလိုခေါ်တာ ကောင်းတယ်မဟုတ်လားဟင်''

စစ်ကူခေါ်လိုက်သည့်အခါမှာ ဘုန်းလက်ာက အလိုက်သင့်ခေါင်း ညိတ်ပြလျက်

''ကောင်းပါတယ် ကိုကို ကြိုက်တယ်၊ ကိုယ်က အစတည်းက





အဲလိုပဲ ခေါ်စေချင်တာ၊ အိမ်ကညီနဲ့ညီမကလည်း အဲလိုခေါ်နေတော့ ကိုယ့်နာမည်က ပျောက်သလိုဖြစ်နေတာလေ''

''အေး မင်းတို့မောင်နှမကတော့ လိုက်လည်းလိုက်ပါရဲ့ကွာ၊ မင်းတို့ချင်းအဲလိုခေါ်တာ အဆင်ပြေတယ်ဆိုတော့လည်း ပြီးရောပေါ့၊ ဒါပေမဲ့ ဖေဖေကတော့ အရင့်လိုခေါ်တာ မိသားစုသွေးချင်းသားချင်းလို ခင်နိုးတယ်လို့ထင်မိတယ်၊ ကဲ မောင်လက်ာ ထမင်းစားပြီးရင် ဧည့်ခန်း မှာ အန်ကယ်နဲ့ခဏစကားပြောရအောင်''

''ဟုတ်ကဲ့ အန်ကယ်''

''သမီးက ဒေါ်သိန်းကို ကူလုပ်ပေးပြီး ဟင်းတွေကိုချိုင့်နဲ့ ထည့်ထား၊ မောင်လက်ာပြန်ရင် ပေးလိုက်ရအောင်''

''ဟုတ်ကဲ့ပါ ဖေဖေ''

သမီးက ဝတ္တရားကျေပြောနေသလိုပင်။ မောင်လက်ာအပေါ် အလိုမှား အရင်လိုနွေးနွေးထွေးထွေး မရှိတော့တာလဲ။ နှစ်ယောက်လုံး စက်စက်ဖြစ်နေတာ ဦးအောင်မင်းထွဋ် အားမရပါ။

ဧည့်ခန်းထဲထိုင်မိကြသည့်အချိန်မှာတော့ ဘုန်းလက်ာ မျက်နှာကို အကဲခတ်လျက်

''မင်းအခုရက်ပိုင်း မျက်နှာမကောင်းဘူး၊ အိမ်မှာဘာလိုအပ် ချက်ရှိလို့လဲ မောင်လက်ာ''

''ဗျာ မ မရှိပါဘူး အန်ကယ်''

''ငွေရေးကြေးရေးလိုအပ်ချက်ရှိရင် အားမနာနဲ့နော် မောင် လက်ာ၊ မင်းတို့မိသားစုနဲ့ အန်ကယ်တို့က ငွေရေးကြေးရေးရော ဘာမှရေး ဘာမှပြောစရာမလိုဘူး၊ အားနာစရာလည်း မလိုဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ အန်ကယ်"

"အေး အဲလို နှစ်အိမ်တစ်အိမ်ဖြစ်ဖို့က မင်းနဲ့အန်ကယ့်သမီး လက်ထပ်လိုက်ရင် ပိုကောင်းတာပေါ့ကွယ်"

"ဗျာ အဲဒါ ဟို အန်ကယ်"

"မင်းကိုအန်ကယ်ဆန္ဒရှိနေတဲ့အကြောင်း မင်းကိုတစ်ခါပြော ဖူးတယ်မဟုတ်လား"

"ဟုတ် ဟုတ်ကဲ့"

"အေး အခုမင်းကိုထပ်ပြီးပြောပြီးလို့ အတည်ပြုပြီးရင် သမီးကို လည်းပြောတော့မယ်၊ အန်ကယ်ကတော့ ဒီနှစ်ကုန်ပြီးလောက် ရည်ရွယ် ထားတယ်ကွာ၊ မင်းတို့လက်ထပ်ပြီးရင် နှစ်ယောက်တိုင်ပင်ပြီး အလုပ် ကိုအောင်မြင်အောင်လုပ်ကြ၊ အန်ကယ်က နောက်ကနေ ကွန်ထရိုအပြ နဲ့ပဲ စီမံပေးတော့မယ်၊ မကောင်းဘူးလား"

ဦးအောင်မင်းထွဋ် ဝမ်းသာအားရပြောနေခြင်းကို ဘယ်လို ဆင်ခြေပေးရမည်မသိပေ။ အမှန်အတိုင်းပြောလိုက်လျှင် ဦးအောင်မင်း ထွဋ် စိတ်ထိခိုက်သွားနိုင်သလို ပန်းရစ်မှုလည်း အခက်အခဲဖြစ်သွား နိုင်သည်။

"မောင်လက်ာ ဘာတွေတွေဝေနေတာလဲ၊ အန်ကယ်ပြောတာ ကြားတယ် နားလည်တယ်မဟုတ်လား"

"ဟုတ် ဟုတ်ကဲ့ ကြားပါတယ် အန်ကယ်"

"မင်းသဘောက"

"ဟိုလေ အန်ကယ်၊ ပန်းနဲ့ကျွန်တော်က မောင်နှမအရင်း လိုပဲနေခဲ့ကြတာဆိုတော့ လက်ထပ်ဖို့ကိစ္စမဖြစ်နိုင်ဘူးထင်ပါတယ်"





"အဲဒီ ရင်းနှီးမှုက ပိုပြီးနီးစပ်တာပေါ့ကွာ၊ အစိမ်းသက်သက် အိမ်ထောင်ပြုတဲ့သူတွေတောင် ရှိသေးတာပဲ၊ သံယောဇဉ်ရှိပြီးသားလူတွေ က ဘာလို့မဖြစ်နိုင်စရာအကြောင်းရှိမှာလဲ"

"ဟို ဒီလိုပါ အန်ကယ်"

"အန်ကယ်တို့ကို မှီခိုနေရတယ်ဆိုပြီး သမီးကိုလက်ထပ်ရမှာ အားနာနေတာမဟုတ်လား။ မင်းငြင်းတယ်ဆိုရင်တော့ သမီးက ဝမ်းနည်း နေတော့မှာပဲ၊ မောင်လက်ာ၊ မင်းအပေါ် သမီးသံယောဇဉ်တယ်လောက် ကြီးတယ်ဆိုတာလည်း မင်းသိသားပဲ"

သူ ဘယ်လိုပြောရမှန်းမသိ။ ဦးအောင်မင်းထွဋ်အဝင်လွဲ သွားမှာမခံနိုင်ပါ။ ကိုယ့်ရဲ့ကျေးဇူးရှင်မဟုတ်ပါလား။

"အန် အန်ကယ် ဟို ပန်း ပန်းမှာချစ်သူရည်းစားတွေရှိချင် ရှိနေနိုင်တယ်၊ သူ့သဘောဆန္ဒကို အရင်မေးကြည့်ပါလား အန်ကယ်"

"ချစ်သူရည်းစား ဟား အဲဒါကတော့ မရှိနိုင်ပါဘူးကွာ၊ သမီး က တက္ကသိုလ်တက်နေတဲ့ကာလမှာတောင် ချစ်သူရည်းစားမရှိခဲ့ဘဲနဲ့၊ အခု သင်တန်းတက်ရုံလေးမှ ကောက်ခါငင်ခါ ရှိပါ့မလားကွာ၊ မင်းလည်း အမြဲတမ်းနီးပါးလောက် ပို့နေကြိုနေရတာပဲ၊ အခုလတ်တလော သမီး အသာ သင်တန်းသွားနေတာကလွဲရင်ပေါ့"

"အခုလတ်တလောလေးမှာ ရှိချင်ရှိသွားနိုင်တာပဲ အန်ကယ်၊ ပန်းရဲ့ဆန္ဒကိုသာ မေးကြည့်ပါ၊ ကျွန်တော်ကတော့ သူ့မှာချစ်သူရှိတယ် ဆိုရင် ခံစားလာခဲ့ရင် ကျွန်တော်နဲ့လက်ထပ်ဖို့ကိစ္စ ဇွတ်အတင်းစီစဉ်လိုက်လို့ မဖြစ်စေချင်ပါဘူး အန်ကယ်၊ မောင်နှမလို အဖြူရောင်သံယော ဇဉ်လေး ပျက်သွားမှာစိုးရိမ်တယ် အန်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းလက်ာစကားကြောင့် ဦးအောင်မင်းထွဋ်၏ မျက်မှောင်ကြုတ်သွားသည်။ ဘုန်းလက်ာက သမီးကိုလက်မထပ်ချင်လို့ ရှောင်တိမ်းချင်တာမျိုးတော့ ဟုတ်မှာမဟုတ်ပေ။

သူ့ဘက်က ဘာနစ်နာစရာအကြောင်းရှိမှာမို့လဲ။

"မောင်လက်ာ"

"ဟုတ်ကဲ့"

"သမီးကို အန်ကယ် မေးကြည့်မှာပါ၊ မင်းငြင်းချင်လို့ ငြင်းနေတာမဟုတ်ဘူးဆိုတာ အန်ကယ် သိနေတယ်၊ သမီးဘက်က လက်ခံရင်တော့"

"ဟုတ်ကဲ့ အန်ကယ်နဲ့ပန်းရဲ့ဆန္ဒအတိုင်းပါ၊ ကျွန်တော့်ဘက်က ဘာမှငြင်းစရာမရှိပါဘူး အန်ကယ်"

"အေးပါကွာ အဲဒါဆို မင်းပြန်တော့လေ၊ အန်ကယ် သမီးနဲ့ စကားပြောလိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ အန်ကယ်၊ ကျွန်တော့်ကိုခွင့်ပြုပါဦး"

"အေး ကောင်းပါပြီကွာ"

ဘုန်းလက်ာ ပြန်သွားချိန်မှာ ရင်ထဲလေးလံ၍ ကျန်ရစ်ခဲ့သည်။ အရင်တစ်ခါပြောကြည့်တုန်းက သွက်သွက်လက်လက် တက်တက်ကြွကြွဖြစ်ခဲ့သည့် ဘုန်းလက်ာက အခု ဘာကြောင့် တွေဝေတုံ့ဆိုင်းအားနာသလို မဝံ့ရဲသလို တစ်ခုခုကို စိုးရိမ်နေသလိုဖြစ်နေရတာလဲ။

သမီးများ အကြောင်းတစ်ခုခု ...။

■ ■ ■



## အခန်း (၁၄)

"သမီးကို မောင်လက်ာနဲ့ လက်ထပ်ပေးချင်တယ်"

"ရှင်"

"ဖေဖေဆန္ဒရှိနေခဲ့တာတော့ ကြာပါပြီ၊ သမီးလည်း သင်တန်းတစ်ခုပြီးတစ်ခု တက်နေတာ မပြီးသေးလို့ မပြောဖြစ်သေးတာ၊ အခု သမီးလည်း သင်တန်းပြီးခါနီးပြီဆိုတော့"

"နေ နေပါဦး ဖေဖေ"

သသ္ဍမ အထိတ်တလန့်ပင် တားလိုက်မိသည်။ ဒီလိုစကားမျိုးပြောလာလိမ့်မည်ဟု လုံးဝ ထင်မထားပါ။ မျက်စိကိုမှိတ်ပြီး အသက်ကို အရင်ဝအောင်ရှူရသည်။ တကယ်ကို မွန်းကျပ်စေသည့် စိမ်မှုပင်။

"ကိုကိုနဲ့ အဲ ကိုလက်ာနဲ့မောင်နှမတွေလို နေလာတာ ဘာလို့ အဲလို ဆန္ဒရှိရတာလဲ ဖေဖေ၊ ရစ်မူးတွေးတောင် မတွေးထားမိဘူး၊ ဘာကြောင့်များ"

"သမီး မောင်နှမလိုသံယောဇဉ်ရှိလည်း တကယ့်မောင်နှမ မဟုတ်တာ သမီးသိနေတာပဲ၊ မောင်လက်ာက ဖေဖေတို့ကို ပြည့်စုံသူ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပေမယ့် စိတ်ရင်းကောင်းတာ စိတ်သဘောထားပြည့်ဝတာ ဖေဖေ့အလုပ်အတွက် အားကိုးရတာ သမီးသိတယ်မဟုတ်လား၊ သင့်တော်တဲ့သူမို့လို့ ဖေဖေစီစဉ်တာ၊ ငွေကြေးချမ်းသာဖို့ အသိုက်အဝန်းတောင့်တင်းဖို့ထက် သူ့မှာ လေးစားထိုက်တဲ့ကိုယ်ပိုင်အရည်အချင်းပါလာဖို့ပဲ အရေးကြီးတာ သမီး''

ပန်းရစ်မှူး ခေါင်းကိုတွင်တွင်ရမ်းမိကာ

''ကိုလက်ာနဲ့ လုံးဝ မဖြစ်ပါဘူး ဖေဖေ၊ သူနဲ့လက်မထပ်ချင်ဘူး''

''ဘာဖြစ်လို့လဲ သမီး၊ သမီး အဲလိုခါးခါးသီးသီးငြင်းလိမ့်မယ်လို့ ဖေဖေ ထင်မထားဘူး၊ မောင်လက်ာအပေါ် ယယ်ယယ်တည်းက သံယောဇဉ်ကြီးခဲ့လို့ ဖေဖေစီစဉ်တာကို သဘောမကျတောင် လက်တော့ခံမှာပဲလို့''

''ရစ် ရစ်မှူးမှာ ချစ်သူရှိပါတယ် ဖေဖေ''

''ဘာ''

''သူက လူ့တော်လူကောင်းတစ်ယောက်၊ အသိုက်အဝန်းကြီးထဲကပါ၊ သူ့ သူ့ကိုပဲလက်ထပ်ချင်ပါတယ် ဖေဖေ''

''ဟား သမီးရယ်၊ အဲဒါကြောင့် မောင်လက်ာကိုငြင်းတာလား။ သမီးမှာချစ်သူရှိနေတာ မောင်လက်ာရောသိနေလား သမီး၊ အဲဒါကြောင့် မောင်လက်ာက သမီးဆန္ဒကို အရင်မေးကြည့်ပါ၊ သမီးမှာချစ်သူရှိချင်ရှိနေနိုင်တယ်လို့ မယုတ်မလွန် ပြောခဲ့တာလား''

ကိုကိုသိပြီးပြီပဲဟု အတွေးရောက်သည်။ ဒါကြောင့်မို့ ဖေဖေလက်ခံပါ့မလား ချစ်သူမထားပါနဲ့ဦး၊ အရာရာပြည့်စုံတိုင်း မိဘဆိုတာ





သဘောတူချင်မှတူတတ်တာလို့ သတိတွေပေးနေခဲ့တာလား။

''သမီး''

''ဟုတ်ကဲ့ ဖေဖေ''

''ဖေဖေ့စကားကို နားမထောင်နိုင်တော့ဘူးဆိုတဲ့ သဘောလား။ အဲဒီချစ်သူကြောင့် ဖေဖေ့ဆန္ဒတွေ အလကားဖြစ်သွားရပြီလား''

''ရစ်မှူး တောင်းပန်ပါတယ် ဖေဖေ၊ ကိုလက်ာကို ရစ်မှူးရဲ့အစ်ကိုတစ်ယောက်လိုပဲ သံယောဇဉ်ရှိနိုင်ပါတယ်၊ ချစ်သူမရှိခဲ့ရင် ကိုလက်ာကို လက်ထပ်ဖို့တော့ လက်ခံဖြစ်မှာမဟုတ်ပါဘူး၊ အဖြူရောင်ကို အရောင်ဆိုးလိုက်ရင် အကျည်းတန်သွားမှာပါ''

''ဖေဖေက ဒီမိသားစုမပြိုကွဲအောင် စိတ်ကူးယဉ်ပြီး အုတ်မြစ်ချနေတာ၊ မောင်လက်ာနဲ့သမီးရဲ့နှစ်ယောက်အားနဲ့ဆိုရင် လုပ်ငန်းဘက်မှာလည်း နောက်ဆံတင်းစရာမလိုဘူးလို့ တွေးထားခဲ့တယ်၊ ဖေဖေတို့အတွက်က ငွေကြေးချမ်းသာမယ့်သူမလိုဘူး၊ ရိုးသားတဲ့သူပဲလိုအပ်တာပါ၊ အဲဒါကြောင့်မို့ ဖေဖေက ဂုဏ်ပကာသနတွေ မမက်ဘဲ''

ဖေဖေ့စကား ဆုံးအောင်မပြောနိုင်ဘဲ တော်တော်လေး စိတ်ထိခိုက်သွားသည်ထင်သည်။ သူမလည်း စိတ်မကောင်းပါ။ ဒီလိုတွေဖြစ်လာလိမ့်မည်ဟု တွေးပင်တွေးမထားမိပေ။

ကိုလက်ာကိုလည်း အားနာမိပါသည်။ ဖေဖေပြောထားတာသိရဲ့နှင့် သူမတိုင်ပင်တာကို အငြိုငြင်မခံဘဲ တိုက်တွန်းအားပေးခဲ့သည်။ ကိုလက်ာဘက်ကလည်း ရိုးသားနေတာကြောင့်ပဲဖြစ်မှာပါ။

''ဖေ ဖေဖေသူ့ကို တွေ့ကြည့်ပါလား ဖေဖေ''

''အသိုက်အဝန်းကြီးထဲကဆိုတော့ ဘယ်သူ့သားလဲ သမီး''



www.burmeseclassic.com

www.burmeseclassic.com



"ကမ္ဘာမြေဆောက်လုပ်ရေးပိုင်ရှင်ရဲ့သားပါ"

"ဘာ"

"ကမ္ဘာပိုင်ပါ ဖေဖေ၊ အခု သူ့အဖေအလုပ်မှာဝင်လုပ်နေပါပြီ ရစ်မှူးတို့သင်တန်းမှာဆုံတာ"

"မဖြစ်ဘူး လုံးဝမဖြစ်ဘူး"

"ရှင်"

ခါးသီးစွာ လက်တကာကာငြင်းဆန်မှုကြောင့် ပန်းရစ်မှူး အံ့ဩသွားရသည်။

"ဘာကိုမဖြစ်တာလဲ ဖေဖေ"

"သူ့အဖေက အရမ်းလောဘကြီးပြီး အတ္တကြီးတယ် သမီး။ ဖေဖေတို့လောကမှာတော့ နာမည်ဆိုးနဲ့ကျော်ကြားတဲ့သူပဲ"

"အဲဒါ သူနဲ့ဘာဆိုင်လို့လဲ ဖေဖေ၊ စီးပွားရေးမှာအပြိုင်အဆိုင်လုပ်ကြတာ၊ နာမည်ဆိုးချင်လည်း ဆိုးမှာပဲ၊ မကောင်းသတင်းထွက်ချင်လည်း ထွက်မှာပဲ"

"သူက စီးပွားရေးတစ်ခုတည်း လောဘရှိတာမဟုတ်ဘူး သမီး မိသားစုအပေါ်မှာတောင် အတ္တကြီးတယ်၊ အဲဒီအတ္တကြောင့် မိန်းမကြီးကို ကွာရှင်းပြီး အခု မိန်းမငယ်ငယ်လေးယူထားတယ်၊ သားကိုလည်း အတ္တတွေနဲ့ပဲ ချုပ်ကိုင်ထားတာ၊ သမီးနဲ့မဖြစ်ဘူး လုံးဝမဖြစ်ဘူး"

"ရစ်မှူးက သူနဲ့လက်ထပ်မှာပါ ဖေဖေ၊ သူက အရွယ်ရောက်ပြီး သူ့ခြေထောက်ပေါ် သူရပ်နိုင်တဲ့အရည်အချင်းရှိတဲ့သူပါ၊ ရစ်မှူးထက် အသက်နှစ်နှစ်ပိုကြီးလို့ ပိုပြီးရင့်ကျက်ပါတယ်"

"သူ့မှာ သူ့အဖေလိုအတ္တမျိုးရှိနေရင်ရော ဘယ်လိုလုပ်မလဲ





သမီး၊ သူ့အမေလည်း သူ့အဖေထက်နှစ်နှစ် သုံးနှစ်ငယ်ခဲ့တာပဲ၊ ထား ထားသွယ်က ငယ်ပေမယ့် စိတ်ရင်းကောင်းတယ်၊ စိတ်သဘောထား ပြည့်ဝတယ်၊ မတရားမှုကိုမကြိုက်ဘူး။ ရိုးရိုးသားသား စီးပွားရှာစေချင် တယ်၊ အဲဒီပဋိပက္ခနဲ့ သူတို့ကွဲသွားကြတာ၊ အခု ထားထားသွယ်က သီလရှင်ဝတ်နေတယ်"

"ရှင်"

ဖေဖေက ကမ္ဘာပိုင်တို့မိသားစုအကြောင်း အလုံးစုံကိုသိနေတာ အံ့ဩစရာကောင်းသည်။ သူမကို သူ ဘာမှပြောပြမထားပါ။

နှစ်ယောက်သားတွေ့လိုက်တိုင်း ချစ်တင်းနှီးနှောနေတာနှင့်ပဲ အချိန်တွေကုန်နေခဲ့တာ။ မင်းနဲ့တွေ့ရတဲ့အချိန်တွေမှာပဲ ကိုယ်ပျော်ရတာ ဆိုသည့်စကားကို သူမ အစွဲလမ်းဆုံးပင်။

ဖေဖေက သူမမျက်နှာကိုအကဲခတ်လျက်

"သမီး ဒါတွေဘာမှမသိဘူး မဟုတ်လား"

"အံ့ဩစရာတော့ မဟုတ်ပါဘူး ဖေဖေ၊ မိသားစုတိုင်းမှာ သူ့ပုံစံနဲ့သူ ပဋိပက္ခတွေတော့ ရှိနေကြတာပါပဲ၊ အမျိုးအစားမတူပေမယ့် အိမ်တိုင်းမှာ ပြဿနာရှိကြပါတယ်"

"အကောင်းမြင်စိတ်နဲ့ ဆင်ခြေပေးနေတာ တစ်နေ့မှာ အဲဒီ ဒဏ်တွေ သမီးခံရမှာနော်၊ သမီးထားထားသွယ်ဘဝမျိုး မရောက်ဘူးလို့ မပြောနိုင်ဘူးနော် သမီး၊ ဖေဖေကတော့ စောစောစီးစီး လမ်းခွဲလိုက်စေ ချင်တယ်"

"သူ့အဖေ အဲလိုဖြစ်တယ်ဆိုဦးတော့ သူလည်း အဲလိုလူမျိုး ဖြစ်မှာပဲလို့ တစ်ထစ်ချတွက်လို့မရပါဘူး ဖေဖေ၊ သူတို့မိသားစုအရေး



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စက ရစ်မှူးတို့အချစ်ရေးနဲ့ ဘာမှမဆိုင်ပါဘူး''

''သမီးနားလည်အောင် ဖေဖေတစ်ခုပြောပြမယ်၊ သူ့အဖေ ကျော်ခေါင်က သူ့အမေ ထားထားသွယ်နဲ့ဖေဖေ့ကို အထင်လွဲခဲ့ဖူးတယ်''

''ဟင်''

''ဖေဖေ စရန်ချထားတဲ့မြေကွက်ကို ကျော်ခေါင်က ငွေပိုပေးပြီး အရယူတော့မယ့်ကိစ္စ ဖေဖေ့ကို ထားထားသွယ် သတင်းပေးခဲ့လို့တဲ့၊ ဖေဖေက အဲဒီသတင်းကြောင့် ရှိတဲ့ပစ္စည်းတွေ ထုခွဲရောင်းချပြီး မြေကွက်ကို အရင်ငွေချေပြီး ယူလိုက်နိုင်တယ်၊ ဒါကို ကျော်ခေါင် မကျေနပ်ဘူး။ နောက်ထပ်မကျေနပ်စရာလည်း ထပ်ဖြစ်သေးတယ်၊ လယ်သမားတွေဆီက လယ်ယာမြေတွေကို သူက ဈေးနှိမ်ဝယ်ဖို့ညှိထားပြီးသား၊ တစ်ဖက်ကို အမြတ်တင်ရောင်းဖို့လည်း ဆွေးနွေးညှိနှိုင်းပြီးသား၊ အဲဒါကို ထားထားသွယ်က လယ်သမားတွေဘက်က မခံမရပ်နိုင်လို့ ဖေဖေ့ကို လယ်သမားတွေကို ဈေးပိုပေးပြီး ဝယ်ထားပါလို့ဖုန်းဆက်ပြောတယ်၊ ဖေဖေကလည်း ကိုယ်တစ်ဦးတည်းမတတ်နိုင်တော့ ငွေကြေးတတ်နိုင်တဲ့ လုပ်ငန်းရှင်နဲ့ပူးပေါင်းရှယ်ယာလုပ်ပြီး လယ်သမားတွေကို ဈေးပိုပေး ဝယ်လိုက်တယ်''

''ဪ''

''သူ သိသွားတော့ ပြဿနာပိုကြီးသွားတာပေါ့၊ ထားထားသွယ်က ဖေဖေနဲ့တစ်မြို့တည်းသားဖြစ်ခဲ့တယ်လေ၊ ရန်ကုန်မှာ ပြန်တွေ့တော့လည်း အဲလိုကိစ္စလေးတွေနဲ့ အဆက်အသွယ်ရှိခဲ့တယ်ပေါ့၊ အဲလို ပြဿနာတွေနဲ့ပဲ ဖေဖေနဲ့ရွှပ်ရွဲပြီး သူတို့ကွဲသွားကြတာ၊ ထားထားသွယ်က လူမှုရေးဖောက်ပြန်တာမဟုတ်ဘူးဆိုတာ သက်သေပြဖို့ သီလရှင်ဝတ်





သွားခဲ့တယ်၊ ကျော်ခေါင်ကတော့ အခုချိန်ထိ အထွာတွေကြီးနေတုန်းပဲ''

ပြဿနာက သေးသေးမဟုတ်ပါလားလို့ သူမ တွေးလိုက်မိသည်။ ဒါပေမဲ့ ဒီကိစ္စတွေက သူမတို့နှစ်ယောက်နှင့် သိပ်မဆိုင်ဘူးဟု ထင်သည်။ ဖေဖေတို့က စီးပွားရေးဆက်စပ်ပေမယ့် လူမှုရေးဖောက်ပြန်ခဲ့ကြတာမှ မဟုတ်တာ။

လူမှုရေးစပ်ယှက်မှုတွေသာ ရှိခဲ့လျှင် ကမ္ဘာ့အမေ သီလရှင်ဝတ်သွားစရာ အကြောင်းမှမရှိဘဲ။

''ဖေဖေ''

''ဘာတွေ ပြောစရာရှိနေသေးလို့လဲ သမီး၊ ဖေဖေပြောပြနေတာတွေက သမီးတို့ရှေ့ဆက်မတိုးဖို့ နောက်ဆုတ်ဖို့မလုံလောက်သေးဘူးလား၊ အဲဒီ သမီးချစ်သူကမ္ဘာပိုင်ကရော သမီးနဲ့ချစ်သူဖြစ်နေပါတယ်ဆိုတာ သူ့အဖေကို ပြောပြီးသွားပြီလား''

''မ မပြောရသေးဘူးထင်တယ် ဖေဖေ၊ ရစ်မှူးတောင် အခု တိုက်ဆိုင်လို့ ဖေဖေ့ကိုပြောပြဖြစ်တာ''

''အေး ပြောနိုင်းလိုက်ပါ သမီး၊ ဘယ်သူ့သမီးပါလို့ဆိုတာပါ ထည့်ပြောပါလို့ သတိပေးလိုက်''

''ဘာ ဘာဖြစ်လို့လဲ ဖေဖေ''

''ကျော်ခေါင် သဘောတူမယ်ထင်လား၊ အောင်မင်းထွဋ်သမီးပါလို့သိတာနဲ့ ဆတ်ဆတ်ခါအောင် ငြင်းလိမ့်မယ်၊ သူက ထားထားသွယ်ကို အရမ်းချစ်လို့လက်ထပ်ခဲ့တာလေ၊ သူ့ရဲ့မတရားမှုတွေကို အားမပေးဘဲ ဒီလိုတွေလုပ်နေတော့ ထားထားသွယ်က သူ့ကိုသစ္စာဖောက်တယ်ဆိုပြီး အထွာတွေကြီး အာဃာတထားသွားတာ၊ ဒီအငြိုးတွေ သူ့သေတဲ့အထိ



www.burmeseclassic.com

www.burmeseclassic.com



ပြောမှာမဟုတ်ဘူး၊ သမီးတို့လက်ထပ်ဖြစ်အောင် အိမ်ထောင်ရေးအဆင်ပြေမှာမဟုတ်ဘူး၊ ဖေဖေ့စကားကို နားထောင်ပါ သမီးရယ်နော်''

ပန်းရစ်မှူး ခေါင်းမညိတ်မိသေးပေ။ ဒီကိစ္စ ဖေဖေ့ဆန္ဒကို နာခံမိပါ့မလား။

ဟင့်အင်း နှလုံးသားက လက်မခံနိုင်လောက်ဘူးထင်သည်။ ဖေဖေပြောသလို ကမ္ဘာ့အဖေ သဘောမတူလျှင် သူမတို့ရေစက်ဖို့ လွယ်ပါ့မလား။ ဖေဖေ့ကို ဘာအဖြေမှ မပေးနိုင်ဘဲ ဖေဖေ့ရှေ့ကနေ ထွက်လာခဲ့သည်။

ကမ္ဘာ့ဆီ ဖုန်းဆက်ချိန်းပြီး ဒီကိစ္စအသိပေးရတော့မှာ မဟုတ်ပါလား။ ရစ်မှူးတို့ရေစက်လို့ ဖြစ်ပါ့မလား ကမ္ဘာရယ်။ ဘာလို့ ရစ်မှူးတို့ အချစ်ရေးက သူများတွေလို မလွယ်ရတာလဲ။ ဒီလိုခက်ခဲမှုတွေရှိလာမယ် မှန်းအစက မသိခဲ့ပါဘူး။

သိခဲ့ရင်တော့ ချစ်ခဲ့မိမယ် မထင်ဘူး။ အခုတော့ အချစ်တွေ အကုန်ပေးပြီးမှ ဝေဒနာတွေပဲ ကျန်တော့မှာကို ဘယ်လိုလုပ် ရပ်တန့်လိုက်လို့ရတော့မှာလဲ။

မထားခဲ့ပါနဲ့ ကမ္ဘာ ရစ်မှူး မနေရဲလို့ပါ။

■ ■ ■



## အခန်း (၁၅)

''ဘာ ရစ်မှူး ဖေဖေနဲ့ ကိုယ့်ဖေဖေက ဒီလိုအကြောင်းတွေ ရှိခဲ့ကြတာတဲ့လား၊ ဟာကွာ ဒါက ဘယ်လိုဖြစ်''

ပန်းရစ်မှူး ပြောတာနားထောင်ပြီး ကမ္ဘာပိုင် စိတ်တွေရှုပ်ထွေးကာ စကားပင်ဆုံးအောင်မပြောနိုင်ပေ။ ဘာလုပ်ရမှန်းမသိသလို ပန်းရစ်မှူးအနား ပြန်ထိုင်ချပြီး

''ဒီလိုကိစ္စတွေရှိခဲ့တယ်ဆိုတာ တကယ်ပဲတဲ့လား ရစ်မှူး''

''တကယ်မို့ ရစ်မှူးလည်း စိတ်ညစ်နေတာပေါ့ ကိုကို၊ ကိုလက်ာနဲ့လက်ထပ်ဖို့ကိစ္စ ဖေဖေမပြောသေးရင် ရစ်မှူးလည်း ဒီအကြောင်း သိရသေးမှာမဟုတ်ဘူး''

''ဘာ ဘုန်းလက်ာနဲ့လက်ထပ်ဖို့''

သိပ်ဂုက်ထားတာမျိုး မလုပ်ချင်တာမို့ ပန်းရစ်မှူး ခေါင်းညိတ်ပြလိုက်သည်။

''ဟုတ်တယ် ဖေဖေက ကိုလက်ာနဲ့လက်ထပ်ပေးဖို့ဆန္ဒရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ရစ်မှူးကိုအသိပေးတော့ ရစ်မှူးက ရစ်မှူးမှာချစ်သူရှိတယ်လို့ပြောလိုက်တာ၊ ကိုကို့နာမည်နဲ့ကုမ္ပဏီနာမည်ကိုပြောလိုက်တော့ ဒီအကြောင်းတွေပေါ်လာတော့တာပဲ၊ ကျော်ခေါင်က အတ္တကြီးတယ် သမီးတို့ကို သဘောတူမှာမဟုတ်ဘူးတဲ့၊ ရစ်မှူးတို့ရှေ့ဆက်တိုးလို့ မဖြစ်တော့ဘူးထင်တယ်''

''ရစ်မှူး''

''ဒီအခြေအနေလောက်နဲ့ ရပ်တန်းက ရပ်လိုက်ကြတာ ကောင်းမယ်ထင်ပါတယ်၊ ရှေ့ဆက်တိုးလည်း မိဘတွေ လက်ခံပေးကြမှာမဟုတ်ဘူးလေ''

''တော် တော်တော့ရစ်မှူး၊ အဲဒီစကားမျိုး ထပ်မပြောနဲ့၊ ကိုယ်တို့က အသက်မပြည့်သေးတဲ့ သူငယ်နုပ်စားတွေလား၊ ကိုယ်ပိုင်ဦးနှောက်ကိုယ်ပိုင်အသိဉာဏ်နဲ့ဆုံးဖြတ်နိုင်တဲ့အရွယ်တွေပါ၊ သူတို့သဘောမတူရင် ကိုယ်တို့မချစ်ရတော့ဘူးလား၊ ကိုယ်တို့အချစ်တွေ ရပ်တန့်ပစ်လိုက်ကြမှာလား''

''ဒါပေမဲ့ ရှေ့ဆက်ဖို့''

''ရအောင် ရှေ့ဆက်မယ်၊ ရစ်မှူးကို လက်ထပ်ဖြစ်အောင် လက်ထပ်မယ်၊ ရအောင်ကို လက်ထပ်မယ် ရစ်မှူး''

သူနှင့်လက်မထပ်လျှင် ဘုန်းလက်ာနှင့်လက်ထပ်ပေးမှာ သိနေတာမို့ သူ အံကိုကြိတ်ကာ ကြိမ်းဝါးလိုက်သည်။ ရစ်မှူးကို လုံးဝ မပေးနိုင်ပါ။ ရစ်မှူးက မျက်နှာငယ်လေးဖြင့်

''မိဘတွေကို အတိုက်အခံလုပ်လို့ ကောင်းပါ့မလားဟင်၊ သူတို့စိတ်ငြိုငြင်ရင် ရစ်မှူးတို့အိမ်ထောင်ရေး သာယာပါ့မလား''





''သူတို့ကို ပြစ်မှားစော်ကားနေတာမှမဟုတ်ဘဲ ရစ်မှူး၊ အဲဒီအတွက် သူတို့ကြောင့် ကိုယ်တို့ချစ်ခြင်းကိုလည်း အခွဲမခံနိုင်ဘူး၊ အကွဲမခံနိုင်ဘူး၊ အတိုက်အခံလုပ်သင့်ရင်လုပ်မယ်၊ တုံ့ပြန်သင့်ရင် တုံ့ပြန်ရမှာပဲ၊ ဒါကိုမှ ငါမိဘပဲဆို အာဃာတတွေသုံးလာမယ်ဆိုရင် ကိုယ်တို့စွန့်စားရုံပဲပေါ့ ရစ်မှူး၊ ဟင် ရစ်မှူး ကိုယ့်ကိုချစ်တယ်မဟုတ်လား''

''ချစ် ချစ်ပါတယ် ကိုကို''

''စွန့်စားရဲတယ်မဟုတ်လား''

''ဟိုလေ ရစ် ရစ်မှူးကြောင့် ဖေဖေ စိတ်ဆင်းရဲမှာတော့ ကြောက်တယ်၊ ဖေဖေက အရမ်းကြီးကန့်ကွက်ပိတ်ပင်နေတာမျိုး မဟုတ်ပါဘူး၊ ရစ်မှူးအရမ်းဆန္ဒပြင်းပြနေရင် ရစ်မှူး စိတ်ချမ်းသာဖို့ခွင့်ပြုနိုင်တဲ့သူမျိုးပါ၊ ဖေဖေက ကိုကို့ဘက်က အခြေအနေကိုပဲ ပိုပြီးစိုးရိမ်တာ''

''ဒီကိစ္စတွေကို ဘုန်းလက်ာကိုရော အသိပေးပြီးပြီလား''

''မ မပေးရသေးပါဘူး ကိုကို''

''သွားမပြောနဲ့ဦး၊ သူ ဝမ်းသာသွားဦးမယ်၊ ခွေးဝမ်းသာအောင် လေလည်ပြသလိုဖြစ်ပြီး သူမျှော်လင့်နေဦးမယ်''

''အဲလိုတော့ မပြောပါနဲ့ ကိုကိုရယ်၊ ကိုလက်ာက အဲလို လူစားမျိုးမဟုတ်ပါဘူး၊ ဒီကိစ္စ ဒီလိုဖြစ်နိုင်တယ်ဆိုတာ ကြိုသိနေရဲ့နဲ့တောင် သူ ခွင့်ပြုထားတာပါ''

''သူ ခွင့်ပြုလို့ ရစ်မှူးက အဖြေပေးတဲ့သဘောလား၊ ကိုယ်က သူ့ကိုပဲ ကျေးဇူးတင်ရဦးမှာပေါ့''

သူ့ရဲ့ခပ်ငေါ့ငေါ့စကားကြောင့် ပန်းရစ်မှူး မျက်နှာလေးညှိုးငယ်သွားသည်။ သူ့လက်မောင်းလေးကိုဆုပ်ကိုင်၍



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာပါ ကိုလက်ကို အထင်မလွဲပါနဲ့ ကို…
ဖေဖေ့ကိုကူပြောပေးဖို့ သူ့ကိုအကူအညီတောင်းရမှာပါ၊ ဖေဖေ…
ကိုလက်စကားဆိုရင် အလေးအနက် နားထောင်ပြီး နားဝင်လွယ်တ…
ရစ်မှူးဘက်က အဆင်ပြေနိုင်တဲ့အနေအထားရှိတယ်ဆိုတာကို သိစေ…
တာပါ"

"အေးပေါ့လေ သူပြောပေးတာနဲ့ အဆင်ပြေနိုင်တယ်ဆို…
ကောင်းတာပေါ့၊ ကိုယ့်ဘက်ကိုလည်း မစိုးရိမ်နဲ့ ရစ်မှူး၊ ရစ်မှူးနဲ့လက်…
ရဖို့အတွက် ဖေဖေ့ကို ကိုယ်ရအောင် တိုက်ပွဲဝင်မယ်၊ ကိုယ်ကတ…
တာပါ"

"ရစ်မှူးတို့ကျမှ မိဘတွေချင်း ပဋိပက္ခဖြစ်နေတာ တိုက်တို…
ဆိုင်ဆိုင် ကြုံရတယ်နော်"

"မရည်ရွယ်ပေမယ့် ဖြစ်လာတတ်တဲ့ကိစ္စတွေပဲ ရစ်မှူးရ…
ကိုယ်က တွေးကြောက်မနေဘူး၊ ရစ်မှူးကိုလက်ထပ်ဖို့ ရည်ရွယ်ထား…
အတွက် ဘာမဆိုင် ရင်ဆိုင်မှာပဲ"

"ကိုကို"

"ဟင် ရစ်မှူး"

"ရစ်မှူးတို့ မခွဲရလောက်ပါဘူးနော်"

"ကိုယ်တို့အချစ်တွေ အမြဲတမ်းရှင်သန်ပြီး တည်မြဲနေ…
လိုတာပါ၊ ကိုယ့်ကိုရစ်မှူးချစ်နေဖို့ပဲလိုတာ၊ ကျန်တာတွေက ကိုယ်…
ရင်ဆိုင်သွားရင်းနဲ့ အဆင်ပြေသွားမှာပါ ရစ်မှူး"

ကမ္ဘာပိုင်စကားကြောင့် သူမ အားရှိသွားလေသည်၊ တွေး…
လာသော လက်အစုံကို သူမအားကိုးယုံကြည်စွာ သူမပြန်၍ တွယ်…





ထားလိုက်မိသည်။

"ရစ်မှူး ကိုယ့်မေမေဆီလိုက်မလားဟင်"

"ကိုကို့မေမေက ဘယ်မှာလဲ"

"မော်ဘီဘက်က တောရကျောင်းလေးမှာ၊ မေမေ့ကျန်းမာရေး မကောင်းလို့ ဟိုတစ်ပတ်ကလည်း ကိုယ်သွားရသေးတယ်"

"အင်း သွားလေ ကိုကိုလည်း သင်တန်းဖျက်မှာမဟုတ်လား"

"သင်တန်းဖျက်သွားရမှာပေါ့၊ ဖေဖေသိအောင် သွားလို့မှ မရတာ၊ ငါးခေါက်လောက်သွားလို့ တစ်ခေါက်သိရင်တောင် ကိုယ့်ကိုအပြစ်ပြောလို့မဆုံးဘူး"

"ကိုကို့အဖေက အတ္တကြီးလွန်းတာပဲ၊ ဘယ်လိုပဲ ကွာရှင်းထားထား ကိုကို့ရဲ့အမေက အမေပဲလေ"

"အဲဒါကြောင့် ကိုယ်နဲ့လည်း အမြဲအဆင်မပြေဖြစ်နေတာပေါ့၊ မိထွေးမြှောက်ထိုးပင့်ကော်နဲ့ အဆင်းကိုဘီးတွန်းပေးတတ်တဲ့သူမျိုး၊ ဖေဖေက အတ္တကြီးတယ်၊ မိထွေးက လောဘကြီးတယ်၊ ကိုယ်က အဲလိုလူမျိုးတွေနဲ့ နေနေရတဲ့သူပါ၊ သူတို့ကို ယှဉ်ပြိုင်ဖို့ဆိုရင် ကိုယ့်အနားမှာ မင်းရှိနေမှ မင်းရဲ့အချစ်တွေရှိနေမှဖြစ်မှာ ရစ်မှူး၊ မင်းရဲ့အချစ်တွေနဲ့ပဲ ကိုယ်အားမွေးပါရစေ"

သူမ မငြင်းနိုင်တော့ပါ။ သူ့အတွက် အားအင်ဖြစ်မည်ဆိုလျှင် သူမဘဝတစ်ခုလုံး ပေးဆပ်လိုက်ချင်ပါသည်။ ကားကိုဝပ်ရှော့တစ်ခုမှာအပ်ထားခဲ့ပြီး သူ့ကားနှင့်မော်ဘီကို လိုက်လာခဲ့သည်။

တောလမ်းတော်တော်များများကို ခက်ခက်ခဲခဲ မောင်းလာပြီးမှ သူ့အမေ သီလရှင်ဆရာလေးနေသော တဲကျောင်းလေးသို့ ရောက်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရွာနှင့်အတော်အလှမ်းဝေးသော နေရာလေးပါ။

"အမေ"

သီလရှင်ဆရာလေးကို အခုထိ အမေခေါ်နေဆဲပင်။ ဆရာလေး က အိပ်ရာထဲမှာလဲမနေသော်လည်း အားနည်း၍ နွမ်းနယ်နေပုံရသည်

"ရောက်လာပြန်ပြီလား ဒကာလေး"

"အမေ့ကျန်းမာရေးမကောင်းတာ၊ ရန်ကုန်လိုက်ပြီး ဆေး လိုက်ပါ အမေရယ် နော်"

"ဒကာလေး ဝယ်ပေးတဲ့ဆေးတွေနဲ့ တော်တော်သက်သာ ပါပြီ၊ ဆရာလေးအတွက် ဒုက္ခမရှာပါနဲ့"

"ဒါ ဒုက္ခရှာနေတာမှမဟုတ်တဲ့ အမေ၊ သားတစ်ယောက်အ နဲ့ပြုစုသင့်လို့ ပြုစုတာ ဝတ္တရားရှိလို့ လုပ်ပေးနေတာပါ"

"ဆရာလေးက ဒကာလေးအပေါ် မိခင်ဝတ္တရားအပြည့်အ မကျေဘဲ ကိုယ်လွတ်ရုန်းထွက်လာခဲ့တာပါ၊ ဒကာလေးဘက်က ဒီလော ထိလုပ်မပေးလည်း ရပါတယ်ကွယ်"

"အမေက ကိုယ်လွတ်ရုန်းထွက်ချင်လို့ ထွက်တာ၊ တာဝန်မဲ့ လို့မဲ့တာမှ မဟုတ်တာ၊ ဖေဖေ့သံသယတွေ စွပ်စွဲမှုတွေကြောင့် မွန်းကျ လို့မဟုတ်လား၊ သားလည်း တစ်ခါတလေ အဲလိုခံစားရလို့ အမေ့ ကိုယ်ချင်းစာပေးနိုင်ပါတယ်၊ ဒီနေ့ထိ သားကို ထားခဲ့တယ်ဆိုပြီး အမေ့ တစ်နေ့မှ အပြစ်မမြင့်မိသေးပါဘူး အမေ"

"ဆရာလေးဆီလာတာသိရင် ဒကာလေး ပိုပင်ပန်းရတာ မဟုတ်လား အဲဒါကြောင့်"

"ဖေဖေ မကြိုက်လည်း သားလာမှာပါ၊ အမေက သားရဲ့အ





ဲ အမေ့ဆီရောက်ရင် အရမ်းအေးချမ်းတယ်၊ ပူလောင်မှုကင်းတယ်၊ လောဘဒေါသမောဟတွေ ကင်းတယ်၊ ဖေဖေနဲ့နေရရင်တော့ အရမ်းကို မွန်းကျပ်တာပဲ"

"ဒကာလေးရယ် ကိုယ့်စိတ်ကိုယ်သက်သာအောင်သာ နေပါ၊ ဒါနဲ့ ဒကာမလေးက ဘယ်သူလဲ"

အခုမှ နောက်မှာကျုံ့ကျုံ့လေးထိုင်နေရှာသော ပန်းရစ်မူးကို သတိထားမိသလို မေးသည်။ ကမ္ဘာပိုင်က ကိုယ်ကိုတိမ်းလျက် ပန်းရစ်မူး လက်ကလေးကို ဆွဲကာရှေ့ကိုတိုးစေပြီး

"သားချစ်သူပါ အမေ၊ ပန်းရစ်မူးတဲ့"

ပန်းရစ်မူးက လက်အုပ်လေးချီကာ ဦးသုံးကြိမ်ချ၍ ရှိခိုးသေသေ သန့်တော့သည်။ ဆရာလေးက ခေါင်းတညိတ်ညိတ်ဖြင့်

"သာဓု သာဓု သာဓုပါကွယ်၊ ကျန်းမာချမ်းသာပါစေ ဘေးရန် ကင်းပါစေ၊ စိတ်သွားတိုင်းကိုယ်ပါလိုရာ ဆန္ဒပြည့်ပါစေ၊ သူယုတ်မာနဲ့ ကင်းဝေးပြီး သူတော်ကောင်းနဲ့တွေ့ပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

"ဒါနဲ့ ဒကာမလေးရဲ့မိဘတွေက ဘယ်သူတွေများလဲကွဲ့၊ ဘာတွေလုပ်ကြလဲ၊ စပ်စုတာမဟုတ်ပါဘူးနော် သိချင်လို့ပါ"

"ဟုတ်ကဲ့"

"အဲဒါပြောချင်လို့လာတာပါ အမေ၊ အမေ့အတွက်ငွေနဲ့ ဓာတ်စာလာပို့ရင်းနဲ့ပါ"

"ငွေက မလိုပါဘူးလို့ ပြောထားသားနဲ့ကွယ်"

"အမေလှူချင်တဲ့နေရာလှူ သာသနာပြုချင်တဲ့နေရာပြုလို့



www.burmeseclassic.com

www.burmeseclassic.com



ရအောင်လို့ပါ၊ သားလည်းကုသိုလ်ရချင်လို့ပါ၊ ဖေဖေက ငွေပဲရှာတာ၊ ပရဟိတလုပ်တာ ဒါနပြုတာတော့ နည်းတယ်မဟုတ်လား''

''အေး ဒကာလေးမှာ အဲဒီစိတ်ကလေးရှိတာကောင်းပါတယ်၊ သံသရာထိပါမှာ ဒီဒါနတစ်ခုပဲရှိတယ်၊ ကျန်တာတွေက လောဘနဲ့ ဘယ်လောက်ပဲပါပါ အားလုံးထားခဲ့ရမှာတွေချည်းပဲ''

''အဲဒီအသိလေးတွေဝင်အောင်လို့ အမေ့ဆီ ခဏခဏလာနေတာပါ''

''ကောင်းတာလုပ်ရင် ကောင်းတဲ့ကုသိုလ်ကံ ရလာမှာပါ၊ ဒါနဲ့ ပြောစရာရှိတယ်ဆိုတာ''

''သူက မင်းဧကရာဇ်ဆောက်လုပ်ရေးပိုင်ရှင်ရဲ့သမီးပါ မေမေ၊ ဦးအောင်မင်းထွဋ်ရဲ့သမီးပါ''

''ဟင်''

ဆရာလေးလက်ထဲက ပုတီးလေး လွတ်ကျလုလု အံ့ဩသွားလေသည်။

''ဒကာလေး''

''အမေ''

''ဒကာလေးအဖေ သိပြီးပြီလား''

''မပြောရသေးပါဘူး''

''ဒကာလေးတို့ကို သဘောတူမယ် မထင်ဘူး''

''ရစ်မူးအဖေပြောပြလို့ အဲဒီလိုဖြစ်နိုင်မယ်ဆိုတာ ကြိုသိနေပါပြီ၊ ရင်ဆိုင်ရတော့မှာပေါ့ အမေ''

''စိတ်ဆင်းရဲသောကတွေများကြတော့မှာပဲ၊ နောက်ဆုတ်သင့်





င်နောက်ဆုတ်လိုက်ကြတာ နှစ်ယောက်လုံး အပူသောကကင်းမယ်ဆင်တယ်''

''အဲဒီကိစ္စနဲ့တော့ နောက်မဆုတ်နိုင်ပါဘူး၊ လက်မခံရင် နှစ်သောက်အတူစွန့်စားဖို့ ဆုံးဖြတ်ထားပါတယ်''

ဆရာလေး ခေါင်းကိုယမ်းရင်းစိတ်မကောင်းသလို ဖြစ်နေ၏။ ားအဖေရဲ့အတ္တကြီးမှုကြောင့် အားလုံးစိတ်ဆင်းရဲကြရမှာ မြင်ယောင်နေလို့ပင်။

''ဒကာမလေးအဖေကရော ဘာပြောလဲကွယ်''

''ဖေဖေကတော့ တားတယ်ဆိုပေမယ့် ရစ်မူး စိတ်ဆင်းရဲမယ်ဆိုရင် အရမ်းကြီးပိတ်ပင်တားဆီးတာမျိုး လုပ်မယ်မထင်ရဘူး၊ ကျွန်တော့်အဖေနဲ့ပတ်သက်တာကိုပဲ စိုးရိမ်နေတယ် ထင်ပါတယ်''

''ကံတရားက တိုက်တိုက်ဆိုင်ဆိုင် ကြုံပေးရတယ်လို့ကွယ်၊ အားလေ ဆုံပေးမှတော့ ဘာတတ်နိုင်မှာလဲ၊ ဆရာလေးကတော့ အားလုံးစိတ်ချမ်းသာစေချင်ပါတယ်၊ လူ့ဘဝအရှုပ်အထွေးတွေထဲမှာ မနေချင်သော့လို့ ဒီလိုနေနေပေမယ့် သံယောဇဉ်တွေက မကင်းနိုင်သေးဘူး၊ အကြောင်းကြီးငယ်မရှိရင် ဆရာလေးဆီ မလာကြပါနဲ့၊ ဆရာလေးတရားအားထုတ်ရတာ အခက်အခဲရှိလို့ပါ''

''အမေ့ကို အပူသောကတွေလာပေးတာ မဟုတ်ပါဘူး အမေ၊ ပြဿနာဆိုတာ အချိန်တန်ရင် ပြေလည်သွားမှာပါ၊ အမေ သောကအားအေးနဲ့ တရားအားထုတ်ပါ''

''ဒါဆို ရစ်မူးတို့ ပြန်လိုက်ပါဦးမယ်၊ ပြန်ရအောင် ကျွန်ုပ်''

ဆရာလေးမျက်နှာမှာ အပူသောကတွေ ထင်ဟပ်နေပြီမို့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ကိုပြန်ဖို့ လောဆော်လိုက်ရသည်။ ရွာနှင့်အလှမ်းကွာဝေးသော တော
ကျောင်းလေးကနေ ကားကိုဂရုစိုက်မောင်းကာ ပြန်ခဲ့ကြသည်။

သစ်ပင်ဝါးပင်များဖြင့် ငြိမ်းအေးလှသော်လည်း လူတွေ အ
သောကပေးနေလျှင် ဘယ်လိုလုပ်တရားရှာမလဲ။

"ကိုကို အရမ်းဆိုးတယ်၊ ဘာလို့ အပူတွေပေးခဲ့ရတာလဲ
မသိ သလိုလေးနေလိုက်တာ မဟုတ်ဘူး"

သူမ ပြောတော့ ကမ္ဘာက ကားကိုလမ်းဘေးမှာချရပ်လိုက်
သည်။

"ကိုယ့်မှာ ရင်ဖွင့်ပြောပြစရာ ဒီအမေပဲရှိတယ် ရစ်မူ။ တစ်
တလေ ဖေဖေ့ကြောင့် အရမ်းမွန်းကျပ်လာရင် အမေ့ဆီလာပြီး မျက်ရည်
တွေသွန်ချလိုက်ရမှ စိတ်ထဲပေါ့သွားတယ်၊ အမေ တရားရေအေးလေး
ဖျောင်းဖျမှ ကိုယ့်စိတ်ထဲမှာပေါ့သွားတယ်၊ အဲဒါကြောင့် ဘာပဲဖြစ်ဖြစ်
အမေ့ဆီတော့ ကိုယ် ရောက်အောင်လာဖြစ်တယ် ရစ်မူ"

"ဒါတော့ ဒါပေါ့လေ ဒါပေမဲ့ လူတွေနဲ့ကင်းဝေးတဲ့နေရာမှာ
လောကီကိုစိတ်ကုန်ပြီး တရားအားထုတ်နေတဲ့သူကို ခဏခဏ အပူတွေ
မပေးပါနဲ့၊ ရင်ဆိုင်စရာရှိရင် ကိုယ့်ဘာသာ ရင်ဆိုင်ကြမယ်လေနော်"

"အင်း ဟုတ်ပါပြီ၊ ကိုယ့်အနားမှာ မင်းရှိနေရင် ကိုယ် အဲဒီ
နေနိုင်ပါတယ်၊ ကိုယ့်အနားမှာပဲ နေပေးနော်"

"အင်းပါ"

သူမက အငယ်မို့ ဆိုးနွဲ့ရမလား အောက်မေ့တယ်၊ ကမ္ဘာပိုင်က
ထင်သလောက် မရင့်ကျက်သေးပေ။ သူ့အဖေရဲ့အတ္တတွေကြားမှာ
သိမ်ငယ်စွာပဲ နေခဲ့ရလို့လား။





အားငယ်စိုးရွံ့မှုတွေရှိနေသလို ပြတ်သားသောဆုံးဖြတ်ချက်
တွေချဖို့လည်း မဝံ့ရဲပေ။ အားကိုးရှာအမှီရှာပြီး စိတ်ဖြေသာအောင်ပဲ
နေချင်တော့တာပါလား။

သူမတို့ရှေ့ဆက်ပြီး ဘာတွေကို ဘယ်လိုရင်ဆိုင်ရဦးမှာလဲ။

လမ်းတစ်လျှောက်မှာ လေးလံသော သက်ပြင်းတွေချလာမိရင်း
နှင့် . . .။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"သား အိမ်ထောင်ပြုတော့မယ် ဖေဖေ"

"ဘာကွ"

ဒေါ်သတကြီး အော်လိုက်တာက ညေ့ခန်းတစ်ခုလုံးတောင် ဟိန်းထွက်သွားသည်။ ကြိုတင်ခန့်မှန်းပြီးသား အခြေအနေမို့ သူ လန့်ဖျပ်တော့ မသွားပေ။ မိထွေးကတော့ အကြိုက်တွေ့သွားသည်မို့ နှုတ်ခမ်းကို မဲ့ကာ ပြုံး၏။

ဖေဖေမကြိုက်တာတွေ သူလုပ်နေလို့ ဖေဖေ စိတ်တိုင်းမကျတော့မှ မိထွေးက စိတ်ချမ်းသာတတ်သူ မဟုတ်လား။ သူ့ကိုမောင်တွေ ထက်ပိုပြီး မိုက်ပြစေချင်သောဆန္ဒတွေရှိနေတာ သူ မသိလို့မှမဟုတ်တာ။

"မင်းက ဘယ်အချိန်က ချစ်သူရသွားပြီး လက်ထပ်ဖို့အထိ ပြောနေရတာလဲ ဟိတ်ကောင်"

"သင်တန်းမှာတွေ့ပြီး ချစ်သူဖြစ်သွားတာပါ၊ ညင်မွန်အေးဆေး တဲ့မိန်းကလေးပါ ဖေဖေ"





"အလုပ်ကကောင်းကောင်းမလုပ်နိုင်သေးဘူး၊ မိန်းမက ယူချင် နေပြီ၊ မင်းခြေထောက်ပေါ် မင်းရပ်နိုင်နေပြီလို့များ ထင်နေလား"

"ကျွန်တော် ကြိုးစားမှာပါ ဖေဖေ"

"အခုထိ မိဘကိုမှီခိုနေတုန်းကောင်က ဘာကိုကြိုးစားမှာလဲ၊ အား မိန်းမယူတယ်ဆိုပြီး ငါ အမွေခွဲပေးလိမ့်မယ်တော့ မမျှော်လင့်နဲ့၊ မင်းအရည်အချင်းနဲ့ မင်းလုပ်ရည်ကိုင်ရည်ကို စောင့်ကြည့်ပြီး ငါပေးသင့်တဲ့အချိန်မှပေးမယ်"

"ကျွန်တော် အဲဒါတွေကို မက်လို့ မိန်းမယူမယ်ပြောတာမဟုတ်ဘူး ဖေဖေ၊ သူ့ကိုတကယ်ချစ်လို့ လက်ထပ်မှာပါ"

"နေပါဦး မင်းကောင်မလေးက ဘယ်ကလဲ၊ ဘယ်သူ့သမီးလဲ"

ဖေဖေ ဒေါသအရှိန် အထွတ်အထိပ်ပေါက်ကွဲတော့မည့်အချိန် ရောက်ပြီဟု သူ တွေးလိုက်သည်။ ဒါပေမဲ့ ဒီအခြေအနေကို ကြိုတွေး ပြီး အလျှော့မပေးဖို့ ဆုံးဖြတ်ပြင်ဆင်ပြီးသားပါ။

ဖေဖေက စိတ်မရှည်သလိုဖြင့်

"ဟိတ်ကောင် ငါမေးနေတာ တန်းခနဲ မဖြေရအောင် မင်းယူမယ့်မိန်းမက ဆွေမရှိမျိုးမရှိ အသိုက်အဝန်းမရှိတဲ့ ကလေကချေ အဆင့်အတန်းထဲကမို့လား"

"မဟုတ်ပါဘူး ဖေဖေ၊ ပညာတတ် ဥစ္စာပေါ ရုပ်ချော အဆင့် အတန်းရှိတဲ့အသိုက်အဝန်းထဲကပါ၊ သူ့အဖေက ကျွန်တော်တို့နဲ့ လုပ်ငန်း တူပဲ၊ မင်းကေရာဇ်ဆောက်လုပ်ရေးလုပ်ငန်းရှင်ရဲ့သမီးပါ"

"ဘာ ဒါဆို အောင်မင်းထွဋ်သမီးပေါ့"

"ဟုတ်ပါတယ် ဖေဖေ၊ ဦးအောင်မင်းထွဋ်ရဲ့သမီးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ထား"

ဒေဒေ ဖြုန်းခနဲ ထရပ်ကာ ဆိုဖာခုံနောက်မှီကိုလက်သီးနှင့် ထိုးသည်။ မျက်နှာတစ်ခုလုံး နီမြန်းခက်ထန်နေ၏။ သူ့ကိုမျက်လုံးစိမ်းနှင့် မျက်မှောင်ကြုတ်ကြည့်ကာ

"မင်း အဲဒီကောင်မလေးကို လက်မထပ်ရဘူး၊ လုံးဝ လက်မထပ်ရဘူး"

"ဘာဖြစ်လို့လဲ"

"မင်းအမေလင်ငယ်ထားပြီး ငါ့စီးပွားရေးတွေပျက်အောင်လုပ်ခဲ့တာ အဲဒီကောင်မလေးရဲ့အဖေပဲ၊ အောင်မင်းထွဋ်ပဲ"

"မေမေလင်ငယ်ထားချင်ရင် အခုလို သီလရှင်ဝတ်သွားမှာမှ မလား ဖေဖေ၊ ဟိုလူကလည်း လူလွတ်ပဲ၊ တကယ်သာဆို အခုချိန်မှာ အတူတူနေနေမှာပေါ့"

"မင်းက ဘာနားလည်လို့ ဒီစကားပြောတာလဲ၊ လင်လုပ်တာကိုအကောင်းမမြင်ဘဲ လင်ရဲ့စီးပွားကိုပျက်အောင်လုပ်တဲ့မိန်းမ၊ လင်ငယ်ကိုသတင်းပေးပြီး ငါ့ကိုအပုပ်ချ ဂုဏ်သိက္ခာကျအောင်လုပ်တဲ့မိန်းမ သူ့လင်က သူ အဲလိုတွေလုပ်ပေးလို့ စီးပွားရေးထောင်တက်သွားတာ စီးပွားရေးအကြောင်း ဘာမှနားမလည်တဲ့ကောင်၊ အခု ဒီလိုနေနိုင်တာ ရပ်တည်နိုင်တာ မင်းအမေကြောင့်ပဲ၊ ဘာမှ အထင်ကြီးစရာမရှိဘူး"

"ဖေဖေတို့လူကြီးတွေကြားမှာ အဲလိုတွေဖြစ်ခဲ့တယ်ဆိုလည်း ကျွန်တော်တို့လူငယ်တွေနဲ့ ဘာမှမဆိုင်ဘူးထင်ပါတယ် ဖေဖေ"

"ဟ ဘာလို့မဆိုင်ရမှာလဲ၊ ဆိုင်တာပေါ့၊ မင်းက ငါ့သား ငါမွေးထားတာ၊ ငါသဘောမတူတဲ့မိန်းမကို လက်မထပ်ရဘူး မယူရဘူး





မင်းအမေနဲ့ဒီလိုပတ်သက်တဲ့လူရဲ့သမီးကို မင်း လုံးဝ လက်မထပ်ရဘူး နားလည်လား"

"ကျွန်တော် သူ့ကိုလက်ထပ်ဖြစ်အောင် လက်ထပ်မှာပါ ဖေဖေ"

"ဘာ ဟိတ်ကောင်"

"ခွပ်"

လက်သီးချက်က ပြင်းတာကြောင့် နှုတ်ခမ်းထောင့်က သွေးတွေစိမ့်ခနဲ ပန်းထွက်လာသည်။ မိထွေးက လုံးဝဖေဖေ့ကို ထမဆွဲ။

ဒီနေရာမှာ မေမေသာဆိုလျှင်တော့ အသက်သေချင်သေပါစေ သားရှေ့က မားမားမတ်မတ် ရပ်တည်ပေးလိမ့်မည်။ အပေါ်ယံ သွေးထွက်သောဒဏ်ရာထက် ရင်ထဲက ဒဏ်ရာကပိုပြီးနာကျင်စူးရှနေ၏။ ဖေဖေက ဒေါသတကြီးဖြင့် သူ့အင်္ကျီရင်ဘတ်ကို ဆောင့်ဆွဲကာ

"ဟိတ်ကောင် ပြန်ပြောစမ်း၊ အောင်မင်းထွဋ်ရဲ့သမီးကို လက်ထပ်မယ်လို့"

"လက်ထပ်မှာပါ ဖေဖေ၊ ကျွန်တော် သူ့ကိုချစ်လို့ တကယ် လက်ထပ်မှာပါ"

"တောက် ထပ်ဦး လက်ထပ်ချင်ဦး၊ ငါ့ကိုဆန့်ကျင်ဦး၊ ပမာ မခန့်ပြန်ပြောဦး"

မျက်နှာတစ်ခုလုံးပေါ် လက်သီးချက်တွေ သုံးလေးလုံးပစ်ကျလာသည်။ သူ မရှန်းမိ မရှောင်မိ။ မျက်နှာတစ်ခုလုံး ပူထူနာကျင်နေပါစေ၊ သူချစ်သောပန်းရစ်မှုကို လက်ထပ်ရဖို့အတွက် ဒီလောက်တော့ ခံရမည်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင် မင်းငါ့ရှေ့က ထွက်သွားစမ်း။ ထွက်သွားတော့ ငါထပ်လုပ်ရင် မင်းသေလိမ့်မယ်"

"သေအောင်သတ်လည်း အသေခံမှာပါ ဖေဖေ၊ ကျွန်တော် ပန်းရစ်မှူးကိုတော့ လုံးဝစွန့်လွှတ်မှာ မဟုတ်ပါဘူး"

"အေး မင်းကပဲ ခေါင်းကြောမာနိုင်မလား စောင့်ကြည့်ရသေး တာပေါ့၊ ငါ မကြိုက်တာကိုလုပ်လို့ကတော့ ဘယ်နေရာထွက်ပြေးပြေး အလွတ်မပေးဘူး၊ မင်းကိုငါ အသေသတ်လိုက်မှာ"

"ကျွန်တော်လည်း အသေခံပြီး သူ့ကိုချစ်မှာပါ ဖေဖေ"

"တောက် ဟိတ်ကောင် မင်းကိုမမြင်ချင်ဘူး၊ ငါ့ရှေ့က အခုထွက်သွားစမ်းကွာ သွား"

တိုက်အပြင်ဘက်ထိရောက်အောင် ဆောင့်တွန်းထိုးလွှတ်၍ အပြင်ရောက်သွားရသည်။ ဖေဖေ့အတွက်တစ်ခုကြောင့် သူက ပန်းရစ်မှူး ကို စွန့်လွှတ်ရမလား။ သူ စွန့်လွှတ်လိုက်လျှင် ဘုန်းလက်ဘက ပန်းရစ်မှူး ကို အသာလေးကောက်ယူသွားပေလိမ့်မည်။

ပန်းရစ်မှူးကို ဘယ်သူ့ကိုမှမပေးနိုင်ပါ။ သူတစ်ယောက်တည်း ပိုင်ဆိုင်ချင်သည်။

သူတစ်ယောက်တည်းပဲ ပန်းရစ်မှူးကိုချစ်ချင်သည်။ ထိုအခါ တွေအတွက် ဘာမဆိုရင်ဆိုင်ဖို့ ဆုံးဖြတ်ချက်တွေဖြင့် ...။

■ ■ ■



## အခန်း (၁၇)

"မျက်နှာတစ်ခုလုံး ဖူးယောင်နေတာပဲ ကိုကိုရယ်၊ ကိုကို့ဖေဖေ က ကိုယ်မွေးထားတဲ့သားအပေါ် အဲဒီလောက်တောင် ရက်စက်ရသလား။ ကြည့်ရက်စရာတောင် မရှိဘူး၊ အဟင့် ရက်စက်လိုက်တာ"

ပန်းရစ်မှူး ကမ္ဘာပိုင်ရဲ့မျက်နှာကို မထိရက် မတို့ရက်ကိုင်ကြည့် ရင်းက စိတ်မထိန်းနိုင်စွာ ကမ္ဘာပိုင်ကို ဖက်၍ငိုသည်။ ကမ္ဘာပိုင်က သူမ မျက်နှာလေးကို ပင့်မော့၍

"ကိုယ်ကတော့ ကျေနပ်တယ်၊ ရစ်မှူးကို ဘယ်လောက်ချစ် တယ်ဆိုတာ သက်သေပြခွင့်ရလို့"

"ကိုကိုရယ် အဲလို အနာတရအဖြစ်ခံပြီး သက်သေမပြပါနဲ့၊ ကိုကို့အချစ်ကို ရစ်မှူးယုံပါတယ်၊ အခု ရစ်မှူးရင်ထဲ ကိုကို့ဒဏ်ရာတွေ ကြည့်ပြီး ဘယ်လောက်နာနေရတယ်ထင်လဲ"

"ကျေးဇူးပဲ ရစ်မှူး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို စာနာပေးလို့လေ၊ ကိုယ်နာကျင်သလို နာကျင်ပေး တဲ့ချစ်သူကိုရတာ ကိုယ်ကံကောင်းတာပေါ့ ရစ်မူးရယ်၊ ကိုယ့်အနားမှာ ကိုယ့်ဘက်ကနာပေးမယ့် ရပ်တည်ပေးမယ့် စာနာနားလည်ပေးမယ့် မေမေ က မရှိဘူးလေ၊ ကိုယ့်ကို ဖေဖေထိုးနေတာကို ဝင်မဆွဲဘဲ အားရကျေနပ် ပြီး ပြုံးနေတဲ့မိထွေးပဲရှိတယ်၊ ဘယ်လောက်ခံရခက်သဲ ဒါပေမဲ့ ဖေဖေ အငြိုးငြင်ထပ်ခံရမှာစိုးလို့ ဘာမှလည်းမပြောရဲဘူး"

"ကိုကိုရယ်"

သနားလွန်းစွာ နှစ်သိမ့်သည့်သဘောဖြင့် ကမ္ဘာ့ကိုယ်လေးကို တိုးဖက်ထားလိုက်သည်။ ကမ္ဘာက သူမကိုတင်းတင်းကျပ်ကျပ် ပြန်ဖက် ကာ

"ကိုယ် ဖေဖေ့ကိုအရှုံးမပေးဘူး ရစ်မူးကို လက်ထပ်ရတဲ့အထိ တိုက်ပွဲဝင်မှာ ကိုယ့်ကိုဖေဖေ သတ်ချင်သတ်ပစေ၊ ကိုယ်အသေခံမယ်"

"အဲလိုတော့ မလုပ်ပါနဲ့ ကိုကိုရယ်၊ ကိုကို့ဖေဖေနဲ့ ပြိုင်ပြီး မာနတွေနဲ့တင်းမခံပါနဲ့၊ ကိုကို့မှာ ထပ်ပြီးဒဏ်ရာတွေရနေဦးမယ်"

"ရစ်မူးကို မပိုင်ဆိုင်ရမှာ ကိုယ့်ရင်ထဲက ဒဏ်ရာတွေက ကြီးမှာ ကိုယ်သေသွားမှာ ရစ်မူး"

"ရစ်မူးတို့ စွန့်စားကြည့်မလားဟင်၊ မိဘဆိုတာ သားသမီး ပစ်ရိုးထုံးစံတော့ မရှိပါဘူး၊ နောက်တော့လည်း သူတို့ပြန်ခေါ်ကြမှာပေ"

"ဖေဖေက အဲလိုမျိုး အလျှော့ပေးမယ့်လူလို့ ထင်နေလာ ဟင့်အင်း ကိုယ် ဘယ်ကမ္ဘာထိထွက်ပြေးပြေး လိုက်သတ်မှာ၊ သူ ဖြစ် တာပဲ သူလုပ်မှာ"

"ကိုကို့အဖေက အတ္တကြီးလိုက်တာနော်၊ သားသမီးကို အ





ာထားတွေ အတ္တတွေနဲ့ပဲ အုပ်ချုပ်ချင်တာလား၊ စိတ်တိုင်းမကျရင် ားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ်၊ မညှာတာတတ်တာလွန်တာပေါ့၊ ဆရာလေး ည်း အဲဒီဒဏ်တွေတော်တော်ခံခဲ့ရမှာနော်"

ကမ္ဘာပိုင် မျက်ရည်ဝဲစွာခေါင်းညိတ်သည်။ ပန်းရစ်မူး လက် လေးကို အားယူကာ ဆုပ်ညှစ်ကိုင်ထားရင်းနှင့်

"မေမေလည်း တော်တော်ခံခဲ့ရတာပေါ့ ရစ်မူးရယ်၊ ကိုယ့်လိုပဲ ထိုးအကြိတ် အရိုက်အပုတ်လည်း ခံရတယ်၊ နေ့စဉ်နေ့တိုင်း စိတ်တိုင်း ရင် မကျသလို အပြောအဆို ခံရတယ်၊ အခုတော့ မေမေတော်တော် း အေးချမ်းသွားပါပြီ၊ ဝဋ်ကျွတ်သွားတယ်ပဲ ပြောရတော့မှာပဲ၊ ဒါပေမဲ့ ားဖြစ်နေတဲ့ ကိုယ့်ကိုတော့ စိတ်မချနိုင်သေးဘူးလေ၊ သားအဖေနဲ့ ဝင်ပြေအောင်နေပါလို့ အမြဲမှာတယ်"

"အေးချမ်းမှုရှာပေမယ့် သံယောဇဉ်ကျန်နေသေးသရွေ့ ဆရာ လည်း ပင်ပန်းနေဦးမှာပဲ၊ ဒါပေမဲ့ ဆရာလေးဆီသွားရတာ ရစ်မူး ည်းအေးချမ်းသလို ခံစားရတယ်၊ ခဏတာတော့ အေးချမ်းမှုလေးရ ်သလိုပဲ"

"ကိုယ်က မြို့ပေါ်မှာ မြေကွက်ဝယ်ပြီး ကျောင်းဆောက်ပေး ယ် မေမေက လက်မခံဘူး၊ လူတွေနဲ့နီးတဲ့နေရာ၊ အပူသောကတွေ တွေးနေတဲ့နေရာမှာ မနေချင်ဘူးတဲ့လေ၊ အဲဒီဘက်မှာက ဘုန်းကြီး င်းတွေ သီလရှင်ကျောင်းတွေပဲရှိတယ်၊ တစ်နေရာနဲ့တစ်နေရာလည်း း‌ဝေးတယ်၊ ဘုရားသံ တရားသံပဲကြားရတဲ့နေရာဆိုတော့ ငြိမ်း ယ်၊ အကုသိုလ်ကင်းတယ်တဲ့၊ မေမေက အဲဒီဘက်မှာ တရားနဲ့ပဲ ွှေ့သွားပြီ"

www.burmeseclassic.com



သူ့ကိုထားခဲ့သည်ဆိုပြီး နာကျည်းမနေတာပဲ တော်ပါသေး သည်။ ကလေးလိုရင်သွားဖွင့်တတ်ပေမယ့် အမေအတွက် ပိတ်ဖြ ကျေနပ်ပေးတတ်တာလေးက ကုသိုလ်တရားပင်။

''ကိုကို''

''ဟင်''

''ဆေးခန်းသွားပြီး ဆေးလေးဘာလေး ထည့်လိုက်ရအောင် နော်၊ မဟုတ်ရင် ရောင်တာတွေလည်း လျော့မှာမဟုတ်ဘူး။ နာကျင်တာ လည်း ပျောက်မှာမဟုတ်ဘူး''

''ဆေးခန်းက ဆရာဝန်ကို ဖေဖေကိုထိုးကြိတ်ဆုံးမတာပါ ပြောရမှာလား။ ရှက်စရာကြီး ရစ်မူးရယ် မသွားချင်ဘူး''

''အဲလို မလုပ်ပါနဲ့ ဆရာဝန် ကြည့်ကောင်းအောင်ပြောကြတာ ပေါ့။ ကိုကို့ဒဏ်ရာတွေမြင်ပြီး မိတွေ ကျေနပ်ဝမ်းသာနေတာမျိုး သည်းခံနိုင်လို့လား။ ဆက်ပြီးလည်း တိုက်ပွဲဝင်ဦးမှာဆို၊ ဒဏ်ရာဟောင်း မကျက်သေးဘဲနဲ့ ဖြစ်ပါ့မလား ပြီးတော့ ကိုကို့ဒဏ်ရာတွေမြင်ပြီး ရစ်မူး လည်း မအိပ်မစားနိုင် စိတ်မကောင်းဖြစ်နေရမှာနော် ကိုကို''

ပန်းရစ်မူး ပခုံးလေးကိုဖက်ကာ ကမ္ဘာပိုင် သက်ပြင်းချလိုက် သည်။ ပန်းရစ်မူး သူ့အတွက် တကယ်ကို ငိုးရိမ်နေတာပဲမဟုတ်ပါလား

''အင်း ဆေးခန်းသွားပါမယ် ရစ်မူးရယ်၊ စိတ်မကောင်းလည်း မဖြစ်ပါနဲ့၊ ငိုလည်းမငိုပါနဲ့နော်၊ ကိုယ့်ချစ်သူလေး အဲလိုဖြစ်နေရင် ကိုယ် ခံစားရတာပေါ့။ အပြင်ကဒဏ်ရာထက် တာင် ရင်ထဲမှာနာကျင်ရတယ်

''ပိုပြန်ပြီ၊ ကိုကို အရမ်းကိုနာနေတယ် မဟုတ်လားဟာ





ပါးစပ် ဟမရလို့ မှာထားတဲ့ကော်ဖီတောင် မသောက်နိုင်ဘူး မဟုတ်လား''

''ဒီဒဏ်ရာလောက်ကတော့ ရစ်မူး အာဝါးပေးလိုက်တာနဲ့ ပျောက်ပါတယ်၊ မယုံရင် အာဝါးပေးကြည့်ပါလား''

''ဟွန်း ဟိုမှာ လူတွေနဲ့နော်''

''ဘာဖြစ်လဲ ကိုယ့်ကိစ္စကိုယ့်အကြောင်းတွေနဲ့ ကိုယ်တို့ကိုတောင် ရှုမစိုက်အားကြပါဘူး၊ လာပါ နမ်းပါဆို''

''ကိုကိုက ဆိုးတယ်ကွာ''

ပါးစပ်ဖျားက ညည်းညူလိုက်ပေမယ့် နမ်းတော့နမ်းလိုက်ရပါ သည်။ ဒါမှပဲ သူ ကျေနပ်နိုင်တော့မှာပါ။

ကမ္ဘာပိုင်က တကယ်ကို ဆိုးသည့် အချစ်လူဆိုးလေးပင်။ သူမကလည်း ဒါလေးတွေကိုပဲ စွဲလန်းနေမိကာ . . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"သူတို့က တစ်ယောက်နဲ့တစ်ယောက် စွဲစွဲလမ်းလမ်းဖြစ်နေကြ ပြီဆိုရင် အကြမ်းနည်းသုံးလို့တော့ မဖြစ်ဘူး ကိုကိုကျော်"

"ဒီလောက်ထိုးကြိတ်ပြီး ကြမ်းနေတာတောင် မရတဲ့ကောင်ကို ကိုယ်က ဘယ်လိုလုပ်ရမှာလဲ သင်္ဂီ"

"ဩော် ခြောက်လို့မရရင် ချော့ပေါ့"

"ဘာ ချော့ရမယ်၊ ဟား ဒီလိုကောင်မျိုးကို ချော့ချော့မော့ မော့ပြောစရာလား၊ ကိုယ်မွေးထားတဲ့သား၊ သူ့ကိုလေပြည်ထိုးနေစ ဘာအကြောင်းမှမရှိဘူး"

ဦးကျော်ခေါင်က လက်မခံနိုင်စွာ ဒေါသတကြီး အော်သည်၊ ဒေါ်သင်္ဂီက မျက်နှာချိုသွေးစွာ ဦးကျော်ခေါင်လက်မောင်းကို ဖက်တွယ် လိုက်ပြီး

"ထိုင်ပါဦး ကိုကိုကျော်ရယ်၊ သင်္ဂီပြောတာ အေးအေးဆေး





နားထောင်ပါဦး၊ ကိုကိုကျော်က ငြင်းနေပေမယ့် ဟိုဘက်က ကိုကိုကျော့် သားကို လက်လွှတ်ခံမယ်များ ထင်နေသလား"

"ဘာ"

"နိုင်းစားလို့ကောင်းတဲ့အရွယ်ကို ခဏပဲလူကြားကောင်းအောင် ငြင်းချင်ငြင်းမှာပေါ့၊ နောက်တော့ သူတို့အတွက် အသုံးဝင်မယ့်သားကို သူတို့ကြီးပွားအောင်မြင်အောင် နိုင်းစားဖို့အတွက် သဘောတူမှာပဲ ကိုကို ကျော်၊ ကိုကိုကျော့်ရဲ့လက်ရုံးတစ်ဖက် ဟိုဘက်ရောက်သွားမှာ"

"ဟင်"

ဦးကျော်ခေါင် အတွေးဝင်သွားသလို ဆိုဖာနံမှာထိုင်ချလိုက် သည်၊ ဒေါ်သင်္ဂီက ပြုံးမဲ့မဲ့ဖြင့်

"အဲဒီ ပန်းရစ်မှူးဆိုတဲ့ကောင်မလေးက ဦးရအောင်မင်းထွဋ်ရဲ့ အတွက် အားကိုးနေရပြီဆို၊ သူဆွဲတဲ့ပုံဒီဇိုင်းကို ကြိုက်လို့ စင်ကာပူက ကုမ္ပဏီနဲ့အလုပ်တွဲလုပ်ဖြစ်သွားတယ်လို့ ရှင်ပဲပြောတယ်မဟုတ်လား"

"ဟုတ်တယ်လေ၊ အရင်က အောင်မင်းထွဋ် နိုင်ငံခြားသားနဲ့ တွဲလုပ်တွဲလုပ်ဖူးတယ်ဆိုတာ မရှိဘူး၊ ကွန်ဒိုတောင် ဆောက်ဖူးတဲ့ကောင် မဟုတ်ဘူး၊ သူ့သမီး ပညာလေးနည်းနည်းတတ်လာတော့ ထောင်ထောင် ထောင်ထောင် ဖြစ်လာတာ"

"အဲဒါကို မျိုးပြုတ်အောင် မလုပ်ချင်ဘူးလား"

"ဘာ ဘယ်လိုလုပ်မှာလဲ"

"အ,လိုက်တာ ကိုကိုကျော်ရယ် ကိုကိုကျော်သားနဲ့ပေးစား လိုက်ပေါ့၊ အဲဒီကောင်မလေးကို ကိုယ်ကပြန်ပြီး နိုင်းစားလို့တောင် ရ သေး၊ သူ့သမီးအားကိုးစရာမရှိရင် သူ့အဖေရော ဘာဖြစ်သွားမလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်သားကိုအသုံးချခံမလား၊ သူ့သမီးကို အသုံးချမလား ကိုကိုကျော် ဦးနှောက်နဲ့ စဉ်းစားစမ်းပါ''

ဒေါ်သင်္ဂီက ဦးကျော်ခေါင်နားထင်ကို လက်ညှိုးလေးနှင့်ထိုးကာ ပြောသည်။ ဦးကျော်ခေါင် မျက်ခုံးပင့်တက်သွားလျက်

''အဲလိုတွေးလိုက်ရင်တော့လည်း ဟုတ်သားပဲ သင်္ဂီ၊ ဒီကောင်က ခေါင်းမာနေတာ အလျှော့ပေးမယ့်ပုံမပေါ်ဘူး၊ ကိုယ်သဘောမတူလည်း သူ့သဘောနဲ့သူ လက်ထပ်ဖို့ဆုံးဖြတ်ပြီးသားဖြစ်မယ်''

''အဲဒါကြောင့် ပြောတာပေါ့၊ အဲလိုသာလုပ်လိုက်ရင် ဦးအောင်မင်းထွဋ်က သူ့သမီးကိုမပြတ်နိုင်တာနဲ့ သဘောတူလက်ခံပြီး ကိုကိုကျော်သားကို အသုံးချခိုင်းစားသွားမှာ၊ ကိုယ့်ဘက်က တင်းခံလိုက်ရင် သူ့ဘို့အတွက်ပဲဖြစ်သွားမှာ ကိုကိုကျော်၊ အဲလို ကိုယ့်သားကိုအဖြစ်ခံမယ့်အစား သူ့သမီးကို ကိုယ့်အတွက်အသုံးချလိုက်ရင် အိမ်အတွက်ရော လုပ်ငန်းအတွက်ရော အသုံးမဝင်နိုင်ဘူးလား''

''ကိုယ်သဘောပေါက်ပြီ သင်္ဂီ၊ မင်းအကြံမဆိုးဘူး၊ ကိုယ်ခံထားရတာအတွက် လက်စားချေခွင့်ရတယ်လို့ သဘောထားလိုက်ရင်တောင် အဆင်ပြေနိုင်တယ်''

''ဒါပေါ့ ကိုကိုကျော်ရယ် သူ့အဖေကြောင့် ကိုကိုကျော် စီးပွားတွေပျက်ခဲ့ရတယ်မဟုတ်လား၊ အဲဒီဆုံးရှုံးသမျှကို သူ့သမီးကို ပြန်ရှာခိုင်းလိုက်ပေါ့၊ အဲဒီကလေးမရှိနေမှ ကိုကိုကျော်သားကိုလည်း ချုပ်ကိုင်နိုင်မှာ၊ အခု ထိန်းချုပ်ဖို့ခက်နေတယ်မဟုတ်လား''

''အင်း ဟုတ်တယ် ပုံစံသွင်းထားတာတောင် သူ့အမေစရိုက်က မပျောက်ချင်သေးဘူး''

''ကိုကို့ကျော်သားက ကိုကိုကျော်နဲ့တူတဲ့အချက်တွေလည်း





အများကြီးပါ၊ ခေါင်းမာတာ သူဖြစ်ချင်တာ သူ တဇွတ်ထိုးလုပ်တတ်တာ''

''ကြော် သင်္ဂီက ကိုယ့်မှာ အဲလိုအချက်တွေရှိတယ်ဆိုပြီး ရှုတ်ချတာပေါ့လေ''

''မဟုတ်ပါဘူး သင်္ဂီက ကိုကိုကျော်ရဲ့အဲဒီအကျင့်လေးတွေကို ချစ်နေရ ခွဲလမ်းနေရတာပါ၊ အိမ်ဦးနတ်ကြီးကို အပြစ်တင်ရက်ပါ့မလား ကိုကိုကျော်ရယ်၊ သင်္ဂီမှာပဲ ကိုကိုကျော်အတွက် သားသမီးရတနာ မွေးပေးနိုင်တဲ့အပြစ်တွေ ရှိနေတာပါ''

ဦးကျော်ခေါင် စကားမစခင် ဒေါ်သင်္ဂီက မျက်နှာငယ်လေးနှင့် ပြောလိုက်တော့ ဦးကျော်ခေါင် ပျာပျာသလဲ ဖြစ်သွားသည်။ ဒေါ်သင်္ဂီ ခုံးလေးနစ်သိမ့်သလို ထွေးဖက်ထားလိုက်ပြီး

''အဲဒီအတွက်တော့ ကိုယ့်ကိုကိုယ် အပြစ်ရှိတယ်လို့ မယူဆပါနဲ့ သင်္ဂီရယ်၊ ကိုယ်တို့ကံအကြောင်းတရားပေါ့၊ ပြီးတော့ သားကြီးရှိနေတဲ့အတွက် အငယ်လေးတွေမရတာလည်း ကောင်းပါတယ်''

''ဒါပေမဲ့ တစ်ယောက်လောက်တော့ ယူချင်သေးတာပေါ့ ကိုကိုကျော်ရယ်၊ သင်္ဂီကမွေးတဲ့မျိုးဆက်ကလေးရှိချင်သေးတာပေါ့၊ အခုတော့''

''ကဲပါ သင်္ဂီရယ် ကလေးမရလည်း ကိုယ်က သင်္ဂီကို တစ်သက်လုံးပေါင်းသင်းသွားမှာပါ၊ သင်္ဂီက ကိုယ့်အတွက် အကြံဉာဏ်ကောင်းတွေပေးနိုင်တဲ့ ဇနီးကောင်းပဲဥစ္စာ''

''အဲလို သဘောထားပေးတဲ့အတွက် ကျေးဇူးပါပဲ ကိုကိုကျော်၊ သင်္ဂီကလည်း တစ်သက်လုံးဇနီးကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားသွားပါမယ်၊ ဒါပဲနော် ကိုကိုကျော်သား အကောင်းမြင်လာအောင်လည်း ဒီကိစ္စသင်္ဂီ တိုက်တွန်းလို့ဆိုတာ ပြောဖို့မေ့မနေနဲ့''



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ သင်္ဂီရယ်၊ တကယ်လည်း သင်္ဂီပြောလို့ပဲဥစ္စာ၊ ဒါပေ ကိုယ်ထို့အကြံအစည်ကိုတော့ သားမသိမှဖြစ်မယ်၊ သူ့မိန်းမကိုအသုံး ချမယ်ဆိုတာသိရင် ဒီကောင် ဘယ်ခံပါ့မလဲ၊ အဲဒါဆိုရင် ကိုယ်တို့ ပြဿနာ တက်မှာ"

ခေါ်သင်္ဂီ ထောက်ခံသလို လက်မထောင်ပြီး ခေါင်းညိတ်သည်

"ဟုတ်တယ် အဲဒီကိစ္စ လုံးဝသိလို့မဖြစ်ဘူး၊ ပိရိမှဖြစ်မယ် ကောင်မလေးကိုတော့ ကိုကိုကျော် ခံခဲ့ရတာကို ကိုကိုကျော်စိတ်ကျေနပ် သွားတဲ့အထိ သင်္ဂီပြပေးမယ်၊ နောက်မှ ချွေးမကိုချစ်သွားပြီး သင်္ဂီကို ကန်မထုတ်ရဘူးနော်"

"ဟင်း ဟင်း မိန်းမကြီးကြောင့် အစာမကျေဖြစ်နေတဲ့ရောဂါ ကို သင်္ဂီက ဖြေဆေးကျွေးတာကို သင်္ဂီကိုကန်ထုတ်စရာလား၊ ပိုပြီးတော့ တောင် ချစ်လာသေးတယ်"

"အဟင်း နောက်ဆိုလေ ကိုကိုကျော်ဆန္ဒတစ်ခု ပြည့်ဦးမှာပါ"

"ဘာလဲ"

"ကိုကိုကျော်က သားကို သူ့အမေဆီ မသွားစေချင်ဘူးမဟုတ် လား"

"အင်း"

"မိန်းမရသွားရင် မိန်းမနားကပ်ချင်တာနဲ့ ဘယ်သွားပါတော့ မလဲ၊ မိန်းမနားကပ်ဖို့ အချိန်မရအောင်လည်း ကိုကိုကျော်က အလုပ်တွေ ဖိနိုင်းမှဖြစ်မယ်"

"ဟုတ်ပါပြီခင်ဗျာ၊ ဟောဒီက ထိပ်ထားလေးခိုင်းတဲ့အတိုင်း အကုန်လုပ်ပါမယ် ကျေနပ်ပြီလား"





"ကိုကိုကျော်အတွက်ပါနော်"

"ဟုတ်ပါပြီဗျာ"

ဦးကျော်ခေါင် အတွေးတွေဖြင့် အကျေနပ်ကြီးကျေနပ်နေသည်။ အောင်မင်းထွဋ်ကို ပညာပေးဖို့ အလှည့်ပြန်ကျပြီပေါ့။ ထားထားသွယ် နှင့်ကွဲခဲ့ရတာ ဒီကောင်ကြောင့်မဟုတ်ပါလား။

ထားထားသွယ်ကို တကယ်ချစ်လို့ လက်ထပ်ခဲ့တာပါ။ အေး ဆေးတည်ငြိမ် မိန်းမကောင်းပီသလို့လည်း ချစ်မြတ်နိုးပိုခဲ့သည်။ နောက် ပိုင်း လင်ယောကျ်ားအပေါ် သစ္စာဖောက်ပြီး အောင်မင်းထွဋ်ကို အကူ အညီတွေပေးခဲ့သော ထားထားသွယ်ကို လုံးဝ ခွင့်လွှတ်လို့မရ။ အိမ် ထောင်ရေးဖောက်ပြန်သောမိန်းမကို ဘာအထင်ကြီးစရာလိုတော့လို့လဲ။

လင်စီးပွားကိုဖျက်သောမိန်းမ။ တခြားယောကျ်ားကို အကောင်း မြင်သောမိန်းမမို့ ဘာနစ်နာကြေးမှမပေးဘဲ ကွာရှင်းပစ်ခဲ့သည်။ အခု ဘာတတ်နိုင်သေးလဲ။

မင်း အထင်ကြီးခဲ့တဲ့ယောကျ်ားရဲ့စီးပွားကို ငါ ပြန်ဖျက်ပြမယ် ထားထားသွယ်။ မင်းစောင့်ကြည့်ထားပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ကိုယ်ကြည့်နေတာ ကြာပြီ၊ ဘာလို့ အရမ်းမှိုင်နေတာလဲ ပန်း"

"ကမ္ဘာနဲ့ကိစ္စ ဖေဖေက လက်မခံဘူးဖြစ်နေတယ်၊ ကိုကို အဲ ကိုလက်ာ"

"ကိုကိုဆိုတာ နှုတ်ကျိုးနေလို့ ခေါ်ရတာ တစ်မျိုးဖြစ်နေတာ ထင်တယ်၊ နောက်တော့ အဆင်ပြေသွားမှာပါ၊ ကိုကိုလို့မခေါ်တော့တာ ကမ္ဘာပိုင် မကြိုက်လို့မဟုတ်လား"

"ဟို သူ့ကို ကိုကိုလို့ခေါ်နိုင်းနေတော့ ကိုလက်ာကိုလည်း ခေါ်ရမှာတစ်မျိုးဖြစ်နေလို့ပါ"

"သြော်"

ရင်ထဲအောင့်သက်သက်ဖြစ်သွားစေသည်။ ကိုကိုလို့ ငယ်ငယ်တည်းက ခေါ်လာခဲ့သည့်ကောင်မလေးက ချစ်သူရမှ ကိုလက်ာလို့ ပြောင်းခေါ်တာ သူစိမ်းဆန်သွားသည်ဟု ထင်မိသည်။





ဒါပေမဲ့ ပြောင်းလဲချိန်တန်လို့ ပြောင်းလဲသွားတာပဲလို့ ဖြေလိုက်ပါသည်။

"ကိုလက်ာ"

"အင်း ပြောပါ ပန်း"

"ဖေဖေက ကိုလက်ာကို ဘာပြောသေးလဲဟင်"

"ကိုယ့်ကို အားနာလို့ထင်တယ်၊ ဘာမှမပြောပြသေးဘူး၊ ဒါနဲ့ အန်ကယ်လက်မခံဘူးဆိုတော့ ဟိုဘက်ကရော လက်ခံလို့လား"

"ဘယ်မိဘမှ လက်မခံလည်း ရစ်မူးတို့နှစ်ယောက် စွန့်စားဖို့ ဆုံးဖြတ်ထားကြပါတယ်"

"ဘာ"

"ရစ်မူးတို့က အသက်မပြည့်တဲ့ စဉ်းစားဉာဏ်မဲ့တဲ့အရွယ်တွေ မဟုတ်တော့ပါဘူး၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ကိုယ်ပိုင်ဆုံးဖြတ်နိုင်နေကြပါပြီ၊ မိဘတွေကို လွန်ဆန်ချင်လို့ မဟုတ်ပေမယ့် လက်ထပ်ဖို့ ကိစ္စ လက်မခံဘူးဆိုရင်တော့"

"ပန်း အဲလိုတော့ ဖွတ်မလုပ်သင့်ဘူး၊ အန်ကယ်က ပန်းကို အရမ်းချစ်နိုင်လွန်းခဲ့တဲ့အဖေပါ၊ အခုသဘောမတူဘူးဆိုတာလည်း ပန်းအတွက်ပါ၊ ကမ္ဘာပိုင်အဖေရဲ့စရိုက်က အရမ်းကြောက်ဖို့ကောင်းတယ်"

"ရစ်မူးက ကမ္ဘာပိုင်နဲ့လက်ထပ်မှာပါ၊ သူ့အဖေနဲ့လက်ထပ်မှာ မဟုတ်ပါဘူး"

"ပန်းရယ်"

ဘယ်လိုမှ နားချလို့မရတော့ပါလားလို့ သိလိုက်ရသည်။ ပန်းအတွက် စိတ်မကောင်းဖြစ်ရတာထက် ပန်းဆုံးဖြတ်ချက်ကြောင့် ပန်း



www.burmeseclassic.com

www.burmeseclassic.com



အဖေအတွက် ပိုပြီးစိတ်မကောင်းဖြစ်ရသည်။

"ပန်း တကယ်ပဲ အဲဒီအတိုင်း ဆုံးဖြတ်ထားတာလား"

"ပန်းတို့နှစ်ယောက်လုံးရဲ့ဆုံးဖြတ်ချက်ပါ၊ သူလည်း သူ့အဖေရဲ့ အထိုးအကြိတ်ကိုခံပြီး အတိုက်အခံလုပ်နေတယ်၊ နောက်ဆုံးအချိန်အထိ သူ့အဖေ လက်မခံရင် ပန်းဘက်ကလည်း ဖေဖေလုံးဝလက်မခံတော့ဘူး ဆိုရင် ပန်းတို့ဘာသာ နှစ်ယောက်တစ်ဘဝ ထူထောင်ရုံပဲ ရှိပါတော့တယ်"

"အေးလေ ပန်း ဒီလိုဆုံးဖြတ်ထားတာ အန်ကယ်အတွက် ကိုယ် တကယ်စိတ်မကောင်းဘူး။ အန်ကယ်က ပန်းကိုအရမ်းကို မျှော်လင့်ထားတာ၊ ပန်း သင်တန်းပြီးရင် ကိုယ်နဲ့လက်ထပ်ပေးမယ်၊ ပြီးရင် လုပ်ငန်းတွေ ဒီထက်အောင်မြင်အောင် အတူတူကြိုးစားကြမယ်ဆိုပြီး တော့ပေါ့၊ အန်ကယ်က အသက်အရွယ်အရ ကိုယ်တို့ကို အားကိုးချင်ရှာတာလေ"

"ကိုလက်ာကို လက်မထပ်နိုင်တဲ့အတွက်တော့ ရစ်မှူး အရမ်း အားနာပါတယ်၊ တောင်းလည်း တောင်းပန်ပါတယ်၊ ကိုလက်ာကို ရစ်မှူး အစ်ကိုတစ်ယောက်လိုပဲ ချစ်နိုင်လို့ပါ"

"ကိုယ်လည်း ပန်းကို ညီမလေးတစ်ယောက်လိုပဲ ချစ်ခဲ့တာပါ ဒါပေမဲ့ အန်ကယ် ရည်မှန်းချက်ထားတဲ့အချိန်တွေကတော့ စိတ်ကူးယဉ် ခဲ့ဖူးပါတယ်၊ ညီမတစ်ယောက်လို ချစ်နေရာက ဖြစ်မှဖြစ်နိုင်ပါ့မလား လို့လေ၊ အဲဒီအချိန်မှာပဲ ပန်းက ချစ်သူရှိတယ်ပြောလိုက်တော့ ကိုယ် နာနာကျင်ကျင်ခံစားလိုက်ရပါသေးတယ်"

"ရစ် ရစ်မှူး စိတ်မကောင်းပါဘူး ကိုလက်ာ"





အဲဒီနာမည် ခေါ်တဲ့နေ့ကလည်း နာကျင်စွာခံစားရပါတယ်လို့ မပြောချင်တော့ပေ။ ဟန်ဆောင်အပြုံးနှင့် သူမခေါင်းလေးကိုပဲ ဖွဖွလေး ပုတ်လိုက်ပြီး

"စိတ်မကောင်းမဖြစ်ပါနဲ့ ပန်းရယ်၊ ကိုယ်တို့ကမောင်နှမတွေ ပဲ အရမ်းသူစိမ်းဆန်သလိုဖြစ်သွားတဲ့အတွက်ပဲ ကိုယ် စိတ်မကောင်းဖြစ် ရတာပါ၊ အရင်ဘဝလေးက ပျော်စရာကောင်းခဲ့တယ် မဟုတ်လား"

"အဲဒီအချိန်ကာလတွေ ရစ်မှူးဘယ်တော့မှ မေ့မသွားပါဘူး ကိုလက်ာ၊ ကိုလက်ာတို့မိသားစုရဲ့ နွေးထွေးမှုတွေ ရစ်မှူး တစ်သက်လုံး မမေ့ပါဘူး"

"အဲဒီစကားပြောပေးနိုင်တဲ့အတွက် ကျေးဇူးတင်ပါတယ် ပန်း ရယ်၊ ကိုယ်တို့ကလည်း ပန်းအိမ်ထောင်ကျသွားတောင် ဘယ်တော့မှ လစ်လစ်ခါခါ မနေပါဘူး၊ ပန်းက ကိုယ်တို့မိသားစုရဲ့မိသားစုဝင်ပါပဲ၊ ပန်းတို့ ရဲ့ကျေးဇူးကိုလည်း ဘယ်တော့မှ မေ့မယ့်သူတွေမဟုတ်ပါဘူး၊ အဲဒီအ တွက် ပန်းလည်း အရမ်းကြီး စိမ်းမသွားပါနဲ့ကွာ"

"ဟုတ်ကဲ့ ဟုတ်ကဲ့ပါ ကိုလက်ာ၊ အချစ်နဲ့တွေ့မှ ရစ်မှူး ဆိုသွမ်း သဲမိန်းကလေး ဖြစ်နေပြီနော်၊ ဒီအခိုက်အတန့်မှာ အားလုံးကိုမေ့ထားမိ သလိုပဲ"

"ရပါတယ် ပန်းရယ်၊ ဒီအချိန်မျိုးမှာ ဒီလိုဖြစ်တတ်တာပဲ၊ ကိုယ်တို့နားလည်ပါတယ်၊ ကိုယ်တစ်ခုပဲ တောင်းပန်ချင်တယ်၊ ဒီစွန့်စား မယ် နှစ်ဦးသဘောတူတာဝတစ်ခု တည်ဆောက်မယ်ဆိုတဲ့ကိစ္စကို အဆော သလျှဉ် မဆုံးဖြတ်လိုက်ပါနဲ့၊ အန်ကယ့်ကို ကိုယ် နားဝင်အောင်ပြော ပြည့်ပါ့မယ်၊ အဲဒါကြောင့်ပဲ အိမ်ကိုလာခဲ့တာ၊ အန်ကယ်က အိမ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်မဟုတ်လား''

ကားကိုမြင်ရုံနှင့် တမင်မေးလိုက်ခြင်းက အခြေအနေကို သိချင်လို့ပါ။ အရင်တုန်းက သားအဖချင်း ရင်းနှီးနွေးထွေးသလောက် အခု ပန်းရစ်မှူးက ပေါ်တီကိုအောက်မှာထွက်ထိုင်နေပြီး ဦးအောင်မင်းထွဋ်က အိမ်ထဲမှာ ရှိနေခဲ့သည်။

တစ်နေရာစီမှာ ခံစားမှုတစ်မျိုးစီနှင့် စိတ်ဆင်းရဲနေကြမှာပါ။ ပန်းရစ်မှူးက အိမ်ထဲကိုတစ်ချက်လှမ်းကြည့်ပြီး

''ဖေဖေ ဧည့်ခန်းထဲမှာတော့ မထိုင်ဘူး။ သူ့အခန်းထဲမှာနဲ့ စာကြည့်ခန်းထဲမှာ တစ်နေရာရာမှာရှိလိမ့်မယ်၊ ရစ်မှူးနဲ့မျက်နှာချင်းဆိုင် ရမှာစိုးလို့ အဲလိုနေနေတာ ထင်တယ်''

''အန်ကယ် စိတ်မကောင်းဖြစ်နေလို့နေမှာပါ၊ သမီးတစ်ယောက် သဘောမတူဟဲ့သူနဲ့ အိမ်ထောင်ပြုချင်တာ စိတ်ထိခိုက်စရာကိစ္စပဲလေ ပန်းကပဲ နားလည်ပေးလိုက်ပါ၊ ပန်းက အမှားလုပ်နေတာ မဟုတ်လား''

''ဟုတ်ပါတယ် ရစ်မှူး အရမ်းမှားပါတယ်၊ အချစ်ကြောင့် ရစ်မှူး တွေးတောဆင်ခြင်နိုင်စွမ်းတွေ မရှိတော့ဘူး။ ရှုးမိုက်ချင်တယ် ရှေ့ကို ဖွတ်တိုးချင်နေတယ်၊ သူနဲ့အတူနေရရင် ပျော်ရွှင်ကြည်နူးရမှာပဲလို့ ခံစား ပြီး နောက်ဆုတ်ဖို့စဉ်းကို မစဉ်းစားရဲဘူး ဖြစ်နေတယ်''

''ပန်းက ကမ္ဘာပိုင်ကိုအရူးအမူးကိုချစ်နေတော့တာပဲ၊ ဒါပေမဲ့ လေ အချစ်နဲ့ပတ်သက်ပြီး အတွေ့အကြုံမှ မရှိခဲ့တာ၊ ကိုယ်တို့မိသားစု တွေနဲ့ပဲ ပျော်ရွှင်အောင်နေခဲ့တာကိုး။ ကိုယ်နားလည်ပါတယ် ပန်းရယ် ကဲ ကိုယ် အန်ကယ့်ဆီသွားလိုက်ဦးမယ်နော်''

''ဟုတ်ကဲ့ ကိုလက်ာ ရစ်မှူး ကျေးဇူးတင်ပါတယ်၊ ပန်းက





နားလည်ပြီး ကူညီပေးလို့''

ဘုန်းလက်ာ မချိုပြုံးလေးပဲ ပြုံးပြနိုင်ခဲ့သည်။ စွန့်လွှတ်ခံရတာ ဝမ်းနည်းလို့မဟုတ်ပါ။ ဥပေက္ခာပြုခံရတာ စိတ်မကောင်းဖြစ်မိလို့ပင်။ ဧည့်ခန်းမှာ ဦးအောင်မင်းထွဋ်ကို မတွေ့တော့ အပေါ်ထပ်လှေကားထစ် တွေအတိုင်း တက်လာခဲ့သည်။ အခန်းတံခါးကိုခေါက်ကြည့်တော့ မရှိ။ ဘုရားခန်းနားက စာကြည့်ခန်းတံခါးကို ခေါက်ကြည့်မှ

''ဘယ်သူလဲ''

''ကျွန်တော်ပါ အန်ကယ် ဘုန်းလက်ာ''

''ဪ လာလေ မောင်လက်ာ''

ကိုယ့်အသံကြားမှ တံခါးထဖွင့်ပေးသည်။ စာကြည့်ခန်းထဲမှာ ဦးအောင်မင်းထွဋ် စာတွေကို စိတ်ဝင်တစားဖတ်နေတာတော့ မဟုတ်နိုင်ပေ။ ဦးအောင်မင်းထွဋ် ထိုင်နေသော ဆိုဖာခုံရှည်ပေါ် ဝင်ထိုင်တော့

''အိမ်ကနေတစ်ခေါက်ထွက်လာတာ ထင်တယ်၊ ဘာကိစ္စရှိလို့လဲ မောင်လက်ာ''

''ပန်းကိစ္စလေး လာပြောတာပါ အန်ကယ်၊ အန်ကယ် ဒီအတိုင်းပဲ နေလို့တော့ မဖြစ်ဘူးထင်တယ်''

''သူလုပ်ချင်တာ လုပ်ဖို့ဆုံးဖြတ်ထားတဲ့သမီးကို အန်ကယ် ဘာမှမပြောချင်တော့ဘူး။ အန်ကယ့်စကားကို နားမထောင်တာ အန်ကယ် ဝမ်းနည်းမိတယ်၊ ငါ ဘာတွေတာဝန်မကျေခဲ့လို့လဲ၊ ငါ့ဘက်က ပြောဆို ဆုံးမမှုတွေ မရှိခဲ့လို့လား၊ အမျိုးမျိုးတွေးပြီး စိတ်မကောင်းဘူး''

''အဲဒါတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒီအချိန်မျိုးမှာ ကိုယ့်ဘက် က တင်းနေရင် သူလုပ်ချင်ရာ လုပ်သွားတော့ ပိုပြီး စိတ်မကောင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရမှာပေါ့ အန်ကယ်၊ ပန်း ကောင်းကောင်း မကောင်းကောင်း အန်ကယ် စွန့်ပစ်နိုင်မှာမှ မဟုတ်တာ၊ သူဖြစ်ချင်တာကိုပဲ တာဝန်ဝတ္တရားကျေအောင် လုပ်ပေးလိုက်ပါကွယ်''

ဦးအောင်မင်းထွဋ် မျက်ရည်ဝဲစွာနှင့်ခေါင်းယမ်းသည်။ လေးလံသောသက်ပြင်းတွေကြောင့် လေပူတွေတောင် ကိုယ့်တက်လွင့်ထွက်လာ၏။ တော်ရုံစိတ်မသက်မသာဖြစ်နေပုံတော့ မဟုတ်ပေ။

''သမီးရွေးချယ်လိုက်တဲ့သူက ကျော်ခေါင်သားမဟုတ်ဘူးဆိုရင်တောင် အန်ကယ် ဒီလောက် စိတ်မထိခိုက်ပါဘူး၊ သမီးမှာချစ်သူရှိနေလို့ အန်ကယ်စီစဉ်ထားတဲ့ မင်းနဲ့လက်မထပ်နိုင်တာလို့ အန်ကယ် ဖြေသာပါတယ်၊ အခုတော့ အန်ကယ့်ကိုရန်သူလိုသဘောထားနေတဲ့သူရဲ့သား လူကြီးချင်း အရမ်းအကြီးအကျယ် ပဋိပက္ခရှိခဲ့တဲ့သူရဲ့သား ဖြစ်နေတယ်''

''ဒါကတော့ အန်ကယ်၊ ကမ္ဘာပိုင်ကလည်း သူ့အဖေကိုဆန့်ကျင်ပြီး ပန်းကိုစွဲလမ်းနေတဲ့သူဖြစ်နေတော့ ပန်းအနေနဲ့လည်း ရုန်းထွက်နိုင်မှာမဟုတ်ဘူး၊ ဘယ်မိဘမှ လက်မခံရင် သူတို့နှစ်ယောက်တစ်ဘဝတည်ဆောက်ဖို့အထိ သတ္တိရှိနေကြတယ် အန်ကယ်''

''ဘာ''

''မိုက်ရူးရဲဆန်မယ့်အရွယ်မဟုတ်ပေမယ့် သတ္တိနဲ့ဆုံးဖြတ်ချက်ချရဲတဲ့အရွယ်တော့ ရောက်နေကြပါပြီ၊ နှစ်ယောက်အားနဲ့ဘဝတစ်ခုထူထောင်နိုင်တဲ့အင်အားတွေ သူတို့မှာ ရှိနေကြတယ်၊ စွန့်ပစ်သွားမှာထက်စာရင် မိဘဝတ္တရားနဲ့ နားလည်ပေးလိုက်တာ ကောင်းမယ်လို့ထင်ပါတယ် အန်ကယ်''

ဘုန်းလက်ာ စကားကို ဦးအောင်မင်းထွဋ် အလေးအနက်



ခေါင်းညိတ်သည်။

''အန်ကယ်က သမီးအတွက်ပဲ စိတ်မကောင်းဖြစ်နေတာပါ၊ ကျော်ခေါင် ဘယ်လိုလူမျိုးလဲဆိုတာ အန်ကယ် သိတယ်၊ သူ့ဒဏ်ကိုခံနိုင်တော့လို့ ထားထားသွယ် ကွာရှင်းပြီး သီလရှင်ဝတ်သွားခဲ့တယ်၊ အန်ကယ်နဲ့မဟုတ်ကဟုတ်ကတွေ စွပ်စွဲသမုတ်လို့လေ၊ တကယ်က သူ့ယောကျ်ားရဲ့မတရားမှုတွေကို မကြိုက်လို့ လုပ်ငန်းကိစ္စတွေ အန်ကယ့်ကိုနှုန်းဆက်အသိပေးရုံပါပဲ၊ ဒါကို လင်ငယ်ထားသလိုလိုကို စွပ်စွဲတာ''

''ဪ''

''အန်ကယ်လည်း ထားထားသွယ်အတွက် စိတ်မကောင်းဘူး၊ ထားထားသွယ်က ငယ်ငယ်တည်းက အေးအေးချမ်းချမ်း နေတတ်တဲ့သူ၊ ငယ်ငယ်ကလည်း ခဏခဏ သီလရှင်ဝတ်ဖူးတယ်၊ ရန်ကုန်ရောက်မှ ကျော်ခေါင်နဲ့ဆုံပြီး ဘယ်လိုလက်ထပ်ဖြစ်သွားတယ် မသိပါဘူး၊ တစ်ယောက်နဲ့တစ်ယောက် နှစ်သက်လို့ပဲဖြစ်မှာပါ၊ အန်ကယ်နဲ့တွေ့တဲ့အချိန်ရောက်တော့ သူ့အိမ်ထောင်ရေးကို သူတော်တော်လေး စိတ်ကုန်နေပြီ၊ အန်ကယ့်စီးပွားရေးအရမ်းကြီး အောင်မြင်နေတာမဟုတ်ဘူးဆိုတာလည်း သူ သိတယ်၊ သူက သူ့ယောကျ်ားအကြောင်းပြော၊ အန်ကယ်က အန်ကယ့်စီးပွားရေးအကြောင်း ပြောကြတာကိုး''

ဦးအောင်မင်းထွဋ်က စကားတွေအများကြီး ပြောရင်းနှင့် သက်ပြင်းတွေလည်း ရှိုက်သည်။ ဆိုဖာခုံကို ကျောကပ်မှီလျော့ထိုင်ပြီး

''အဲဒီအချိန်ကကိစ္စတွေ အဲဒီအချိန်မှာပဲ ပြီးပြီလို့ထင်တာ၊ အခု သမီးကြောင့် ထပ်ပတ်သက်ရပြန်တော့မယ်၊ အန်ကယ် ဘယ်လိုလုပ်ရမလဲ မောင်လက်ာ''

www.burmeseclassic.com

www.burmeseclassic.com



''ပန်းရဲ့ကံကြမ္မာပေါ့ အန်ကယ်၊ ပန်းက စိတ်ထားကောင်း
အတွက် ကံတော့ကောင်းမှာပါ''

''အဲလိုမျှော်လင့်လို့ ရနိုင်ပါ့မလား မောင်လကျာ''

''အန်ကယ် စိတ်မချရင် ကမ္ဘာပိုင်ကို ခေါ်တွေ့ကြည့်ပါ
အန်ကယ်၊ ပန်းကိုစိတ်ချမ်းသာအောင် ထားနိုင်ပါ့မလားလို့ မေး
ပေါ့''

''အခုနေမေးရင် ထားနိုင်ပါတယ်လို့ပဲ ဖြေမှာပေါ့ မောင်လ
အိမ်ထောင်ရေးရဲ့ဆိုးကျိုးဆိုတာ ကြာလာမှသိရတာ၊ အခုချိန်မှာ
ဘယ်သူမဆို ရင်ဆိုင်မယ်ဆိုတာလည်း ရင်ဆိုင်ရတဲ့သတ္တိတွေရှိနေကြ
စွန့်စားရမှာကိုလည်း ကြည်နူးကျေနပ်နေကြမှာပဲ၊ မိဘတွေကို အ
အခံလုပ်ရမှာကိုလည်း သူတို့ကိုယ်သူတို့ သူရဲကောင်းတွေလို့ ထင်
မှာပဲ၊ အိမ်ထောင်တစ်ခုမှာ မိသားစုနှစ်စုပတ်သက်ရတယ်လို့
တွေးမိကြသေးမှာ မဟုတ်ဘူး၊ တစ်ကမ္ဘာလုံးမှာ သူတို့နှစ်ယောက်
ရှိတယ်လို့ တွေးနေကြမယ့်အချိန်လေ''

''အန်ကယ် အရမ်းကြီး စိတ်ထဲမှာတွေးမထားပါနဲ့၊
ချစ်တဲ့စိတ်နဲ့ နားလည်ပေးလိုက်တယ်ဆိုရင်ပဲ အန်ကယ့်စိတ်တွေ
သွားမှာပါ''

''အေးပါ မောင်လကျာရယ် မင်းအဲလို ဖြေသိမ့်ပေး
အန်ကယ် ကျေးဇူးတင်ပါတယ်၊ သမီးနဲ့ပတ်သက်ပြီး မင်းကိုအား
နာတယ်''

''အဲဒါကတော့ ကျွန်တော့်ကိုအားနာစရာ မလိုပါဘူး အန်
ပန်းကို ကျွန်တော် ညီမလေးတစ်ယောက်လိုပဲ ချစ်တာပါ၊ အဲ





စိတ်ထဲမှာ ဘာမှမထားပါနဲ့၊ ပန်းအဆင်ပြေဖို့ပဲ အရေးကြီးပါတယ်''

စေတနာအရင်းခံနှင့် ပြောလိုက်ခြင်းပါ။ ပန်းက မိသားစုဝင်
တစ်ယောက်လို တွယ်တာခဲ့ရသည့် ညီမလေးပဲမဟုတ်ပါလား။ အခြေ
အနေအရ ခွဲရမည်ဆိုလည်း ညီမလေးပါပဲ။

ကိုယ့်ဘက်ကတော့ ဘယ်တော့မှ ပြောင်းလဲမသွားပါဘူး ပန်း
ရယ်။ မင်းပျော်နိုင်ပါစေလို့ပဲ ဆုတောင်းနေပါတယ်။

■ ■ ■

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



သဘောတူလာတဲ့အထိတော့ ကျွန်တော်တို့ စောင့်ဦးမှာပါ''

''အောင်မင်းထွဋ်ကလည်း သဘောမတူဘူးတဲ့လား''

''သူ့သမီးကို စိုးရိမ်စိတ်နဲ့ တားကြည့်နေတာဖြစ်မှာပါ ဖေဖေ၊ ဒါပေမဲ့ ပန်းရစ်မှုးကလည်း ကျွန်တော့်လိုပဲ ဆုံးဖြတ်ပြီးသားပါ''

''ကောင်းတယ်ကွာ၊ အရမ်းကို လိမ္မာကြတဲ့ သားသမီးတွေပဲ''

ဦးကျော်ခေါင် အဓိပ္ပာယ်တစ်မျိုးနှင့် ပြုံးရင်း ပြောလိုက်သည်။ ...မှ ကမ္ဘာပိုင်ကို သေချာစိုက်ကြည့်ကာ

''မင်း အဲဒီကောင်မလေးကိုလက်ထပ်ချင်တယ်ဆိုလည်း လက် ...ခံပေါ့''

''ဗျာ''

''ငါ သဘောတူချင်လို့ တူလိုက်တာတော့ မဟုတ်ဘူး၊ သင်္ဂီက ...တို့ဖွတ်မိုက်မဲသွားရင် ဒုက္ခရောက်မှာစိုးလို့ သဘောတူပေးလိုက်ပါ ...က်ခံလိုက်ပါဆိုလို့''

''ဟင်''

မိထွေးကိုပဲ ကျေးဇူးတင်ရတော့မှာပါ။ မိထွေးစကားကို ဖေဖေ ...ယ်မကျ နားထောင်တတ်တာသိပေမယ့် ဒီကိစ္စ မိထွေးကြောင့် ...လိုက်လျောပေးတာကိုတော့ အရမ်းကိုအံ့ဩမိလေသည်။

ဖေဖေက ဟွန့်ခနဲ တစ်ချက်မဲ့လျက်

''မင်းက သင်္ဂီကို အကောင်းမြင်စိတ်မရှိပေမယ့် သင်္ဂီကတော့ ...တစ်ယောက်လို့ စေတနာရှိရှာပါတယ်၊ ဟိုတက်ကလည်း လက်မခံ ...ဆိုရင် သူတို့လုပ်ချင်ရာလုပ်သွားတာနဲ့ လမ်းဘေးရောက်သွားလိမ့် ...မ်တဲ့၊ အေး ငါကတော့ ဒီအတိုင်း မင်းကိုသဘောတူပေးလိုက်တာပါ



## အခန်း (၂၀)

''မင်းကိုပြောစရာရှိတယ် ထိုင်ဦး''

မျက်နှာချင်းမဆိုင်ဖြစ်တာ ကြာပြီဖြစ်သော ဖေဖေက လေ... ခပ်ဆတ်ဆတ်နှင့် ပြောလိုက်တာမို့ ဖေဖေရှေ့ကခုံမှာ ဝင်ထိုင်လိုက်... သည်။ ဖေဖေ့အနားမှာ မိထွေးကိုမတွေ့ရတာတော့ စိတ်သက်သော... သက်သာ ဖြစ်မိသည်။

မဟုတ်လျှင် မဲ့ပြုံးတွေ ခနိုးခနဲ့အပြုံးတွေကြောင့် အကုသို... များရလွန်းလို့ပါ။

''မင်းက ဟိုကောင်မလေးကို လက်ထပ်ရမှ ဖြစ်မှာလား''

''ဗျာ ဟုတ်ကဲ့ ကျွန်တော်သူ့ကိုလက်ထပ်မှာပါ ဖေဖေ''

''ငါ လက်ခံခံ သဘောမတူတူလား''

''ဖေဖေ့ကို မလေးစားလို့တော့ မဟုတ်ပါဘူး၊ ကျွန်တော်... လည်း အရွယ်ရောက်နေပါပြီ၊ မိဘတွေ ပဋိပက္ခကြောင့် ကွဲရကွာရ... ခေတ်လည်း မဟုတ်တော့ပါဘူး၊ အတတ်နိုင်ဆုံးတော့ မိဘတွေလ...

www.burmeseclassic.com



မဟုတ်ဘူးနော်၊ ငါ့စိတ်က အဲလောက် မပျော့ညံ့ဘူး၊ မလွယ်ဘူး၊ အဲဒီ တော့ ငါတောင်းဆိုတာတွေကို လိုက်လျောနိုင်မှပဲ''

''ဟုတ်ကဲ့ ပြောကြည့်ပါ ဖေဖေ''

''အဲဒီကောင်အိမ်ကို မင်းလုံးဝ လိုက်မနေရဘူး၊ သူ့သမီးကိုပဲ ဒီအိမ်ခေါ်လာရမယ်''

''ဒါကတော့ ယောင်နောက်ဆံထုံးပါ သိပ်ညှိနေရမယ့်ကိစ္စ မဟုတ်ပါဘူး ဖေဖေ''

''အေး အောင်မင်းထွဋ်က ယောက္ခမဖြစ်သွားပြီဆိုပြီး မင်းအမေ လို ငါ့စီးပွားပျက်အောင် အတွင်းရေးကိစ္စတွေလည်း မပြောမိစေနဲ့ နောက်ဆုံး သူ့လုပ်ငန်းကိစ္စတွေမှာလည်း မင်း ပါဝင်ပတ်သက်စရာ မလိုဘူး။ မင်းက ငါ့သား၊ ငါ့စီးပွား ငါ့လုပ်ငန်းတွေကိုပဲ လုပ်ရမယ်၊ အမွေလည်း မင်းပဲဆက်ခံရမှာ၊ ငါပြောတာ မင်းနားလည်လား''

''ဟုတ်ကဲ့ နားလည်ပါတယ် ဖေဖေ''

''ပြီးတော့ မင်းမိန်းမကို ကြိုပြောထား၊ အိမ်ထောင်ရှင်မ ကောင်းပီသအောင် နေရမယ်လို့ အဲဒါဘာလဲဆိုတာ မင်းနားလည်ပါ တယ်''

ခေါင်းသာညိတ်လိုက်ရပေမယ့် ဖေဖေ ဘာကိုဖြစ်စေချင်နေမှန်း သူ တကယ်မသိပေ။ သူ ပျော်ရမှာလား၊ ဖိစီးမှုတွေ ပိုများလာမလား လည်း မရေရာ။

''ငါပြောတာကို သဘောရောပေါက်ရဲ့လား ကမ္ဘာ''

''ဟုတ်ကဲ့ ရစ်မှူးက လိမ္မာအေးဆေးတဲ့သူပါ။ ဆက်ဆံကြည့်ရင် နဲ့ချွေးမတစ်ယောက်အဖြစ် ဖေဖေ လက်ခံလာမယ်လို့ ကျွန်တော်





ကြည်ပါတယ်''

''အဲဒါတော့ မင်းမျှော်လင့်မထားနဲ့၊ မင်းကိုမစွန့်နိုင်လို့ ဒီကိစ္စ ...ဖြစ်မနေ လက်ခံပေးလိုက်တာပဲရှိတယ်၊ အောင်မင်းထွဋ်သမီးကို ချွေးမ ...ဖြစ် ဘယ်တော့မှ အသိအမှတ်ပြုမှာမဟုတ်ဘူး၊ မင်းပြောသလို သူ ...တတ်စားတတ်ရင် နောင်တစ်ချိန်ဆိုတာတော့ မပြောတတ်ဘူးပေါ့၊ ...ည့်သားတစ်ယောက်အပေါ်တောင် ငါ မာနရှိသေးတာကွာ သူ့ဘက်က ...ပျော့ပျောင်းပြီး နူးညံ့မယ်ဆိုရင်တော့''

''ဖေဖေ ဖြစ်စေချင်တာကို ကျွန်တော် သူ့ကိုပြောပြထားပါ ... ဖေဖေ၊ ရစ်မှူးက နားလည်လွယ်တဲ့မိန်းကလေးပါ၊ ဖေဖေလက်ခံ ...တာကိုလည်း သူ ကျေးဇူးတင်နေမှာပါ''

''ငါ့ကိုကျေးဇူးတင်စရာမလိုပါဘူး၊ တင်ချင်ရင် သင်္ဂီကို ကျေးဇူး ...မှာ၊ မင်းလည်းရှေ့လျှောက် သင်္ဂီကိုကောင်းကောင်းဆက်ဆံ ကြား ...''

''ဟုတ် ဟုတ်ကဲ့ ဖေဖေ''

ဒီအချိန်မှာတော့ မိထွေးက တကယ်ကျေးဇူးရှင် ကယ်တင်ရှင် ...ဖြစ်လို့နေသည်။ မဟုတ်လျှင် ဖေဖေ လွယ်လွယ်နှင့်အလျှော့ပေးမှာမှ ...ဟုတ်တာ။

ဖေဖေနှင့်စကားပြောပြီး သူ့အခန်းရှိရာပြေးတက်လာခဲ့သည်။ ...ကိုဝမ်းသာစရာ သတင်းပေးချင်လို့ပါ၊ ညဆယ်နာရီကျော်နေပြီ ...မယ့် ရစ်မှူးဆီ ဖုန်းခေါ်လိုက်သည်။

ရစ်မှူးလည်း အိပ်သေးပုံမပေါ်။ ချက်ချင်းဖုန်းကိုင်လိုက်တာကို ...ိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ရစ်မှူး"

"အင်း ကိုကို၊ အိပ်တော့မှာမို့ ဂွတ်နိုက်လုပ်မလို့လား"

"မဟုတ်ဘူး ရစ်မှူးရဲ့၊ ဝမ်းသာစရာစကားပြောမလို့"

"ကိုယ့်ဖေဖေက သဘောတူလိုက်ပြီ၊ ကိုယ်တို့လက်ထပ်ဖို့ လက်ခံလိုက်ပြီကွ"

"ဟင် တ တကယ်လား ကိုကို"

"ဟုတ်တယ် ဖေဖေ့အလိုဆိုရင်တော့ ကိုယ်အသေခံပြီး သတ် သေပြတောင် အလျှော့ပေးမှာမဟုတ်ဘူး၊ အခု မိထွေးက နားချလို့ စိတ်ပြောင်းသွားတာ"

"ဩော် အဲလိုကျတော့လည်း ကိုကို့မိထွေးက စိတ်ကောင်း ရှိသားပဲ"

"အင်း ဒီတစ်ခါတော့ သူ့ကိုတော်တော်လေးကို ကျေးဇူးတင် သင့်တယ်၊ ဖေဖေက တော်ရုံစိတ်ပျော့တဲ့လူမဟုတ်ဘူး၊ ကိုယ်တို့မိုက်ရူးရဲ ဆန်သွားရင် လမ်းဘေးရောက်လိမ့်မယ်၊ ဒုက္ခရောက်ကြလိမ့်မယ်ဆိုပြီး ဖေဖေ့ကိုပြောတာတဲ့၊ တကယ်ကိုတန်ဖိုးရှိတဲ့ မိထွေးဖြစ်သွားတယ် ရစ်မှူး ရယ်"

"ရစ်မှူး ပျော်လိုက်တာ ကိုကိုရယ်၊ ကိုကိုရော ပျော်နေတာ မဟုတ်လားဟင်"

ဖုန်းပြောနေသလိုမဟုတ်ဘဲ မျက်နှာချင်းဆိုင် စကားပြောနေရ သလိုအထင်နှင့် ကမ္ဘာပိုင် ခေါင်းကိုအားရပါးရ ဝမ်းပန်းတသာ တဆတ် ဆတ် ညိတ်ရင်းနှင့်

"ဝမ်းသာတာပေါ့ ရစ်မှူးရယ်၊ ဒီလိုဖြစ်လာလိမ့်မယ်မျှော်မှ





မမျှော်လင့်ထားတာ၊ ဒါနဲ့ ရစ်မှူးအဖေရောဟင်၊ စိတ်မပြောင်းသေးဘူး လား။ သဘောထားတွေပြောင်းလဲ မလာသေးဘူးလား"

"ညနေကတော့ ကိုလက်ဘက အိမ်လာပြီး ဖေဖေ့ကိုပြောပေး မယ်လို့ပြောတာပဲ၊ ဖေဖေနဲ့တွေ့ပြီး ပြောတော့ ပြောခဲ့မှာပါ။ သူမပြန်ခင် ရစ်မှူးက အခန်းထဲဝင်နေတော့ ဖေဖေနဲ့စကားပြောတာ အဆင်ပြေလား ဆိုတာ မမေးလိုက်ရဘူး"

"ဩော် ဘုန်းလက်ဘ အိမ်လာသွားတယ်လား"

ကမ္ဘာပိုင်အသံက တစ်မျိုးဖြစ်ကာ လေးလံသွားသည်။ ရစ်မှူး ရှိနေသော နေရာကို ဒီကောင်သွားလာနေတာ မကြိုက်ပါ။ ရစ်မှူးဘက်က ခဏအသံတိတ်နေပြီးမှ

"ကိုလက်ဘက ရစ်မှူးတို့ကိစ္စပြောပေးဖို့ ဖေဖေ့ကိုလာတွေ့တာပါ၊ ကိုကို တစ်မျိုးထင်မနေနဲ့ဦး"

"ဟုတ်ပါပြီ ဒီဘက်က အဆင်ပြေတော့ အဲဒီဘက်ကလည်း အဆင်ပြေပါစေလို့ ဆုတောင်းမိတယ် ရစ်မှူးရယ်၊ သဘောမတူလို့ မိဘ တွေကို ကလန်ကဆန်လုပ်ရရင် ကိုယ်တို့လည်း မကောင်းဘူးလေ"

"ဟုတ်ပါတယ် ရစ်မှူးလည်း မိဘတွေကိုစုံကန်ထွက်သွားတာ မျိုး မဖြစ်ချင်ဘူး၊ ရစ်မှူး အဆင်ပြေအောင် ပြောကြည့်မှာပါ၊ ကိုကို အရမ်းစိတ်ညစ်မနေနဲ့နော်"

"အဟင်း ကိုယ်က ဖေဖေ့ဘက်က အဆင်ပြေသွားတာကိုပဲ တော်တော်ပျော်နေတာ၊ ဖေဖေက သူများတွေထက်ခေါင်းမာတတ်တဲ့သူ မို့လေး ကဲ ရစ်မှူး ကောင်းကောင်းအိပ်ပျော်ပါစေ ဂွတ်နိုက်နော် ရစ်မှူး"

"ဂွတ်နိုက်ပါ ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ပြီးပေမယ့် သူမ ဒီတစ်ညလုံး အိပ်လို့ပျော်မည် မထင်ပါ။ ကိုကို့ဖေဖေဘက်က အခြေအနေက စိတ်ချမ်းသာသွားရပေမယ့် သူမဘက်က ဖေဖေ့ဆန္ဒက ဘယ်လိုလာဦးမည်မသိပေ။ ကိုကို့ဖေဖေလို စိတ်ပြောင်းသွားပါစေလို့ပဲ . . .။

■ ■ ■

## အခန်း (၂၁)

ဘရိတ်ဖတ်စ်ဝိုင်းလေးက ခါတိုင်းလိုမဟုတ်တဲ့ တိတ်ဆိတ်နေခဲ့တာ ကြာခဲ့ပါပြီ။ သားအဖနှစ်ယောက် မျက်နှာချင်းဆိုင်ဆုံတိုင်း စကားအနည်းအကျဉ်းသာ ပြောဖြစ်ကြသည်။ ဒါပေမဲ့ ဖေဖေအတွက်ဆိုရင်တော့ သူမကိုယ်တိုင် ပြင်ဆင်ကျွေးနေကျပါ။

"ဖေဖေ ဒီနေ့ နန်းကြီးလေးသုပ်ထားတယ်၊ ကော်ဖီလည်း သေချာနှပ်ထားတယ်နော် ဖေဖေ"

ဖေဖေ မျက်နှာမကောင်းတာ သိပေမယ့် သူမဝဋ္ဋရားမပျက်ပါ။ ဖေဖေ့ရှေ့မှာ ဖွယ်ဖွယ်ရာရာပြင်ဆင်ပေးပြီးမှ သူမ ထိုင်ခုံမှာ ထိုင်လိုက်သည်။

"သမီး"

"ရှင်"

"ကမ္ဘာပိုင်နဲ့သမီး တကယ်လက်ထပ်မှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဟုတ် ဟုတ်ကဲ့"

"သမီးတစ်သက်လုံး စိတ်ချမ်းသာရမယ်လို့ ထင်လား"

"သမီး သူ့ကိုချစ်တဲ့အတွက် ဘယ်လိုကိစ္စတွေပဲ ကြုံလာကြုံလာ နောင်တတော့ရမယ် မထင်ပါဘူး ဖေဖေ"

"အေးပေါ့လေ ဒီအချိန်မှာတော့ ဒီအဖြေပဲရမယ်လို့ ဖေဖေ တွေးထားပြီးသားပါ၊ ဒါပေမဲ့ တစ်ခုတော့ ဖေဖေ ပြောထားချင်တယ်၊ နောင်တရတဲ့အချိန် ရှိလာရင် ဖေဖေ့ကိုသတိရပေးပါ"

"ရှင်"

"သမီးတို့လက်ထပ်မှာကို ဖေဖေ ခွင့်ပြုပါတယ်"

"ဖေဖေ"

"သားဆိုးသမီးဆိုးပစ်ရိုးထုံးစံမှ မရှိဘဲကွယ်၊ ဖေဖေသဘော မတူတဲ့သူကို ယူတယ်ဆိုပြီး ဖေဖေမပစ်ရက်ပါဘူး။ ဖေဖေလက်မခံလည်း သမီးတို့ဟာသာ စွန့်စားမှုတွေနဲ့ ဘဝတစ်ခုထူထောင်ကြတော့မှာမဟုတ်လား။ သမီးတို့ဒီအချိန်မှာ အရမ်းကိုသတ္တိရှိနေကြမယ်ဆိုတာ ဖေဖေ သိပါတယ်"

"ဟို ဒီ ဒီလိုပါ ဖေဖေ၊ ဖေဖေတို့လက်ခံလာတဲ့အထိတော့ သမီးတို့ ကြိုးစားကြဦးမှာပါ"

"အဆုံးထိ ဖေဖေ လက်မခံဘူးဆိုရင် ဖေဖေ့ရင်ခွင်ကို စွံကန် ထွက်သွားမှာပဲမဟုတ်လားကွယ်၊ နောက်ဆုတ်ဖို့တော့ စဉ်းစားမထားဘူး မဟုတ်လား"

ဟုတ်ပါတယ်လို့ ဖေဖေ့ကိုပြန်ပြောရမှာ အားနာနေသည်။ တကယ်ကို အဲလိုဆုံးဖြတ်ထားတာ အမှန်ပဲပါ။ ဖေဖေက သဘောပေါက်





နေဟန်ဖြင့်

"အဲဒါပြောတာ သားသမီးတွေ အရွယ်ရောက်လာရင် မိဘတွေ မပိုင်တော့ဘူးဆိုတာလေ၊ ကိုယ့်ကိုယ်ကိုယ် ပိုင်တယ်လို့ယူဆပြီး ကိုယ်ပိုင် ဆုံးဖြတ်ချက်တွေချတော့တာ"

"ရစ်မူးကြောင့် ဖေဖေ စိတ်ဆင်းရဲရတာ ရစ်မူး စိတ်မကောင်း ပါဘူး။ ရစ်မူး တောင်းပန်ပါတယ် ဖေဖေ"

"အေးလေ ဒီလိုပြောဖော်ရတာပဲ တော်သေးတယ်လို့ တွေးရ တော့မှာပေါ့၊ သမီးလျှောက်ချင်တဲ့လမ်းကို စိတ်ချမ်းသာသာနဲ့လျှောက်ပါ တော့ သမီး"

"ဖေဖေရယ်"

သူမ ဝမ်းသာရမည့်အစား ဖေဖေ့အတွက်စိတ်မကောင်းကာ မျက်ရည်တွေ လည်လာမိသည်။ ဖေဖေအနီးက ခုံကိုပြောင်းထိုင်လျက် ဖေဖေ့လက်လေးတွေကို ဆုပ်ကိုင်ထားလိုက်သည်။

ဖေဖေက သူမလက်တွေကို ပြန်ဆုပ်ကာ

"ဒီလိုရေစက်ဆိုးတွေ ရှိခဲ့တာကို ဖေဖေ စိတ်မကောင်းဘူး ကွယ်၊ သမီးလေး တစ်သက်လုံး စိတ်ချမ်းသာသာနေနိုင်ပါစေလို့ ဖေဖေ ဆုတောင်းနေပါမယ်"

"ဖေဖေရယ် ရစ်မူးအတွက် ဖေဖေ စိတ်ထိခိုက်နေရတာကို ရစ်မူး စိတ်မကောင်းပါဘူး။ နောက်ဆို ရစ်မူးအတွက် ဖေဖေ ဘယ်တော့မှ စိတ်မထိခိုက်ရအောင် ရစ်မူး ကြိုးစားပါမယ်၊ သူနဲ့လက်ထပ်လိုက်တာကို လည်း နောင်တမရအောင် ကြိုးစားပါမယ် ဖေဖေ"

"အေးပါလေ အဲလိုဆိုရင် ဖေဖေစိတ်ချမ်းသာပါသေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဖူးစာကံဆိုတာ ဘယ်သူခွဲလို့ရမှာလဲ၊ ကံကြမ္မာက ဆုံစည်းပေးတာပဲ

"အခုလို နားလည်ပေးတာ ကျေးဇူးတင်ပါတယ် ဖေဖေ"

ဖေဖေ့ကို ထိုစကားပြောပြီး သူမ ဝမ်းနည်းနေဆဲပဲဖြစ်သည်။ ဖေဖေ ကမ္ဘာဦးကိုထွက်သွားချိန်မှာ သူမလည်း ကမ္ဘာနှင့်တွေ့ဖို့ ဖုန်းဆက် ချိန်းကာ လာခဲ့လိုက်သည်။ ကန်တော်ကြီးထဲအရောက်မှာ ကားချင်းယှဉ် ရပ်ပြီး ကားပေါ်က ဆင်းလိုက်ကြသည်။

"ရစ်မူး"

"ကိုကို"

နှစ်ယောက်တွေ့ချိန်မှာတော့ ဝမ်းသာအားရ ပြေးဖက်လိုက် ကြသည်။

"ကိုယ့်ဘက်က အဆင်ပြေသွားသလို ရစ်မူးဘက်ကလည်း အဆင်ပြေသွားလို့ တော်သေးတာပေါ့"

"အဲဒါကြောင့် ဖုန်းထဲက ပြောရုံနဲ့အားမရလို့ ကိုကို့ကိုချိန်း လိုက်တာ၊ ရစ်မူး စိတ်မကောင်းလည်း ဖြစ်ရတယ် ကိုကို"

"ဘာဖြစ်လို့လဲဟင် ရစ်မူး"

"ဖေဖေက ရစ်မူးစိတ်ဆင်းရဲရမှာကို စိုးရိမ်နေတာ၊ ကိုလက်ာ သာပြောမပေးရင် ဖေဖေ စိတ်ဖြောင့်ဖြောင့်နဲ့ ရစ်မူးကို လက်ထပ် ခွင့်ပြုမှာမဟုတ်ဘူး"

"အဟင်း ကိုယ့်ဘက်က မိထွေးကို ကျေးဇူးတင်ရမယ်၊ ရစ်မူး ဘက်ကလည်း ဘုန်းလက်ာကို ကျေးဇူးတင်ရမယ်ပေါ့၊ ရစ်မူးအဖေ ဘုန်းလက်ာကို တော်တော်အထင်ကြီး လေးစားတဲ့ပုံပဲနော်၊ သမက်တော် ဖို့တောင် မျှော်လင့်ထားသေးတာ"





"အင်း အဲလိုရှိခဲ့တာကလည်း ကိုလက်ာက အလုပ်မှာ တော် တော်အားကိုးရတယ်လေ၊ ရစ်မူးတို့နှစ်ယောက်တိုင်ပင်ပြီး ဒီဇိုင်းတွေ ဆွဲကြတယ်၊ ကိုလက်ာက အမြင်ကောင်းတယ် ပညာတော်တယ်၊ ရစ်မူး ကိုလည်း သင်ပေးတယ်"

"ကိုယ့်ရှေ့မှာ တခြားယောကျ်ားကိုချီးမွမ်းစကားတွေ သိပ် မပြောပါနဲ့လား ရစ်မူးရယ်၊ ကိုယ်က အားငယ်တတ်လို့ပါ"

"အံမယ် မယ်"

စနောက်သည်ထင်၍ သူမ ပြန်၍စနောက်လိုက်မိသော်လည်း ကမ္ဘာမျက်နှာက ညိုမည်းမှုန်မှိုင်းနေလေသည်။ သူမ ကမ္ဘာပါးလေးကို လက်ချောင်းလေးတွေဖြင့် ပွတ်လိုက်ပြီး

"သဝန်တိုတတ်လိုက်တာ ကိုကိုရယ်၊ ဒါပေမဲ့ တခြားသူတွေနဲ့ ပဲ သဝန်တိုပါ ကိုကိုရယ် ကိုလက်ာနဲ့တော့ သဝန်မတိုလိုက်ပါနဲ့၊ ရစ်မူး တို့က တကယ်ကို မောင်နှမအရင်းတွေလို သံယောဇဉ်ရှိကြတာပါ နော် ကိုကို"

"ဟင့်အင်း ကိုယ်ကတော့ ရစ်မူးကို အရမ်းချစ်တဲ့အတွက် သူစိမ်းယောကျ်ားလေးဘယ်သူပဲဖြစ်ဖြစ် သဝန်တိုမှာပဲ ရစ်မူး၊ အဲဒါ ကြောင့် ရစ်မူးဘက်က ဆင်ခြင်ပေးရမယ် သိလား"

"ဟုတ်ကဲ့ပါရှင့်"

ပြောသာပြောလိုက်ရပေမယ့် သူမ မွန်းကျပ်မှုလေးဖြင့် သက် ပြင်းတော့ ချမိသည်။ ချစ်လို့သဝန်တိုတာကို ကြည်နူးရပေမယ့် အစွန်း ရောက်သွားလျှင်တော့ မကောင်းပေ။ သူ စိတ်ကျေနပ်အောင် သူ့ လက် မောင်းလေးကိုတွဲခိုလိုက်ရင်းမှ



www.burmeseclassic.com

www.burmeseclassic.com



"ကဲ အခုအဆင်ပြေသွားပြီဆိုတော့ ရစ်မှူးတို့လက်ထပ်ဖို့ ဘယ်လိုစီစဉ်ကြမှာလဲ ပြောပါဦး"

"ကိုယ်တို့နှစ်ယောက်ပဲ တိုင်ပင်ပြီး စီစဉ်ရမှာပေါ့၊ ဖေဖေတို့ကတော့ ဘာမှဦးဆောင်ပြီး လုပ်ပေးမှာမဟုတ်ဘူး၊ ဒီလို ခွင့်ပြုပေးတာပဲ တော်သေးတယ်၊ ကိုယ်တို့ တင့်တောင်းတင့်တယ် မင်္ဂလာဆောင်ခွင့်ရသေးတယ်လေ"

"ဟုတ်ပါတယ် အဲဒါလေးကိုပဲ ကျေးဇူးတင်ရဦးမှာ၊ ရစ်မှူးတို့ကံကောင်းသေးတာပေါ့နော်"

"အင်း ဒါပေါ့ ရစ်မှူး ပျော်တယ်မဟုတ်လား"

"အင်း ပျော်ပါတယ် ကိုကို"

ခပ်လေးလေးပင် ဖြေလိုက်မိသည်၊ ဘာတွေကရင်ထဲ လေးလံစေမှန်းလည်း မသိပါ။ ပေါ့ပါးမနေသောစိတ်နှင့်ပင် သူ့ရင်ခွင်ထဲကနေ ရုန်းမထွက်နိုင်ခဲ့ပေ။

သူမတို့ရဲ့မင်္ဂလာပွဲကြီး ဘယ်လိုဖြစ်လာမှာလဲ၊ သူမတို့ တကယ်ရောလက်ထပ်ဖြစ်ကြမှာလား။

လက်ထပ်ဖြစ်ရင်ရော ပျော်စရာကောင်းမှာလား။ ဘာပဲဖြစ်ဖြစ် သူမတို့ရဲ့အချစ်တွေကတော့ . . . ။

■ ■ ■



## အခန်း (၂၂)

တကယ် လက်ထပ်ဖြစ်ခဲ့သောမင်္ဂလာပွဲက လူကုံထံညြနိုသတ်များဖြင့် ကြီးကျယ်ခမ်းနားခဲ့သော်လည်း ထိုပွဲကို ဦးကျော်ခေါင်တက်ရောက်ခဲ့ပေ။ လုပ်ငန်းကိစ္စအကြောင်းပြ၍ အချိန်ကိုက်ပင် နိုင်ငံခြားကို အရေးတကြီးပုံစံဖြင့် ထွက်သွားခဲ့သည်။

ကမ္ဘာပိုင် မျက်နှာတွေထူပူပြီး ပန်းရစ်မှူးတို့ဘက်ကို အားနာသေမယ့် ဘာမှမတတ်နိုင်ခဲ့။ ဦးအောင်မင်းထွဋ်ကတော့ သမီးလေးမျက်နှာကိုအရိပ်တကြည့်ကြည့်ဖြင့် အခုချိန်ထိ စိုးရိမ်စိတ်တို့ ရှိနေဆဲပင်။

ညစ်ခံပွဲပြီးသွားချိန်မှာတော့ ကမ္ဘာပိုင်နှင့်ပန်းရစ်မှူးတို့နှစ်ယောက်ကို ဦးအောင်မင်းထွဋ်က အိမ်မှာခေါ်တွေ့ခဲ့သည်။ ဦးအောင်မင်းထွဋ်ရဲ့ဧည့်ခန်းအိမ်မှာတော့ မျက်ရည်တွေလည်လို့ပါ။

"မောင်ကမ္ဘာ"

"ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအကြောင်းကိစ္စတွေရှိရှိ ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ အနှ
မှာ မောင်ကမ္ဘာကို အန်ကယ့်သမီးလေးကို အပ်ပါတယ်၊ ကောင်းကော
စောင့်ရှောက်ပေးပါ၊ စိတ်ချမ်းသာအောင်ထားပေးပါ"

"ဟုတ်ကဲ့ စိတ်ချပါ အန်ကယ်"

"သတို့သားအဖေမပါတဲ့ မင်္ဂလာပွဲက အရမ်းကိုအကျည်း
ပါတယ် မောင်ကမ္ဘာ"

"ဖေ ဖေဖေကဟိုဘက်မှာ လုပ်ငန်းကိစ္စချိန်းပြီးသားဖြစ်နေ
ပါ၊ ကတိမပျက်ချင်လို့ပါ အန်ကယ်"

"အန်ကယ်ကတော့ အဲလိုဆင်ခြေမျိုးနဲ့ သားသမီးရဲ့မင်္ဂလာ
က ရှောင်ထွက်မသွားရက်ဘူး၊ ဘာပဲဖြစ်ဖြစ်ပါလေ မင်္ဂလာပွဲလည်း
ပြီးသွားပါပြီ၊ သမီးနဲ့မင်းနဲ့ ရှေ့ဆက်ရမယ့် အိမ်ထောင်ရေး သာ
ဖြောင့်ဖြူးဖို့ တည်မြဲဖို့ဆိုတာ မင်းအပေါ်မှာ မူတည်သွားပြီ၊ တာ
သွားပြီဆိုတာ မမေ့ပါနဲ့ တကယ်လို့ အန်ကယ့်သမီးအပေါ် စိတ်တိုင်
စရာ၊ အပြစ်ပြောစရာရှိလာခဲ့လို့ မင်းစိတ်ကုန်ပြီ မပေါင်းသင်းချင်
ဘူးဆိုရင် အန်ကယ့်ဆီကို ပြန်အပ်ပေးပါ မောင်ကမ္ဘာ"

"အဲ အဲလိုကိစ္စမျိုး ရှိလာမှာမဟုတ်ပါဘူး အန်ကယ်၊ ကျွန်
သူ့ကိုတကယ်ချစ်လို့ လက်ထပ်တာပါ၊ သူ့ဘဝတစ်ခုလုံးကို သေတ
သက်တဆုံး ကျွန်တော်တာဝန်ယူမှာပါ အန်ကယ်"

ကမ္ဘာပိုင်စကားကြောင့် ဦးအောင်မင်းထွဋ် ပီတိဖြစ်စွာ ပြ
ရင်းနှင့်

"ကျေးဇူးတင်ပါတယ် မောင်ကမ္ဘာ၊ တကယ်ဆိုရင် သမီးလေ
ကို အန်ကယ့်ရင်ခွင်ထဲကနေ မခွဲထုတ်ရက်ဘူး၊ မင်းနဲ့မထည့်လွှတ်



ဘူး၊ ဒါပေမဲ့ ယောင်နောက်ဆံထုံးပါရမယ်ဆိုတော့ ဘယ်တတ်နိုင်မှာလဲ
သမီး"

"ဟုတ် ဟုတ်ကဲ့ ဖေဖေ"

"သမီးမပျော်မွေ့တဲ့အချိန်ကျရင် အချိန်မရွေး ပြန်လာခဲ့ပါ၊ ဖေဖေ့ရင်ခွင်က အမြဲတမ်း အေးမြတယ်ဆိုတာ သမီးအောက်မေ့ထားပါ၊ ဒီကြားထဲလည်း ဖေဖေ့ဆီကို တစ်ပတ်တစ်ခါလောက်တော့ ရောက်အောင်လာပါ သမီးရယ်၊ အဖေတစ်ခု သမီးတစ်ခုတည်းရှိတဲ့ဘဝ ကနေ သမီးက"

"ဖေဖေရယ်"

ရင်ထဲနင့်လွှန်းနေတာမို့ ဦးအောင်မင်းထွဋ် စကားပင်ဆုံးဆောင် မပြောနိုင်။ မင်္ဂလာပွဲမှာကတည်းက သတို့သားအဖေမလာတာကြောင့် ပတ်ဝန်းကျင်မေးငေါ့မှုနှင့် သမီးလေးမျက်နှာငယ်ရတာကို သနားနေခဲ့ တာပါ။

ကျော်ခေါင် တမင်ချိုးပြီး ပညာပြတာမသိဘဲနေပါ့မလား။ ကျော် ခေါင်မှာနောက်ကွယ်ကနေ ဓားနှင့်ထိုးတတ်သည့်အကျင့် အမြဲရှိသည်။ ကိုယ်နှင့်ထားထားသွယ် ရှိုးသားစွာ စကားပြောနေတာကို တိတ်တိတ်ပုန်း နေ်းတွေ့သလို ပုံကြီးချဲ့စွပ်စွဲပြီး ဓာတ်ပုံတွေဘာတွေရိုက်၍ အင်တာနက် တင်မည်လို့ ခြိမ်းခြောက်ခဲ့သေးတာ။ တကယ်ကို သဘောထားသေးသိမ် ပြီး ကောက်ကျစ်သည့်ကောင်ပါ။

ဒီလိုလူမျိုးရဲ့ချွေးမဖြစ်ရသော သမီးလေးကို ဘယ်လိုမှ ကံ မကောင်းနိုင်ဘူးဆိုတာ ကြိုသိနေတာ မမှားနိုင်ပေ။

"ဖေဖေ ကျွန်းမာရေးဂရုစိုက်ပါနော်၊ ဖေဖေ့အနားမှာ သမီး

www.burmeseclassic.com

www.burmeseclassic.com



မရှိပေမယ့် ကိုလက်ာရှိနေမှာပဲ၊ စီးပွားရေးကိစ္စတွေနဲ့လည်း စိတ်အရ ကြီး အပင်ပန်းမခံပါနဲ့နော်၊ ကိုလက်ာကို လွှဲသင့်တာလွှဲပြီး ခိုင်းပါ"

"ဖေဖေ့အတွက် နောက်ဆံမတင်းပါနဲ့၊ ဖေဖေ ဒီအတိုင်း တတ်သွားမှာပါ၊ သမီးသာစိတ်ချမ်းသာအောင်နေပါ၊ စိတ်ဆင်းရဲမှု များလာရင် ဖေဖေ့ဆီကို အချိန်မရွေး ပြန်လာနိုင်အောင်ကြိုးစား ဓမောင်ကမ္ဘာလည်း အန်ကယ်မှာတာတွေ မမေ့ပါနဲ့"

"ဟုတ်ကဲ့ပါ အန်ကယ်၊ ဒါဆို ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီ"

"ဖေဖေ့ကို ကန်တော့ရအောင် ကိုကို"

သူမတို့ ကန်တော့သည့်အခါမှာ ဖေဖေမျက်ရည်ဝဲစွာနှင့်ဆု ပြီး မျက်နှာလွှဲသွားသည်။ ဖေဖေ ဒီထက်ပိုပြီး စိတ်ထိခိုက်နေမှာစိုး ဧည့်ခန်းထဲကနေ သူမတို့ထွက်လာကြသည်။ ပေါ်တီကိုအောက်က ကာ ကားအနီးကိုအရောက်မှာတော့ စောင့်နေဟန်ရှိသော ကိုဘုန်းလက်ာ တွေ့လိုက်ရသည်။ ကမ္ဘာပိုင်က တန်းခနဲ သူမလက်ကိုတင်းနေအော ဆုပ်ကိုင်ထား၏။

"အင်း ပန်းတို့ကို နှုတ်ဆက်ရအောင် စောင့်နေတာ၊ ကမ္ဘာ လည်း ပြောစရာ မှာစရာလေးတွေ ရှိလို့ပါ"

ဘုန်းလက်ာစကားကြောင့် ကမ္ဘာပိုင် မျက်ခုံးနှစ်ခုတွန့်ချိုးသွာ ၏။

"ကမ္ဘာပိုင် ကျွန်တော် ဘုန်းလက်ာပါ၊ ပန်းရဲ့အစ်ကိုပဲ ဆို တော့"

"ဟုတ်ကဲ့ ရစ်မှူးပြောထားလို့ ကြားဖူးထားပါတယ်၊ ကျွန်တော်





ရစ်မှူးနဲ့တွဲပြီး တွေ့လည်းတွေ့ဖူး မြင်လည်းမြင်ဖူးထားပါတယ်"

သူ အငြေါလေးနှင့်ပိုပိုသာသာ ပြောပစ်လိုက်သည်။ ရစ်မှူးနှင့် ဆက်သက်ပြီး ဒီလူကို အကောင်းမမြင်နိုင်ပါ။ ဘုန်းလက်ာက သူ့လက်ကို သွမ်းဆွဲကာ ဆုပ်ကိုင်ထားပြီး

"ကျွန်တော့်ညီမကို အပ်ပါတယ်ဗျာ၊ သူ့ကိုဂရုစိုက်ပေးပါ၊ ပန်း က ပတ်ဝန်းကျင်အတွေ့အကြုံ အထိအတွေ့နည်းပါတယ်၊ လူတွေ အကြောင်းကို သူ သိပ်နားမလည်ဘူး"

"ရစ်မှူး ကလေးတော့ မဟုတ်တော့ပါဘူး"

"မှန်ပါတယ်၊ သူကလေးမဟုတ်တော့လို့လည်း ချစ်တတ်လာပြီး ခင်ဗျားကိုလက်ထပ်ခဲ့တာပေါ့၊ ဒါပေမဲ့ ကျွန်တော်တို့အတွက်တော့ သူက ဘာမှနားမလည်သေးတဲ့ မရင့်ကျက်သေးတဲ့ ကလေးပဲရှိပါသေးတယ်၊ အဲဒါကြောင့်မို့ ကမ္ဘာပိုင်ကို အပ်ရတာပါ"

"အဲဒါကတော့ ခင်ဗျားတို့မပြောလည်း ပန်းရစ်မှူးက ကျွန်တော့် မိန်းမဖြစ်သွားတဲ့အတွက် ကျွန်တော် ဂရုစိုက်မှာ စောင့်ရှောက်မှာပါ၊ အရမ်းကြီး စိုးရိမ်ပိုမနေကြပါနဲ့"

"ကိုကို"

"မဟုတ်ဘူးလေ သူပြောတဲ့ပုံက ကိုယ်တို့က လူဆိုးတွေဖြစ် နေလို့ပဲ စိုးရိမ်နေရတဲ့အနေအထား ဖြစ်နေသလားလို့ပါ"

"ဟာ အဲဒီလိုမဟုတ်ပါဘူး ကမ္ဘာပိုင်၊ ကျွန်တော်တို့က ပန်းရစ် ကိုချစ်လို့ စိုးရိမ်ကြတာပါ၊ ကိုယ့်အိမ်ကနေ သူများအိမ်ကိုလိုက်နေရ မယ့်သူအတွက် မှာသင့်တာကို မှာရုံပါပဲ"

သူ ဘာမှမပြောချင်တော့။ ပန်းရစ်မှူးလက်ကလေးကိုသာ ပို၍



www.burmeseclassic.com

www.burmeseclassic.com



ခပ်တင်းတင်းလေး ဆွဲထားလိုက်သည်။ ရှေ့ကသာ ပိတ်ရပ်မထားဘူးဆိုလျှင် ပန်းရစ်မူးကို ကားပေါ်တင်၍ ကားမောင်းထွက်သွားတော့မှာ အမှန်ပင်။

ဘုန်းလက်ျာက ပန်းရစ်မူးမျက်နှာလေးဆီ အကြည့်ရောက်သွားပြီး

"ပန်း ကျန်းမာရေးဂရုစိုက်နော်၊ ထမင်းလည်းပုံမှန်စား"

"ဟုတ်ကဲ့"

"အန်ကယ့်အတွက်တော့ မပူပါနဲ့၊ ကိုယ်တစ်ယောက်လုံး ရှိပါတယ်"

"ကိုလက်ျာ ဖေဖေနဲ့လာနေပေးမယ် မဟုတ်လားဟင်"

"လာနေပေးရမှာပေါ့ ပန်းရယ်၊ ပန်းမရှိတော့ရင် ပန်းအဖေ အရမ်းစိတ်ထိခိုက်ပြီး အိပ်ရာထဲလဲသွားလိမ့်မယ်၊ လုပ်ငန်းကိစ္စတွေလည်း တိုင်ပင်ရမယ်လေ၊ ပန်းက ခဏခဏတော့ အန်ကယ့်ကိုအားလာပေးပါ၊ လာတဲ့အခါ ကမ္ဘာကိုလိုက်ပို့ခိုင်းပေါ့ နော် ပန်း"

"ဟုတ်ကဲ့ ကိုလက်ျာ"

"ကဲ သွားရအောင် ရစ်မူး"

သူ ရစ်မူး လက်ကလေးကိုဆွဲ၍ ဘုန်းလက်ျာကို ရှောင်ကွင်းကာ ကားပေါ်တက်ပြီး မောင်းထွက်လာခဲ့သည်။ ပန်းရစ်မူးနှင့်ဘုန်းလက်ျာက သံယောဇဉ်ကြီးစွာ လက်ပြနေဆဲပါ။

သူ့ရင်ထဲမှာ အောင့်သီးအောင့်သက်ဖြင့် . . .။

■ ■ ■



## အခန်း (၂၃)

ကမ္ဘာပိုင်တို့အိမ်ကြီးက သူမကိုနွေးထွေးမှုတွေ မပေးဘဲ စိမ်းက်စွာကြိုဆိုနေခဲ့သည်။ ညေ့ခန်းကြီးက လူသူကင်းမဲ့ကာ ရှင်းလင်းနေ တိတ်ဆိတ်ငြိမ်သက်နေသည်။

"ရစ်မူး ကိုယ့်အခန်းကို သွားကြမယ်လေ၊ ကိုယ်တို့ရဲ့ မင်္ဂလာ ိပ်ခန်းကို ကိုယ့်အခန်းမှာပဲ ပြင်ဆင်ထားတယ်၊ ရစ်မူး ဘာစားချင် သးလဲ၊ တစ်ခုခုစားမယ်ဆိုရင် ခြံစောင့်ကိုထွေးမိန်းမ မမူကိုလုပ်ခိုင်း ိက်မယ်"

"တော်ပါပြီ ရစ်မူး ဘာမှမစားချင်တော့ပါဘူး၊ ကိုကို့မိထွေး ်သင်္ဂီကို မတွေ့ဘူးနော်၊ မင်္ဂလာဆောင်မှာလည်း ခဏပဲနေတယ်၊ ာ ဘယ်သွားလို့လဲ"

"ဖေဖေမရှိဘူးဆိုတော့ သူ့မိဘအိမ် သွားနေမှာပေါ့၊ သူက ိလိုပဲ ဖေဖေခရီးသွားရင် အိမ်မှာမနေဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခြော်"

ဘယ်လိုကြီးပါလိမ့်လို့ စိတ်ထဲမှာ တစ်မျိုးဖြစ်သွားသည်။ ဒီထ တွေအနေစိမ်းကြလို့လည်း တစ်ယောက်နှင့်တစ်ယောက် မနွေးထွေးကြ တာဖြစ်မည်။

"ကိုကို"

"ဟင် ရစ်မှူး"

"ဘယ်သူမှမရှိရင် အိမ်မှာ ကိုကိုတစ်ယောက်တည်းနေတာ ပေါ့"

"အင်း အဲဒါထုံးစံပဲလေ၊ သူတို့ရှိနေလည်း ဒီလိုပါပဲ၊ စကား ပြောချင်မှ ပြောဖြစ်ကြတာ၊ အိမ်မှာစားချင်တဲ့အခါစား၊ မစားချင်ရင် အပြင်မှာစားပြီး ပြန်လာရင် ကိုယ့်အခန်းကိုယ်ဝင်နေလိုက်တာပဲ"

"အဲဒါ သူစိမ်းဆန်တာပေါ့ ကိုကို၊ အိမ်မှာဆိုရင် ရစ်မှူးတို့ သားအဖ မနက်စာရော ညစာရော အတူတူစားဖြစ်ကြတယ်၊ ရစ်မှူးက ဖေဖေစားချင်တာဆိုရင် အိမ်ကဒေါ်လေးသိန်းကို ကူချက်ပြီးကိုယ်တိုင် ကျွေးတယ်၊ ကိုလက်ာလည်း ညစာဆိုရင် နေ့တိုင်းနီးပါးလောက် အိမ်မှာ စားတယ်"

"ပျော်စရာအရမ်းကောင်းမှာပေါ့"

ဘုန်းလက်ာဆိုသည့်နာမည်ကို ကြားလိုက်တာနှင့် သူ ဝေါ့ချင် စိတ်တွေဖြစ်နေမိသည်။ သူ မရခဲ့သော မရဘူးသော ပျော်ရွှင်မှုတွေ ရနေတာကြောင့် မနာလိုဖြစ်မိခြင်းပင်ဖြစ်မည်။

ပန်းရစ်မှူးကတော့ သဘောရိုးနှင့်ပင်

"ပျော်စရာကောင်းတာပေါ့ ကိုကို လူတစ်ယောက်နဲ့တစ်ယောက်





ကြင်နာနွေးထွေးမှုရှိတယ်ဆိုတာ ဘယ်လောက်ကြည်နူးစရာကောင်းလဲ"

"ကိုယ်တော့ အဲဒါတွေမရဘူး၊ သိပ်မမက်မောတတ်ဘူး"

"မမက်မောတာ မဟုတ်ပါဘူး ကိုကိုက မခံစားတတ်တာပါ၊ ဒီလိုပုံစံနဲ့အလေ့အကျင့်ဖြစ်အောင်နေခဲ့လို့လေ၊ စကားပြောရင်လည်း ကိုကိုက အကျအနကောက်တတ်တယ်၊ ဖေဖေနဲ့ကိုလက်ာကို ပြောခဲ့တာ တစ်မျိုးကြီးပဲ"

"သူတို့ပြောတာကရော တစ်ဖက်စောင်းနင်းနိုင်တယ်လို့ မင်း မထင်ဘူးလား ရစ်မှူး၊ ဖအေတစ်ယောက်ဖြစ်ပြီး ဒီအိမ်ထောင်ရေးကို သာယာအောင် ကြိုးစားပါ၊ တစ်ဖက်မိသားစုကို သည်းခံပါ၊ ကျိုးနွံပါ၊ လင်သားကို ရိုသေပါ လေးစားပါ၊ အိမ်ဦးနတ်လိုကိုးကွယ်ပါလို့ မှာလိုက် တာမဟုတ်ဘူး၊ သမီးစိတ်ဆင်းရဲရင် အချိန်မရွေးပြန်လာပါ၊ မပျော်မွေ့တဲ့ အချိန်ပြန်လာပါ၊ အဖေ့ရင်ခွင်က အေးမြတယ်ဆိုတာ သမီးလေးသိမှာ ပါတဲ့၊ အခုကတည်းက ကွဲစေကွာစေချင်တဲ့ပုံစံ ဖြစ်မနေဘူးလား ရစ်မှူး"

"ကိုကို"

"ကိုယ်တို့ကို လူဆိုးလူသွမ်း မင်းကိုစိတ်ဆင်းရဲအောင် လုပ်နေ မယ့်လူတွေလို့ ထင်နေတဲ့ပုံပဲ၊ ဟိုကောင် ဘာမှသွေးမတော် သားမစပ်တဲ့ ညီမတော်ချင်နေတဲ့ကောင်ကရော သူညီမကို အပ်ပါတယ်၊ ဂရုစိုက်ပေးပါ စောင့်ရှောက်ပေးပါတဲ့၊ ကိုယ့်မိန်းမဖြစ်တော့မယ့်သူကို သူနောက်ဆံတင်း ပြီး ဘာမှမှာစရာ အကြောင်းမရှိဘူး"

"ကိုကိုရယ် အဲဒါက"

"သူ့ဘက်က ကာကွယ်ပြောဦးမလို့ ဆင်ခြေပေးဦးမလို့လား နားခါးတယ်၊ နားကြားပြင်းကတ်တယ်၊ မပြောနဲ့ ရစ်မှူး၊ ကိုယ် မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်တာ တခြားသူတွေကို သည်းခံဖို့တော့ မဟုတ်ဘူး၊ ဒါပေမဲ့ မင်းကို ချစ်လို့ကိုယ်သည်းခံခဲ့ပါတယ်၊ မင်္ဂလာဦးညမှာ ဒီလိုတွေပြောရတာကို မကောင်းပါဘူး။ ကိုယ်နည်းနည်းခံပြင်းလာလို့ပါ''

လေသံအနိမ့်အမြင့် အတက်အကျနှင့်ပြောင်းလဲနေသော ကမ္ဘာ ကို သူမ ဘယ်လိုနားလည်ရမှန်းပင် မသိပေ။ ကမ္ဘာပိုင်က သူမပခုံး လေးကို လာဖက်ပြီး

''လာ အပေါ်ထပ်တက်ရအောင် ရစ်မူး၊ ကိုယ့်အခန်းဒီဇိုင်းကို ပြင်ဆင်ထားတာ ရှုံးလိုက်ပါဦး''

ပခုံးကိုဖက်ကာခေါ်လာသည့်အတိုင်း သူမ အရုပ်လေးတစ်ရုပ် လို ငြိမ်သက်စွာပါလာခဲ့သည်။ ဗိသုကာပညာရှင်တွေဆိုသည့်အတိုင်း အိမ်ကြီးကတော့ ကြီးကျယ်ခမ်းနားလွန်းပါသည်။

''ဟင်''

ကမ္ဘာက သူ့အခန်းတံခါးကို ဖွင့်ပြီး အပြမှာတော့ သူမ မင် တက်ငေးမောမိသွားရလေသည်။ ပန်းရောင်လွှင်သော ပြင်ဆင်မှုများက သူ့ရဲ့စိတ်ကူးသက်သက်ဖြစ်မည်။ မင်္ဂလာဆောင်ကိုတောင် မလာချင် ကြတာ ဘယ်သူက သူ့ကိုအကြံဉာဏ်ပေးမှာလဲ။

''မိုက်လား ရစ်မူး''

''အင်း အရမ်းမိုက်တယ်၊ ရင်ထဲအေးသွားတာပဲ''

''အဲဒါ ကိုယ် စိတ်ကူးယဉ်ပြီး လုပ်ထားတာ၊ ခန်းဆီးတွေရော မွေ့ရာတွေရော ဆိုဖာခုံ တီဗီအဖုံးကအစ ပန်းရောင်တွေချည်းပဲ၊ ရစ်မူး ပို့ထားတဲ့အဝတ်အစားတွေရော ကိုယ်ထပ်ဝယ်ဖြည့်ထားတဲ့ အဝတ်အစား တွေရော ဗီရိုတစ်လုံးသပ်သပ်ထည့်ထားတယ်''





''ဟင် ကိုကိုတို့အိမ်မှာ အိမ်အကူမိန်းကလေးတွေ မရှိဘူး လား၊ သူတို့ကို ခိုင်းတာမဟုတ်ဘူးလားဟင်''

''ဟင့်အင်း မရှိဘူး၊ အဝတ်လျှော်တာနဲ့ အိမ်သန့်ရှင်းရေးက မမူလုပ်တယ်၊ ချက်တာပြုတ်တာနဲ့ မနက်စာကိုတော့ မိထွေးက သူ စိတ်ပါရင်လုပ်ပေးတယ်၊ မပါရင်ဝယ်ကျွေးတယ်၊ ပြင်ဆင်ပေးတယ်ပေါ့''

''ဟွန်း ဒီလောက်ချမ်းသာတာကို ဘယ်လိုကြီးလဲ ကိုကိုရယ်''

''အဲဒါ ကိုယ်တို့အိမ်ရဲ့ဓလေ့ထုံးစံပဲ၊ နောက်တော့ ရစ်မူးလည်း အကျင့်ပါသွားမှာပါ''

သူမ သက်ပြင်းမောလေးချလိုက်မိသည်။ ဒါပေမဲ့ ဒီမိသားစုထဲ ရောက်လာပြီဆိုတော့ ဘာတတ်နိုင်တော့မှာလဲ။ ကမ္ဘာပိုင်က သူမပခုံး လေးကို ဆွဲဖက်ကာ

''ကဲ ကိုယ်ရေချိုးလိုက်ဦးမယ်၊ တစ်နေကုန် ပင်ပန်းထားတာ၊ ငြီးစီစီနဲ့ မလန်းဘူး၊ ရစ်မူးလည်း ရေချိုးမှာမဟုတ်လား၊ အတူတူချိုး မယ်လေ''

''အာ မချိုးချင်ပါဘူး၊ ကိုကိုဘာသာ အရင်ချိုးပါ ရှက်စရာကြီး''

''ဘာရှက်စရာရှိလဲ၊ လင်မယားတွေဖြစ်နေပြီပဲ ဥစ္စာ''

''အံမယ် မဖြစ်သေးပါဘူးနော်၊ ညတောင် အတူမအိပ်ရသေး ဘဲနဲ့''

''ဟုတ်လို့လား''

ကမ္ဘာပိုင် ရယ်ပြီး မချိုမချဉ်ကြည့်ပြီး ပြောလိုက်တာကြောင့် သူမပိုပြီး ရှက်ရွံ့ထူပူသွားရသည်။ ကမ္ဘာအပြင်ဘက်ကို အလည်ခေါ်သွား သောနေ့ကို သူ မမေ့လို့ပဲမဟုတ်ပါလား။ ထိုနေ့တစ်နေ့ရဲ့ဖြစ်သန်းမှု



www.burmeseclassic.com

www.burmeseclassic.com



လေးကို သူမလည်း မမေ့နိုင်ပါ။ အချစ်ရဲ့အတွေ့ထူးမှာ သူမတို့နှစ်ယောက်လုံး အရာအားလုံးကို မေ့မြောလျက် ရစ်မူးပျော်မွေ့ခဲ့ကြသည် မဟုတ်လား။ ယခု မင်္ဂလာဦးနေ့မှာရော။

သူမ ကြို့တင်ရင်ခုန်လို့နေသည်။ သူ့အပြုအမူ အတွေးအမွေ့တွေမှာ သူမ ရှုံးသွပ်ရဦးမှာပါပဲ။

ဒီအချစ်တွေကြောင့်ပဲ။ သူမဟာ ကျရှုံးလျက် ...။

■ ■ ■

## အခန်း (၂၄)

"ဟိတ် မထနဲ့ဦးကွာ ရစ်မူး၊ အစောကြီးရှိသေးတယ်"

အိပ်ရာထဲက လူးလွန့်ရုံရှိသေး ကမ္ဘာပိုင်က သူမကိုယ်လေးကို လှုပ်လို့မရအောင် ဖက်ထားလေသည်။ သူမလှုပ်နိုင်သမျှ လွန့်လွန့်လေး ရုန်းလျက်

"နာရီလည်းကြည့်ဦး ခုနစ်နာရီထိုးနေပြီ၊ အိမ်မှာဆို မနက်ခြောက်နာရီလောက်ထပြီး ဖေဖေ့အတွက် မနက်စာပြင်ပေးနေကျ"

"ဒါ ရစ်မူးအိမ်မှမဟုတ်ဘဲကွာ၊ ကိုယ်ဆို ရှစ်နာရီခွဲလောက်မှ ထတယ်၊ ရေမိုးချိုးပြီး ကိုးနာရီလောက်ဆို အိမ်ကထွက်သွားပြီ၊ လမ်းမှာ ဘရိတ်ဖတ်စ်ဝင်ဆွဲပြီးမှ ကုမ္ပဏီသွား ဆိုဒ်ထဲသွား သွားတာပဲ"

"အဲလိုမလုပ်ရဘူးလေ ကိုကိုရဲ့၊ စောစောထပြီး ရေမိုးချိုး အဝတ်အစားလဲရတယ်၊ ပြီးရင် ဘုရားရှိခိုး အိမ်မှာပဲ ဘရိတ်ဖတ်စ်စား၊ ရစ်မူးလုပ်ပေးမယ်နော်၊ ကိုကို ဘာစားချင်လဲ ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ရစ်မူးနဲ့အတူတူ အပြင်မှာစားမယ်၊ အိမ်မှာ ကြာကြာနေရင် မိထွေးနဲ့မျက်နှာချင်းဆိုင်ရမှာစိုးလို့ကွ၊ မျက်နှာချင်းဆိုင်တိုင်းလည်း အဆင်ပြေတာတစ်ခုမှ မရှိဘူး"

"ရစ်မူးတို့ မင်္ဂလာဆောင်ဖြစ်တာ သူ့ကြောင့်ဆိုကျေးဇူးရှိတယ် ဆို အဲလိုမလုပ်ပါနဲ့ ကိုကို၊ မေတ္တာဆိုတာ ကိုယ်ကပေးမှ သူ့ဆီက ပြန် ရတာ၊ ကိုယ်က မပေးချင်ဘဲ သူ့ဆီက မရလို့ဆိုပြီး အပြစ်တင်နေလို့ ဘယ်ဖြစ်မှာလဲ"

"ကဲ နားညည်းလာပြီကွာ၊ အိပ်ပါဆိုမှ"

"ကို ကိုကို ဟင့်အင်းနော် မိုးလင်းနေပြီ"

ပြောလို့လည်းမရ ရှန်းလို့လည်းမရပါ။ သူမ အသက်ရှူကျပ်မှုးမေ့လောက်အောင် သူ့ရဲ့အနမ်းတွေက ရှည်ကြာကြမ်းတမ်းလှသည်။

ဒီလိုအပြုအမူတွေနှင့် သူ့အချစ်တွေကြားမှာ သူမ ဘယ်လိုရုန်းထွက်နိုင်မှာလဲ။

"ကိုကို ဟင့်အင်းကွာ၊ ထတော့နော် ရစ်မူး စိတ်ဆိုးလိုက်မှာ"

"ဒါ စိတ်ဆိုးစရာလား၊ ကိုယ့်လင်မယားချင်း ချစ်နေတဲ့ဟာကို"

"အချိန်ကိုလည်း ကြည့်ဦးလေ၊ အရမ်းဆိုးတယ်"

"ကိုယ်က ကုမ္ပဏီသွားရင် ကိုယ့်မိန်းမနဲ့တစ်နေကုန် ခွဲရမှာ၊ အဲဒါကြောင့် အတိုးချပြီး"

"ဒါဆို ကိုကိုနဲ့ရစ်မူး လိုက်ခဲ့မယ်လေ"

"ဟင် ရစ်မူးက အိမ်ရှင်မ အိမ်မှာနေရမှာပေါ့၊ ကိုယ်က လင်ယောကျ်ားဆိုတော့ ရှာကျွေးရမယ့်ဝတ္တရားရှိတယ်၊ အိမ်မှာအေးအေးဆေးဆေးနေပါ မိန်းမရယ်နော်"



"အွန် ကိုကိုကလည်း"

ရစ်မူးမျက်နှာလေး ပြုံးသွားတော့ သူ စိတ်မကောင်းပေ။ ဒါကဖေဖေ့ဆန္ဒမို့ပါ။ မင်းမိန်းမကို ငါ့ကုမ္ပဏီနဲ့အလုပ်ဆိုဒ်တွေထဲ လုံးဝခေါ်မသွားရဘူး။ မိန်းမဆိုတော့ အိမ်မှုကိစ္စပဲအလုပ်နိုင်းရမယ်၊ အိမ်မှာပဲနေနိုင်းရမယ်ဟု အမိန့်ထုတ်ထားသည်။ သူ့အဖေနဲ့စီးပွားတူဖြစ်လို့ ဇာတ်ရှုပ်မှာစိုးလို့တဲ့။

"ရစ်မူး"

"ဟင်"

"မိန်းမစကားနားထောင်ပြီး ကိုယ် အိပ်ရာထတော့မယ် အာဝါးပေး"

"ကြည့် အနိုင်ကျင့်ပြန်ပြီ"

"လင်မယားပဲ ဒါ အနိုင်ကျင့်တယ်လို့ ခေါ်သလား၊ ကဲ နမ်းချင်ရဲ့သားနဲ့ ပဲများမနေပါနဲ့၊ အိုဗာလုပ်လွန်းရင် အပြစ်ထပ်ပေးလိုက်မှာနော်"

"ကဲ လူဆိုး"

သူ ကျေနပ်လောက်အောင် သူ့ပါးကို အထပ်ထပ်နမ်းပေးလိုက်ရသည်။ ဒါမှ သူ့မျက်နှာက ပြုံးရွှင်ကြည်သာသွားခဲ့ပြီး

"အိုကေ ကိုယ်ရေချိုးတော့မယ်"

"ခဏလေး ရစ်မူးအရင်ချိုးလိုက်ဦးမယ်"

"ကိုယ်နဲ့အတူတူချိုးမယ်"

"နိုး"

သူမအော်ပြေးကာ ရေချိုးခန်းတံခါးကိုပိတ်လိုက်ရသည်။ ကမ္ဘာ

www.burmeseclassic.com



ပိုင် တကယ်ကလေးဆန်ကာ ဆိုးသွမ်းသည့်သူပါ။ ရေမြန်မြန်ချိုးပြီး သူ ရေချိုးခန်းဝင်ချိန်မှာ သူမအောက်ထပ်ထမင်းစားခန်းကို ဆင်းလာခဲ့သည်။ မိသားစုအတွက် မနက်စာလုပ်ပေးသင့်တယ် ထင်လို့ပါ။

''ဩော် သူဌေးကတော်လေးက အခုမှ ကြွလာတာကိုး၊ မနက်စာ ဘာများသုံးဆောင်ချင်ပါလဲရှင်''

''အန်တီ''

ခပ်ငေါ့ငေါ့ စီးကြိုက မေးလိုက်တာကြောင့် သူမ ကြောင်အမ်းအမ်းဖြစ်သွားရသည်။ အခုမှ ရင်းနှီးမှုစတင်ရမည့်သူကို ဒီလိုဆက်ဆံလိမ့်မည် မထင်မိပေ။

''ရစ်မှူး အိပ်ရာထနောက်ကျသွားပါတယ် အန်တီ၊ နောက်နေ့ကျ စောစောထပြီး ရစ်မှူး မနက်စာပြင်ဆင်ပေးပါမယ်''

''ဩော် အဲလို အလိုက်သိတတ်ရင်တော့ ကောင်းတာပေါ့၊ ညည်းရဲ့လင်တော်မောင်ရော မနိုးသေးဘူးလား''

''သူ့ကိုနိုးခဲ့ပါပြီ၊ သူ ရေချိုးပြီးဆင်းလာပါလိမ့်မယ်''

''ကြားသားမိုးကြိုးပဲ ဒီအချိန်နိုးတယ်ဆိုတော့ အေးလေ မိန်းမရပြီဆိုတော့ အချိုးပြောင်းချင်ပြောင်းမှာပေါ့၊ တစ်ခုတော့ရှိတယ်နော် အိမ်မှာမိသားစုများလာပြီဆိုရင် အပြင်မှာဝယ်စားဖို့ အဆင်မပြေဘူး''

ဘာကိုဆိုလိုတာလဲ သူမ နားလည်သွားမိသလိုပင်။ ဒါပေမဲ့ ဒီမိသားစုနှင့်နေလျှင် အဆင်ပြေအောင် ကြည့်နေတတ်မှဖြစ်မည်။

''ဟုတ်ကဲ့ ရစ်မှူး ချက်တာပြုတ်တာ နည်းနည်းပါးပါးတော့ လုပ်တတ်ပါတယ်''

''နည်းနည်းပါးပါး မဟုတ်ဘူး၊ အိမ်ထောင်ရှင်မဖြစ်ပြီဆိုရင်





အကုန်နားလည်သင့်တာပေါ့၊ နားမလည်လည်း နားလည်အောင်တော့ လုပ်ထား၊ ကဲ အခုမနက်စာ ဘာလုပ်ပေးဖို့ စဉ်းစားထားလဲ''

''ဒီနေ့ နောက်ကျနေတာဆိုတော့ ပေါင်မုန့်နဲ့ကြက်ဥပဲကြော်လိုက်ပါမယ်၊ ညက ရေခဲသေတ္တာထဲမှာ 'ပေါင်မုန့်နဲ့ကြက်ဥတွေတွေ့လို့ ကော်ဖီလည်း ရစ်မှူးကောင်းကောင်းလေးနှပ်ပေးပါမယ်''

''ဒါဆိုလည်း ချွေးမ အသစ်စက်စက်ရဲ့လက်ရာ စားကြည့်ရတာပေါ့၊ မိုက်ဆာနေပြီ မြန်မြန်လေး''

''ဟုတ်ကဲ့''

တကယ်ကို ချွေးမကိုနှိုင်ချင်သည့် အမိန့်အာဏာဆန်သောလေသံမျိုးပါ။ စိတ်ကျေနပ်အောင် သူမ ခပ်သွက်သွက်လေးပင် လုပ်နေလိုက်သည်။ ဒေါ်သင်္ဂီက ထိုင်ခုံမှာ ခြေချင်းချိတ်ထိုင်ကာ သူမလုပ်ကိုင်နေတာကို အကဲခတ်လျက်ရှိ၏။

''ရစ်မှူး''

ထမင်းစားခန်းထဲဝင်လာသော ကမ္ဘာပိုင်က အခြေအနေကိုသဘောမကျဟန်ဖြင့်

''အပြင်မှာတစ်ခုခုသွားစားပါမယ်ဆို ဘာတွေပင်ပန်းအောင်လုပ်နေတာလဲ ရစ်မှူးရယ်''

''ဩော် အိမ်မှာစားရတာ ကောင်းတာပေါ့ ကိုကိုရယ် ထိုင်ပါ ဒီမှာကော်ဖီလည်းရတော့မယ်၊ ပေါင်မုန့်ကြော်လည်း ရနေပြီ၊ နောက်နေ့ကျ အသုပ်တွေဘာတွေလုပ်ပေးမယ်၊ ရစ်မှူးလက်ရာ စွဲသွားစေရမယ် သိလား''

ရစ်မှူး ရယ်ရွှန်းပတ်ရွှန်းလေး ပြောနေပေမယ့် မိုးတွေးပုံစံကြည့်

www.burmeseclassic.com

www.burmeseclassic.com



ပြီး စိတ်ကမသက်သာပေ။ ရစ်မှူးပင်ပန်းတာကို အရသာခံကြည့်နေ
သလားလို့ပါ။

ဒါပေမဲ့လည်း ရစ်မှူးနှင့်လက်ထပ်ခွင့်ရပြီး ရစ်မှူး ဒီအိမ်ရောက်
လာရခြင်းက ဒေါ်သင်္ဂီရဲ့ကြိုးစားမှုဆိုတာကြောင့် ပြောချင်သည့် စကား
တွေ ရင်ထဲမှာမျိုသိပ်ထားလိုက်ရသည်။

"ရစ်မှူး ရပြီ ထိုင်တော့"

ရစ်မှူး ပြင်ဆင်ပေးပြီးသည့်အချိန်မှာ ရစ်မှူးလက်ကိုဆွဲ၍ ထိုင်
ခိုင်းလိုက်သည်။ ဒေါ်သင်္ဂီက သူ့အပြုအမူကို မကြည့်မသာပါ။

"အန်တီ ရစ်မှူးဖျော်တဲ့ကော်ဖီသောက်ကြည့်ပါဦး၊ အရသာ
ကြိုက်ရဲ့လားလို့"

သူမပြောတော့ ဒေါ်သင်္ဂီက နည်းနည်းသောက်ကြည့်ကာ

"အင်း မဆိုးပါဘူး။ နောက်နေ့လည်း ဒီလက်ရာက မကျစေနဲ့"

"အန်တီ ရစ်မှူးကို နေ့တိုင်းခိုင်းမလို့လား"

"မင်းမိန်းမကလုပ်ပေးမယ်ပြောထားတာပါနော်၊ ငါက ခိုင်း
သလား မေးပါကြည့်ပါဦး"

"ဟုတ်ပါတယ် ကိုကို၊ ရစ်မှူးက ဒီလိုမျိုး ပြင်ဆင်ကျွေးချင်
လို့ပါ၊ အိမ်မှာလည်း ဖေဖေ့ကို ဒီလိုလုပ်ပေးနေကျလေ၊ မပင်ပန်းပါဘူး
ကိုကိုရဲ့"

"အဲဒါဆိုလည်းပြီးရော ရစ်မှူးရာ၊ ကိုယ်က ရစ်မှူးပင်ပန်းမှာ
စိုးလို့ပါ"

"ဒီလောက်ကတော့ ပင်ပန်းတယ်မခေါ်ပါဘူး ကမ္ဘာရယ်၊ အိမ်
ထောင်မှကျပြီဆိုရင် မိန်းမတစ်ယောက်အနေနဲ့ လင်ယောက်ျားကို ဒီ





လောက်တော့ ပြုစုသင့်တာပေါ့"

"အန်တီကရော ဖေဖေ့ကို ဘယ်လောက်များပြုစုပေးလို့လဲ"

"အဲဒါတော့ မင်းမမြင်တတ်တာဘဲ၊ ငါ့ယောက်ျားကို ငါပြုစုလို့
ဒီအချိန်ထိပေါင်းသင်းနေတာပေါ့၊ သူကသာ ငါပင်ပန်းမှာစိုးလို့ သိပ်
မလုပ်ခိုင်းတာ"

"ဟုတ်မှာပါ"

တစ်ယောက်နှင့်တစ်ယောက် အထေ့အငေါ့နှင့်တိုက်ခိုက်နေကြ
တာမို့ သူမမှာကြားထဲက အနေရခက်လှသည်။ သည်းခံမှုမှမရှိကြတာ၊
ဘယ်လိုလုပ် အဆင်ပြေကြပါ့မလဲ။

"ကိုကို ကိုကိုရော ရစ်မှူးလက်ရာ ကြိုက်ရဲ့လားဟင်"

"အင်း အရမ်းကောင်းတယ် အရသာရှိတယ်၊ ဒါပေမဲ့ နေ့တိုင်း
ကြီးတော့ မလုပ်ပါနဲ့၊ ရစ်မှူး ပင်ပန်းနေလိမ့်မယ်"

"ဒီလောက်လေးကို ပင်ပန်းစရာလား၊ ရစ်မှူး လုပ်နိုင်ပါတယ်"

"အဲဒါဆိုလည်း ပြီးရောကွာ၊ ကဲ ကိုယ်သွားတော့မယ်၊ ကားနား
အထိလိုက်ပို့"

ကမ္ဘာပိုင်က ကျွေးနပ်ပုံမရသေးပါ။ မျက်နှာငြိုလျက် ပန်းရစ်မှူး
လက်ကို ဆွဲ၍ ဒေါ်သင်္ဂီရှေ့က ထွက်လာခဲ့သည်။

"ရစ်မှူး"

"ဟင် ကိုကို"

"အရမ်းပင်ပန်းမှာမျိုးတွေ မလုပ်ပါနဲ့၊ ကိုယ်အလုပ်လုပ်ရတာ
စိတ်မဖြောင့်အောင်"

"အဟွန်း ပိုကိုပိုတယ်၊ ဒါအိမ်ထောင်ရှင်မတိုင်း လုပ်ရမယ့်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တွေရှုပ်၊ လင်တော်မောင်က စိတ်ပူနေတော့ ဘယ်လိုလုပ်ရမလဲ ကဲပါ ညနေကျစောစောပြန်လာနော်''

''အာဝါး''

''ကြည့်''

သူ ကျေနပ်အောင် နမ်းလိုက်ရပြန်ပါသည်။ ကားလေးမြို့ ရောက်သွားသည်အထိလည်း လက်ပြလို့မဆုံးပေ။

ဒါတွေနဲ့ပဲ သူမကိုချည်နှောင်နေတာပါ။ သူမကလည်း ရင်နှုံးရင်းနှင့်ပဲ ရုန်းမထွက်နိုင်ဖြစ်နေတာ။

ဒီအချစ်တွေနဲ့ပဲ . . .။

■ ■ ■

## အခန်း (၂၅)

ဒေါ်သင်္ဂီ မျက်လုံးဒေါက်ထောက်ကြည့်နေတာမို့ သူမ တစ်နေ့ကုန် မနားတမ်း အလုပ်တွေလုပ်ပြနေရသည်။ ပညာသားပါပါနိုင်းနေတာကို သူမ မသိလို့မဟုတ်ပါ။

ဒါပေမဲ့ အိမ်ရှင်ကြည်ဖြူအောင် လုပ်ရမည်ဆိုသော အသိနှင့် သူမ တတ်နိုင်သလောက် လုပ်နိုင်သလောက်လုပ်နေလိုက်သည်။ ကမ္ဘာ ပြန်လာခါနီးအချိန်မှာတော့ သူမ ရေမိုးချိုးအလှပြင်ထားလိုက်သည်။

အလုပ်ပင်ပန်းနေလားဆိုပြီး စိတ်ပူနေမှာစိုးလို့ပါ။

''ဟင်''

ညနေပိုင်း အရင်ဆုံးပြန်ရောက်လာသူက ကမ္ဘာပိုင်အဖေ ကျော်ခေါင်ဖြစ်နေသည်။ လုပ်ငန်းကိစ္စနှင့် အရေးတကြီးထွက်သွားရသူက မင်္ဂလာဆောင်ပြီးတာနှင့် ချက်ချင်းပဲ ပြန်ရောက်လာတာတဲ့လေ။

''ကိုကိုကျော်''



www.burmeseclassic.com

www.burmeseclassic.com



"အင်း သဂီ"

"ပြန်လာတာတောင် သဂီဆီကို ဖုန်းမဆက်ဘူး"

"ဟိုကညွှေသည်တွေပါလာလို့ ညှိခံနေရတာ သဂီရဲ့ ဟိုကောင်ရော ပြန်ရောက်ပြီလား"

"မရောက်သေးပါဘူး ကိုကိုကျော်ရယ်၊ မိန်းမရှိတာတောင် ဘယ်တွေဝင်နေလဲ မသိပါဘူး"

"အပိုးမကျိုးသေးဘူး၊ အကြောမသေသေးဘူးပေါ့"

"အဟင်း မသိတော့ဘူး"

အတို့အထောင်လိုလိုစကားကြောင့် ဒေါ်သဂီစိတ်ကို မကြိုက်ဖြစ်သွားရသည်။ ယောက္ခမမို့ သူမကအလိုက်တသိ ခေါင်းလေးညွှတ်၍ နှုတ်ဆက်ရသည်။ ဦးကျော်ခေါင်က လိုလားပုံမရပါ။

သူမကို ဖြတ်ကျော်လျက် ညှိခန်းက ဆိုဖာခုံမှာ သွားထိုင်သည်။ သူမလိုက်သွားရန်မှာ ဒီအတိုင်းရပ်နေရန်မှာ ကြောင်တောင်တောင်ဖြစ်နေရ၏။ ဒေါ်သဂီကတော့ ယောက်ျားနောက်က လိုက်သွားပြီး မခွာပေ။

"ဩော် ဖေဖေ ရောက်နေပြီလား"

ကမ္ဘာပိုင် ရောက်လာမှ အသက်ရှူချောင်သွားရသည်။ ကမ္ဘာပိုင်က သူမလက်ကိုဆွဲပြီး သူ့အဖေနှင့်မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်သည်။

"မင်းတို့မင်္ဂလာဆောင်ကိစ္စ အဆင်ပြေတယ်မဟုတ်လား"

"ဟုတ်ကဲ့ အဆင်ပြေပါတယ် ဖေဖေ၊ ဖေဖေရော အလုပ်ကိစ္စတွေ အဆင်ပြေခဲ့လား"





"ငါ လုပ်တဲ့အလုပ်က ဘယ်နှစ်ခါအဆင်မပြေတာရှိလို့လဲ၊ နောက်ဆို မင်းသွားဖို့ ငါစီစဉ်ခဲ့တယ်"

"ဗျာ ဟို ကျွန်တော်က"

"အကြာကြီး မဟုတ်ပါဘူး ခဏပဲ၊ အကြာကြီးသွားရမယ်ဆိုရင် မင်းမိန်းမကို ခေါ်သွားပေါ့၊ ဟိုကလုပ်ငန်းတွေအတွက် ငါမသွားနိုင်ရင် မင်းသွားနေမှဖြစ်မှာ"

ရစ်မှူးကိုပါ ခေါ်သွားခွင့်ပေးမည်ဆိုလျှင်တော့ သူမ သွားနိုင်ရာတော့မရှိပေ။ ပန်းရစ်မှူးက မျက်နှာလေးငြိုနေလျက်နှင့်ပင်

"ဟို ရစ်မှူး ညနေစာပြင်ထားလိုက်ရတော့မလားဟင်"

"ဖေဖေရော စားတော့မလား၊ ရစ်မှူး ချက်ထားတာထင်တယ်"

"ဟုတ်ပါ့တော် မင်းမိန်းမချက်ထားတာပါ၊ ငါက ဒီနေ့အပြင်သွားစရာရှိလို့ ဝယ်စားလိုက်ရအောင်ဆိုတာကို သူ့ဘာသာဈေးသွားပြီး ချက်တယ်လေ၊ ငါ ခိုင်းတာမဟုတ်ဘူးနော်၊ ငါ့ကိုတော့ အပြစ်လာမပြောနဲ့"

"အပြစ်ပြောစရာလား၊ မိန်းမ ဒီအလုပ်တတ်တာ ယောက်ျားလိုက်ယူပေးရမှာပေါ့၊ အေး လုပ်ပြီး သဂီကို မတွက်ကပ်ဖို့တော့ ကြိုပြောထား၊ ငယ်ရွယ်သူနဲ့ ကြီးတဲ့သူ အဲလိုကြေးတန်းနိုင်းတတ်တာမျိုးဆိုရင်တော့ မကြိုက်ဘူး၊ ငါ့အိမ်မှာနေရင် ဆင်ဆင်ခြင်ခြင် အသိတရားလေးနဲ့နေဖို့တော့ စဉ်းစားထား"

နှစ်ယောက်လုံး ဘာမှပြန်မပြောရဲကြ။ ဒီလိုနှစ်ယောက်အတူနေခွင့်ရတာ သူတို့ခွင့်ပြုလို့ပဲမဟုတ်လား။

အားလုံး ခဏနားပြီးချိန်မှာ ပန်းရစ်မှူးက ထမင်းပွဲပြင်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ကျွေးသည်။ ဦးကျော်ခေါင်ရော ဒေါ်သင်္ဂီရော မြိုန်ရေယုက်ရေ အားရ ပါးရစားကြ၏။ ဆိုင်ထမင်းဆိုင်ဟင်း အမြဲလိုလို မှာစားနေကြတာကြောင့် ပန်းရစ်မှူး ချက်ထားတာက သူတို့အတွက် အဆင်ပြေနေသည်။

"လက်ရာက မဆိုးဘူး၊ စားလို့ဖြစ်သားပဲ၊ နောက်ရော အဲလို ချက်ကျွေးနိုင်ပါ့မလား"

"ဟုတ်ကဲ့ ကျွေးနိုင်ပါတယ်"

"ညည်းယောကျ်ားက ငါတို့နိုင်းတယ် ဖြစ်နေပါဦးမယ်"

"အဲလိုကြီး ပြောချင်တာမဟုတ်ပါဘူး၊ ကျွန်တော်က သူ ပင်ပန်းမှာစိုးလို့ပါ"

"ဟ မိန်းမတစ်ယောက် ထမင်းဟင်းချက်တာ ပင်ပန်းတယ် ရှိမလား၊ သူတို့လုပ်ရကိုင်ရမယ့် ဝတ္တရားပဲ"

"အန်တီက ကူလုပ်ဦးမှပေါ့၊ မဟုတ်ရင် ရစ်မှူးကိုကူလုပ်ဖို့ ကောင်မလေးတစ်ယောက်တော့ ခေါ်ပေးမှဖြစ်မယ် ဖေဖေ"

"ဟဲ့ မမူ တစ်ယောက်လုံးရှိတယ်၊ သူနိုင်းချင်တာခေါ်နိုင်းလို့ ရနေတာပဲ၊ သပ်သပ်လူပိုခေါ်ပြီး ဘာလုပ်မှာလဲ"

ကမ္ဘာပိုင်ကို ဘာမှမပြောဖို့ ပန်းရစ်မှူး လက်တို့ရသည်။ သူမ အတွက် စေတနာနှင့်စိုးရိမ်ပေးတာကို နားလည်ပေမယ့် မိဘတွေကို အတိုက်အခံမလုပ်တာ အကောင်းဆုံးဖြစ်သည်။ အားလုံးစားသောက် ပြီးချိန်မှာတော့ မမူက ပန်းကန်တွေခွက်တွေ လာဆေးပေး၏။ သူမနှင့် ကမ္ဘာလည်း အပေါ်ထပ်က ကိုယ့်အခန်းကိုတက်လာခဲ့ကြသည်။

သူမက ဖုန်းလေးကို ထုတ်ကိုင်လိုက်ချိန်မှာ

"ဘယ်သူ့ဆီ ဆက်မလို့လဲ"





"ဖေဖေ့ဆီလေ ဖေဖေရော ထမင်းစားပြီးပြီလားလို့ မေးမလို့"

ကမ္ဘာပိုင် ဘာမှမပြော။ ခွေ့ရာကြီးပေါ်ပစ်လှဲကာ သူမ ဖုန်း ဆက်တာကို ကြည့်နေသည်။

"ဟယ်လို ဖေဖေ၊ သြော် ကိုလက်ာလား ဖေဖေ ဘယ်သွားလို့ လဲ"

"..."

"သြော် ဘုရားခန်းဝင်နေတာလား၊ ဖေ့ဖေ ထမင်းရော စား ပြီးပြီလားဟင်"

"သိပ်မစားလို့ ဒေါ်လေးသိန်း စွပ်ပြုတ်လုပ်တိုက်ရတာလား၊ ဖေဖေ့ကိုဂရုစိုက်လိုက်ပါဦးနော် ကိုလက်ာ"

"ရှင် အဲဒီကိစ္စရောလား၊ ဟုတ် ရစ်မှူး သေချာဆွဲထားလိုက် ပါမယ်၊ ပြီးရင် လာပေးမယ်လေ ဖေဖေ့ကိုလာတွေ့ရင်းနဲ့"

"..."

"ဟုတ်ကဲ့ လာခဲ့ပါမယ်"

"တော်ပြီကွာ"

သူမ ဖုန်းပြောလို့မပြီးသေးဘဲ ကမ္ဘာပိုင်က ဖုန်းကိုဆွဲလုကာ ပိတ်လိုက်သည်။ သူမမျက်လုံးလေးပြူးကာ အံ့အားသင့်သွားလျက်

"ဘာလုပ်တာလဲ ကိုကို၊ ဒီမှာ ဖုန်းပြောနေတာ မပြီးသေးဘူး"

"မင်းအဖေနဲ့ ပြောနေတာမှ မဟုတ်တာ"

"ဖေဖေ ဘုရားခန်းဝင်နေလို့ ကိုလက်ာက ဖေဖေ့ဖုန်းကို ကိုင် ပြီး အကျိုးအကြောင်းပြောနေတာပဲ ကိုကိုရဲ့"

"သူနဲ့စကားတွေအကြာကြီး အပိုလုပ်ပြောနေစရာလား၊ ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



မင်းယောကျ်ားတစ်ယောက်လုံး ရှိတယ်''

''ဒါယောကျ်ားမသိအောင် နိုးကြောင်နိုးဝှက် ဖောက်ပြန်နေတာ မဟုတ်ဘူး ကိုကို၊ ဖေဖေ သိပ်နေမကောင်းတဲ့အကြောင်း ပြောတယ်၊ ရစ်မှူးတို့အိမ်ပုံစံနမူနာဒီဇိုင်းကိုကြိုက်လို့ နောက်ထပ် မြေနေရာအနေအထားနဲ့ အဆင်ပြေမယ့်ဒီဇိုင်းထပ်လိုချင်တဲ့အကြောင်း လုပ်ငန်းရှင်က ပြောလို့တဲ့ အဲဒီအကြောင်းပြောတာ ကိုကို မကြားဘူးလား''

''မင်း ကိုယ့်ကိုအော်နေတာလား ရစ်မှူး၊ တခြားယောကျ်ားနဲ့ ဖုန်းပြောနေတာကို လင်ယောကျ်ားတစ်ယောက်အနေနဲ့ ဒီလောက်လေးတောင် တားဆီးပိတ်ပင်ခွင့်မရှိဘူးလား''

ကမ္ဘာပိုင်လေသံက ပို၍ပြင်းထန်လာသည်။ သူမပခုံးလေးကို ဆောင့်ခါလိုက်တာမို့ သူမနာကျင်စွာ မျက်ရည်လေးပင် ဝဲတက်လာ၏။ ကမ္ဘာပိုင်လက်တွေကို သူမ ဖယ်ချလိုက်ကာ

''တခြားယောကျ်ားနဲ့ဆိုလည်း ပြောနေတဲ့အကြောင်းအရာအပေါ် စိတ်တိုသင့်လား၊ သဝန်တိုသင့်လား ကိုကိုချင့်ချိန်ဦးမှပေါ့၊ အခုအလုပ်ကိစ္စ၊ ဖေဖေ့ကိစ္စပြောနေတာ၊ တခြားသူ့ကိုလွမ်းတာတွေ သတိရတာတွေ ပါနေလို့လား''

''ရစ်မှူး''

''ကိုကိုချစ်လို့ သဝန်တိုတတ်တာကို ရစ်မှူး နားလည်ပါတယ်၊ ဒါပေမဲ့ ကိုကိုလည်း ရစ်မှူးဘက်ကို နားလည်ပေးဦးမှပေါ့၊ ရစ်မှူးကိုကိုကိုချစ်လို့ လက်ထပ်ခဲ့တာလေ''

''ဒါပေမဲ့ အဲဒီကောင်က မင်းနဲ့အချိန်တွေ နှစ်တွေအကြာကြီး ပတ်သက်ခဲ့တယ်၊ မင်းတို့ချင်း သံယောဇဉ်ကြီးခဲ့ကြတယ်လေ၊ ပတ်ဝန်း





ကျင်က မင်းတို့ကို အရမ်းကိုချစ်ကြတဲ့အတွဲလို့ သမုတ်လောက်အောင် ချင်းနှီးကြတယ်၊ အဲဒါကို ကိုယ်ကသဘောထားကြီးပေးသင့်လား ကြီးပေးရမှာလား''

''ရစ်မှူးတို့ရဲ့စိတ်ရင်းအမှန်နဲ့ ရိုးသားမှုကို ပတ်ဝန်းကျင် မသိတောင် ကိုကိုတော့ သိသင့်တာပေါ့၊ ရစ်မှူးတို့မရိုးသားခဲ့ရင် ကိုကို့ကို ရစ်မှူး ချစ်ခဲ့ပါ့မလား လက်ထပ်ခဲ့ပါ့မလား''

''တော်ပြီ ရစ်မှူး၊ အဲဒီကောင်ကြောင့် မင်းနဲ့ကိုယ် အခုလို စကားများနေရတာကိုက သဘာဝမကျဘူး၊ ဘာလို့သူနဲ့ ပတ်သက်ပြီး အတိုက်အခံများနေတာလဲဆိုတာ ကိုယ်လည်း နားမလည်တော့ဘူး၊ ယောကျ်ားမကြိုက်ရင် ဆင်ခြင်လိုက်ရမယ့်ကိစ္စတစ်ခုကို ပုံကြီးချဲ့ပြီး အကြောင်းအရာတွေ ရှင်းပြနေသလိုပဲ ကျွတ် အရမ်းစိတ်ပျက်ဖို့ကောင်းတယ်''

သူက ပြဿနာရှာပြီး သူက စိတ်ဆိုးကာ စောင်ကိုခေါင်းအထိ ဆွဲခြုံ၍ မွေ့ရာပေါ်မှာ ဆန့်ဆန့်ကြီး စိတ်ကောက်နေလေသည်။ သူမလည်း ဖေဖေ နေမကောင်းတာကို စိတ်မကောင်းဖြစ်ပြီး သူ့ကိုချော့ချင်စိတ်မရှိ။ ဘာမှမဟုတ်တာကို သူပြဿနာရှာတာမို့ ချော့ပြန်လျှင်လည်း သူမက မှားလို့ဖြစ်ဦးမည်။

''နေပစေပေါ့၊ ယောကျ်ားဖြစ်ပြီး ဒီလောက်စိတ်ပုပ်တာ''

တိုးတိုးလေးပြောလျက် ကွန်ပျူတာခုံမှာထိုင်ပြီး ပုံဆွဲနေလိုက်သည်။ အိမ်မှာဆိုလျှင်တော့ ညဘက်ခန်းထဲမှာ ကွန်ပျူတာကို ထားပြီး ဘုန်းလက်ာနှင့်တိုင်ပင်ကာ ပုံဆွဲနေကြပါ။

သူက ဒါကောင်းတယ်၊ သူမက ဒါလေးဖြည့်လိုက်မယ် ဒီလို



www.burmeseclassic.com

www.burmeseclassic.com



လုပ်လိုက်မယ်နှင့် အောင်မြင်သည်အထိ လုပ်နိုင်ခဲ့ကြသည်။ တိုက်တာအဆောက်အဦး ပုံကြမ်းဒီဇိုင်းဆွဲရသည့်အလုပ်ကလည်း လွယ်လှသည်တော့မဟုတ်ပါ။

အဆောက်အဦးဆောက်မည့် မြေနေရာအနေအထား၊ အကျယ်အဝန်းနှင့်ဈေးသင့်အောင် မများအောင် ရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးအမြတ်အားလုံး စကေးချထည့်တွက်နိုင်မှပါ။

ပရောဂျက်တစ်ခု အကောင်အထည်ဖော်ဖို့ဆိုတာ ရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးအမြတ်ကို ချိန်ဆထည့်တွက်နိုင်မှ လုပ်ငန်းတစ်ခု အောင်မြင်နိုင်သည်။ ဖေဖေက ဒါကြောင့်လည်း သူမနှင့် ကိုလက်ကို အားကိုးနေရှာတာပါ။ အရင်က ဖေဖေ ဒါတွေသိပ်နားမလည်ခဲ့လို့ ထင်သလောက်မှမအောင်မြင်ခဲ့တာ။

''ဟွန်း အိပ်ပုပ်ကြီး အမြင်ကိုကပ်တတ်တယ်''

ပုံဆွဲရင်းနှင့် စိတ်ကမဖြောင့်။ နောက်လှည့်ကြည့်လိုက်သည့်အခါမှာ ကမ္ဘာပိုင် တရှူးရှူး အိပ်မောကျနေတာမို့ မျက်စောင်းပစ်ထိုးလိုက်မိသည်။ မချော့လည်းနေပေါ့။

ဒီတစ်ညတော့ သူ မချော့လျှင် သူမလည်းမချော့နိုင်ပေ။

စိတ်ကိုတင်းပြီး ဆုံးဖြတ်ကာ ဖေဖေ့အတွက် အလုပ်ကိုသာ ဂရုစိုက်မိလျက် . . . ။

■ ■ ■



## အခန်း (၂၆)

ညက ညလုံးပေါက်နီးပါး အလုပ်လုပ်လိုက်၍ မနက်ကျ သူမအိပ်ရာကမထနိုင်ပေ။ သူမ လူးလဲကာ မျက်လုံးကိုပွတ်သပ်ပြီး နာရီကြည့်မိတော့ ခုနစ်နာရီကျော်နေပြီဖြစ်သည်။

သူမဘေးမှာ ကမ္ဘာပိုင်လည်းမရှိ။ သူမကိုမနှိုးဘဲ အစောကြီးဘယ်ထသွားတာလဲ။ တကယ်ကို ယောက်ျားကြီးဖြစ်ပြီး နေစိမ့်လွန်းသည်။

သူမ ရေမချိုးတော့ဘဲ မျက်နှာသစ်ပြီး အောက်ထပ်ကိုပြေးဆင်းခဲ့ရသည်။

''ဘယ်လိုဖြစ်တာလဲ၊ ဒီအချိန်မှအိပ်ရာနိုးရင် ငါတို့က မနက်စာကို ဘယ်အချိန်စားရမှာလဲ''

''ဟို ရစ်မူး အိပ်ရာဝင်တာနောက်ကျသွားလို့ပါ၊ နောက်ဆို ဒီလိုမဖြစ်စေရပါဘူး၊ အခုလည်း ရစ်မူး မြန်မြန်လေးလုပ်ပေးပါ့မယ်''

''တော်ပါပြီ မမူကိုဝယ်ခိုင်းပြီး ငါတို့မနက်စာ စားပြီးသွားပြီ၊ ညည်းယောက်ျားကရော အစောကြီး အိတ်ဆွဲထွက်သွားတာ၊ ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



ဝီရိယကောင်းနေတာလဲ၊ ညည်းတို့ ဘာဖြစ်ကြတာလဲ''

''ဘာမှမဖြစ်ပါဘူး၊ သူ အပြင်မှာစားမယ်ဆိုပြီး စောထွက်သွားတာပါ''

သူမ အလိုက်သင့်လေး ပြောလိုက်ရသည်။ ဒေါ်သင်္ဂီက နှုတ်ခမ်းကိုမဲ့ပြီး နှာခေါင်းရှုံ့လျက်

''သူ့မိန်းမပင်ပန်းမှာစိုးလို့ အပြင်မှာစားမှာနေမှာပေါ့၊ ငါတို့ကတော့ ညည်းလက်ရာ စားချင်တယ်နော်''

''ဟုတ်ကဲ့ပါ''

''ယောက်ျားရှေ့မှာတော့ ပင်ပန်းတယ်တွေ ဘာတွေသွားမညည်းနဲ့ဦး။ ကမ္ဘာပိုင် အကဲပိုလွန်းလို့ ကဲ ညည်းဈေးသွားမှာ မဟုတ်လား၊ နေ့လယ်စာတော့ ညည်းနဲ့ငါ နှစ်ယောက်စာပဲ ဘာချက်မှာလဲ''

''ဟိုလေ ဖေဖေ နေမကောင်းဘူးဆိုလို့ ရစ်မှူး အိမ်ခဏပြန်ချင်လို့ပါ၊ ညနေစာမှ ချက်ပေးပါရစေနော်၊ အိမ်ကအပြန် ဈေးဝင်ဝယ်ခဲ့ပါ့မယ်''

သူမစကားအဆုံး ဦးကျော်ခေါင် မျက်ခုံးပင့်သွားသည်။

''ဒီရောက်တာ ဘယ်နှရက်ရှိသေးလို့ အိမ်သွားမှာလဲ၊ မင်းက ဒီအိမ်က ကမ္ဘာပိုင်ရဲ့မိန်းမ ဖြစ်သွားပြီနော်''

''ဟုတ် ဟုတ်ကဲ့ အန်ကယ်၊ ဖေဖေကရစ်မှူးလက်ထပ်လိုက်တာကို စိတ်မကောင်းဖြစ်ပြီး ထမင်းမစားနိုင်ဘဲ ကျန်းမာရေးမကောင်းဖြစ်သွားလို့ပါ၊ ခဏလေးနေပြီး ပြန်လာပါမယ်''

''မင်းယောက်ျားကိုရော ပြောပြီးပြီလား''

''ရှင် မပြောရသေးပါဘူး၊ သွားမယ့်အချိန်ကျ သူ့ကိုဖုန်းဆက်





လိုက်မှာပါ''

''အေး ယောက်ျားမသိဘဲ ဘာမှတော့မလုပ်နဲ့၊ မင်းအဖေက ဆိုင်သာဆိုင်တာ မပိုင်တော့ဘူး၊ ငါ့သားကပဲ မင်းကိုပိုင်တာ၊ ယောက်ျားမကြိုက်တာ မကျေနပ်တာလုပ်ရင် အပြစ်ကျူးလွန်တာပဲ''

ဦးကျော်ခေါင်စကားတွေက တစ်ဖက်သတ်ဆန်လွန်းသည်ဟု ထင်မိသည်။ ကမ္ဘာပိုင်က အဖေတူသားများလား။

သူမစိတ်တွေမောစွာဖြင့် သက်ပြင်းတွေချမိနေသည်။ ဦးကျော်ခေါင်ထွက်သွားပြီး မကြာခင်မှာ ဒေါ်သင်္ဂီလည်း အလှအပတွေပြင်လျက် အပြင်ထွက်သွားသည်။

သူမကတော့ မမှုကို မှာစရာရှိတာမှာပြီးမှ ဖေဖေ့အိမ်သွားဖို့အတွက် ကမ္ဘာပိုင်ဆီ ဖုန်းခေါ်လိုက်ရသည်။ ကမ္ဘာပိုင်က သူမဖုန်းကို မကိုင်ပါ။ သုံးခါလောက်ထပ်ခေါ်မှပဲ အင်တင်တင်အသံနှင့်

''ဟဲလို''

''ကိုကို ဘာလို့ဖုန်းမကိုင်တာလဲ၊ ရစ်မှူးဆက်နေတာကို''

''မအားလို့ ဒီမှာလချုပ်စာရင်းတွေ လက်မှတ်ထိုးပေးနေတာ ဒီနေ့ပစ္စည်းအဝင်အထွက်တွေလည်း များတယ်''

''ဟုတ်ပါပြီ ကိုကို မအားဘူးပဲထားပါ၊ အခု ရစ်မှူးဖေဖေ အိမ်သွားမယ်ဆိုတာ လှမ်းပြောတာ''

''ဘာ ဘာသွားလုပ်မှာလဲ''

''ဖေဖေ နေမကောင်းဘူးလေ၊ ထမင်းလည်း မစားနိုင်ဘူးလို့ ညကပြောတာ ကိုကို ကြားရဲ့သားနဲ့''

''ကိုယ်မပါဘဲနဲ့ မသွားရဘူး ရစ်မှူး''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို ကိုကိုပြန်လာလေ၊ ကိုကိုလိုက်ပို့ပါလား"

"မင်းအခုမှ ပြောရလား၊ အခုဆိုဒ်ထဲမှာ ငါအလုပ်ရှုပ်နေတာ"

"ကိုကို မနက်က ရစ်မှူးကို နှိုးလို့လား၊ ရစ်မှူးမသိအောင် အစောကြီးထွက်သွားပြီးတော့"

"ဘာမှပြောမနေနဲ့ မင်းဘာသာ တစ်ညလုံး ဒီဖိုင်းထိုင်နေလို့ အိပ်ရာထနောက်ကျတာ၊ နောက်မှ ကိုယ်လိုက်ပို့မယ်၊ အခုမသွားနဲ့"

"မသွားလို့တော့ မဖြစ်ဘူး ကိုကို၊ ရစ်မှူးကားလည်း ယူလာရဦးမှာ၊ ဖေဖေ့နားမှာ ခဏနေပေးပြီး ပြန်လာပါမယ်၊ အပြန်ဈေးဝယ်လာပြီး ညစာလည်းချက်ထားပေးမယ် နော် ကိုကို၊ ဒါပဲနော် ညနေစောစော ပြန်လာခဲ့"

သူမ ခပ်မြန်မြန်ပြောပြီး ဖုန်းအရင်ချလိုက်သည်။ မဟုတ်လျှင် ရစ်နေမှာစိုးလို့ပါ။ သူမ တက္ကစီစီးပြီး ဖေဖေ့အိမ်လာခဲ့သည်။ ဖေဖေက အားနည်းစွာနှင့် ညည်းခန်းမှာ ရှိနေသည်။

"ဖေဖေ"

"သမီးလေး"

"ထမင်းသိပ်မစားနိုင်ဘူး၊ နေမကောင်းဘူးဆို ဖေဖေ"

"စိတ်ရောလူရော ပင်ပန်းသွားလို့ပါ သမီးရယ်၊ အထွေအထူး ရောဂါကြီးမဟုတ်ပါဘူး၊ မောင်လက်ာက စိတ်ပူပြီး ဆရာဝန်ခေါ်တာနဲ့ ဆေးတော့ထိုးလိုက်ရသေးတယ်"

"ကျန်းမာရေးတော့ ဂရုစိုက်ပေးပါ ဖေဖေ၊ ရစ်မှူးရဲ့မျက်ကွယ် ရာမှာဆိုတော့ ရစ်မှူးလည်း စိတ်ပူရတယ်"

"ဖေဖေ့အတွက် စိတ်မပူပါနဲ့ မောင်လက်ာက ဂရုစိုက်ပါတယ် ကိုယ့်အိမ်ထောင်ရေးအဆင်ပြေဖို့သာ ကြိုးစားပါ၊ အားလုံးနဲ့နေရထိုင်ရ ဆက်ဆံရတာရော အဆင်ပြေရဲ့လား သမီး"

"ဟုတ်ကဲ့ အဆင်ပြေပါတယ် ဖေဖေ၊ ရစ်မှူးအတွက်လည်း သောကရောက်မနေနဲ့နော်၊ ရစ်မှူးက အိမ်ထောင်ကျသွားပြီပဲ၊ သူ့ဟာနဲ့သူ အဆင်ပြေသွားမှာပါ"

"အေးပါ သမီးရယ်၊ အေးပါ သမီးစိတ်ချမ်းသာရတယ်ဆိုရင် ပြီးရောပါ၊ ဒါနဲ့ ဟိုတစ်ခါ သမီးဒီဖိုင်းနဲ့အဆင်ပြေသွားတဲ့လုပ်ငန်းရှင်က နောက်ထပ်ဒီဖိုင်းတစ်မျိုးလိုချင်လို့ပြောထားတယ်"

"ဟုတ်ကဲ့ ညက ကိုလက်ာ ဖုန်းဆက်တော့ပြောပါတယ် ဖေဖေ၊ အဲဒါ ညက တစ်ညလုံး ရစ်မှူး ဒီဖိုင်းထိုင်ဆွဲနေတာ"

"မောင်လက်ာနဲ့ရော တိုင်ပင်ဦးလေ သမီးရဲ့၊ သူ့ဆီမှာ မြေ အမျိုးအစားနဲ့ အကျယ်အဝန်းမြေပုံရော၊ ပတ်ဝန်းကျင်နဲ့တည်ဆောက် ချင်တဲ့ပုံကြမ်းရော ပေးထားတာရှိတယ်"

"ဟုတ်ကဲ့ပါ ဖေဖေ"

ပြောသာပြောရပေမယ့် ကမ္ဘာပိုင်ရဲ့သဝန်တိုမှုကြောင့် ရင်က ဘထိတ်ထိတ်ပင်။ ဘာမဟုတ်တာကို သဝန်တိုတာကို သူမ မကြိုက်ပါ။

ဒါပေမဲ့ ဖေဖေ့အတွက်လည်း ဒီလောက်တော့ လုပ်ပေးသင့်သည်။ သူမကိုကျွေးမွေးပြုစုစောင့်ရှောက်ပြီး ပညာသင်ပေး လူတန်းစေ့ နေနိုင်အောင်လုပ်ပေးခဲ့သည့် မိဘပဲမဟုတ်ပါလား။

"သမီး အိမ်မှာထမင်းစားသွားပါလား၊ ခေါ်သိန်း ဘာတွေချက် နေလဲ မသိဘူး"

"ဖေဖေ့အတွက် ရစ်မှူး တစ်ခုခုလုပ်ပေးခဲ့မယ်လေ၊ ဖေဖေ







www.burmeseclassic.com

www.burmeseclassic.com



ဘာစားချင်လဲ''

''ရပါတယ် သမီးရယ်၊ ဒေါ်သိန်းကလုပ်ကျွေးပါတယ်၊ ဖေဖေ
ခံတွင်းမကောင်းလို့ပါ''

''နောက်ဆို နေမကောင်းရင် ရစ်မူးဆီတန်းခနဲ ဖုန်းဆက်
နော် ဖေဖေ''

''အေးပါကွယ် သမီးက နောက်ဆံမတင်းပါနဲ့''

''ဒေါ်လေးသိန်းဆီ သွားလိုက်ဦးမယ် ဖေဖေ''

''အေးအေး သမီး''

လုပ်စရာရှိတာလုပ်ပေးဖို့အတွက် ဒေါ်လေးသိန်းဆီ ထွက်လာ
ခဲ့လိုက်သည်။

''ဒေါ်လေးသိန်း''

''သမီးလေးရယ် သတိရလိုက် လွမ်းလိုက်တာကွယ်''

''ဒေါ်လေးသိန်း နေကောင်းတယ်မဟုတ်လား''

''ဒေါ်လေးသိန်းက နေကောင်းပါတယ်၊ သမီးအဖေကတော့
မနက်စာစားတဲ့အချိန်ရော ညစာစားတဲ့အချိန်ရော စားပွဲဝိုင်းထိုင်လိုက်
တာနဲ့ မျက်ရည်ဝဲပြီး ဘာမှကိုမစားတော့ဘူး၊ သမီး ပြင်ဆင်ပေးတာ
သမီးနဲ့အတူတူ စားနေကြမဟုတ်လား၊ သတိရအောက်မေ့နေလို့ နေ
ပေါ့ကွယ်''

''ဖေဖေ့ကိုဂရုစိုက်ပေးပါနော် ဒေါ်လေးသိန်း၊ ရစ်မူးလည်း
မကြာမကြာလာနိုင်အောင်တော့ ကြိုးစားပါမယ်၊ ဒါပေမဲ့ ဟိုအိမ်
ကလည်း လူမရှိဘူး၊ အခုတောင် သူတို့တွေအလုပ်ထွက်သွားတော့ အိ
အကူမမှုကိုပဲ အပ်ထားခဲ့ရတာ''





''ဦးကျော်ခေါင်ရဲ့မိန်းမဆိုတာကရော''

''သူကလည်း သူ့ယောက်ျားထွက်တာနဲ့ အပြင်ထွက်တာပဲလေ၊
မိန့်ပွဲစား ဘာပွဲစားလုပ်တယ်ဆိုလားပါပဲ၊ သိပ်တော့မသိပါဘူး''

''နေရထိုင်ရတာ အဆင်ရောပြေရဲ့လား သမီး''

''ဟုတ် အစတော့ သိပ်ကျင့်သားမရသေးဘူးပေါ့၊ သူတို့မိသားစု
တွေက ရစ်မူးတို့လို တစ်ယောက်နဲ့တစ်ယောက် မနွေးထွေးကြဘူးလေ၊
နောက်တော့လည်း ကျင့်သားရ အဆင်ပြေသွားမှာပါ၊ ရစ်မူးက ဖေဖေ့
အတွက်ပဲ စိတ်ပူတာ''

''မပူပါနဲ့ကွယ် မောင်လက်ာက တော်တော်ဂရုစိုက်ရှာပါတယ်၊
သမီးအဖေ နည်းနည်းနေမကောင်းဖြစ်တာနဲ့ ပျာနေတာပဲ၊ ညဘက်အထိ
သည်း အလုပ်လုပ်တယ်''

''ဟုတ်လား ကိုလက်ာက ကျေးဇူးတင်ဖို့ကောင်းပါတယ်၊
နောက်မှ ဖုန်းဆက်ပြီး သူ့ကိုပြောလိုက်ဦးမယ်''

''အေးကွယ်၊ မောင်လက်ာနဲ့သာ လက်ထပ်လိုက်ရင် ဒီလိုတွေ
ဖြစ်မယ်မထင်ဘူး''

ဒေါ်လေးသိန်းပြောမှ သူမနောင်တရချင်ချင် ဖြစ်သွားရသည်။
ဘကယ်ကို လက်ာနှင့်လက်ထပ်လိုက်လျှင်တော့ ဖေဖေ ဒီလိုမျိုး ကျန်းမာ
ရေးမကောင်းဖြစ်ရလောက်အောင် စိတ်ထိခိုက်စရာ လိုမှာမဟုတ်ပေ။
စိတ်ချမ်းသာပြီး တက်တက်ကြွကြွ ရှိနေမှာပါ။ အခုတော့ အချစ်ကို
နှသွပ်မိုက်မဲစွာ မက်မောမိလို့။

သက်ပြင်းတွေ လေးလံစွာနှင့်ပဲ . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"မင်းက ဘာလို့ သက်ပြင်းချနေတာလဲ ဟော့ကောင်၊ အလုပ်ထဲမှာ စိတ်မပါဘူး၊ မိန်းမဆီပဲ ပြန်ချင်နေတယ် မဟုတ်လား"

"မ မဟုတ်ပါဘူး ဖေဖေ"

"ဟုတ်လည်း မင်းမိန်းမအိမ်မှာမရှိဘူး၊ သူ့အဖေအိမ်သွားမလို့တဲ့၊ မင်းဆီကို ဖုန်းဆက်သေးလား"

"ဟုတ်ကဲ့ ဆက်ပါတယ် ဖေဖေ"

"မင်းက ဘာဖြစ်လို့ ခွင့်ပြုလိုက်တာလဲ"

"ဗျာ"

"မင်းနဲ့လက်ထပ်တာ ဘယ်နှရက်ရှိသေးလို့လဲ၊ သူသွားချင်တိုင်းသွား လာချင်တိုင်းလာရအောင် မင်းကခွင့်ပြုထားသလား"

"အဲ အဲလိုလည်း မဟုတ်ပါဘူး၊ ညက ဖုန်းဆက်တော့ သူ့အဖေ နေမကောင်းဘူးဆိုလို့ပါ"





"အေး နေမကောင်းလည်း သူ့ဘာသာဆေးထိုးလိမ့်မယ်၊ မင်းမိန်းမကို သူ့အဖေ မပိုင်တော့ဘူး၊ ဆိုင်ရုံပဲဆိုင်တာ၊ မင်းကပိုင်တယ်၊ သူသွားချင်တယ်ဆိုရင်တောင် မင်းလိုက်ပို့နိုင်တဲ့အချိန်မှသွားခိုင်း၊ ဒါတောင် အမြဲတမ်း အလိုလိုက်လို့မဖြစ်ဘူး နားလည်လား"

သူ ခေါင်းညိတ်ပြပြီး ရစ်မူးကြောင့် အဆိုအပြောခံရတာမို့ စိတ်ထဲမှာ ပိုပြီးမကျေမနပ်ဖြစ်သွားရသည်။ ဖေဖေပြောလည်း ပြောချင်စရာပဲမဟုတ်ပါလား။

"မနက်က မင်းမိန်းမဘယ်အချိန်မှ အိပ်ရာထတယ်ဆိုတာရောသိလား"

"ဟို သူညက ဒီဇိုင်းထိုင်နေတာ ညဉ့်နက်သွားလို့ အိပ်ရာထနောက်ကျသွားတာပါ"

"ဒီဇိုင်းထိုင်နေတာ၊ ဘာဒီဇိုင်းလဲ"

"ဟိုတစ်ခါ အဆောက်အဦးဒီဇိုင်းက သူဆွဲလို့အောင်မြင်သွားတာလေ၊ အဲဒါ အဲဒီလုပ်ငန်းရှင်က နောက်ထပ်နေရာအတွက် ထပ်ပြီးသက်တွဲလုပ်ချင်လို့ ဆွဲခိုင်းတာပါ၊ အဲဒါကို သူလုပ်နေတာ"

"ဩော် အဲဒါပြီးရင် ငါယူမယ်"

"ဗျာ"

"ငါ မြေဝယ်ထားတဲ့နေရာအတွက် အဆောက်အဦးဆောက်ဖို့ အင်ဂျင်နီယာတွေကိုအပ်ထားတာ ငါစိတ်တိုင်းမကျဘူး၊ တစ်ခါလာလည်း ဒီပုံစံ ဒီဒီဇိုင်းပဲဖြစ်နေတယ်၊ မင်းကိုလည်း အားကိုးလို့မရဘူး"

"ကျွန်တော်က အဲဒီပညာသင်ထားတာမှ မဟုတ်တဲ့ ဖေဖေ"

"ကောင်မလေးကရော အဲဒါနဲ့တွဲ့ရတာလား၊ ဒါက အမြင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာကွ၊ အောင်မင်းထွဋ်မွေးထားတဲ့ ဘုန်းလက်ာဆိုတာက ဗိသုကာ
ကျောင်းပြီးတာ၊ ဒါတောင် ဒီကောင်မလေးလောက် အမြင်မရှိဘူး''

''ဟုတ် ညက သူ အကြမ်းဆွဲတာကိုကြည့်တာတော့ တော်
တော်လေး အဆင်ပြေသလိုပဲ''

မနက်ကမှ သူဖွင့်ကြည့်ခဲ့တာပါ။ ပန်းရစ်မှူး ပညာမဆိုးလှပေ
ဒါပေမဲ့ ဈေးနှုန်းနှင့်ရင်းနှီးမြှုပ်နှံမှုစာရင်းတွေတော့ မပါသေး။

''ကမ္ဘာပိုင်''

''ဗျာ ဖေဖေ''

''အဲဒါ ပြီးစီးအောင်လုပ်ပြီးရင် ငါလိုချင်တယ်''

''ဟို ဒါက သူ့အဖေအတွက်''

''ငါလည်း ယောက္ခမပဲလေ၊ ငါ့အတွက်ရော မင်းမိန်းမ မလု
ပေးနိုင်ဘူးလား၊ မင်းကရော ဒါလေးရအောင်တောင် မစွမ်းဆောင်နိုင်
ဘူးလား''

''ဟို ကျွန်တော်ပြောကြည့်ပါမယ် ဖေဖေ''

''ငါနဲ့အဆင်ပြေချင်ရင် ငါ့အတွက်လုပ်ပေးဖို့တော့ ပြောထား
မင်းတို့အတွက် မင်္ဂလာဆောင်ပေးတာ ဘယ်လောက်ကုန်သွားတယ်ထင်
လဲ''

ဒါဟာ မိဘဝတ္တရားမဟုတ်ဘူးလားလို့ မေးမနေချင်တော့
ဖေဖေက သူဖြစ်ချင်တာပဲ သူသိသည့်သူ။ ပန်းရစ်မှူး အိမ်မှာမရှိ
စိတ်ရှုပ်နေရသည့်အထဲမှာ ဖေဖေ့ကြောင့် ပိုပြီးစိတ်တွေရှုပ်ထွေးနောက်
သွားရသည်။

ညနေရုံးဆင်းချိန်မှာတော့ အိမ်ကိုအမြန်ဆုံးရောက်အောင် ပြ





သာခဲ့၏။

''မင်းမိန်းမ စောစောကမှ ပြန်လာပြီး မီးဖိုချောင်ထဲမှာ''

ဒေါ်သဂီပြောပုံက မလိုလားဟန်တွေ အပြည့်ပါ။ သူ့ဘာသာ
သွားချင်ရာသွား လာချင်ရာလာနေချင်သလို နေပေမယ့် ပန်းရစ်မှူးကို
တော့ အဲလိုလုပ်တာ ကြိုက်ပုံမရပေ။

သူ အတက်ချိုကော့စ်ကို ဆိုဖာခုံပေါ် လှမ်းပစ်တင်ပြီး မီးဖိုခန်း
ထဲ လာခဲ့သည်။ ပန်းရစ်မှူးက ပေထရွှန်ဝတ်ကာ အလုပ်တွေရှုပ်လို့ပါ။

''ရစ်မှူး''

''ဩော် ကိုကိုပြန်လာပြီလား၊ စောသားပဲ ခဏလေး ရေမိုးချိုး
ပြီး နားလိုက်နော်၊ ကျက်တော့မှာပါ၊ ပြင်ဆင်ပြီးရင် ရစ်မှူး လာခေါ်မယ်''

''ကိုယ်ဗိုက်ဆာလို့ မင်းဆီလာတာ မဟုတ်ဘူး ရစ်မှူး၊ မင်း
စောစောကမှ ပြန်ရောက်တာဆို တစ်နေကုန် ဘာလုပ်နေတာလဲ''

''ဖေဖေ့ဆီသွားပါတယ်ဆိုမှ ဘာလုပ်ရမှာလဲ ကိုကို၊ ဖေဖေ
နေမကောင်းလို့ ပြုစုပြီးမှပြန်လာတာပေါ့၊ အခုဈေးဝယ်ပြီး ဟင်းချက်
နေတာလေ''

''မင်းမှာအိမ်ထောင်ရှိနေပြီ၊ ယောကျ်ားရနေပြီ၊ ယောကျ်ားမပါ
ဘဲ ဘယ်မှမသွားမလာသင့်ဘူးဆိုတာ မင်း မသိဘူးလား''

''ရစ်မှူး သက်သက်မဲ့အလေလိုက်သွားနေတာ မဟုတ်ဘူး ကိုကို
ဖေဖေနေမကောင်းလို့ မိဘအိမ်သွားတာ၊ အပြစ်ကြီးကျူးလွန်နေတာ မဟုတ်
ဘဲနဲ့ ရစ်မှူးကို နိုင်ထက်စီးနင်း မတရားမပြောပါနဲ့''

''မင်းရဲ့ယောကျ်ားဖြစ်ပြီး ကိုယ် ဘာမှမပြောရဘူးလား၊ ပြော
ပိုင်ခွင့်မရှိဘူးလား ရစ်မှူး''



www.burmeseclassic.com

www.burmeseclassic.com



"တရားနည်းလမ်းကျကျပြောလေ၊ အခု ရစ်မှုးက ဘာတွေ လုပ်နေလို့လဲ၊ ဘာအပြစ်တွေ ကျူးလွန်နေလို့လဲ"

"မင်းအဖေ အိမ်သွားတာ ကိုယ်မကြိုက်ဘူး ရစ်မှုး၊ မင်းအဖေ အိမ်မှာဟိုကောင်ရှိနေတယ်၊ အဲဒီလို သံယောဇဉ်မပြတ်တဲ့ သွားလာနေတာမကြိုက်ဘူး"

"ကျွတ်"

သူမ ကျွတ်ခနဲ အသံထွက်၍ ညည်းညူမိလိုက်သည်။ ကမ္ဘာပိုင်သဝန်တိုမှုတွေက အစွန်းရောက်လွန်းနေသည်ဟု ထင်မိသည်။ သူမ ကမ္ဘာအချစ်ကို ကြောက်ပင်ကြောက်လာမိသည်။

ကမ္ဘာပိုင်က သူမအနားကို လျှောက်လာကာ ပခုံးနှစ်ဖက်ကို ဆုပ်ညှစ်ကိုင်ထိုင်ပြီး

"မင်းက ဘာဖြစ်တာလဲ၊ ကိုယ်ပြောတာကို လက်မခံချင်တာလား၊ မကြိုက်တာလား"

"မဟုတ်ဘူး ကိုကို၊ ကိုကိုပြောနေတာတွေက ရစ်မှုးကိုယ်ကျင့်တရားကို အထင်သေးပြီး စော်ကားနေသလိုပဲ၊ ရစ်မှုးအမှားလုပ်လို့ အပြစ်တင်ခံရမယ်ဆိုရင် ခံနိုင်ပါတယ်၊ အခုက အလကားသက်သက် စော်ကားခံနေရတာ၊ ကိုကိုနဲ့မပတ်သက်ခင်က ကိုလက်ာနဲ့ရင်းနှီးခဲ့တာ အပြစ်လား ကိုကို"

"အခုထိ ရင်းနှီးနေတာ သံယောဇဉ်မပြတ်သေးတာက အပြစ်ဖြစ်နေတာ ရစ်မှုး၊ ကိုယ်အလကားသက်သက် စွပ်စွဲနေတာမဟုတ်ဘူး ကိုယ် ရစ်မှုးကိုချစ်လို့ သဝန်တိုတာ၊ ဘယ်ယောက်ျားမှ မျက်လုံးလေးနဲ့ကြည့်တာတောင် မကြိုက်ဘူး၊ မင်းကိုယ့်အချစ်ကို နားလည်သင့်တယ်"





"နားလည်ချင်တယ် နားလည်အောင်လည်း ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ ကိုလက်ာနဲ့ပတ်သက်ပြီး စွပ်စွဲမှုတွေကိုတော့ ရုတ်သိမ်းပေးစေချင်တယ်၊ အခု ကိုလက်ာက ဖေဖေ့ကိုဂရုစိုက်ပေးနေလို့ ရစ်မှုးအတွက် ကျေးဇူးရှိတဲ့သူပါ၊ ဖေဖေ့အနားမှာ ရစ်မှုးမနေနိုင်ဘူး၊ သူက နေပေးတယ် စောင့်ရှောက်ပေးတယ်"

"တော်တော်သံယောဇဉ်ကြီးတာပဲ"

"ကိုကိုရယ် အဲလိုတွေ မပြောပါနဲ့၊ ဒီနေ့လည်း သူနဲ့မတွေ့ခဲ့ပါဘူး၊ နောက်ဖေဖေ့ဆီသွားရင်လည်း ကိုကို လိုက်ခဲ့ပါ လိုက်ပို့ပါ၊ အရေးအကြောင်းမရှိဘဲ ကိုကိုမပါရင် အတတ်နိုင်ဆုံး မသွားမိအောင် ကြိုးစားပါမယ် နော် ကိုကို"

"ပြီးတာပဲ"

သူမက ကမ္ဘာပိုင်နှင့်ပြိုင်ပြီး ရန်မဖြစ်ချင်တော့၍ အတတ်နိုင်ဆုံး အလျှော့ပေးကာ ပြောလိုက်ရသည်။ ဒီအကြောင်းနှင့် လူကြီးတွေ သိသွားအောင် ကြာရှည်လည်းပြဿနာမဖြစ်ချင်ပါ။

ကမ္ဘာပိုင်က သူမနဖူးကို ဖျတ်ခနဲ ဖိနမ်းပြီးမှ ကျေနပ်သွားဟန်ဖြင့် ထွက်သွားသည်။ တကယ်ကို ရင်ခုန်မှုတွေပေးလိုက် ဝေဒနာတွေ ပေးလိုက်နှင့်ပါ။

"ကဲ ကျက်ပြီလား၊ ကိုကိုကျော်တောင် ပြန်လာပြီ၊ စေတနာပါရင် စားစားအဆင်သင့်ဖြစ်နေရမှာပေါ့"

အသံကျယ်ကျယ်နှင့် ဒေါ်သီ ရောက်လာတော့

"ဟုတ်ကဲ့ ကျက်ပါပြီ အန်တီ၊ အန်ကယ်ရေချိုးပြီးတာနဲ့ အားလုံးအဆင်သင့်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမ ပျာပျာသလဲပြောရင်း မြန်မြန်ပင် ပြင်ဆင်နေရသည်။ အိမ်ဖော်လို့များ သူမကိုသတ်မှတ်ထားလေသလား။ သူမကတော့ ဒီလို သဘောထားနေသည်လို့ မသတ်မှတ်ပါ။ မိသားစုအတွက် စေတနာနှင့် ပြုစုလုပ်ကိုင်ပေးမိခြင်းပင်။

အားလုံး ရေမိုးချိုးပြီးလို့ စားသောက်ပွဲပြင်ဆင်ပြီးလို့ စားသောက်ဖို့ ပြင်ဆင်နေချိန်မှာ သူမက ချွေးတွေချေးတွေဖြင့် နံစော်လို့ နေသည်။

"ရစ်မှူးရော မစားသေးဘူးလား"

"အင်း ရစ်မှူး မောနေလို့ ပြီးမှပဲ စားလိုက်တော့မယ်၊ ရစ်မှူး ရေချိုးလိုက်ပါဦးမယ်၊ အားလုံး သုံးဆောင်ကြပါ"

သူမ အခန်းကို ပြန်လာခဲ့သည်။ ချွေးစော်တွေနံနေတာမို့ မွေ့ရာပေါ်မလှဲဝံ့တဲ့ အောက်မှာထိုင်၍ အဝတ်ဗီရိုကြီးကို မှီထိုင်ကာ အမောဖြေနေရသေးသည်။

ဝဋ်ကြွေးတစ်ခုလို့ သူမ မသတ်မှတ်ချင်သေးပါ။ သူမကျေနပ်စွာပေးဆပ်နေတာပဲ။ သူတို့စားပြီးချိန်လောက်မှပဲ သူမ ရေချိုးသန့်စင်၍ အောက်ပြန်ဆင်းလာခဲ့သည်။

အားလုံး ညနေခန်းရောက်နေပြီဖြစ်၍ ထမင်းစားခန်းတွင်းမှာ သူမ တစ်ယောက်တည်းပင်။ မမူ ပန်းကန်တွေဆေးဖို့ ဘာလို့ရောက်မလာတာလဲ။ အားလုံးစားသောက်ထားတာတွေ သူမပဲ ဆေးကြောရတော့မည် ထင်သည်။

ဟူး ရင်တွေမောပါဘိ။

■ ■ ■



## အခန်း (၂၈)

"ရစ်မှူး မအိပ်သေးဘူးလား"

"အင်း ဒီနေ့ပုံအပြီးဆွဲမယ်လို့ ဆုံးဖြတ်ထားလို့ပါ၊ ကိုကို အိပ်နှင့်လေ"

"မင်းအတွက် အဲဒါက အရမ်းအရေးကြီးနေလား"

"အင်း ဒီတစ်ပတ်ထဲမှာ လုပ်ငန်းရှင်တွေကို အပြီးအပ်ရမှာ"

"ဒါက ဘာလဲ"

ဘုန်းလက်က ပို့ထားသော စာရင်းအင်းတွေကို ကမ္ဘာပိုင် တွေ့သွားလေသည်။ သူမက ဘာမှမဖြစ်သလိုပုံစံနှင့်

"ခုနလေးကမှ ကိုလက်က ပို့လိုက်တာပါ၊ မြေသားအမျိုးအစားနဲ့ အကျယ်အဝန်း၊ ပြီးတော့ ရစ်မှူးပုံကြမ်းပို့ပေးလိုက်လို့ ရင်းနှီးမြှုပ်နှံရမယ့် ကုန်ကျစရိတ်စာရင်း တွက်ပေးတာ"

"မင်းတို့အွန်လိုင်းမှာ အလုပ်ဖြစ်နေကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ကိစ္စပါ ကိုကို၊ တခြားဘာအကြောင်းမှ မပါပါဘူး"

"ရစ်မူး"

"ဟင် ကိုကို"

"ကိုယ့်အဖေလည်း လုပ်ငန်းလုပ်နေတာ၊ ဂျပန်က လုပ်ငန်းရှင်တွေနဲ့စာချုပ်ချုပ်ပြီးသွားပြီ၊ ကိုယ့်အဖေအတွက်ရော မင်းလုပ်မပေးချင်ဘူးလား"

"ရှင် ဟိုလေ ဒါက ရစ်မူးတစ်ယောက်တည်း မလုပ်နိုင်ပါဘူး။ ကိုလက်ာက ကူညီပေးမှ ဖြစ်တာပါ၊ ရစ်မူးက အဆောက်အဦးဒီဇိုင်းလောက်ပဲရမှာ၊ အဲဒါဆိုတော့"

"အဲဒါဆိုတော့ မလုပ်ပေးနိုင်ဘူးလို့ ပြောချင်တာလား ရစ်မူး"

"အဲလိုလည်း မဟုတ်ပါဘူး။ ဖေဖေ့အတွက်ပြီးသွားရင် ပုံကြမ်းလောက်တော့ ရစ်မူး ကြိုးစားပြီးလုပ်ပေးနိုင်ပါတယ်၊ ဈေးကွက်အတွက်တော့ တခြားပညာရှင်ကိုရှာပေါ့"

ကမ္ဘာပိုင် အံကိုတင်းတင်းကြိတ်၍ ပန်းရစ်မူးကို စူးစိမ်းကာကြည့်၍

"ပန်းရစ်မူး မင်းစိတ်ဓာတ်ကို ကိုယ်သိလိုက်ရပြီ"

"ဟင် ဘာကိုလဲ ကိုကို"

"ယောက္ခမကို မိဘလိုသဘောမထားနိုင်တာလေ"

"အို ကိုကိုဘယ်လိုပြောလိုက်တာလဲ၊ ကိုကို့ဖေဖေကို ရစ်မူးမိဘလိုသဘောထားပါတယ်၊ အဲဒါကြောင့်လည်း အပင်ပန်းခံပြီး ပြုစုလုပ်ကိုင်ပေးနေတာပေါ့၊ ကိုကိုက ဘာကိုကြည့်ပြီး အဲဒီစကားပြောရတာလဲ"





"မင်းကို ဖေဖေ့အတွက် အကူအညီတောင်းနေတယ်လေ၊ မင်းဆင်ခြေပေးနေတာ မလုပ်ပေးချင်လို့မဟုတ်ဘူးလား"

"ရစ်မူး မလုပ်ပေးဘူးလို့ ပြောမိလို့လား။ အခု ရစ်မူးလုပ်နေတယ်ဆိုတာ ကိုလက်ာအကူအညီနဲ့ ကိုကိုတို့အတွက် လုပ်ပေးဖို့ဆိုရင် တခြားပညာရှင်နဲ့ ညှိနှိုင်းဆွေးနွေးရမယ် ဒါပဲ"

"တောက်"

ကမ္ဘာပိုင် မကျေမနပ် တက်ခေါက်လိုက်တော့ သူမ ရင်ထဲ စာကျင်စူးရှသွားရသည်။ သူမ ကွန်ပျူတာမှမျက်နှာခွာကာ ကမ္ဘာပိုင်ကို စောင်းငဲ့ကာကြည့်လိုက်မိ၏။

"ကိုကို ဘာကိုတက်ခေါက်တာလဲ၊ ရစ်မူးကို မကျေနပ်တာလား"

"မင်းအခု ဆွဲထားတဲ့ဒီဇိုင်းကို ဖေဖေ့ကိုပေးလို့မဖြစ်ဘူးလား။ ကိုယ်တို့မင်္ဂလာပွဲကို ခွင့်ပြုပေးတဲ့ကျေးဇူးကိုထောက်ပြီးတော့ပဲဖြစ်ဖြစ်ပေါ့၊ နောက်မှ မင်းအဖေကို လုပ်ပေးရင်ရော"

"ကိုကို"

"ဖေဖေ့ဆီက ကြည်ဖြူမှုကို မင်းကိုရစေချင်တယ်"

"ရစ်မူး ဖေဖေ့ဆီက ကြည်ဖြူမှုကိုရအောင်ရော ရှင် ဘာလုပ်ပေးမလဲ"

သူမရဲ့ပြန်လည်တုံ့ပြန်မှုမှာ ကမ္ဘာပိုင် အကြည့်တစ်ချက် စွေလာပြီး အသံတိတ်သွားခဲ့သည်။ သူမ ကွန်ပျူတာကိုကျောခိုင်းထိုင်လိုက်ကာ

"ပြောလေ ကိုကို၊ ရစ်မူးတို့မင်္ဂလာပွဲကို နှစ်ဖက်မိဘတွေ



www.burmeseclassic.com

www.burmeseclassic.com



သဘောမတူခဲ့တာပါ၊ နောက်မှနှစ်ဖက်လုံးက ခွင့်ပြုခဲ့တာ၊ နှစ်ဖက်မိဘအားလုံး ကျေးဇူးရှိတာပဲမဟုတ်လား၊ ရစ်မှူးဖေဖေက ဒီမင်္ဂလာပွဲကို မေတ္တာနဲ့ခွင့်ပြုခဲ့တာပါ ကိုကို''

''ဒါဆို ကိုယ့်ဖေဖေက မေတ္တာနဲ့ခွင့်ပြုခဲ့တာ မဟုတ်ဘူးလို့ မင်းပြောချင်တာလား''

''မင်္ဂလာပွဲမှာတောင် ရှိနေမပေးတာ ဘာကြောင့်လဲဆိုတာ ကိုကို အသိဆုံးဖြစ်မှာပါ''

''တော်ပြီ ရစ်မှူး''

သိနေပေမယ့် ကိုယ့်မိဘကိုစော်ကားသည့်စကားမျိုးတော့ လက်မခံနိုင်ပေ။ သူမအဖေအတွက်တော့ အားကြိုးမာန်တက် အလုပ်တွေ လုပ်နေခဲ့တယ်မဟုတ်လား။

ပန်းရစ်မှူးက ထရပ်လာပြီး

''ဒီ ဒီဗိုင်း ပုံကြမ်းကို ကိုကို့ဖေဖေကို ပေးချင်ပေးလိုက်ပါ၊ ဖေဖေ့အတွက်ကို တခြားအကြောင်းပြပြီး နောက်မှ ရစ်မှူးလုပ်ပေးလိုက်ပါမယ်၊ အဲဒီလိုလုပ်တဲ့အတွက် ကိုကို့အဖေ ရစ်မှူးအပေါ်ကြည်ဖြူဖို့ ကိုကို တာဝန်ယူတယ်မဟုတ်လား''

''ရစ်မှူး''

''ရစ်မှူး ဖေဖေဘက်က ကြည်ဖြူဖို့အတွက်လည်း ကိုကိုက လိုက်လျောမှုလုပ်ပေးရပါမယ်၊ ဒါမှနှစ်ဦးနှစ်ဖက် မျှတမှာမဟုတ်လား''

သူမ ဒါပဲပြောပြီး ကွန်ပျူတာဘက် ပြန်လှည့်လိုက်သည်။ အခုချိန်ထိ သူမ နောင်တမရချင်သေး။ ကမ္ဘာပိုင်ကိုချစ်နေသေးလို့ပါ။ ကမ္ဘာပိုင်က သူမကိုကျောဘက်ကနေ သိုင်းဖက်လာကာ





''ကျေးဇူးပဲ ရစ်မှူး၊ ရစ်မှူးပြောတာတွေ ကိုယ်နားလည်ပါတယ်၊ နောက်ဆို ရစ်မှူးဖေဖေဆီ သွားချင်ရင် ကိုယ်လိုက်ပို့မယ်၊ ဘုန်းလက်ာနဲ့ ကိစ္စလည်း အတတ်နိုင်ဆုံး ကိုယ်နားလည်ပေးပါမယ်၊ ဒီကိစ္စနဲ့ ဖေဖေ့ဘက်က ကြည်ဖြူလာနိုင်ပါတယ် ရစ်မှူး''

သူမဘာမှပြန်မပြောမိ။ သူ့ဆန္ဒပြည့်သွားလို့ သူမကို အညှိုအခရာတွေ လာလုပ်နေတာမဟုတ်လား။

သူမရင်ထဲ တဆစ်ဆစ်နာနေသည်။ တစ်နေရာရာက ထိုးရှုအောင့်သလို ခံစားရ၏။ ဘာကြောင့် ဒီလိုဝေဒနာတွေ တွယ်ကပ်လာရတာလဲ။ သူမ ကမ္ဘာပိုင်ကို ချစ်နေသေးရဲ့သားနဲ့ . . .။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"ပန်း ဘာလို့အဲလိုလုပ်လိုက်တာလဲ၊ ကိုယ်က ပန်းပို့ထားတဲ့ ပုံကြမ်းကို အီးမေးလ်နဲ့ဟိုဘက်ကိုပို့လိုက်ပြီ၊ အဆောက်အဦးပုံစံငယ် လုပ်ပြီးတာနဲ့ စာချုပ်ချုပ်ပဲရှိတော့တယ်၊ ကိုယ်တို့ကို ယုံကြည်လို့လုပ်ငန်း အပ်တာ ဘယ်လောက်တောင် အခက်အခဲဖြစ်သွားမလဲ ပန်း မသိဘူး လားကွာ"

သူမ အကျိုးအကြောင်း ဖုန်းဆက်ပြောစဉ်မှာ လူကိုယ်တိုင် တွေ့မှဖြစ်မယ်ဆိုပြီး ဘုန်းလက်ာ ပြောတာကြောင့် ကော်ဖီဆိုင်ကို လာ တွေ့ရခြင်းပါ။ နေ့လယ်မှ အားတာမို့ အခုမှထွက်လာရခြင်းပင်။ ဒီကိစ္စက ဘုန်းလက်ာနှင့်မပြောလို့လည်း မဖြစ်။

ဖေဖေ သိသွားလျှင် စိတ်ထိခိုက်သွားနိုင်သည်။

"ရစ်မှူး တောင်းပန်ပါတယ် ကိုလက်ာ၊ ဖေဖေ့ကိုတော့ အသိ မပေးလိုက်ပါနဲ့၊ ရစ်မှူး စိတ်တိုင်းမကျလို့ နောက်ထပ်ဒီဇိုင်းအသစ် ထပ် ရှာနေတယ်လို့ပဲ ပြောလိုက်ပါ"





"ယုံပါ့မလား ပန်း၊ ဟိုဘက်ကတောင် ဒီဇိုင်းကြိုက်လို့ အလုပ် လုပ်မယ်ပြောပြီးသွားပြီ၊ အလုပ်လုပ်မယ့်သူက မကြိုက်လို့ ပြန်ပြင်မယ် ဆိုတော့"

"ဒီဘက်မှာလည်း အခက်အခဲဖြစ်သွားလို့ ကိုလက်ာ"

"အဲဒီအိမ်မှာနေရတာ အဆင်ရောပြေရဲ့လား ပန်း"

"ကိုလက်ာ"

"မွန်းကျပ်နေရပြီ စိတ်ဆင်းရဲနေရပြီမဟုတ်လား၊ ဦးကျော်ခေါင် က"

"ရစ်မှူး ရွေးလိုက်တဲ့ အိမ်ထောင်ရေးပါ၊ နောက်တော့ အဆင် ပြေသွားမှာပါ"

"အဲလိုဖြစ်လာဖို့ မျှော်လင့်ထားတာတော့ ကောင်းပါတယ်၊ ဒါပေမဲ့ ကိုယ်တော့မထင်ဘူး"

"ရှင်"

"လူတစ်ယောက်ရဲ့အကျင့်ဗီဇဆိုတာ ပြင်ဖို့ခက်တယ်လေ၊ အန်ကယ်ပြောသလောက်တော့ ဦးကျော်ခေါင်က တော်တော်ဆိုးတဲ့လူပဲ ပန်း၊ သူ့အတ္တ သူ့မာနအတွက် ချစ်လို့ယူထားတဲ့မိန်းမကိုတောင် အပြစ် ပြောရက်တယ် ကွာရှင်းရက်တယ်၊ သားကိုလည်း အဲလိုအတ္တတွေ မာန တွေနဲ့ ချုပ်ကိုင်ထားတာ၊ အဲဒီရုပ်တည်မှုတွေနဲ့နေလာတဲ့လူတစ်ယောက် က အငြိုးအတေးတွေရှိနေတဲ့လူရဲ့သမီးကို မေတ္တာနဲ့မဆက်ဆံနိုင်ဘူးဆို တာ အန်ကယ် သိနေတယ်၊ အဲဒါကြောင့် ပန်းအတွက် အန်ကယ် စိတ်ဆင်းရဲနေခဲ့တာ"

ပန်းရစ်မှူး မျက်ရည်ဝဲစွာ ငြိမ်သက်နေမိသည်။ ဖေဖေ့[illegible]



www.burmeseclassic.com

www.burmeseclassic.com



တွေကို မသိလို့မှမဟုတ်တာ။

သူမက အချစ်ကိုရှုံးသွပ်စွာ ကိုးကွယ်မိသွားတာပါ။

''ပန်း''

''ရှင်''

''အခု ပန်း စိတ်ဆင်းရဲနေရတာ ဦးကျော်ခေါင်ကြောင့်လား ကမ္ဘာပိုင်ကြောင့်လား''

''ကိုလက်ာ မသိချင်ပါနဲ့၊ ဖေဖေ့ကိုလည်း နည်းနည်းလေးမှ အသိမပေးလိုက်ပါနဲ့၊ ပန်းရဲ့အိမ်ထောင်ရေးကို ပန်းဘာသာ စံစား ခံစားသွားပါမယ် အဆင်ပြေဖို့''

''ဒီနည်းက အဆင်ပြေမယ်ထင်လို့ ပန်း ဒီလိုလုပ်လိုက်တာလား၊ ကိုယ့်မိဘစီးပွားကို အပျက်ခံပြီး သူတို့စီးပွားကိုဖြစ်အောင်လုပ်ပေးမှ အဆင်ပြေလာမှာလား ပန်း အဲဒါ ပန်းအတွက်''

''ရစ်မူးကို မိုက်မဲခွင့်ပေးပါဦး ကိုလက်ာ၊ ခက်ခက်ခဲခဲ တည်ဆောက်ခဲ့ရတဲ့ အိမ်ထောင်ကို လွယ်လွယ်ကူကူတော့ အပျက်စီးမခံနိုင်ပါဘူး၊ ပဋိပက္ခဆိုတာတော့ နေရာတိုင်းမှာရှိနေနိုင်တာပဲလေ၊ ကိုလက်ာက ဖေဖေ့ကိုပဲဂရုစိုက်ပေးပါ''

ဘုန်းလက်ာမှာ ပန်းရစ်မူးကိုကြည့်ပြီး စိတ်မကောင်းနိုင်၊ မျက်နှာလေးအတော်ကိုချောင်သွားခဲ့သည်မဟုတ်လား။ မွန်းကျပ်မှုတွေနှင့် စိတ်ဖိစီးမှုတွေများကာ ပင်ပန်းနွမ်းနယ်နေသည်ဆိုတာ မြင်ရုံနှင့်သိသာနေခဲ့သည်။

ဒီလိုလုပ်လိုက်ရသည့်အတွက် ဖခင်ကြီးအပေါ် စိတ်မကောင်းဖြစ်နေတာလည်း ဖြစ်နိုင်သည်။





''ပန်း ကျန်းမာရေးတော့ ဂရုစိုက်ပါကွာ၊ မျက်နှာလေးချောင်ပြီး နွမ်းနေတာပဲ၊ ကိုယ် စိတ်မကောင်းလိုက်တာ''

ဒီလိုစကားမျိုး ကမ္ဘာပိုင်ဆီက မကြားရတာ စိတ်မကောင်းဖြစ်မိသည်။ တစ်ခန်းထဲမှာ အတူနေအတူအိပ် အတူစားနေကြသည့် လင်မယားဖြစ်နေကြတာတောင် ကမ္ဘာပိုင် သတိမထားမိဘူးတဲ့လား။

''ရစ်မူးအတွက် စိတ်မပူပါနဲ့ ကိုလက်ာ၊ ဟိုလေ ဦးနဲ့ဒေါ်ဒေါ်အတွက် ကလေးတွေအတွက် ရစ်မူး ဘာမှဝယ်မပေးရတာ ကြာပြီ၊ ဒီဆိုင်က တစ်ခုခု ရစ်မူး ဝယ်ပေးလိုက်ပါမယ်''

''ကိုယ် အိမ်မှမပြန်ဖြစ်တော့တာ ပန်းရယ်၊ ဘာလို့ဝယ်ပေးနေမှာလဲ''

''ဟင် လုံးဝမပြန်ရတာလား၊ ဖေဖေ့အနားမှာပဲ နေနေတာပေါ့''

''အန်ကယ့်ကျန်းမာရေးအတွက် စိတ်ပူလို့လေ၊ ပန်းအတွက် အရမ်းစိတ်ထိခိုက်နေပေမယ့် စိတ်ဆောင်နေတယ်လို့ထင်တယ်၊ အလုပ်ထဲမှာလည်း အရင်ကလောက် တက်တက်ကြွကြွ မရှိဘူး၊ ပန်း ဒီလိုတွေ ဖြစ်နေတယ်သာသိရင် ရှော့ခ်ဖြစ်သွားမှာ သေချာတယ်''

''အဲဒါကြောင့် လုံးဝကို အသိမပေးပါနဲ့၊ ရစ်မူး ဒီလိုနဲ့ပဲ အဆင်ပြေသွားမှာ၊ ကိုယ်ချစ်တဲ့သူကို ပိုင်ဆိုင်ထားရတာပဲ''

''အေးပါ ပန်းအဆင်ပြေရင် ပြီးတာပါပဲ၊ ဒါပေမဲ့ တစ်ခုခုကို ကိုယ့်ကိုမမေ့ပါနဲ့၊ ပန်းအရမ်းခံစားရတဲ့အခါ ရင်ဖွင့်ဖော်အနေနဲ့ပဲ ဖြစ်ဖြစ်ပေါ့''

''ဟုတ်ကဲ့ အဲလိုပြောပေးတဲ့အတွက်ရော ဖေဖေ့ကိုတည်းရော



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်ပါတယ် ကိုလက်ာ။ ဟိုလေ ရစ်မှုနဲ့တွေ့တုန်း အိမ်ကလူတွေအတွက် ဝယ်ပေးလိုက်ပါရစေ၊ အိမ်ကိုခဏဖြစ်ဖြစ် ပြန်ပို့လိုက်ပါနော်။ မဟုတ်ရင် ရစ်မှု စိတ်မကောင်းဖြစ်နေရမှာစိုးလို့ပါ''

''သဘောပဲ ပန်းရယ်''

အငြိုငြင်ခံလေ့မရှိတာမို့ ပန်းရစ်မှု စိတ်တိုင်းကျ ခေါင်းညိတ်လက်ခံလိုက်ရသည်။ ပန်းရစ်မှုက ကော်ဖီဆိုင်လေးက တန်ဖိုးရှိသောမုန့်တွေကို များများဝယ်၍ ပါဆယ်အိတ်လေးကို ကားနားအထိဆွဲလာကာ ပေးသည်၊ သူမလည်း ကားပါလာတာမို့ ကိုယ့်ကားပေါ်ကိုယ်တက်ကြကာ လက်လေးတွေပြ၍ လမ်းခွဲခဲ့ကြသည်။

တကယ်ကို တစ်လမ်းစီပါ။ သူမက ခွဲထွက်ရှောင်ခဲ့သူပင်။ ဒဏ်ရာမရှိပေမယ့် အနာတရကျန်ခဲ့တာကတော့ . . .။

■ ■ ■

## အခန်း (၃၀)

''မင်း ဒီနေ့ ဘယ်သွားသေးလဲ''

မေးလိုက်သည့်လေသံက ခပ်ရှုးရှုးကြည့်ကာ ခပ်မာမာပင်။ သူမ မျက်လုံးတစ်ချက်ပဲလှန်ကြည့်ရင်း မွေ့ရာဆီလျှောက်သွားကာ ပစ်လှဲလိုက်သည်။ ဒီနေ့ စိတ်ရောလူရော ပင်ပန်းနေတာကြောင့်ပါ။

''ကိုယ်မေးနေတာ ဘာလို့မဖြေတာလဲ ရစ်မှု''

''ရစ်မှုကိုလက်ာနဲ့ သွားတွေ့တာပါ''

''ဘာအတွက်လဲ''

''ဒီဖိုင်းကိစ္စ''

''ဘယ်လောက်အရေးကြီးလို့လဲ''

''သေးသေးမွှားမွှား မဟုတ်နိုင်တာတော့ ကိုကို သိနေလယ်မဟုတ်လား။ ဒါ လမ်းဘေးမှာ ဟင်းရွက်ကန်စွန်းရောင်းတဲ့ကိစ္စမျိုးမဟုတ်ပါဘူး။ ဂုဏ်သိက္ခာတွေ ရှေ့လက်တွဲသွားဖို့ယုံကြည်မှုတွေနဲ့ ရင်းရ

www.burmeseclassic.com

www.burmeseclassic.com



တဲ့ကိစ္စပါ၊ ကိုကိုတောင်းဆိုမှုကို လိုက်လျောခဲ့တာ၊ ဖေဖေ့စီးပွားရေး တစ်ခုလုံးပျက်စီးသွားနိုင်တဲ့အနေအထားမျိုးပါ၊ ဒါပေမဲ့ ရစ်မှုး ဘာကြောင့် လိုက်လျောခဲ့လဲ သိလား''

''ရစ်မှုး''

''ရှင့်ကိုချစ်လို့ ရှင့်မိဘနဲ့ပြေလည်ချင်လို့ အဆင်ပြေချင်လို့ မိသားစုဝင်အဖြစ် အသိအမှတ်ပြုခံချင်လို့''

သူမပြုံးခနဲ ထထိုင်ကာ ရင်ဖွင့်ပေါက်ကွဲမိတာမို့ ကမ္ဘာပိုင် မင်တက်ကြောင်အမ်းသလို သူမကိုကြည့်နေသည်။ ပြီးတော့ ကျွတ်ခနဲ စုတ်သပ်၍

''မင်းကို ကိုယ်ကရော မချစ်လို့လား ရစ်မှုး၊ ဖေဖေနဲ့ အဲလို တွေအဆင်ပြေစေချင်လို့လည်း ဒီကိစ္စကို ကိုယ်တောင်းဆိုခဲ့တာပေါ့ ဖေဖေက ကျေနပ်တယ်၊ လုပ်ငန်းလုပ်ဖို့အဆင်ပြေပြီဆိုရင် မင်းမိန်းမကို ဘောက်ဆူးကောင်းကောင်းပေးမယ်တဲ့''

''ရစ်မှုးက ငွေအတွက်လုပ်ခဲ့တာ မဟုတ်ဘူး ကိုကို၊ ပညာကို ရောင်းစားရလောက်အောင်လည်း ရစ်မှုးတို့မမွဲဘူး၊ ဖေဖေ သင်ပေးတဲ့ ပညာနဲ့ ဖေဖေ့ကို ပြန်ပြီးအလုပ်အကျွေးပြုဖို့ပဲ စဉ်းစားထားတာ''

''ကိုယ့်ဖေဖေကလည်း ရစ်မှုးမိဘပဲမဟုတ်ဘူးလား''

''ကိုကို့ဖေဖေက ရစ်မှုးကို ချွေးမတစ်ယောက်အဖြစ် အသိ အမှတ်ပြုပြီလား''

''သူတို့သဘောတူလက်ထပ်ပေးထားတာ မဟုတ်ဘူးလေ ရစ်မှုး၊ အဆင်ပြေဖို့အတွက် ကိုယ်တို့နည်းနည်းသည်းခံပြီး စောင့်ရမှာ မဟုတ်ဘူးလား''



ပန်းရစ်မှုး မွေ့ရာကြီးပေါ်က ဆင်းလိုက်သည်။ အခန်းထဲမှာ ရှိသော ရေခဲသေတ္တာထဲက ရေအေးအေးကို ရင်ပူသက်သာအောင် ဘူး အဖုံးဖွင့်၍ ဒီအတိုင်းမော့သောက်လိုက်သည်။ ကမ္ဘာပိုင်ရဲ့တစ်ဖက်သတ် ဆန်သောစကားတွေက သူမရင်တွေကို ပူလောင်နေစေပါသည်။

သူမ ဆိုဖာခုံရှည်ပေါ်မှာ သွားထိုင်၍

''ရစ်မှုး ဖေဖေတို့အတွက် ဒီဖိုင်းထိုင်ပေးလိုက်ဦးမယ်၊ ကိုကို အိပ်နှင့်လေ''

''စကားပြောနေတာ ဘာလို့ရှောင်ထွက်သွားတာလဲ ရစ်မှုး''

''ရစ်မှုး အလုပ်လုပ်ရဦးမယ်''

''ကိုယ် စကားပြောလို့ မပြီးသေးဘူး''

အနားမှာလာထိုင်ပြီး အတိုက်အခံလုပ်လာတာကြောင့် သူမ စိတ်ညစ်ညူးစွာ မျက်နှာလေးရှုံ့မဲ့သွားသည်။ သူ့ဆန္ဒကို မလိုက်လျော လျှင် ဒီနေ့ကိစ္စပြီးမည်မဟုတ်ပါ။

''ဘာပြောမှာလဲ ကိုကိုပြော''

''ဘုန်းကမ္ဘာနဲ့ နှစ်ယောက်တည်း သွားတွေ့တာ အိမ်ထောင်ရှင် မိန်းမတစ်ယောက်အနေနဲ့ မဖြစ်သင့်ဘူးဆိုတာ မင်းမတွေ့သင့်ဘူးလား''

''ဒါက''

''မင်းသူ့ကို တနင့်တပိုး ဝယ်ပေးလိုက်တယ်၊ ကားပေါ်ရောက် တဲ့အထိ သံယောဇဉ်မပြတ်ကြဘူး၊ မင်းတို့ဒီအလုပ်ကိစ္စတစ်ခုတည်း အတွက် တွေ့ကြတာမှ ဟုတ်ရဲ့လား''

''ကိုကို ရစ်မှုးကို မယုံသင်္ကာလိုက်ချောင်းကြည့်နေတာလား''

''ကိုယ့်အသိမိတ်ဆွေတစ်ယောက်က ဖုန်းဆက်ပြီး ပြောတာ

www.burmeseclassic.com



ကိုယ်ဘယ်လောက် အရှက်ရ သိက္ခာကျသွားလဲ မင်းသိလား ပန်းရစ်မူး"

"ကိုကို"

နာမည်အပြည့်အစုံ မခေါ်ဘူးတာမို့ သူမ စိတ်ထဲနိုးလို့ခုလု နာကျင်သွားရလေသည်။ သူ့အမြင်ကိုပဲ ပြောနေတာမဟုတ်ပါလား။ သူ့မျက်နှာနီမြန်းနေခြင်းကလည်း ခံရခက်နေသလိုပါ။

"ဘာဖြစ်လို့လဲ ရစ်မူး၊ ကိုယ်ပြောနေတာ"

"မှားနေတယ်၊ အဲဒီလိုတွေ မစွပ်စွဲပါနဲ့လို့ ရစ်မူး ဘယ်နှခါပြောရမလဲ၊ အဲဒီကိစ္စနဲ့တွေ့တယ်၊ တွေ့တုန်းလေးမို့ အရင်ကလို သူ့အိမ်အတွက် မုန့်တွေဝယ်ပေးလိုက်တယ်၊ နှုတ်ဆက်တဲ့အနေနဲ့ လက်ပြတယ်၊ ဒါပဲ ရစ်မူးတို့ဘာမှမရိုးမသား မလုပ်ကြဘူး။ ရှင်နဲ့လက်ထပ်ပြီးမှ ဖောက်ပြန်စရာအကြောင်းလည်းမရှိဘူး၊ မရိုးသားတဲ့သံယောဇဉ်တွေနဲ့သာဆိုရင် ရှင့်ကိုတောင် လက်မထပ်ခဲ့ဘူး။ သူ့ကိုပဲယူလိုက်မှာ"

"ဘာ"

"အား"

ဒေါသကြီးတိုင်း သူမပခုံးလေးကို နာကျင်အောင် ဖျစ်ညှစ်တတ်သည့်အကျင့်က မပျောက်ပေ။ ဆိုဖာခုံမှာ သူမယိုင်နဲ့သွားရတာမို့ နာကြည်းစွာပင် နှုတ်ခမ်းလေးကို ဖိကိုက်ထားမိသည်။ သူ ဆောင့်ခါလွှတ်လိုက်တော့လည်း သူမ နာကျင်ရတာပင်။

"မင်း အဲလောက်ဖြစ်နေရင်လည်း သူ့ကိုပဲ ယူခဲ့ပါလား ရစ်မူး ဘာလို့ ကိုယ့်ကိုလက်ထပ်နေသေးလဲ"

"ဟုတ်တယ် အဲလိုပဋိပက္ခတွေနဲ့ စိတ်ညစ်ရမယ်မှန်းသာ ကြိုသိခဲ့ရင် သူ့ကိုပဲလက်ထပ်လိုက်ရမှာပါ"





"ဘာ မင်းကိုယ်နဲ့လက်ထပ်တာကို နောင်တရတယ်လို့ ပြောချင်တာလား"

"ရစ်မူး အဲဒီလိုမဖြစ်အောင် ခဏခဏ စိတ်ညစ်အောင် မလုပ်ပါနဲ့လား ကိုကို"

"ဟား"

သူ့ကြောင့် စိတ်ညစ်သည်ဆို၍ တော်တော်အံ့ဩသွားရသည်။ ဘုန်းလက်ာနှင့်ပတ်သက်ပြီး အတတ်နိုင်ဆုံး နားလည်ပေးဖို့ စဉ်းစားထားတာမို့ နေ့လယ်ကသိလိုက်ရသည့်ကိစ္စကို အခုချိန်ထိ မပေါက်ကွဲဘဲ မျိုသိပ်ထားခဲ့တာပါ။ ဒါတောင် ဒီလိုစကားတွေ သူမပြောထွက်သတဲ့လား။

သူ ဟားခနဲ အော်ကာ တက်တစ်ချက်ခေါက်ပစ်လိုက်သည်။

"ပန်းရစ်မူး မင်းကိုယ့်ကို တကယ်ချစ်ခဲ့တာမှ ဟုတ်ရဲ့လား"

"သံသယတွေနဲ့ မေးရလောက်အောင် ရစ်မူး ဘာအပြစ်တွေလုပ်နေလို့လဲ ကိုကို"

"ကိုယ်နဲ့လက်ထပ်တာ နောင်တရနေပြီဆို၊ ဘုန်းလက်ာနဲ့လက်ထပ်လိုက်ရင် ဒီလိုစိတ်ညစ်ရမှာမဟုတ်ဘူးလို့ မင်းထင်နေပြီမဟုတ်လား။ ကိုယ်က မင်းတစ်ယောက်တည်းကိုပဲ ချစ်လို့ လက်ထပ်ခဲ့တာ ရစ်မူး။ တခြားသံယောဇဉ်အနှောင်အဖွဲ့ ဘာမှမရှိဘူး ရှင်းတယ်၊ မင်းကတော့ တခြားယောကျ်ားတစ်ယောက်အတွက်နဲ့ ကိုယ့်ကို ဒီလိုတောင် ပြောထွက်တယ်"

"ရိုးသားပါတယ်လို့ ကျိန်ပြောနေတော့ရော ကိုကို ယုံကြည်မှာမို့လား။ စွပ်စွဲမှုတွေနဲ့ အမြဲပဲ သံသယဝင်နေတာ၊ အဲဒါချစ်လို့သဝန်တိုနေတာနဲ့မတူတော့ဘူး။ သံသယတွေနဲ့စွပ်စွဲစော်ကားနေတာ၊ ရစ်မူး ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကျင့်သိက္ခာတွေကိုပါ ထိခိုက်နေပြီ''

''မင်း အဲဒီကောင်နဲ့ကင်းအောင်နေလိုက်ရင် ဒီလိုတွေ ဖြစ်လာစရာအကြောင်းမရှိဘူး ရစ်မှူး''

''ဒါဆိုရင် ရစ်မှူး ဖေဖေအိမ် ပြန်နေလိုက်မယ်''

''ဘာ''

''အခု ရစ်မှူးမရှိတဲ့အတွက် ဖေဖေ့ကို သူစောင့်ရှောက်ပေးနေတာ၊ လုပ်ငန်းကိစ္စတွေအားတက်သရော လုပ်နေတာ၊ သူက ရစ်မှူးအတွက် ကျေးဇူးရှိနေတယ်၊ သူနဲ့ကင်းအောင်နေလို့မရဘူး၊ အဲဒါကြောင့် သူ့ကိုအိမ်ပြန်ခိုင်းလိုက်မယ်၊ ဒါဆို လုပ်ငန်းထဲမှာပဲ ဖေဖေနဲ့သူ ရှိနေလိမ့်မယ်''

''အဲလိုလုပ်စရာလိုမလား။ ကိုယ်နဲ့မင်း နိုင်ငံခြားသွားနေလိုက်ရင် ရတာပဲ လွယ်လွယ်လေး''

''ဘာ နိုင်ငံခြား''

သူမ အထိတ်တလန့် မေးမိတော့ ကမ္ဘာပိုင် မထိတထိအပြုံးဖြင့် ခေါင်းညိတ်ပြသည်။ သူမ ပျာပျာသလဲပင် ခေါင်းရမ်းလိုက်မိကာ

''နိုင်ငံခြားကိုတော့ ရစ်မှူး မလိုက်နိုင်ဘူး ကိုကို၊ ရစ်မှူး အိမ်ထောင်ပြုပြီး တစ်မြို့ထဲမှာရှိနေတာတောင် ဖေဖေ ရစ်မှူးစိတ်နဲ့ ကျန်းမာရေးမကောင်းဖြစ်နေတာ ရစ်မှူးသာ မြန်မာပြည်ကထွက်သွားရင် ဖေဖေ သေမှာပဲ၊ ပြီးတော့ အခု ဖေဖေ့ကျန်းမာရေးမကောင်းတာ ရစ်မှူး သတင်းမေးရုံသွားကြည့်ရုံ ကြည့်နိုင်တယ်၊ ရွှေခြားမြေခြားဆိုရင် ဖေဖေ တစ်ခုခုဖြစ်တောင် ရစ်မှူး ပြန်လာဖို့လွယ်ပါ့မလား''

''ရစ်မှူး''





''ရစ်မှူး ဒီထက်ပိုပြီး မမိုက်မဲချင်ဘူး ကိုကို''

''ဟိုကောင်ကြောင့် မြန်မာပြည်က မခွာချင်တာလား''

''ကိုကို''

''ကိုယ့်ကိုယုံကြည်စေချင်တယ်ဆိုရင် မင်း ဒီကိစ္စကိုစဉ်းစားထားပါ ရစ်မှူး၊ ကိုယ်ကတော့ ကိုယ်တို့နှစ်ယောက်စိတ်ချမ်းသာပြီး ပြဿနာကင်းကင်းနေနိုင်ဖို့ နိုင်ငံခြားမှာသွားနေချင်တယ်၊ ကိုယ်ဟ ရစ်မှူးနဲ့မှ ဒီလိုမျိုးနိုင်ငံခြားသွားဖို့ ဆုံးဖြတ်တာ၊ အရင်က ဖေဖေသွားခိုင်းတာတောင် ကိုယ် မသွားခဲ့ဘူး၊ အခု ဖေဖေတို့နဲ့နေရတာ ရစ်မှူး မွန်းကျပ်တယ်၊ စိတ်ဆင်းရဲတယ်မဟုတ်လား၊ အဲဒါကြောင့်''

ကမ္ဘာပိုင်စကားမဆုံးခင် ပန်းရစ်မှူး ခေါင်းကိုခါရမ်းလိုက်သည်။ ဘယ်လိုနည်းနှင့်မှ နိုင်ငံခြားက မခွာနိုင်ပါ။ ဖေဖေ့ကို ဒီပုံစံနှင့် ဘယ်လိုထားခဲ့ရမှာလဲ။

သူမကို ပိုင်ပြီဆိုပြီး သူ စီစဉ်ချင်သလို စီစဉ်နေတာ သူမ လက်မခံနိုင်ပေ။

''ကိုကိုသွားတောင် နိုင်ငံခြားကို ရစ်မှူး မလိုက်ဘူး ကိုကို၊ ကိုကိုထင်ချင်သလိုထင်နိုင်တယ်၊ စွပ်စွဲချင်သလို စွပ်စွဲနိုင်တယ်၊ ဖေဖေ့ကို ပစ်စလက်ခတ်ထားရစ်ပြီး ရစ်မှူး ထွက်မသွားနိုင်ပါဘူး''

''ရစ်မှူး မင်း''

''ရစ်မှူး ပင်ပန်းနေပြီ၊ ဒါပေမဲ့ အလုပ်လုပ်ရဦးမှာပါ၊ ကိုကို အိပ်ပါတော့''

ပြောပြီး ကမ္ဘာပိုင်ကို ကျောခိုင်းကာ ထရပ်လိုက်သည်။ ဒီလို အမျိုးမျိုးသောပြဿနာတွေနှင့် သူမတို့ ဘယ်တော့မှ အေးချမ်းပြေလည်



www.burmeseclassic.com

www.burmeseclassic.com



တော့မည်မထင်။

အိမ်ထောင်ဦးအစ ချစ်ခင်စကြင်နာစမှာတောင် ဒီလိုမှုလောင်မှုတွေရှိနေလျှင် တစ်သက်တာလက်တွဲသွားဖို့မှ လွယ်ပါတော့မလား။ အခုတော့ ညစဉ်အတူမအိပ်ဖြစ်တာတောင် ကြာလှပြီ။ ကမ္ဘာပိုင်က သူ့မာနနှင့်သူတစ်ဖက်လှည့်ကာ သူမကိုကျောခိုင်း၍အိပ်သည်။

သူမကလည်း မိန်းမဈေးကျမှာစိုး၍ သူ့ကိုစပြီး မချော့မြူပါ။ ညသန်းခေါင်ယောင်မှားကာ ဖက်မိလျှင်တောင် သူမ မိန်းမောမနေခဲ့။ အိပ်ရာကထပြီး အလုပ်စားပွဲထိုင်ခဲ့သည်။

ရင်ခုန်သံတွေကို ဒီအတိုင်း မျိုသိပ်ကြိတ်မှိတ်ခံစားနေတာကောင်းပါသည်။

အချစ်ဆိုတာ ပူလောင်ခြင်းနှင့်အေးမြခြင်း ဒွိဟနှစ်မျိုးပေးတတ်သည့် ပဥ္စလက်လား။ သူမအတွက်တော့ အချစ်က ပြုစားတတ်သည့် ဆယ့်နှစ်ကြိုးကဝေလိုပါပဲ။ မမုန်းနိုင် မမေ့နိုင်သေးလို့လေ။

■ ■ ■



## အခန်း (၃၁)

"ဒီကိစ္စလုပ်ပေးတဲ့အတွက် ကျေးဇူးတင်တယ်၊ ပရောဂျက်တစ်ခု အောင်မြင်သွားပြီ၊ နောက်ထပ်လည်း ကူညီပေးပါဦး၊ ကိုယ့်ဒီဇိုင်းကိုကြိုက်ရင် သူတို့က မြေဈေးကို ဈေးဆစ်နေတာ မဟုတ်ဘူး၊ အကျိုးအမြတ်ထဲက ရှယ်ယာလည်းရသေးတယ်ဆိုတော့ မင်းအတွက်လည်း ပါပါတယ်"

"ရစ်မှူး ငွေရေးကြေးရေးအတွက် အလုပ်မလုပ်ပါဘူး အန်ကယ် ဒါက ရစ်မှူးတစ်ယောက်တည်း လုပ်လို့ဖြစ်တဲ့ကိစ္စလည်းမဟုတ်ပါဘူး။ ဖေဖေ့တပည့် ဘုန်းလက်ာက မြေအမျိုးအစားနဲ့ ကုန်ကျစရိတ်တွေတွက်ပေးလို့ ပရောဂျက်တစ်ခုကို အကောင်အထည်ဖော်နိုင်တဲ့အထိ အဆင်ပြေတာပါ၊ သူ့ကိုအကူအညီတောင်းဖို့ဆိုတာလည်း သူက ဖေဖေ့အတွက်ပဲအလုပ်လုပ်ပေးတဲ့သူပါ"

ဦးကျော်ခေါင် မျက်ခုံးနှစ်ခု တွန့်ချိုးသွားသည်။ ကိုယ့်မှာလည်း

www.burmeseclassic.com



ပညာရှင်တွေမွေးထားတာ အများကြီးရှိပါသည်။ ဒါပေမဲ့ တစ်ယောက်နှင့် တစ်ယောက်ဆိုတာ အမြင်ချင်းမတူကြ။ ပန်းရစ်မူးရဲ့ပညာက အရင်းအနှီး နည်းပြီး အကျိုးအမြတ်များသည်။

ရွေးမဖြစ်နေသည့်အတွက် အသုံးချလို့ရလျှင် ကိုယ့်အတွက် အမြတ်ချည်းပဲပေါ့။ ကမ္ဘာပိုင် ဒါလေးတောင် မစဉ်းစားနိုင်ဘူးလား။ မိန်းမငြင်းနေတာကို တစ်ခွန်းမှ ဝင်မပြော။

"ညည်းကရော ညည်းအဖေအတွက်ပဲ လုပ်ပေးချင်တာလား။ ကမ္ဘာပိုင်က ညည်းယောကျ်ား ကမ္ဘာပိုင်အဖေက ညည်းယောက္ခမလေ။ မိဘလိုသဘောမထားလို့ ဒီစကားပြောတာလား ပန်းရစ်မူး"

"မဟုတ်ပါဘူး အန်တီ၊ ရစ်မူးက ဒီဇိုင်းတစ်ခုပဲ မိန်းကလေး တစ်ယောက်အမြင်နဲ့ လှအောင် စိတ်ကူးယဉ်ပြီး ဆွဲတတ်တာပါ။ မြေတုန်ဖို့ ကုန်ကျစရိတ်တန်ဖိုးတွေ ရစ်မူး နားမလည်ပါဘူး။ အခုခေတ်က လှပ ခေတ်မီတာကို သဘောကျကြလို့ ရစ်မူး ဒီဇိုင်းတွေကို လက်ခံကြတာပါ၊ ကိုလက်ာက အဲဒါကို"

"ရစ်မူး အဲဒီလူအကြောင်း ပြောမနေနဲ့၊ မင်းဒီဇိုင်းဆွဲပြီးရင် ဒီဘက်မှာ တခြားတွက်ချက်တတ်တဲ့ အင်ဂျင်နီယာပညာရှင်တွေအများ ကြီးရှိတယ်၊ ဘုန်းလက်ာတစ်ယောက်ပဲ အထင်ကြီးစရာကောင်းတာ မဟုတ်ပါဘူး"

"ရစ်မူးပြောတာ အဲဒီသဘောမဟုတ်ပါဘူး၊ ရစ်မူးတစ်ယောက် တည်းလုပ်လို့ အဆင်ပြေတဲ့ကိစ္စမဟုတ်ဘူးလို့ ပြောတာပါ"

"အေး ကိုယ်တို့ကလည်း အဲဒီကောင်ကို အားကိုးဖို့ ဘယ်တော့ မှ စိတ်မကူးဘူး"





"ကမ္ဘာပိုင် ဟိတ်ကောင် လေသံလျှော့စမ်း"

ဦးကျော်ခေါင်က လိုအပ်နေသူမို့ အသံကျယ်ကျယ်ဝင်ပြောလိုက် သော ကမ္ဘာပိုင်ကို ခပ်တည်တည်အော်ဟစ် ငေါက်ငမ်းလိုက်သည်။

"မင်းကို အဲဒါကြောင့် အင်ဂျင်နီယာတစ်ယောက်ဖြစ်အောင် လုပ်ပါလို့ ငါပြောခဲ့တာ၊ ကိုယ်တိုင်က အသုံးမကျဘဲ ဘာလို့ ပညာရှင် ကို စော်ကားနေတာလဲ၊ ဒီလိုလုပ်ပါ သမီး၊ သူ့ကိုလည်း အန်ကယ် ဥာဏ်ပူဇော်ခပေးပါ့မယ်၊ သမီးအနေနဲ့ပဲ သူ့ဆီကအကူအညီတောင်းပေး ပါ၊ အန်ကယ့်ဆီက ပညာရှင်တွေက အရင်တည်းက မွေးထားတာဆို တော့ ခုခေတ်နဲ့ဆိုရင် အန်းတိတ်ဖြစ်နေတယ်၊ အန်ကယ်လိုအပ်နေလို့ ဒီလိုပြောရတာပါ"

ဦးကျော်ခေါင်က စီးပွားရေးသမားပီပီ စကားပြောပါးနပ်သည်။ ဘယ်သူ့ကို ဘယ်လိုချော့ရမည်ဆိုတာ နားလည်၏။ ကမ္ဘာပိုင်ကတော့ ဘုန်းလက်ာနှင့်ဆက်စပ်ပတ်သက်နေရမှာကို မလိုလားပေ။ ဦးကျော်ခေါင် နှင့်ဆက်ဆံရေး အဆင်ပြေချင်နေသော ပန်းရစ်မူးကတော့ ခပ်လေးလေး ခေါင်းညိတ်လျက်

"အခု ဖေဖေ့အတွက် အဆောက်အဦးတစ်ခုလုပ်ပေးပြီးရင် သူနဲ့ဆွေးနွေးကြည့်လိုက်ပါမယ်၊ ဒါပေမဲ့ သေချာမယ်လို့တော့ အာမမခံ နိုင်ပါဘူး၊ သူက ဖေဖေ့အပေါ်သစ္စာရှိတဲ့သူမို့ပါ"

"အေးပါ ရအောင်တော့ ကြိုးစားကြည့်ပေးပါ သမီး၊ သမုဒ္ဒရာ ရေဆိုတာ တစ်ယောက်တည်းသောက်လို့ မကုန်ပါဘူး၊ အခွင့်အရေး ဆိုတာလည်း ကိုယ့်ပညာကို လက်ခံတဲ့သူရှိတုန်းပဲရတာပါ၊ ဒါကို သဘော ပေါက်စေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ရစ်မှူး ကြိုးစားကြည့်ပါမယ်၊ ဟို အခု ထမင်းပွဲ ပြင်လိုက်တော့မယ်နော်၊ သုံးဆောင်ကြတော့မယ်မဟုတ်လား"

"အင်း စားတာပေါ့၊ သမီးလက်ရာနဲ့ပဲ ထမင်းမြိန်နေတာ"

ဒီလေသံ ဒီအပြောတွေက ဒီနေ့မှကြားရတာပါ။ ယောက္ခမ ဖြစ်နေပြီမို့ ဦးကျော်ခေါင်နှင့်ဆက်ဆံရေး အဆင်ပြေချင်ပါသည်။

သူမ ထမင်းစားခန်းထဲဝင်ကာ ထမင်းပွဲပြင်လိုက်သည်။ ပြီးမှ အားလုံးဝင်လာကာ ထမင်းဝိုင်းထိုင်ကြသည်။

"သမီးရော တစ်ခါတည်းစားလေ"

"ဟုတ်ကဲ့"

သူမ စားချင်စိတ်မရှိသေးသော်လည်း ဦးကျော်ခေါင် လောကွတ် ကောင်းနေတာကြောင့် သူမ ဝင်ထိုင်လိုက်ရသည်။ တကယ်ဆို ဒီရက် တွေအတွင်း စိတ်ပင်ပန်းနေတာကြောင့်လားမသိဘဲ သူမ စားချင်သောက် ချင်စိတ်ကို ပျောက်နေတာပါ။ နှာခေါင်းထဲမှာလည်း ဘာအနံ့မှမခံချင်။

"အော့ အော့"

"ရစ်မှူး"

"ဆော ဆောရီး"

သူမ ထမင်းဝိုင်းကနေ ကပျာကယာ ပြေးထွက်လာခဲ့ရသည်။ သူမတို့အိပ်ခန်းရဲ့ရေချိုးခန်းထဲရောက်မှပဲ သူမ ထိန်းချုပ်ထားသမျှ ထိုးအန်ချလိုက်ရ၏။

ခေါင်းထဲမှာလည်း တရိပ်ရိပ်နှင့် သူမဘာတွေဖြစ်နေတာလဲ။

"ရစ်မှူး ဘာဖြစ်တာလဲ"

စိုးရိမ်စိတ်များနှင့် ကမ္ဘာပိုင် နောက်ကတောက်လျှောက်လိုက်





လာလေသည်။ ပန်းရစ်မှူး ပခုံးလေးကိုဖက်လျက်

"ရစ်မှူး အအိပ်ပျက်တာတွေများလို့ ခေါင်းမူးပြီး အန်ချင်တာ ထင်ပါတယ်၊ ခဏလှဲနေလိုက်ရင် သက်သာသွားမှာပါ"

"ဘယ်ဟုတ်မလဲ ဆရာဝန်တော့ ပြမှပေါ့၊ ကိုယ် ဆရာဝန်ခေါ် လိုက်မယ်"

"အို မဖြစ်စလောက်လေးနဲ့ ဆရာဝန်တော့ မခေါ်ပါနဲ့၊ ဆေးခန်း သွားဆို သွားပါ့မယ်"

"အဲဒါဆိုလည်း ကိုယ်လိုက်ပို့မယ် ရစ်မှူး၊ မသွားလို့တော့ မဖြစ်ဘူး"

ကမ္ဘာပိုင် ပျာပျာသလဲ စိုးရိမ်တာကြောင့် သူမ ကြည်နူးရပြန် သည်။ သူ့ကားနှင့်ပင် ဆေးခန်းလိုက်ပို့ပြီး ဆေးခန်းထဲရောက်သည်အထိ သူမ ပခုံးလေးကို တွဲ၍ခေါ်လာခဲ့သည်။

"ရစ်မှူး ဘာမှမစိုးရိမ်နဲ့နော်၊ နေကောင်းသွားမှာပါ၊ အခု ခေါင်းတွေမူးနေသေးလား"

"ရပါတယ် သက်သာပါတယ်"

"လူနာဝင်လို့ရပါပြီ"

"ကိုကို အပြင်မှာနေခဲ့နော်"

သူမ ဆရာဝန်ရှိသော အခန်းထဲဝင်လာခဲ့သည်။ ဆရာဝန်က ဖြစ်ပျက်သော အခြေအနေကိုမေး၍ သေချာစမ်းသပ်ပေးသည်။

"ဝမ်းသာစရာပါပဲ၊ ကိုယ်ဝန်က နှစ်လကျော်နေပါပြီ"

"ရှင်"

လက်ထပ်ပြီးတာ တစ်လကျော်ပဲရှိသေးတာမို့ သူမ အံ့ဩသွား

www.burmeseclassic.com



ရသည်။ အပြင်ဘက်မှာ ထိုင်စောင့်နေသော ကမ္ဘာပိုင်လည်း ကြား လောက်ပေသည်။ သူမဆေးခန်းထဲက ထွက်လာချိန်မှာ ကမ္ဘာပိုင်က သူမကို အံ့အားသင့်သောမျက်လုံးများနှင့် ကြည့်နေခဲ့သည်။

အိမ်ရောက်သည့်တိုင်အောင် သူမကို စကားတစ်ခွန်းမှမပြောပါ။ ရင်သွေးလေးရှိနေသည်ဆိုပြီး ဖခင်တစ်ယောက်ရဲ့ကျေနပ်အားရ ဝမ်းသာခြင်းအရိပ်အရောင်တွေမရှိ။ သူ့ရင်သွေးကိုလွယ်ပိုးထားရသည့် မိန်းမတစ်ယောက်ရဲ့ရင်ထဲ ဘယ်လိုတွေခံစားနေရမည်ဆိုတာ သူ မတွေး။

"ကိုကို"

အခန်းထိရောက်သည့်အခါမှာတော့ သူမ ဘယ်လိုမှ မနေနိုင်တော့ လက်ကိုဆောင့်ဆွဲကာ ခေါ်လိုက်သည်။ ကမ္ဘာပိုင်က တစ်ချက်မျှကြည့်ပြီး ဆိုဖာခုံရှည်မှာ သုန်မှုန်နေသောမျက်နှာနှင့် သွားထိုင်၏။ သူမ သူ့နောက်ကိုလိုက်သွားကာ

"ကိုကို ရင်သွေးလေးရပြီဆိုတာ ကိုကို မပျော်ဘူးလား၊ ဘယ်လိုဖြစ်နေတာလဲ ကိုကို"

"ကိုယ် အိပ်ချင်နေပြီ ရစ်မှူး"

"ကိုကို"

"မင်းကိုယ်ဝန်ရှိတာ ကိုယ် စိတ်မဝင်စားဘူး"

"ဘာ ဘာပြောတယ် ကိုကို"

"ကိုယ် မင်းနဲ့လက်ထပ်ပြီးတာမှ တစ်လကျော်ပဲ ရှိသေးတယ် ကိုယ်ဝန်က နှစ်လကျော်နေပြီ"

"ကို ကိုကို့ကိုယ်ဝန်မဖြစ်နိုင်ဘူးလို့ ပြောချင်တာလား၊ အဲဒီ အဓိပ္ပာယ်လား ကိုကို"





"မင်းတွေးတတ်သားပဲ ပန်းရစ်မှူး၊ ငါနဲ့ရတဲ့ကိုယ်ဝန်လားလို့တော့ မမေးချင်ပါဘူး"

"ဘယ်သူပါသေးလဲ ငါ့သွေးသားအစစ်မှ ဟုတ်ရဲ့လားလို့ သံသယဝင်တာလား၊ အံ့ဩဖို့ကောင်းလိုက်တာ၊ အံ့ဩဖို့ကောင်းလိုက်တာ ကမ္ဘာပိုင်၊ ရှင် တော်တော်လူမဆန်တာပဲ၊ တော်တော်ယုတ်ညံ့အောက်တန်းကျတာပဲ၊ ရှင် မသတီတော့တာလား၊ ရစ်မှူး ရှင့်ကိုလက်ထပ်မိတာ အရမ်းကိုနောင်တရသွားပြီ ကမ္ဘာပိုင်"

သူမ တကယ်ကို စိတ်ပျက်ကာ အံ့ကြိတ်ပြီး ပြောလိုက်မိခြင်းဖြစ်သည်။ စီးဆွက်လာသည့် မျက်ရည်တွေကိုတော့ မျက်တောင်များဖြင့်ပုတ်ခတ်ကာ သိမ်းဆည်းလိုက်သည်။ ဒီလူရှေ့မှာ အသနားခံသလို မျက်ရည်မကျချင်တော့ပါ။ သူ့မျက်နှာကို စူးစိမ်းစွာကြည့်ပြီး နာကြည်းမှုတွေဖြင့် အံကိုကြိတ်ကာ

"ရှင် မယုံကြည်ရင် ဒီအနီအေ စစ်ကြည့်ပါလား ကမ္ဘာပိုင်"

"အဲလို စစ်လိုက်ရင် ကမ္ဘာပိုင်မိန်းမက ဘာလဲဆိုပြီး ငါ့သိက္ခာ ဘယ်လောက်ကျသွားမလဲ၊ ငါ့ အသိုက်အဝန်းရော"

"ဒါဆို ရစ်မှူးတို့ ကွာရှင်းကြတာပေါ့"

"ဘာ"

"ရစ်မှူး သံသယတွေနဲ့အမြဲတမ်း စော်ကားခံမနေနိုင်ဘူး၊ ရှင့်လို သဘောထားသေးသိမ်ပြီး အတ္တကြီးနေတဲ့လူနဲ့ ရစ်မှူး အတူတူ မနေနိုင်တော့ဘူး ကမ္ဘာပိုင်"

"ငါက သူများဝမ်းသာအောင် မင်းကိုကွာရှင်းပေးရမှာလား၊ ဝေးသေးတယ် ကွာရှင်းပေးဖို့ မင်းဘယ်တော့မှ မမျှော်လင့်ပါနဲ့ ပန်းရစ်



www.burmeseclassic.com

www.burmeseclassic.com



မှုး''

"ရှင်လူယုတ်မာ အရမ်းယုတ်မာတယ်၊ ရစ်မှုးကို သံသယတွေနဲ့မှန်းကျုပ်အောင်လုပ်နေတာ ရှင် ရှင်''

ပြောစရာ စကားလုံးတွေက အများကြီးရှိပါလျက် မပြောနိုင်တော့အောင် လည်ချောင်းထဲမှာ တစ်ဆို့လျက် ငိုချလိုက်ချင်တော့တာကြောင့် သူမ အခန်းအပြင်ကို ပြေးထွက်လာခဲ့သည်။ ဝရန်တာကိုရောက်မှ သူမဝမ်းနည်းနာကြည်းစိတ်များဖြင့် သည်းထန်စွာ ငိုကြွေးပစ်လိုက်ချင်မျက်ရည်တွေက မခမ်းခြောက် မကုန်ခမ်းနိုင်သလို ဒလဟောစီးကျနေသည်။

ဒီတစ်ညလုံး ရှိုက်သံတွေဆဲတော့မည်မထင်။

■ ■ ■

## အခန်း (၃၂)

"ပန်း ပန်း ဘာဖြစ်လာတာလဲ၊ ဘာဖြစ်လို့လဲ ပန်း''

ဘုန်းလက်က မေးတာကို မဖြေနိုင်သေးဘဲ ပန်းရစ်မှုးရှိုက်သံတွေ ထွက်လောက်အောင် ငိုကြွေးနေခဲ့သည်။ ဘုန်းလက်မှာ ဘာလုပ်ပေးရမှန်းမသိဘဲ ပျာယာခတ်နေမိသည်။

"ပန်းရယ် ဘာဖြစ်လာတယ်ဆိုတာ ပြောဦးမှပေါ့၊ ပန်းကဖုန်းဆက်ပြီးတွေ့ချင်တယ်ပြောကတည်းက ကိုယ် စိုးရိမ်နေခဲ့တာ၊ ဒီလောက်ထိမျက်ရည်ကျ ဝမ်းနည်းလောက်အောင် ဘာတွေဖြစ်လာလို့လဲပန်း၊ ပြောပါ ပန်းရယ်''

"ဘာ ဘာမှမဟုတ်ပါဘူး ဖေဖေနဲ့ခွဲနေရတာကို ရစ်မှုး ဝမ်းနည်းလို့ပါ''

"ဪ ပန်းရယ် အန်ကယ့်ကျန်းမာရေးကောင်းနေပါပြီ ဟိုဒီဝိုင်းကိစ္စလည်း ကိုယ်ရောအန်ကယ်ရော တောင်းပန်လိုက်လို့ ပြေပြေ

www.burmeseclassic.com



လည်လည်ပဲ ပြီးသွားပါတယ်၊ ပန်း နောက်ထပ် ဒီဖိုင်းရောထပ်လုပ်နေပြီမဟုတ်လား၊ ဒီလကုန်တော့ အပြီးအပ်မှဖြစ်မှာပန်း၊ ကိုယ်နဲ့အန်ကယ် ကတိပေးထားရတယ်''

''ဟုတ်ကဲ့ ရစ်မူးပြီးအောင် လုပ်ပေးပါမယ်၊ အရင်ဟာထက် ပိုကောင်းအောင် လုပ်ချင်လို့ ရစ်မူး အချိန်ယူနေတာပါ''

ဟန်ဆောင်ထိန်းချုပ်ကာ ပြောနေရသည့်အတွက် သူမရင်ဘတ်တွေ အဆမတန် နာကျင်အောင့်မျက်လို့နေသည်။ မခံစားနိုင်လွန်းလို့ ရင်ဖွင့်ဖို့အတွက်တော့ ခေါ်လိုက်မိတာပါပဲ။

ဒါပေမဲ့ သူမရဲ့အပူတွေကို ဘုန်းလက်ာကို မပေးချင်၊ တော်တန်ရုံကိစ္စသေးသေးလေးမှမဟုတ်တာ။ ဖေဖေ့ကိုဘုန်းလက်ာ ပြောပြလိုက်ရင် ဖေဖေပိုပြီးစိတ်ဆင်းရဲရပေလိမ့်မည်။ ဘုန်းလက်ာက စိုးရိမ်မှု မပြေသေးဟန်ဖြင့်

''ကျန်းမာရေးရော တကယ်ကောင်းရဲ့လား ပန်းရယ်၊ မျက်နှာလေးတော်တော်ကိုချောင်ကျသွားပြီ''

''ကောင်းပါတယ် ကိုလက်ာ၊ ဒီဖိုင်းကိစ္စနဲ့ ရစ်မူးအိပ်ရေးနည်းနည်းအပျက်ခံနေလို့ပါ''

''အဲလောက်လည်း စိတ်မလောပါနဲ့၊ ခုနက ငိုတာ အန်ကယ် စိတ်တစ်ခုတည်းရော ဟုတ်ရဲ့လား ပန်း။ ကမ္ဘာပိုင်က ပန်းကိုဘာတွေများစိတ်ဆင်းရဲအောင် လုပ်နေလို့လဲ''

ကိုလက်ာနဲ့ သဝန်တိုစွပ်စွဲပြီး ဗိုက်ထဲက ကလေးကိုပါ သံသယဝင်နေတာပါဟု ပြောလို့ဖြစ်ပါ့မလား။ ဘုန်းလက်ာအရမ်းကို ပေါက်ကွဲပြီး ဖေဖေ့ကိုပြန်ပြောပေတော့မည်။





''ကမ္ဘာပိုင်နဲ့ ဘာ ဘာမှမဖြစ်ပါဘူး အဆင်ပြေပါတယ် ကိုလက်ာ၊ သူ့အဖေကတော့ နောက်ထပ်ဒီဖိုင်းတစ်ခု ထပ်ပြီး အကူအညီတောင်းနေတယ်၊ ကိုလက်ာ အကူအညီပါမှဖြစ်မှာလို့ပြောတော့လည်း ကိုလက်ာကို ဉာဏ်ပူဇော်ခပေးပါမယ်လို့ ပြောတယ်''

''အာ ဒီလူစည်းမစောင့်တာဘဲ၊ လုပ်ငန်းတူစီးပွားရေးသမားအချင်းချင်း အဲလိုမလုပ်သင့်ဘူး၊ အန်ကယ့်စီးပွားရေးကို ဖျက်ချင်လို့ လိုက်တိုက်နေတာနဲ့ တူနေပြီ၊ ပန်းကိုချွေးမဆိုပြီး ဒီကိစ္စလုပ်ပေးပါလို့ အညှာကိုင်ခံနေရတာလား ပန်း''

''မ မဟုတ်ပါဘူး သူတို့မှာ အခက်အခဲရှိလို့ အကူအညီတောင်းတာပါ၊ ရစ်မူးက အဖြေမပေးရသေးပါဘူး၊ ကိုလက်ာကို ဘာမှမပြောရသေးလို့''

''ကိုယ့်ကို ပြန်ပြီး အကျပ်ကိုင်တာလား ပန်း''

ဒီလိုမေးမှ ဖြစ်တော့မည်မို့တဲ့တိုးပဲမေးလိုက်တော့ ပန်းရစ်မူးမျက်နှာလေး ညှိုးငယ်သွားသည်၊ ဒီလိုဆိုတော့လည်း စိတ်မကောင်းပြန်။

''ပန်းရယ် ဒီမိသားစုနဲ့မှ ဆုံရတယ်လို့ ကိုယ် ကမ္ဘာပိုင်နဲ့တွေ့ဖို့လိုအပ်သလား ပန်း။ ပန်းကိုစိတ်ဆင်းရဲအောင်မလုပ်ဖို့ သေချာမှာထားရဲ့နဲ့''

''မ မတွေ့ပါနဲ့ ရစ်မူး ဘာမှမဖြစ်ပါဘူး၊ ဒီလိုပဲ အဆင်ပြေသွားမှာပါ''

''ပြေရော ပြေပြီးမှာလား ပန်း။ ပန်းကိုတွေ့ရတာ တစ်ခေါက်နဲ့တစ်ခေါက် ပိုပိုဆိုးလာတယ်၊ ကျန်းမာရေးပါ ထိခိုက်နေပြီထင်တယ်''

''သူတို့အကူအညီတောင်းတဲ့ကိစ္စ ဖေဖေ သိသွားရင် စိတ်ဆင်း



www.burmeseclassic.com

www.burmeseclassic.com



ရဲသွားမလားလို့ တွေးပြီး စိုးရိမ်နေလို့ပါ''

''ပန်းရယ် အဲဒီအတွက် စိတ်ဖိစီးမှုတွေများနေသလား၊ အန်ကယ်မသိအောင် ကိုယ်တစ်ခါတော့ ကူညီပေးပါမယ်၊ သူတို့အနေအထားကို ကိုယ့်ဆီမေးလ်ပို့လိုက်ပါ၊ ဒါပေမဲ့ ဒီတစ်ခါနောက်ဆုံးပဲနော် ပန်း။ ပန်းစိတ်ဆင်းရဲနေရတယ်ဆိုလို့ အန်ကယ့်ကိုသစ္စာဖောက်တဲ့အလုပ်မျိုးကို လုပ်ရတာ၊ တကယ်ဆို ဒီလိုကိစ္စနဲ့ ပန်းကို သူတို့ဖိအားမပေးသင့်ဘူး၊ တကယ်ကို ဆိုးဝါးတဲ့ကိစ္စပဲ၊ စိတ်တော့မကောင်းမဖြစ်ပါနဲ့ ပန်းရယ်''

ဖြေသိမ့်လိုက် ဒေါသဖြစ်လိုက်နှင့် ဘုန်းလက်ဘ စိတ်ထဲမကောင်းဖြစ်နေရသည်။ ပန်းရစ်မှူးက နာရီကြည့်ကာ ထရပ်တော့

''ပြန်တော့မလို့လား ပန်း၊ ဘာမှလည်း မစားမသောက်ဘူး''

''ရစ်မှူး စားချင်စိတ်မရှိလို့ပါ၊ ကိုလက်ဘ ဖေဖေကိုတော့ ဂရုစိုက်ပေးပါနော်''

''စိတ်ချပါ ပန်းရယ်''

နှစ်ယောက်သား ဆိုင်ထဲက ပြန်ထွက်လာခဲ့ကြသည်။ ပန်းရစ်မှူးက ကားမောင်းဖို့တောင် အင်အားမရှိတာမို့ ကားယူမလာဘဲ တက္ကစီငှားစီးလာခဲ့ခြင်းဖြစ်သည်။

''ပန်း ကားမပါရင် ကိုယ်လိုက်ပို့ပေးရမလား''

''ရပါတယ် တက္ကစီနဲ့ပဲ ပြန်တော့မယ်''

''မဟုတ်တာ ပန်းအိမ်ပြန်မှာမဟုတ်လား၊ ကိုယ် အိမ်အထိလိုက်ပို့ပေးပါမယ်၊ ပန်းကြည့်ရတာ အားမရှိသလိုပဲ''

''နေပါစေ''

''ဟာ ပန်း''





လှည့်ထွက်မည်အပြုမှာ ပန်းရစ်မှူး ယိုင်လဲတော့မလို ဖြစ်သွား၍ ဘုန်းလက်ဘ ကပျာကယာ ဖမ်းထိန်းလိုက်ရသည်။

''အဲဒါက ဘယ်လိုတွေဖြစ်နေကြတာလဲ၊ လူမြင်ကွင်းကြီးမှာ မြင်မကောင်းရှုမကောင်း''

''ဟင် ကိုကို''

''ကမ္ဘာပိုင်''

အချိန်ကိုက်ရောက်လာသော ကမ္ဘာပိုင်အသံစူးစူးကြောင့် နှစ်ယောက်သား အံ့သြမင်တက်သွားကြသည်။ ကမ္ဘာပိုင်မျက်လုံးများက စူးရဲကာ စိမ်းသက်နေကြသည်။ ပန်းရစ်မှူး လက်ကိုဖျတ်ခနဲ တင်းနေအောင် ဆောင့်ဆွဲ၍

''မင်းတို့ တော်တော်ကိုဟုတ်နေကြတာပဲ၊ ငါ အလုပ်သွားတဲ့အချိန်တိုင်း မင်းအိမ်ကထွက်ပြီး သူနဲ့အမြဲတမ်း တွေ့နေတာပဲလား''

''ကမ္ဘာပိုင် ခင်ဗျား ဘယ်လိုစကားတွေပြောနေတာလဲ၊ ပန်းက ခင်ဗျားအဖေကိစ္စနဲ့ လာတွေ့တာ''

''အဲဒါအကြောင်းပြချက်ကောင်းရသွားတာပေါ့၊ ခင်ဗျားလည်း အိမ်ထောင်ရှိမိန်းမတစ်ယောက်နဲ့ ဒီလိုတွေ မတွေ့သင့်ဘူး စည်းစောင့်သင့်ပြီဆိုတာ နားလည်သင့်တယ်''

''ဟာ ကမ္ဘာပိုင် မင်းကွာ''

''လာ ရစ်မှူး မင်းနောက်ဘယ်တော့မှ အဲဒီကောင်နဲ့ တွေ့စရာမလိုဘူး''

ပန်းရစ်မှူးလက်ကို ဆောင့်ဆွဲကာ ကားပေါ်တင်၍ ခေါ်လာခဲ့သည်။ ဘုန်းလက်ဘကို အားနာပေမယ့် ကမ္ဘာပိုင်ကို စိတ်ကုန်နေပြီဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



တစ်လမ်းလုံး တစ်ချက်မျှပင် လှည့်မကြည့်ခဲ့။

သူကလည်း ဘာစကားမှ မပြောဘဲ အိမ်အထိအောင် ကားကို မောင်းလာလေသည်။

သူမ ဒီအိမ်ခြံဝင်းကြီးထဲ ဝင်ရမှာကိုကြောက်နေမိတော့တာပါ။ သူမ ဘာလုပ်ရမလဲ။ ဘယ်ကိုထွက်ပြေးရမလဲ။ အပြစ်သားတစ်ယောက်လို ဆက်ဆံခံနေရသည့် ဒီအိမ်ကြီးမှာ သူမ လုံးဝကို မနေချင်တော့ပေ။

"ဘာလုပ်တာလဲ ဖယ်ပါ"

အိမ်ထဲထိ လက်ကိုဆောင့်ဆွဲခေါ်လာ၍ သူမရုန်းကာ အော်သော်လည်းမရ။ အိမ်မှာ ဒီအချိန် ဘယ်သူမှ မရှိတာမို့ သူ လက်ရဲဖက်ရဲပြုမူနေရဲခြင်းဖြစ်သည်။ ဧည့်ခန်းထဲရောက်မှ သူမလက်ကို ဆောင့်ခနဲ ခါလွှတ်ကာ

"မင်း အဲဒီကောင်နဲ့ မတွေ့ဘဲ မနေနိုင်ဘူးလား ပန်းရစ်မှူး"

"ရှင့်အဖေကိစ္စနဲ့ သွားတွေ့တာ ကမ္ဘာပိုင်၊ မတွေ့စေချင်ရင် ရှင့်အဖေကို ဒီအလုပ်မလုပ်ခိုင်းဖို့ ပြောလိုက်လေ"

"မင်းကိုယ်ဝန်ရှိတာ သတင်းကောင်းသွားပေးတာလားလို့ပါ"

"ကမ္ဘာပိုင် ရှင် ရစ်မှူးကို သံသယတွေနဲ့စွပ်စွဲစော်ကားတာတွေ မလုပ်ပါနဲ့၊ မသတီရင် စွန့်ပစ်လိုက်ပါ၊ ကွာရှင်းပေးပါ၊ ရှင့်ကိုရစ်မှူး တော်တော်ကြောက်နေပြီ ကမ္ဘာပိုင်"

"မင်း အဲဒီကောင်နဲ့ ပျော်နေမှာစိုးလို့ ငါ ဘယ်တော့မှ ကွာရှင်းမပေးဘူး ပန်းရစ်မှူး၊ မင်းတို့ပျော်ဖို့ ငါက အသည်းကွဲခံပေးရမှာလား။ ဘယ်တော့မှ အဲဒီလို မဖြစ်စေရဘူး"

"ရှင် တော်တော်အတ္တကြီးတာပဲ၊ ရှင့်ကို လက်ထပ်ခဲ့မိတာ





ရစ်မှူး အရမ်းကိုမှားသွားတယ်"

"ဘာ"

"ချစ်သူဘဝတုန်းက ရှင်သဝန်တိုတာကို ကြည်နူးခဲ့မိတယ်၊ ချစ်လို့သဝန်တိုတာနဲ့ သဘောထားသေးသိမ်တာကို မှန်နေလို့ မခွဲခြားတတ်ခဲ့ဘူး၊ ရှင် အရမ်းကို အတ္တကြီးတာ၊ ရှင့်အဖေနဲ့တစ်ပုံစံတည်းပဲ"

"ပန်းရစ်မှူး မင်း"

ကမ္ဘာပိုင် လက်ရွယ်လိုက်သည့်အတွက် သူမ မျက်နှာလေးကို ပင့်မော့ပေးလိုက်ကာ

"ရှင်က လက်တောင်ပါချင်နေပြီလား၊ ရိုက်ချင်လို့လား ရိုက်လေ၊ ရှင့်ကိုဒီထက်ပိုပြီး မုန်းတီးနာကြည်းသွားဖို့ပဲရှိတယ်၊ ရှင့်ကို အရမ်းမုန်းတယ် ကမ္ဘာပိုင်"

"မပြောနဲ့ အဲဒီလိုမပြောနဲ့၊ ငါ့ရင်ထဲမှာ မင်းကိုချစ်တဲ့စိတ်တွေနဲ့ မူးတော့မယ်၊ ရင်ထဲမှာ ဗလောင်ဆူပြီး ဘယ်လိုတွေခံစားနေရတယ်ဆိုတာ မင်း သိလား"

"သိတယ် ရစ်မှူးကိုလက်ထပ်ပြီး ရှင်နှိပ်စက်နေတာလေ၊ ရှင့်အဖေလည်း ဒီလိုပဲ၊ ဖိအားတွေပေးပြီး နှိပ်စက်နေတာ၊ ရှင် ရစ်မှူးကို ချစ်တယ်ပြောပြီး ရစ်မှူးဘက်က ဘာတွေရပ်တည်ပေးလဲ၊ ဘုန်းလက်ာနဲ့ မတွေ့စေချင်ရင် ရှင့်အဖေကို ရှင်အရင်တားရမှာ၊ အဲဒါမလုပ်ဘဲ မယုံသင်္ကာနဲ့ ရစ်မှူးနောက်ကို ရှင် လိုက်ချောင်းနေတယ်၊ ဗိုက်ထဲကရင်သွေးကို ကိုယ့်သွေးသားမှ ဟုတ်ပါ့မလားလို့ သံသယတွေဝင်နေတယ်၊ အခန့်အအေ စစ်ပါဆိုတော့လည်း မဟုတ်ဘူး၊ ရှင်သက်သက်မဲ့ ရစ်မှူးကို နှိပ်စက်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ငါ အဲလိုမဟုတ်ဘူး၊ မင်းကိုချစ်လို့ ငါ ဒီလိုတွေ ဖြစ်နေတာ"

သူမ နှာခေါင်းလေးရှုံ့ကာ မျက်နှာကိုမဲ့ပစ်လိုက်သည်။ မယုံကြည်မှုတွေဖြင့် နှိပ်စက်ခံထားရတာမို့ သူမရင်ထဲမှာ နာကြည်းမှုတွေ ပြည့်ကျပ်နေကြသည်။

"တော်ပါတော့ ကမ္ဘာပိုင်၊ ရှင့်ဆီက ဘာအချစ်မှလည်း မလိုချင်တော့ပါဘူး၊ ကြောက်သွားပါပြီ"

"မင်း အဲလိုမပြောနဲ့ ရစ်မှူး မပြောပါနဲ့၊ မင်းနဲ့အဲဒီကောင်နဲ့ ဆက်ဆံရေးက ငါ သံသယဝင်လောက်အောင် ပတ်သက်ရင်းနှီးကြတာလည်း ထည့်ပြောလေ၊ မင်းကိုချစ်တဲ့ ယောကျ်ားတစ်ယောက်အနေနဲ့ ဒီလိုဖြစ်နိုင်တယ် မင်းမတွေးမိဘူးလား"

"တော်ပါတော့ ကမ္ဘာပိုင်၊ ရှင့်ရဲ့အချစ်ဆိုတာကြီးကို ရစ်မှူး ကြောက်နေပါပြီ၊ ကြားလည်း မကြားချင်တော့ပါဘူး၊ ခံလည်း မခံစားချင်တော့ပါဘူး၊ ဘာမှလည်းမပြောပါနဲ့တော့"

"ငါ့ကို အဲဒီလို ဥပေက္ခာပြုတဲ့လေသံမျိုးနဲ့ မပြောနဲ့၊ မပြောနဲ့ ပန်းရစ်မှူး မင်းကို"

"ဖယ်ပါ"

ကမ္ဘာပိုင် လာကိုင်တာကို အကိုင်မခံဘဲ လက်ကိုရမ်းခါရုန်းထွက်လျက် သူ့ကိုကျောခိုင်းလိုက်သည်။ ရင်ထဲမှာ နာကျင်မှုတွေပဲရှိနေသည်။ မျက်နှာချင်းဆိုင်ပြီးလည်း စကားမပြောချင်။

နောင်တရခြင်းနှင့် စိတ်ကုန်ခြင်းကို တစ်ပြိုင်တည်းခံစားရကာ သူ့ရှေ့မှာ မျက်ရည်မကျမိအောင် ကြိုးစားရင်း အံကြိတ်ထားလိုက်သည်။





ရင်သွေးအပေါ် မယုံကြည်ခြင်းက သူမအတွက် အနာကြည်းရဆုံးပင်။

လက်မထပ်ခင်က မှားယွင်းမှုကို သူ အမှတ်မရဘူးတဲ့လား။ ထိုအထိအတွေ့ သာယာမှုတွေကြောင့်ပဲ သူမတို့ လက်ထပ်ဖို့ အမြန်ဆုံး ကြိုးစားဖြစ်ခဲ့ကြတာပဲ မဟုတ်ပါလား။

ရှင့်ကို ဘယ်တော့မှ သတိမပေးဘူး ကမ္ဘာပိုင်။ ရှင့်ရဲ့သံသယတွေကို ဒီနေ့ကစပြီး ဖြေရှင်းချက် မထုတ်တော့ဘူး။ အဲဒီအတိုင်းပဲ . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"မင်းမိန်းမ မိုးလင်းတည်းက ထွက်သွားတာ အခုချိန်ထိ အိမ်ပြန်မရောက်တာ ဘာသဘောလဲ၊ ဘယ်သွားနေလို့လဲ"

"ဟို"

"မင်းကိုအသိပေးပြီး ထွက်သွားတာလား၊ သူ့အဖေအိမ်ကို သွားတာလား ကမ္ဘာပိုင်"

"ဟုတ် ဟုတ်ကဲ့ ကျွန်တော့်ဆီဖုန်းဆက်ပြီး ပြောပါတယ်၊ သူ့ အဖေနေမကောင်းလို့တဲ့"

"အဲဒါဆို မင်းအလိမ်ခံရပြီ"

"ဗျာ"

"ဒီနေ့ လေလံပွဲတစ်ခုမှာ သူ့အဖေကိုတွေ့ခဲ့တယ်၊ မကျန်းမာတဲ့လူက အဲဒီကို လာနိုင်ပါ့မလား"

သူ ဘာပြောနိုင်ပါတော့မလဲ။ တကယ်ဆို ပန်းရစ်မှူးအိမ်မှာ





မရှိဘူးဆိုတာ သူ အခုအိမ်ပြန်ရောက်မှ သိရတာပါ။ သူ့ဆီကို ဘယ်သွားမည် ဘယ်မှာရှိနေသည်ဆိုတာ ပန်းရစ်မှူး ဖုန်းလည်းမဆက် အကြောင်းလည်းမကြား။

သူ့အဖေလည်း ကျန်းမာရေးမကောင်း ဖြစ်နေတာမဟုတ်သည့်အတွက် ဘုန်းလက်ာနှင့်သွားတွေ့နေတာများလား။ မိထွေးက မဲ့ကာရွဲ့ကာဖြင့်

"လက်ထပ်တာဖြင့် မကြာသေးဘူး၊ မင်းမိန်းမက သူချက်တာပြုတ်တာ စားနေကြတယ်ဆိုပြီး ပညာပြသွားတာထင်တယ်၊ ဒီနေ့ နေ့လယ်စာလည်းမချက် ညစာလည်းမချက်၊ ငါတို့က ဘာစားရမှာလဲ"

"အရင်လိုပဲ ကိုယ့်ဘာသာ ချက်စားချင်ရင် ဆိုင်က ဝယ်စားလိုက်ပေါ့၊ ဘာတွေများခက်နေလို့လဲ"

"ဟိတ်ကောင် စကားပြောတာ ကြည့်ပြောစမ်း၊ မင်းမိန်းမကို ငါတို့က အလကားတင်ကျွေးထားရမှာလား၊ ချွေးမဆိုတာ ယောက္ခမတွေကို မိဘလိုသဘောထားပြီး ပြုစုစောင့်ရှောက်ရမှာပေါ့ကွ"

"သူ့မှာမပေါ့မပါးကြီးနဲ့ပါ ဖေဖေ၊ အရမ်းပင်ပန်းတဲ့အလုပ်တွေ မနိုင်းသင့်ပါဘူး"

"ဘာ ကိုယ်ဝန်ရှိနေပြီလို့ ပြောတာလား၊ မင်းတို့ဟာ မြန်လှချည်လားကွ၊ လက်ထပ်တာမှ ဘယ်လောက်မှ မကြာသေးဘူး"

"ဟုတ်ကဲ့ ဟို"

"ကိုကိုကျော်ရယ် လက်မထပ်ခင်တည်းက မှားယွင်းပြီးနေကြလို့ဖြစ်မှာပေါ့၊ ခုခေတ်ကာလသားသမီးတွေက သိပ်ခြေသွက်လက်သွက်ရှိကြတာ၊ အဲဒါကြောင့်ပဲ မြန်မြန်လက်ထပ်ဖို့ မိဘတွေကို အတိုက်အခံလုပ်

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာရှာကြတာပေါ့''

''ဗျာ''

မိတွေးပြောမှ ဒီလိုကိစ္စရှိခဲ့သည်ဆိုတာ သူ သတိရ၏။ မေ့ထား လိုက်သည့်ကိစ္စတော့မဟုတ်ပါ။ ထိုပတ်သက်မှုကြောင့် ပိုပြီးမခွဲနိုင်မခွာ ရက် ဖြစ်ခဲ့ရတာပဲမဟုတ်ပါလား။

ဒါဆို ပန်းရစ်မှူးကို အချစ်လွန်ကဲပြီး သံသယတွေနဲ့ စွပ်စွဲမိ တာ သူ မှားသွားပြီပေါ့။

''ဟိတ်ကောင် မင်းက ဘယ်လဲ''

''ကျွန်တော်အပြင်မှာ ညစာသွားစားမလို့ပါ ဖေဖေ''

''မင်းမိန်းမက ဘယ်အချိန်ပြန်လာမှာလဲ''

''အဲဒါ ကျွန်တော်ဖုန်းဆက်ပေးလိုက်ပါမယ်''

''မင်းမပါဘဲ အဲလို သွားနေတာကို မင်းခွင့်ပြုထားတော့မှာ လား၊ ကမ္ဘာပိုင်၊ မိန်းမတစ်ယောက်ကို မအုပ်ချုပ်နိုင်ဘဲ မင်းက အိမ် ထောင်ဦးစီးလုပ်ချင်သေးတယ်၊ ဟား တကယ် မင်းနွားဖြစ်မယ့်ကောင် ပဲ''

''သူ့ကိုအမြဲတမ်း ချုပ်နှောင်ထားလို့တော့ မဖြစ်ဘူးလေ၊ သူ လည်း လူပဲ၊ သူ့မှာမိဘရှိတယ်၊ သွားချင်သွားမှာပေါ့ ဖေဖေ၊ ပြီးတော့ ကျွန်တော်တစ်ခုလောက် ပြောထားပါရစေ၊ ရစ်မှူးကို ဖိအားပေးပြီး လုပ်ငန်းကိစ္စတွေ အကူအညီမတောင်းပါနဲ့ ဖေဖေ၊ ဖေဖေ စည်းမစောင့် ရာကျပါတယ်''

''ဘာကွ မင်းက''

ဦးကျော်ခေါင် ဒေါသဖြင့် ဝေါက်ခနဲ ထရပ်ကာ လေသံပြင်း



သွားသည်။ ဒေါ်သင်္ဂီကပါ မျက်နှာမဲ့ရွဲ့လျက်

''မင်းက စီးပွားရေးကို ဘယ်လောက်အောင်မြင်အောင်လုပ် ပေးနိုင်လို့ ဒီလိုစကားပြောရတာလဲ၊ ဒါ စီးပွားရေးလုပ်နေတာကွ၊ ချွေးမ တစ်ယောက်ကို ဒီလောက်တောင် အားကိုးလို့မရဘူးလား''

''မင်းက မိန်းမကို တော်တော်သိတတ်နေတယ် ဟုတ်လား၊ ငါ ရှာသမျှက မင်းတို့ပဲရမှာ၊ ဒါတောင်မှ မင်းက စီးပွားရှာတာကို မတရားဘူးလို့ စွပ်စွဲချင်သေးလား''

''အဲလို မဟုတ်ပါဘူး ဖေဖေ၊ သူလည်း စိတ်ပင်ပန်းနေလို့ပါ၊ သူ့အဖေကတစ်ဖက်၊ ဒီဘက်ကို မျက်နှာကြည့်နေရတာကတစ်ဖက် မဟုတ်လား၊ အခုက ကိုယ်ဝန်ရှိနေပြီဆိုတော့''

မြေးဆိုသည့်အသိကြောင့် ဦးကျော်ခေါင် တွေတွေဝေဝေလေး တော့ ဖြစ်သွားခဲ့သည်။ မျိုးဆက်ဆိုလို့ ဒီသားရဲ့ရင်သွေးပဲရှိတော့မှာ မဟုတ်ပါလား။

ကမ္ဘာပိုင်က မျက်နှာမကောင်းစွာနှင့်

''ကျွန်တော် အပြင်သွားလိုက်ဦးမယ် ဖေဖေ''

ပြောပြီး ကားကိုမောင်းကာထွက်လာခဲ့သည်။ ဒီအချိန်ထိ ပန်း ရစ်မှူး ဘယ်တွေသွားနေတာလဲ။ သူမအဖေအိမ်မှာလား။

ဒါဆို ဟိုကောင်နှင့်အတူ ရှိနေပေလိမ့်မည်။ အိမ်ထောင်သည် မိန်းမတစ်ယောက်အနေနှင့် ဒီအချိန်ထိ အိမ်ပြန်မလာစရာလား။

သူ ဖုန်းဆက်တော့လည်း စက်ပိတ်ထားသည်တဲ့။ ဘယ်မှာ ဘာတွေများလုပ်နေတာလဲ။

သူ့ကားရဲ့ဦးတည်ရာက ပန်းရစ်မှူးတို့အိမ်ရှေ့ကို ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လက်ထပ်ပြီးတည်းက ဒီအိမ်ကို သူတစ်ခေါက်မှ မရောက်ခဲ့။

ရစ်မှူးသွားချင်တာကိုလည်း အလုပ်တွေအကြောင်းပြကာ သူ လိုက်မပို့ခဲ့။ သူ့ဘက်က အရမ်းကိုလွန်နေခဲ့သလား။

ဘုန်းလက်ာနှင့် ရင်းနှီးပတ်သက်မှုတွေကို မြင်ယောင်ပြီး အကောင်း မမြင်နိုင်ခဲ့တာပါ။ အခု သူမဆီ ဖုန်းဆက်မရတော့ သူ ဘာလုပ်ရမလဲ။ အိမ်ထဲဝင်သွားပြီး ရစ်မှူးကို လာခေါ်တာပါလို့ ပြောရရင်တော့ အားနာစရာကောင်းတော့မည် ထင်သည်။

နောက်ဆုံး ဘုန်းလက်ာဖုန်းကိုပဲ ခေါ်လိုက်ရသည်။ သုံးလေးခါ မြည်ပြီးမှပဲ ဘုန်းလက်ာ ဖုန်းကိုင်တော့သည်။

"ဟယ်လို အမိန့်ရှိပါ"

"ကမ္ဘာပိုင်ပါ"

"ဘာကိစ္စလဲ"

"ရစ်မှူး ဖုန်းပိတ်ထားလို့ အဆင်ပြေရင် သူနဲ့ဖုန်းပြောချင်လို့ပါ"

"ဘာ ရစ်မှူး၊ ရစ်မှူးက ဘာဖြစ်လို့လဲ၊ ဒီအိမ်ကိုမှ မလာတာ"

"ဟင် ရစ်မှူး အဲဒီကိုမလာဘူး၊ ဒါဆို ဘယ်သွားတာလဲ"

"ဟ မင်းအိမ်မှာနေတဲ့မင်းမိန်းမကို ဘယ်သွားတယ် ဘယ်လာတယ် ငါတို့က ဘယ်လိုလုပ်သိမှာလဲ"

"တကယ် အဲဒီအိမ်မှာမရှိတာ သေချာလား ဘုန်းလက်ာ"

"မင်းကိုညာစရာအကြောင်းမရှိဘူး၊ ပန်းကို ဝှက်ထားစရာအကြောင်းလည်း မရှိဘူး၊ အခု မင်းဆီမှာ ပန်းမရှိလို့ တစ်ခုခုဖြစ်ပြီဆိုရင် မင်းကိုငါ ခွင့်မလွှတ်ဘူး ကမ္ဘာပိုင်၊ မင်းကိုငါ အခုလာသတ်မှာ"





"အေး သတ်ချင်ရင် အခုထွက်လာခဲ့၊ ငါ အခု ဒီအိမ်ရှေ့မှာပဲ"

"ဘာ"

အန်ကယ့်ကို ဆေးတိုက်ပြီးမှ ဖုန်းပြောနေတာမို့ ပန်းရစ်မှူးကို စိုးရိမ်စိတ်ဖြင့် ခြံပြင်ကိုချက်ချင်းပြေးထွက်လာခဲ့သည်။ ကမ္ဘာပိုင်က ခြံထောင့်ခပ်လှမ်းလှမ်းမှာ ကားကိုကျောပေး၍ ရပ်နေသည်။

"ပန်း ဘယ်မှာလဲ ပန်းကို မင်းဘာလုပ်လိုက်လဲ ဟိတ်ကောင်"

ဘုန်းလက်ာ ဒီလောက်သွေးဆူနေလျှင် ဒီအိမ်ထဲမှာ ပန်းရစ်မှူး မရှိတာ သေချာနေသည်။ အင်္ကျီရင်ဘတ်စကို ဆုပ်ကိုင်ဆောင့်ဆွဲထားသော ဘုန်းလက်ာလက်တို့ကို ခပ်ဆောင့်ဆောင့် တွန်းလွှတ်လျက်

"ရစ်မှူး မနက်တည်းက အိမ်ကထွက်သွားတာ အခုထိပြန်မလာလို့ ဒီမှာရောက်နေမလားဆိုပြီး လာမေးတာ၊ ဖုန်းဆက်တော့လည်း ဖုန်းပိတ်ထားတယ်၊ ရစ်မှူးက အိမ်ကထွက်တိုင်း မင်းနဲ့ပဲတွေ့နေတာလေ၊ ရစ်မှူးအကြောင်း မင်းပဲသိမှာပေါ့"

"တောက် ကမ္ဘာပိုင် မင်း အဲဒီလိုတွေ အမြဲတမ်းစွပ်စွဲနေလို့ စိတ်ညစ်ပြီး ငါ့ဆီကို ပန်းရောက်လာတာဖြစ်မယ်၊ သူ ငိုတယ် သည်းသည်းထန်ထန်ငိုတယ်၊ ရှိုင်သံပြင်းပျပျနဲ့ ဝမ်းနည်းပက်လက် ငိုတယ်၊ ဘာဖြစ်တာလဲလို့ ငါဖွတ်မေးတော့ ဘာမှမဖြစ်ပါဘူးတဲ့၊ သူ့အဖေနဲ့ခွဲနေရလို့ ဝမ်းနည်းလို့ စိတ်မကောင်းလို့ပါလို့ ပြောတယ်"

"ဟင်"

"ပြီးတော့ မင်းအဖေအကူအညီတောင်းတာကို သူ့အဖေမသိအောင် ကူညီပေးပါလို့ တောင်းဆိုတယ်၊ မင်းမိဘတွေနဲ့အဆင်ပြေချင်လို့

www.burmeseclassic.com



သူ ဒီလိုပြောရပေမယ့် သူ အရမ်းစိတ်ဖိစီးမှုတွေများပြီး စိတ်ဆင်းရဲနေရှာတယ်ထင်တယ်၊ မင်းတို့သားအဖနှစ်ယောက်လုံး ပန်းကို စိတ်ဆင်းရဲအောင်လုပ်နေကြတာမဟုတ်လား ကမ္ဘာပိုင်''

ဘုန်းလက်ာ မေးခွန်းကို သူ မဖြေနိုင်သေး။ ကိုယ်ဝန်ရှိသည့်ကိစ္စ ဘုန်းလက်ာကို ရင်ဖွင့်သည်ထင်ထားတာ။ သူ ထင်ထားတာနှင့် တခြားစီပါလား။

သူ အထင်လွဲစွပ်စွဲစော်ကားနေသည့်အတွက် သူ့ကိုမုန်းသွားသည်။ နာကြည်းနေသည်လို့ ပေါက်ကွဲခဲ့တာ အပေါ်ယံခံစားမှုကြောင့် မဖြစ်နိုင်တော့ပေ။ ထိုနာကြည်းမုန်းတီးမှုတွေဖြင့် သူ့ကိုတကယ်ပဲ စွန့်ခွာသွားခဲ့ပြီလား။

''ဟား''

သူ ထိတ်လန့်ချောက်ချားသွားမိသည်။ သူ့ကိုတကယ်ပဲ မုန်းသွားခဲ့တာလား။ တကယ်ထားခဲ့ပြီလား။

''ကမ္ဘာပိုင်''

ဘုန်းလက်ာ နောက်တစ်ကြိမ် အကျီရင်ဘတ်စကို ဆောင့်ဆွဲသည့်အခါမှာ သူ ရုန်းကန်ဆောင့်ခါခြင်းမလုပ်ဘဲ ငြိမ်သက်နေလိုက်သည်။

''ဟိတ်ကောင် ပြောစမ်း မင်း ပန်းကိုဘာလုပ်လိုက်လဲ၊ ပန်းငိုတာ အကြောင်းအရင်းရှိမယ်၊ သူ့အဖေကြောင့်ဆိုရင် အခုလို အိမ်ကထွက်တဲ့အချိန်မှာ သူ့အဖေဆီပြန်လာရမှာပေါ့ အခု''

''ရစ်မူးမှာ ကိုယ်ဝန်ရှိနေတယ်''

''ဘာ''

''ငါ့သွေးသားအစစ်မှ ဟုတ်ရဲ့လားလို့ ငါ သံသယဝင်ခဲ့တယ်''





''ဘာ''

''မင်းနဲ့အနေအထိုင် အသွားအလာ ရင်းနှီးပတ်သက်တာကို ငါ သဝန်တိုခဲ့မိတာပါ''

''ဟား ကမ္ဘာပိုင်ရာ မင်း''

''ခွပ် ခွပ်''

အားကုန်နှစ်ချက်ဆင့်ထိုးပစ်လိုက်သည်။ ယိုင်နဲ့လဲကျသွားသော ကမ္ဘာပိုင်က နှုတ်ခမ်းထောင့်စွန်းမှာ သွေးစွန်းသွားပျံလျက် မချိုစွာပြုံးအေ်။

''ဒါဟာ ရစ်မူးအပေါ် ရက်စက်မှုတွေမှန်း ငါ မသိခဲ့ဘူး၊ ချစ်သူဘဝမရောက်ခင်တည်းက မင်းနဲ့အနေရင်းနှီးလွန်းတာကို ငါ သဝန်တိုခဲ့မိတယ်၊ လက်ထပ်ပြီးလည်း ဆက်တွေ့နေကြတော့ ငါ မခံစားနိုင်တော့ဘူး၊ အဲဒါကြောင့် ရစ်မူးကိုဝေဒနာတွေပေးခဲ့မိသလိုဖြစ်ခဲ့တယ်''

''ကမ္ဘာပိုင်ရာ မင်းကွာ လူတွေရဲ့ရိုးသားမှုကို မင်းဘာကြောင့်မယုံကြည်တာလဲ၊ ရင်းနှီးမှုရှိတိုင်း လူတွေက ဖောက်ပြန်တတ်ကြတာမဟုတ်ဘူးကွ၊ မင်းက မင်းအဖေနဲ့တစ်စိတ်တည်းပဲ၊ လူတစ်ယောက်ကို သံသယဝင်ရမှာ မယုံသင်္ကာဖြစ်ရမှာ စွပ်စွဲပုတ်ခတ်စော်ကားရမှာ ဝန်မလေးဘူး၊ ကိုယ် ဒီလိုလုပ်လိုက်လို့ တစ်ဖက်သား ခံစားနာကျင်ရမှာကိုလည်း မင်းတို့နားမလည်ဘူး၊ စာနာမပေးဘူး၊ မင်းတို့တစ်ကိုယ်ကောင်းသမားတွေ၊ တဘို့ထဲသမားတွေ''

''အခု မင်းပြောလည်း ငါခံရတော့မှာပဲ၊ ဒါပေမဲ့ ငါက ရစ်မူးကို ချစ်လို့ဒီလိုဖြစ်တာ''

''ချစ်လို့ တော်တော်ရယ်စရာကောင်းတဲ့ပြက်လုံးပဲ၊ မင်းက

www.burmeseclassic.com



မင်းကိုယ်မင်းပဲချစ်တာပါ ကမ္ဘာပိုင်၊ မင်းအဖေလိုပေါ့၊ တခြားသူအတွက် တွေးမပေးတတ်တဲ့အတ္တပေါ့၊ ပန်းကို မင်းအမေလိုဘဝမျိုး ရောက်စေလို့လား ကမ္ဘာပိုင်''

''ဟင်''

မေမေ့လိုဘဝမျိုးဆို၍ သူ ထိတ်လန့်တုန်လှုပ်သွားရသည်။ မေမေ လည်း ဖေဖေ့ရဲ့ရက်စက်ခြင်းတွေ ခံခဲ့ရသည့်သူပါ။ သံသယတွေ မယုံ သင်္ကာစိတ်တွေနှင့် မေမေ့ရဲ့ကိုယ်ကျင့်တရား ဂုဏ်သိက္ခာတွေကို စော်ကား ခဲ့သည်။ မေမေ နောက်ဆုံး ဖေဖေ့ကိုစိတ်ကုန်ပြီး လူ့ဝတ်ကြောင်ဘဝကို တောင် စွန့်ခွာသွား၏။

ဘုန်းလက်ာက တက်တစ်ချက်ခေါက်၍.

''မင်းအဖေတူသား။ အရမ်းရက်စက် အရမ်းအတ္တကြီးတဲ့ ကောင်၊ ပန်းက ယဉ်ကျေးသိမ်မွေ့တဲ့သူပါ၊ စည်းစောင့်တတ်တဲ့သူပါ။ တစ်ခါမှ မချစ်ဘူးတဲ့ချစ်သူ မထားဘူးတဲ့မိန်းကလေးပါ၊ မင်းနဲ့စဆုံစည်းခဲ့တဲ့နေ့ကတည်းက သူ့ရဲ့စိတ်လှုပ်ရှားမှုတွေကို ငါ့ကိုရင်ဖွင့်ခဲ့တယ် တိုင်ပင်ခဲ့တယ်၊ မင်းကိုချစ်လို့ သူ့အဖေကိုလွန်ဆန်နိုင်ဖို့အတွက် ငါ့ကိုအကူအညီတွေတောင်းခဲ့တယ်၊ ငါတို့သာ မရှိသားခဲ့ဘူးဆိုရင် ပန်းရစ်မူးက မင်းရဲ့ချစ်သူ ဖြစ်လာစရာအကြောင်းမရှိဘူး ကမ္ဘာပိုင်''

''သူ ရှင်းပြခဲ့ဖူးပါတယ်၊ ငါကမယုံခဲ့တာ အမှောင်ဖုံးနေခဲ့တာ သူ့ကိုချစ်တဲ့စိတ်နဲ့ ကျန်တာတွေ ငါမမြင်နိုင်ခဲ့ဘူး၊ အ အခု ရစ်မူး ဘယ်မှာရှိနိုင်မလဲ၊ သူ့ရဲ့အပေါင်းအသင်းတွေအိမ်မှာ''

''သူ့မှာ ငါတို့မိသားစုကလွဲပြီး တခြားအပေါင်းအသင်း မိတ်ဆွေ မရှိခဲ့ဘူး၊ အဲဒါကြောင့်လည်း ငါတို့တစ်မိသားစုလုံးကို ပန်း သံယောဇဉ်





ကြီးရှာတာပါ။ ငါတို့ကလည်း သူ့ကိုမိသားစုဝင်လို သဘောထားခဲ့ကြတာပါ''

''ဒါဆို မင်းတို့အိမ်မှာ သူရောက်နေနိုင်မလား''

''ငါ့ကိုတောင် မသိစေချင်လို့ မဆက်သွယ်မှတော့ အိမ်ကို ရောက်နေပါ့မလား။ မင်းအထင်လွဲမှာစိုးလို့ သူ့အဖေသိပြီး စိတ်ဆင်းရဲမှာစိုးလို့ ဒီကိုအသိလည်းမပေးဘူး၊ ရောက်လည်းမလာဘူး။ အေး တခြား တစ်နေရာမှာ ပန်း ဒုက္ခရောက်နေပြီဆိုရင်တော့ ငါ မင်းကိုလုံးဝခွင့် မလွှတ်ဘူး ကမ္ဘာပိုင်''

ခြိမ်းခြောက်ရုံသက်သက်မဟုတ်သော သံယောဇဉ်တွေကို သူ ခန့်မှန်းမိလိုက်သည်။ ဒါပေမဲ့ ရှိုးသားခြင်းတွေဆိုတာ သူ အခုတော့ ယုံလိုက်ပါသည်။ ဘာလုပ်ရမလဲ ရစ်မူးကို ဘယ်မှာရှာရမလဲ။

''ဘုန်းလက်ာ''

''ဘာလဲ''

''ရစ်မူးကို ကူရှာပေးပါဗျာ၊ ကျွန်တော် အရမ်းကို မှားမှန်း သိပါပြီ၊ ဖေဖေ့ရဲ့အတ္တအောက်မှာ မေမေ စိတ်ပင်ပန်းဆင်းရဲခဲ့ရတယ်၊ လူ့ဝတ်ကြောင်ကို စွန့်လောက်အောင် မေမေ စိတ်ကုန်သွားခဲ့တယ်၊ ရစ် ရစ်မူးက ငါ့ကိုအဲလိုတော့ မထားခဲ့လောက်ပါဘူးနော်''

''အဲဒါက သူ့ခံစားမှုပြင်းထန်တဲ့အပေါ်မှာ မူတည်တာပေါ့၊ အေး ဒီကိစ္စ သူ့အဖေသိရင် ရင်ကွဲနာကျပြီး သေမှာပဲ၊ မင်းကိုတော့ ငါ မသနားနိုင်ဘူး ကမ္ဘာပိုင်၊ ကိုယ့်အတ္တနဲ့ကိုယ်စူးတဲ့ကောင်မို့ပဲ၊ ဒီနေ့ တစ်ခုခုဖြစ်ရင်''

''ကျွန်တော်လည်း ရင်ကွဲနာကျပြီး သေမှာပါ ဘုန်းလက်ာ၊



www.burmeseclassic.com

www.burmeseclassic.com



ငါ ငါ ရစ်မူးကို တကယ်ချစ်တာပါ''

ယောကျ်ားတန်မဲ့ မျက်ရည်တွေတောင် ကျပြုနေတာမို့ လေပူတွေမှုတ်ထုတ် သက်ပြင်းတွေချပြီး စိတ်တွေကို လျှော့လိုက်ရသည်။

ပန်းရစ်မူး ဘယ်ကိုရောက်နေသလဲဆိုတာ . . .။

■ ■ ■

## အခန်း (၃၄)

''ရောက်နေတာ နှစ်ရက်တောင်ရှိနေပြီ မပြန်သေးဘူးလား ဒကာမလေး''

''ဘုရားရိပ်တရားရိပ်က အေးချမ်းလို့ပါ၊ တကယ်ကို ရင်ထဲအေးပြီး ပူပင်စရာတွေ ဘာမှကို မရှိတော့သလိုပဲ။ ပြီးတော့ ဆရာလေးကို ပြုစုရတာလည်း ကုသိုလ်ရတယ်လေ၊ ဒီမှာနေခွင့်ပြုပါဦးဘုရား''

ဘာကြောင်းမှမပြောဘဲ ဒီအတိုင်းလုပ်စရာရှိတာလုပ်နေသော်လည်း သားရဲ့မိန်းမလေးရဲ့မျက်နှာမှာ ပူပင်သောကအရေးအကြောင်းတွေ တွေ့နေရသည်။

အပူတွေကူးစက်မှာစိုးလို့ မပြောတာဖြစ်နိုင်သော်လည်း မြင်နေရတာ ဘယ်လိုမှ စိတ်မချမ်းမြေ့နိုင်။

''ဒကာမလေး ထိုင်ပါဦးကွယ်၊ ဘာတွေဖြစ်လာတာလဲ ဘာတွေခံစားနေရလဲ ဆရာလေးကို ပြောပါဦး''

''ဆရာလေး မသိချင်ပါနဲ့ သိရင်တရားအားထုတ်ရတာ အခက်



www.burmeseclassic.com

www.burmeseclassic.com



အခဲဖြစ်နေပါလိမ့်မယ်''

''အခုလည်း မြင်နေရတာ စိတ်မချမ်းသာပါဘူး၊ ဒကာမလေး မျက်နှာမှာ ဒုက္ခသောကတွေရဲ့အရေးအကြောင်းတွေ မြင်တွေ့နေရတာပဲ၊ ဒုက္ခမရောက်ဘဲ သောကအပူတွေမတွေ့ဘဲ ဘယ်သူမှ ဘုရားရိပ်တရားရိပ်ကို အမှတ်မရကြ သတိမရကြပါဘူး''

''အဲ အဲဒါတော့ အမှန်ပါပဲ ဆရာလေးရယ်၊ လက်ထပ်ပြီး ဆရာလေးဆီ တစ်ခေါက်လောက်လာချင်ပေမယ့် ကိုယ့်အကြောင်းတွေနဲ့ ကိုယ် သတိမရနိုင်ခဲ့ပါဘူး။ ခွင့်လွှတ်ပေးပါ ဆရာလေး''

''ဆရာလေးကတော့ ဘယ်သူ့ကိုမှ အပြစ်မယူတော့ပါဘူးကွယ်၊ သူများကိုအပြစ်မြင်နေရင် ကိုယ်လည်းပူလောင်ရတာပဲ၊ ဒီနေရာကို ရောက်ဖို့က သူများကို အပြစ်မမြင်တတ်မှဖြစ်မှာလေ၊ ခွင့်လွှတ်ရတယ်၊ သည်းခံရတယ်၊ ပြီးတော့ ရောင့်ရဲတင်းတိမ်နိုင်ရတယ်''

''တပည့်တော်မလည်း အဲဒီလို နေနိုင်ချင်လိုက်တာ နေချင်လိုက်တာ၊ ဘယ်လိုလုပ်ရမလဲ ဘုရား''

''ဒကာမလေး ငယ်ပါသေးတယ်၊ လက်ထပ်ထားတာလည်း ဘယ်လောက်ကြာသေးလို့လဲ''

''ဒီအိမ်ထောင်ရေးအပေါ် စိတ်ကုန်နေပါပြီ နောင်တတွေလည်း ရနေပါပြီ ဘုရား''

''ဆရာလေးထင်တဲ့အတိုင်း ဖြစ်နေပြီမဟုတ်လား။ ဆရာလေး တားခဲ့ရဲ့သားနဲ့ ဒကာမလေးရယ်၊ သားအဖက အာဃာတတရားကြီးမား တယ်၊ အငြိုးတွေနဲ့ ဒကာမလေးကို နှိပ်စက်နေသလား''

''အဲလိုကြီးလည်း မဟုတ်ပါဘူး''





''သားကရော ဒကာမလေးဘက်က ကာကွယ်မပေးဘူးလား။ ရပ်တည်မပေးဘူးလား၊ ဒကာမလေးကို သူ အရမ်းချစ်လို့ လက်ထပ်ခဲ့ တာဆိုတော့ သားနဲ့ပတ်သက်ပြီးတော့ စိတ်ဆင်းရဲစရာတော့ ရှိမယ် မထင်ပါဘူး''

ဆရာလေးစကားကြောင့် ပန်းရစ်မူး မျက်ဝန်းအိမ်မှာ မျက်ရည် တွေသွန်းပြီးကာ ကျလာသည်။ အပူသောကတွေ မပေးချင်ဘူးဆိုပေမယ့် ရင်ထဲမှာ မခံစားနိုင်တော့ပေ။ ရင်ထဲမှာ တင်းကျပ်နေသမျှ ရင်ဖွင့်တိုင်ပင် စရာလူလည်း ရှိမှမရှိတာ။

''ဒကာမလေး မျက်ရည်ကျနေပြီဆိုရင်တော့ သားနဲ့ရော အဆင်မပြေဘူးထင်တယ်၊ ဘယ်လိုဝေဒနာတွေများခံစားနေရလဲ ဒကာ မလေးရယ်၊ ဆရာလေးကို ပြောပြပါ၊ သံယောဇဉ်တွေဖြတ်ထားပေမယ့် အကျိုးအကြောင်းသိရတော့ ဖြေသိမ့်ဖျောင်းဖျလို့ရတာပေါ့ ဒကာမလေး ရယ်''

''တ တပည့်တော်မမှာ သူ သူနဲ့ရတဲ့ကိုယ်ဝန်ရှိနေပါပြီဘုရား၊ အဲဒါ လက်ထပ်တာက တစ်လကျော်၊ ကိုယ်ဝန်ရှိတာက နှစ်လကျော်ဆို ပြီး သူ့သွေးသားမှ ဟုတ်ရဲ့လားလို့ သံသယဝင်ပါတယ်၊ အစ်ကိုတစ် ယောက်လို သံယောဇဉ်ရှိတဲ့သူနဲ့သမုတ်ပါတယ်၊ လက်မထပ်ခင်က မှား ယွင်းမှုကို သူ သတိမရတော့တာ ထင်ပါတယ်''

''ဒကာမလေးရယ်''

ကိုယ်ချင်းစာစိတ်နှင့် စိတ်မကောင်းစွာ ညည်းညူမိလိုက်သည်။ ကိုယ့်တုန်းကလည်း ဒီလိုဒုက္ခမျိုးတွေ ခံစားခဲ့ရဖူးတာ မဟုတ်ပါလား။ သံသယတွေ မယုံသင်္ကာမှုတွေ စွပ်စွဲမှုတွေဖြင့် စိတ်ဆင်းရဲပင်ပန်းခဲ့ရ

www.burmeseclassic.com



သည်။ သားက သူ့အဖေနှင့်တစ်ပုံစံတည်း ဖြစ်နေပါရောလား။

"ဒီအကြောင်းတွေ ပြောချင်လို့ ဆရာလေးဆီရောက်လာတာတော့ မဟုတ်ပါဘူး၊ ဟိုတစ်ခေါက်ရောက်တုန်းက အေးချမ်းမှုရှိလို့ ခဏလောက်မှီခိုချင်တာပါ၊ ကိုယ်ဝန်သာမရှိဘူးဆိုရင် ဆရာလေးလိုပဲ လူ့ဝတ်ကြောင်ကိုတောင် စွန့်ပစ်လိုက်ချင်ပါတယ် ဘုရား"

"ဒီသံယောဇဉ်တွေသာ ဖြတ်နိုင်ရင် ဆရာလေးဆီကို ဒကာမလေး ဘယ်ရောက်လာပါ့မလဲ၊ သားနဲ့ပတ်သက်ချင်သေးလို့ ဒီကိုပဲ မှီခိုရာလာရှာတာမဟုတ်လား"

"ဆရာလေး"

"လွတ်ရာကျွတ်ရာ မသွားနိုင်သေးသရွေ့တော့ သံသရာမှာ ဒုက္ခဆိုတာရှိဦးမှာပဲ၊ သားလည်း ဒီကိုရောက်လာဦးမယ်ထင်တယ်"

"ရှင်"

"သူ့မှာလည်း အပူသောကတွေရှိနေမှာပါ ဒကာမလေး။ ဒကာမလေးအပေါ် သူချစ်တယ်ဆိုတာတော့ ယုံမှားသံသယဖြစ်စရာမလိုပါဘူး။ သူ ဒကာမလေးကိုတော့ တော်တော်ချစ်ရှာပါတယ်၊ သူ့အဖေကိုဆန့်ကျင်ပြီး ဒကာမလေးကို ရအောင်လက်ထပ်ခဲ့သေးတာပဲ"

"နားလည်မှုမရှိ အတ္တကြီးတဲ့အချစ်ကို တပည့်တော်မ တကယ်ကို ကြောက်လန့်သွားခဲ့ပါပြီ ဘုရား"

ဟုတ်ပေမှာပဲလို့ ကိုယ်ချင်းစာမိရပြန်သည်။ ဒီသောကတွေကို ကြောက်လို့ ကိုယ်လည်းထွက်ပြေးခဲ့တာပဲ မဟုတ်လား။

"အေးလေ ဒကာမလေး ကြောက်တယ်ဆိုတာကိုလည်း အပြစ်မပြောလိုပါဘူး။ ဒါပေမဲ့ ကိုယ့်ရင်သွေးအတွက် ထည့်စဉ်းစားပါ၊ ဒကာမလေးဗိုက်ထဲမှာ ဒကာမလေးတို့လင်မယားနှစ်ယောက်ရဲ့အသွေးအသားမျိုးဆက်လေးရှိနေပြီ၊ ကိုယ့်ဆန္ဒကိုယ်ဖြစ်ချင်တာကို ဦးစားပေးလို့မရတော့ဘူးလို့ဆိုလိုတာ"





"တင်ပါ့ဘုရား၊ ဒါပေမဲ့ တပည့်တော်မ ပြန်တော့မပြန်ပါရစေနဲ့ဦး၊ ဒီမှာနေရတာ အေးချမ်းလို့ပါ"

"မိဘတွေစိတ်ပူနေမှာပေါ့ကွယ်၊ သူတို့သောကရရင် ဒကာမလေး တကယ်အေးချမ်းနိုင်ပါ့မလား"

"တပည့်တော်မ အဆက်အသွယ်လုပ်ပြီး ဖေဖေ့ကိုစိတ်မပူအောင် အကူအညီတောင်းလိုက်ပါမယ်၊ ဒီမှာပဲ ဖေဖေ အလုပ်ကိုပြီးအောင် လုပ်ပေးလိုက်ချင်လို့ပါ"

ခေါင်းမာသည်လို့တော့ မပြောရက်ပေ။ ဝေဒနာပြင်းထန်လို့သာ အေးချမ်းမှုကို လိုချင်နေသည်မဟုတ်လား။ ရောက်လာကတည်းက လက်ပ်တော့ပ်တစ်လုံးနှင့် အဝတ်အစားနှစ်စုံလောက်သာပါသည်။

ကားယူလာလျှင် ဒီရောက်တာ သိနေမှာစိုး၍ ကားတစ်ဆင့်စီးကာ ဆိုင်ကယ်တက္ကစီငှားပြီး တောလမ်းခရီးကို ရောက်အောင်လာသည်။ သားပါမလာတည်းက အကဲတော့ခတ်မိပြီးသားပါ။

သံယောဇဉ်တွေဖြတ်ပြီး လောကီကိုစွန့်ထားတာတောင် သက်ပြင်းတွေလေးလံစွာချမိလျက် . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"ဟယ်လို ပန်း ပန်းလား"

ကိုယ်ခေါ်သည့်အချိန်တွေမှာတော့ ဖုန်းကတစ်ချိန်လုံး ပိတ်ထားပြီး အခုမှ ကိုယ့်ဆီကို ဖုန်းဝင်လာတာဖြစ်မည်။ ပျာပျာသလဲ မေးလိုက်သော်လည်း ပန်းရစ်မူးဘက်က ခဏမျှ အသံတိတ်နေသေးသည်။

"ပန်း ပန်း ညီမလေး"

"ကိုလက်ာ"

"ဘယ်ရောက်နေတာလဲ ပန်း။ ညီမလေး ဘယ်မှာနေနေတာလဲ"

"ကမ္ဘာပိုင် အိမ်မှာမရှိဘူးဆိုတာသိလို့ မေးတာလား ကိုလက်ာ"

"ကမ္ဘာပိုင် ကိုယ့်ဆီလာသွားတယ် ညီမလေး။ ပန်းရယ် ညီမလေးရယ် ဒုက္ခတွေများလိုက်တာကွာ"

ဘုန်းလက်ာအသံတွေက အက်ရှတုန်ယင်နေသည်။ ပန်းရစ်မူးဘက်ကတော့ ရှိုက်သံတွေထွက်လာသည်။





"ပန်း ပန်းဘယ်မှာလဲ၊ ဘယ်ရောက်နေတာလဲ၊ ဘယ်သူနဲ့နေတာလဲ"

"ရစ်မူးအတွက် စိတ်မပူပါနဲ့၊ ရစ်မူး အဆင်ပြေပါတယ်"

"အခုချိန်ထိ အဆင်ပြေတယ်လို့ ပြောနေတုန်းလား။ ကမ္ဘာပိုင် ပြောလို့ ကိုယ်အကုန်သိပြီးပြီ"

"ဟင် မေ မေမေရော"

"အန်ကယ့်ကို ဘယ်ပြောပြလို့ဖြစ်မှာလဲ ပန်းရယ်၊ အန်ကယ် မျှော်နေပေမယ့် သူ့အိမ်မှာ ကိစ္စတွေရှိလို့ မအားလို့နေမှာပါလို့ ကိုယ် ပြောထားတယ်၊ အန်ကယ် စိတ်မပူအောင်လို့ အန်ကယ့်ဆီကိုတော့ ဖုန်းလေးတော့ ဆက်ဦးမှပေါ့ ပန်း"

"ဟုတ်ကဲ့ ကိုလက်ာနဲ့ပြောပြီးရင် မေမေ့ဆီဆက်လိုက်ပါမယ်၊ ဟို သူက ဘာတွေပြောသွားလို့လဲ"

"သူ နောင်တရနေပြီ ပန်း။ ချစ်လို့ဖြစ်ပျက်သွားတာတွေပါတဲ့၊ ကိုယ့်ကိုလည်း တောင်းပန်သွားတယ်၊ ကမ္ဘာပိုင် အရူးတစ်ပိုင်းလိုဖြစ်နေပြီ"

"သူ့အချစ်တွေကို ရစ်မူး ကြောက်နေပြီ ကိုလက်ာ၊ မုန်းလို့ ဥပေက္ခာပြုသွားတာကိုမှ ခံနိုင်ရည်ရှိဦးမယ်ထင်တယ်"

"သူ တကယ်ကို နောင်တရနေပြီလို့ ကိုယ်ထင်တယ်၊ ဒီကောင် ကိုယ့်ရှေ့မှာတောင် မျက်ရည်ကျတယ်၊ ပန်းကိုစွပ်စွဲမိတာတွေအားလုံး သူမှားပါတယ်တဲ့၊ ကလေးနဲ့ပတ်သက်တာလည်း သူ တမင်ပြောခဲ့တာလို့ ပြောတယ်၊ ဘာပဲဖြစ်ဖြစ် ရင်သွေးလေးလည်းရှိနေပြီဆိုတော့ ခွင့်လွှတ်ပေးလိုက်ပါ ပန်းရယ်"


www.burmeseclassic.com

www.burmeseclassic.com



ပန်းရစ်မူး ခဏမျှအသံတိတ်သွားသည်။ ရှိုက်သံတွေမကြားရတော့တာကြောင့် တွေးတောစဉ်းစားနေတာလည်း ဖြစ်နိုင်၏။

"ပန်း ကိုယ်ပြောတာ ကြားရဲ့လား"

"ရစ်မူး လွယ်လွယ်နဲ့ ခွင့်လွှတ်ပေးလိုက်ရင် အရင်လိုပြန်ဖြစ်သွားမှာကြောက်တယ် ကိုလက်ာ၊ ရစ်မူး သူနဲ့မတွေ့ချင်သေးဘူး"

"ကိုယ်နဲ့တော့ လာတွေ့ပါလား ပန်း၊ အန်ကယ်အလုပ်ကိစ္စတွေလည်းရှိသေးတယ်၊ အဲဒါလည်း ချိန်းထားတဲ့အချိန်က"

"ညကျရင် ကိုလက်ာဆီ မေးလ်ပို့လိုက်ပါမယ်"

"ရင် ရင်သွေးလေးအနေအထားကရော ကျန်းမာရေးကောင်းရဲ့လား ပန်းရယ်၊ အပေါင်းအသင်းမိတ်ဆွေလည်းမရှိဘဲနဲ့ အခု ဘယ်သူနဲ့နေနေတာလဲ"

"ရစ်မူး အရမ်းအေးချမ်းတဲ့နေရာကို ရောက်နေပါတယ်၊ ဘာမှမပူပါနဲ့ ရစ်မူးအခု နေရတဲ့နေရာက အရမ်းအေးချမ်းတယ်"

"ဟုတ်ရဲ့လား ပန်းရယ်၊ ကိုယ့်ကိုစိတ်ချမ်းသာအောင် တမင်ပြောနေတာလား။ ပန်းက ဟန်ဆောင်ကောင်းလွန်းလို့ပါ"

"တကယ်ပါ တကယ်ကိုအေးချမ်းတဲ့ဘုရားရိပ် တရားရိပ်မှာပါ။ အခုမှ စိတ်တွေအေးချမ်းသွားတာ၊ ကိုလက်ာက ဖေဖေ့ကိုသာ ဘာမှမပြောပါနဲ့နော်၊ ရစ်မူးအတွက် ဖေဖေထပ်ပြီးစိတ်ထိခိုက်ရမှာစိုးလို့ပါ"

"အဲဒီအတွက် စိတ်ချပါ ပန်း၊ ဒါပေမဲ့ ကိုယ်တို့ရဲ့ကွယ်ရာမှာ အကြာကြီးမနေပါနဲ့၊ ပန်းဗိုက်ထဲမှာလည်း ရင်သွေးလေးရှိနေပြီလေ၊ အိမ်ထောင်တစ်ခုအခန့်မသင့်ရင် ကလေးတွေပဲမျက်နှာငယ်ရမှာ"

"ရစ်မူး နားလည်ပါတယ်၊ ဒါကြောင့်လည်း ရစ်မူး ကြိတ်မှိတ်ပြီး သည်းခံခဲ့တာပါ၊ ဖေဖေနဲ့ကိုလက်ာစကားကို နားမထောင်မိလို့ ရစ်မူးအခုချိန်မှာ အရမ်းကိုနောင်တရမိပါတယ်၊ ဒါပေမဲ့ သူ သူ့ကိုတော့ မုန်းလို့မရသေးဘူး"

"ပန်းရယ်"

ရင်ထဲမှာ ထိထိရှရှ ခံစားလိုက်ရသည်။ ငယ်ငယ်တည်းက သံယောဇဉ်ကြီးခဲ့ရသည့် ညီမလေးပဲမဟုတ်ပါလား။

ပန်းရစ်မူးအသံလေး ကြည်လင်လန်းဆန်းလာတာကတော့ စိတ်ချမ်းသာစရာပါ။

"ရစ်မူး နောက်မှဆက်သွယ်လိုက်ပါမယ်၊ ဖေဖေနဲ့လည်း ဖုန်းနေ့တိုင်းပြောလိုက်မယ်၊ ကျန်တဲ့အချိန်ကတော့ ရစ်မူး ဖုန်းပိတ်ထားမှာမို့ပါ၊ စိတ်မကောင်းဖြစ်မနေနဲ့နော် ကိုလက်ာ၊ ရစ်မူး တကယ်ကို အဆင်ပြေလို့ပြောတာပါ"

"ကောင်းပါပြီ စိတ်ချမ်းသာသာနေပါ၊ ကမ္ဘာပိုင် တကယ်ကို နောင်တရနေပါပြီ ပန်း၊ သူ့ဘက်က ဒီလိုပြောလာတဲ့အတွက် ပန်းဘက်ကလည်း ခွင့်လွှတ်နိုင်အောင် ကြိုးစားပေးလိုက်ပါ၊ နှစ်ဦးနှစ်ဖက် အာဃာတတွေမထားဘဲ နားလည်မှုရှိလာမှ အဆင်ပြေလာနိုင်မှာ ပန်းရဲ့၊ နော် ညီမလေး"

"ဟုတ် ဟုတ်ကဲ့ပါ ကိုလက်ာ"

ဒီလို စိတ်သဘောထားဖြင့် မြတ်မြတ်သူ့ကိုမှ ကမ္ဘာပိုင်သဝန်တိုသမုတ်ပြီး စော်ကားရက်သည်။ တကယ်ဆို သူနှင့်ဆုံစည်းဖို့ဆိုတာ ဘုန်းလက်ာရဲ့ကူညီပံ့ပိုးမှုတွေလည်း ပါတာပဲမဟုတ်လား။

ဒါတွေကို ကမ္ဘာပိုင်သာ နားလည်လာလျှင်ဖြင့် . . . ။

■ ■ ■

www.burmeseclassic.com

## အခန်း (၃၆)

"နားလည်ရအောင် ငါတို့က ဘာကိုနားလည်ပေးရဦးမှာလဲ အခု မင်းမိန်းမပြန်မလာတာ ဘယ်နရက်တောင်ရှိသွားပြီလဲ၊ ပြောစမ်းပါဦး၊ လင်ယောကျ်ားနဲ့ယောက္ခမတွေကို လေးစားရကောင်းမှန်းမသိလို့ ဒီလိုလုပ်တာပေါ့ကွ၊ ဟိတ်ကောင် သူ့အဖေဆီကို ငါ ဖုန်းဆက်လိုက်မယ် ငါ့သားနဲ့ ကွာရှင်းတော့မယ်လို့"

"ဟာ ဖေဖေ အဲလိုလုပ်လို့ မဖြစ်ပါဘူး၊ ကျွန်တော်က ဘာလို့ ရစ်မူးနဲ့ ကွာရှင်းရမှာလဲ"

"ဟ မင်းမိန်းမက မခန့်လေးစားနဲ့ အခု အိမ်ပေါ်ကဆင်းသွားတဲ့သဘောမဟုတ်ဘူးလား၊ သူ့အဖေနဲ့တွေ့ပြီးတော့ပဲဖြစ်ဖြစ် ဒီကိစ္စ ရှင်းမှဖြစ်မှာပေါ့"

"သူက သူ့အဖေအိမ်မှာ မရှိပါဘူး ဖေဖေ"

"ဘာကွ"

"ဟင်"





ဦးကျော်ခေါင်နှင့်ဒေါ်သင်္ဂီ အကြည့်ချင်းဆုံလျက် မျက်ခုံးပင့်သွားကြသည်။ ကမ္ဘာပိုင် တမှိုင်မှိုင်တတွေတွေ ဖြစ်နေတာသိပေမယ့် ဘာပြဿနာကြောင့်ဆိုတာတော့ မသိကြပေ။ ကမ္ဘာပိုင် မျက်နှာကအုံ့မှိုင်းညှိုးမည်းနေကာ

"ကျွန်တော်နဲ့အခန့်မသင့်ဖြစ်ပြီး သူထွက်သွားတာပါ၊ သူ့အဖေအိမ်သွားရင် သူ့အဖေသိပြီး စိတ်ထိခိုက်မှာစိုးလို့ သူ မသွားတာ"

"ဒါဆို သူက ဘယ်မှာလဲ၊ ဘယ်သွားတာလဲ"

"အဲဒါလည်း မသိပါဘူး၊ ကျွန်တော်စုံစမ်းနေတုန်းပါ၊ ကျွန်တော်လွန်တာ ကျွန်တော်မှားတာဆိုတော့ သူ့ကိုတောင်းပန်ချင်လွန်းလို့ လိုက်ရှာနေပါတယ်"

"ဟ မင်းပေါ့ပေါ့လေးလုပ်မနေနဲ့လေ၊ သူ့အဖေအိမ်မှာမှတ်လို့ ငါကပြောနေတာ၊ သူ့မှာကိုယ်ဝန်ကြီးနဲ့ဆို၊ ဒီလိုမျိုးလွှတ်ထားလို့ ဖြစ်မလား၊ ကလေးတစ်ခုခုဖြစ်သွားရင် ဘယ်လိုလုပ်မလဲ"

"ကျွန်တော်လည်း အဲဒီအတွက်ပဲ စိုးရိမ်နေတာပါ၊ ကျွန်တော်တို့ကြောင့် သူတော်တော်စိတ်ဖိစီးမှုများသွားတယ် ဖေဖေ၊ လုပ်ငန်းကိစ္စတွေရောပေါ့"

"အဲဒါက ကိုယ့်စီးပွားရေးလို့သဘောထားလိုက်ရင် ပြီးတာပဲ၊ သူကိုယ်က နားလည်မှုမရှိတာ၊ ဟိုဘက်လည်း မိဘ၊ ဒီဘက်လည်းမိဘလို့သဘောထားလိုက်ရင် ဘာဖြစ်မှာမို့လို့လဲ၊ အမိကက မိသားစုဝင်ဖြစ်ချင်တယ်ဆိုရင် မိသားစုစိတ်ဓာတ်မွေးရတယ်ကွ"

"ဖေဖေကရော အဲဒီစိတ်မွေးလို့လား"

"ဘာကွ"



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ခေါင်မေးကြောကြီးတွေ ထောင်ထသွားသည်။ ကမ္ဘာပိုင်က ဖခင်ရဲ့ဒေါသကို မမှုတော့စွာဖြင့်

''ဖေဖေရော သူ့ကိုဖိအားပေးခဲ့ကြတာ အတူတူပါပဲ၊ သူက အားလုံးနဲ့အဆင်ပြေဖို့အတွက် အတတ်နိုင်ဆုံး ကြိုးစားနေတဲ့သူပါ၊ ကျွန်တော်တို့က မကောင်းခဲ့တာပါ ဖေဖေ''

''ဟိတ်ကောင် မင်းမကောင်းရင် မင်းကိုယ်မင်းပဲ မကောင်းဘူး ပြော၊ ငါတို့က အနိုင်ကျင့်နှိပ်စက်နေသလိုတော့ လာမစွပ်စွဲနဲ့''

''ဒါဆို နောက်ထပ်တစ်ခါ သူ့ကိုလုပ်ငန်းကိစ္စအကူအညီ မတောင်းပါနဲ့တော့ ဖေဖေ၊ သူ မွန်းကျပ်ရ စိတ်ပင်ပန်းရပါတယ်၊ သူ့မှာ ရင်သွေးလေးရှိနေပြီဆိုတော့ သူ့အတွက် စဉ်းစားပေးရမယ်မဟုတ်လား''

''အမလေး အခုမှ အဖြစ်သည်းမနေပါနဲ့၊ မင်းမိန်းမက ငါတို့ကြောင့် အိမ်ကထွက်သွားတာ မဟုတ်ပါဘူး၊ မင်းကြောင့်သာ ဒီလိုလုပ်သွားတာဖြစ်မှာပါ၊ မင်းက ဘာတွေပြောဆိုလုပ်ကိုင်လိုက်လည်းမှ မသိတာ''

''ဟုတ်ပါတယ် ကျွန်တော် အရမ်းကိုလွန်သွားတာပါ၊ အခု ကျွန်တော်နောင်တလည်းရနေပါပြီ၊ ရစ်မူးနဲ့လည်း အရမ်းကိုတွေ့ချင်နေပါပြီ၊ သူဘယ်မှာဘာဖြစ်နေမှန်းမသိလို့ စိတ်တွေလည်းအရမ်းပူနေပါတယ်၊ ကျွန်တော်အတ္တတွေကြီးခဲ့မိတာ ဖေဖေ၊ သူ့ကိုလုံးဝ နားလည်မပေးခဲ့ဘူး''

''ဟ ဒီကောင် ယောကျ်ားဖြစ်ပြီး မျက်ရည်လာကျပြနေရလား''

သားဆီမှာ မျက်ရည်တွေမြင်ရတော့ ဦးကျော်ခေါင် စိတ်မကောင်းဖြစ်သွားရသည်။ အတ္တတွေနှင့်အုပ်ချုပ်ခဲ့ပေမယ့် ကမ္ဘာပိုင်က





တစ်ဦးတည်းသောသားပါ။ သူ့အမေကြောင့် စိတ်တွေကတင်းမာခဲ့ရပေမယ့် မေတ္တာတရားကတော့ ရှိနေဆဲပါပဲ။

''ဟဲ့ ငိုမနေနဲ့လေ၊ နင့်မိန်းမ ပြန်လာမှာပါ၊ တကတည်း ဖြစ်နေလိုက်တာ အကဲပိုနေလိုက်တာ၊ နင်က ဘယ်လောက်တောင် စိတ်နာအောင်လုပ်လိုက်သလဲ မသိဘူး၊ ညားခါစမှာ ခွဲနေတယ်ဆိုတာ တော်တော်စိတ်ဆိုးစရာရှိလို့ဖြစ်လိမ့်မယ်၊ ပြန်လာတဲ့အခါ သည်းခံလိုက် ချော့လိုက်ပေါ့''

ဒေါ်သင်္ဂီလည်း စိတ်တွေပြောင်းလဲလာသည်။ တစ်အိမ်တည်းနေသော မိသားစုတွေပဲမဟုတ်လား။ သွေးသားငြိတွယ်မှုမဟုတ်ပေမယ့် အတူနေသံယောဇဉ်ကြောင့် ကမ္ဘာပိုင် ထိခိုက်ခံစားရသောအခါ ဒေါ်သင်္ဂီလည်း စိတ်မကောင်းပေ။

ပန်းရစ်မူးကျတော့လည်း ဒေါ်သင်္ဂီအပေါ် လေးလေးစားစားနှင့် အလိုက်သိတတ်သည်မဟုတ်လား။ အသက်ကြီးလာသည်နှင့်အမျှ အလိုက်သိသော ကူညီထောက်ပံ့မှုတော့လိုချင်သားပင်။

ကမ္ဘာပိုင်က မျက်ရည်မစဲစွာနှင့်ပင်

''ကျွန်တော် ဘာလုပ်ရမလဲ၊ ဘယ်မှာသွားရှာရမလဲ ဖေဖေ''

''ဒါများခက်လို့ သတင်းစာထဲက ထည့်ကြော်ငြာလိုက်ပေါ့''

''သူ့အဖေသိသွားမှာပေါ့၊ သူ့အဖေသိရင် ပြဿနာတွေပိုရှုပ်ပြီး စိတ်ထိခိုက်သွားမှာပေါ့ ဖေဖေ၊ အစတည်းက သူ့အဖေက ဒီလိုတွေဖြစ်နိုင်တယ်ဆိုပြီး လက်ထပ်စေချင်ခဲ့တာမဟုတ်ဘူး''

''အောင်မာ ဒီကောင်က''

''ဖေဖေလည်း ကန့်ကွက်ခဲ့သေးတာပဲမဟုတ်လား။ သူတို့ဘက်



www.burmeseclassic.com

www.burmeseclassic.com



က ခံခဲ့ရသူပါ ဖေဖေ''

''မင်းက မင်းယောက္ခမဘက်က လိုက်ပြောနေတာလား''

''ဖေဖေပဲစဉ်းစားကြည့်ပါ၊ အန်ကယ်နဲ့မေမေသာ မရှိသားခဲ့ရင် ဒီအချိန်မှာ သူတို့အတူတူရှိနေမှာပါ၊ အခု သူတို့ဘယ်လိုနေကြလဲ ဖေဖေ အသိဆုံးမဟုတ်လား''

ဦးကျော်ခေါင် တွေဝေသွားသည်။ အစတည်းက မသိလို့တော့ မဟုတ်။ ကိုယ့်ရဲ့လုပ်ရပ်တွေကို အားမပေးလို့ သံသယတွေနှင့် သမုတ်ခဲ့မိခြင်းပင်။ သစ္စာဖောက်သည်လို့ ခံစားရပြီး အငြိုးအာဃာတထားခဲ့မိတာပါ။ ဘယ်သူမပြု မိမိမှုဆိုသော်လည်း ကိုယ့်အပြစ်ကိုယ်မမြင်ဘဲ ရန်လိုကာ တိုက်ခိုက်နေချင်ခဲ့ခြင်းဖြစ်သည်။

''သား''

''ဗျာ ဖေဖေ''

''အာဃာတတွေ မဆုံးသရွေ့ ဒီလိုပဋိပက္ခတွေဖြစ်နေဦးမှာပဲ သားနဲ့ပန်းရစ်မှူးကို ဖေဖေနဲ့သားအဖေလိုတော့ မဖြစ်စေချင်ဘူး။ လင်နဲ့မယားမှာ မာနတွေလည်း မထားမိကြစေနဲ့၊ ဒါဟာ ဖေဖေမလုပ်နိုင်ခဲ့တာကို ဆုံးမနေတာပါ၊ သားတို့မှာ ရင်သွေးလေးရနေပြီဆိုရင် ဖေဖေ့ရဲ့မြေးပဲလေ''

''ဟုတ်ကဲ့ပါ ဖေဖေ''

ဖေဖေ့ဆီက ထိုစကားတွေ ကြားရသည်အတွက် သူ ဝမ်းသာနေမိသည်။ ဖေဖေ ဒီလိုပြောင်းလဲလာလိမ့်မည်ဟု မထင်။ မြေးဆိုသည် သံယောဇဉ်ကြိုးတစ်ချောင်းကြောင့်တဲ့လား။ ထိုအတွေးကြောင်း သူလည်း ပန်းရစ်မှူးကိုတွေ့ချင်စိတ်များဖြင့် လိုက်ဆူလာသည်။





''ကမ္ဘာပိုင် မင်းဖုန်းမြည်နေတယ်''

''ဗျာ ဟုတ်ကဲ့''

ဒေါ်သီဂီပြောတာကြောင့် သူ ဖုန်းကိုကောက်ကိုင်လိုက်သည်။ နံပါတ်ကိုကြည့်လိုက်သည့်အခါမှာ ဘုန်းလက်ာဖုန်းဖြစ်နေ၏။

''ဖေဖေ ခဏနော်''

ဖေဖေတို့မသိစေချင်တာကြောင့် ဖေဖေတို့နားကနေ ထထွက်လာခဲ့သည်။ အိမ်ရှေ့ကားပေါ်တီကိုအောက်ရောက်မှပဲ

''ဟယ်လို ပြော ဘုန်းလက်ာ''

''ပန်း ငါ့ဆီကိုဖုန်းဆက်သွယ်လာတယ်''

''ဘာ ရစ် ရစ်မှူး ဘယ်မှာလဲ၊ ဘယ်သူနဲ့နေတာလဲ''

''အဲဒါတော့ ငါ့ကိုမပြောဘူး၊ သူ့အဖေစိတ်ပူနေမှာစိုးလို့ ဆက်တာ၊ အခုဖြစ်နေတဲ့ပြဿနာတွေကို သူ့အဖေကိုမသိစေချင်လို့နေမှာပေါ့''

''အဲဒါတော့ ဟုတ်မှာပါ၊ ဒါကြောင့်လည်း အဲဒီအိမ်ကို ငါလာတာ၊ ရစ်မှူးအဖေကို မလေးစားလို့ မဟုတ်ပါဘူး။ ဒါ ဒါနဲ့ မင်းကို ရစ်မှူး ဘာတွေပြောသေးလဲ၊ ဘယ်အချိန်ပြန်လာမှာတဲ့လဲ''

''သူ အေးချမ်းတဲ့နေရာမှာရှိနေတယ်တဲ့၊ သူ့ကိုစိတ်မပူနဲ့လို့ ပြောတယ်''

''အေးချမ်းတဲ့နေရာ''

ကမ္ဘာပိုင် သံယောင်လိုက်ကာ အတွေးတစ်ခုဝင်သွားသည်။ အပေါင်းအသင်း မိတ်ဆွေမရှိသော ပန်းရစ်မှူးက ဘယ်လိုလုပ်ပြီး အေးချမ်းသည့်နေရာ ရှာတွေ့သွားတာလဲ။

''မေမေ''



www.burmeseclassic.com

www.burmeseclassic.com



သူ့ အသံထွက်ကာ ရေရွတ်လိုက်မိသည်။ ပန်းရစ်မှုး မေမေ့ဆီ ရောက်နေလား။ အဲဒီကိုသွားနေတာများလား။ အေးချမ်းသည့်နေရာဆိုင် မေမေနေသောနေရာလေးတစ်ခုသာ ရှိသည်။

မေမေ့ကိုအချစ်တွေမွှန်ပြီး သူမေ့ထားခဲ့မိသည်။

ခလုတ်ထိမှ အမိတဆိုသည့်အတိုင်း . . .။

■ ■ ■

## အခန်း (၃၇)

"ဒကာလေး ဒုက္ခသုက္ခတွေ ပူလောင်မှုတွေနဲ့ ရောက်လာတာ မဟုတ်လား"

"မေမေ"

မေမေ ကြိုသိနေသည်ဆိုတာ အကြောင်းတော့ရှိရမည်။ ပန်းရစ်မှုးရောက်မလာဘဲနှင့်မေမေဘာမှ မသိနိုင်။ ဒါပေမဲ့ မေမေရဲ့သီလရှင် ကျောင်းလေးထဲမှာ ပန်းရစ်မှုးကို ဘာကြောင့် အရိပ်အယောင်တောင် မတွေ့ရတာလဲ။

"ဘာတွေလိုက်ရှာနေတာလဲ ဒကာလေး"

ကိုးကန်းတောင်းမှောက်ဖြစ်နေသော သူ့ကို မေမေက အကင်း ပါးစွာနှင့်မေးသည်။ သူ ကျောင်းတွင်းကျောင်းပြင်ကိုတစ်ချက်ဝေ့ကြည့် လျက်

"ဒီကို ပန်းရစ်မှုး ရောက်လာတယ်မဟုတ်လား မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"သူ ဘာကြောင့်ရောက်လာရတာလဲဆိုတာကို ဆရာလေး ပြန်မေးကြည့်ချင်တယ်"

"သား သားအမှားတွေပါ မေမေ၊ သား သူ့အပေါ်မကောင်းခဲ့ပါဘူး"

"ဘာလို့ အမေစိတ်ကို တူရတာလဲ၊ ဒကာလေးအဖေရဲ့အဲဒီစိတ်ကို မုန်းတယ်၊ အတ္တတွေကို မုန်းတယ်ဆို"

"ဟုတ်ပါတယ် သား ရစ်မူးကိုချစ်တဲ့စိတ်နဲ့ သားကိုယ်သားမှားမှန်းမသိလိုက်တာပါ၊ သား အခုသိပါပြီ သား နောင်တရပါပြီ မေမေ၊ ရင်သွေးလေးလည်း ရှိနေပြီဆိုတော့ သူ့အတွက် အရမ်းစိုးရိမ်တယ်"

"သူ အေးအေးချမ်းချမ်းရှိနေပါတယ်၊ ဒါပေမဲ့ လူတွေကို သူ တော်တော်ကြောက်လန့်နေတဲ့ပုံပဲ၊ ဒါလည်း ခြောက်လှန့်တဲ့သူရှိလို့ပေါ့၊ သူ့အတွက်လည်းမကောင်း ကိုယ့်အတွက်လည်းကောင်းကျိုးမပြုတဲ့ လောဘဒေါသတွေကို မွေးမြူထားကြတာကိုး၊ အပြစ်ဆိုတာ ကိုယ်ကလုပ်တာ၊ ဆိုးမွေကောင်းမွေ ကံအကြောင်းတရားတွေကို လူတွေက လုပ်နေတာ၊ မေတ္တာတရားက ဘယ်သူ့ကိုမှ အပြစ်မမြင်ဘူး၊ ဘယ်သူ့ကိုမှ အပြစ်မမြင်မိအောင် မေတ္တာစိတ်မွေးကြည့်ပါ ဒကာလေး"

မေမေပြောတာတွေကို သူ ခေါင်းတညိတ်ညိတ် လက်ခံနားထောင်နေမိသည်။ ဒီရက်တွေအတွင်း ပူလောင်နေခဲ့သောရင်က အမေ့ဆီရောက်မှ အေးချမ်းမှုအနည်းငယ်ရလေသည်။

"သား ဒီရက်တွေအတွင်း လောဘဒေါသပူလောင်မှုတွေနဲ့ မေမေ့ကိုမေ့ထားခဲ့မိပါတယ်၊ ခွင့်လွှတ်ပေးပါ မေမေ"

"ဆရာလေးကတော့ ဘယ်သူ့ကိုမှ အပြစ်မယူတော့ပါဘူး၊





အားလုံးကိုခွင့်လွှတ်နိုင်ပါပြီ"

"ဟို ရစ် ရစ်မူးရော မေမေ"

"အင်း ကျောင်းမှာ ဝေယျာဝစ္စလုပ်စရာရှိတာတွေလုပ်ပြီးရင်တော့ ကျောင်းနောက်ဘက်ကချောင်းရေစပ်လေးမှာ ထိုင်နေတတ်တယ်၊ သူ့အရမ်းကို သနားစရာကောင်းတဲ့ကလေးမပါ၊ ချစ်တယ်ပြောပြီး ဘာလို့များ အနိုင်ယူချင်ရတာလဲ၊ ရင်သွေးလေးသာမရှိရင် ဆရာလေးလို လောကီကိုတောင် စွန့်ဖို့စဉ်းစားထားပုံပဲ"

"ဗျာ"

"လောကီလူ့ဘဝကြီးကို စွန့်နိုင်ရင် အကောင်းဆုံးဆိုပေမယ့် သူ့ကို အဲဒီလိုတော့ မဖြစ်စေချင်ဘူး၊ သူ အရမ်းငယ်ပါသေးတယ်၊ ဝန်နဲ့မမျှ ခံစားရအောင် ထပ်မလုပ်ပါနဲ့တော့"

"စိတ် စိတ်ချပါ မေမေ၊ သားကြောင့် သူ နောက်ထပ် စိတ်မဆင်းရဲစေရတော့ပါဘူး၊ သား ကတိပေးပါတယ်"

"ဒကာလေးရဲ့အဖေရော အသက်တွေကြီးလာသလောက် စိတ်တွေမပြောင်းသေးဘူးလား"

"မြေးဆိုတဲ့အသိကြောင့် နည်းနည်းတော့ ပြောင်းလာသလိုပါပဲ၊ ပန်းရစ်မူးကို ရှာခိုင်းတယ်၊ နောက်ထပ်လည်း ဖိအားတွေမပေးတော့ဘူးလို့ ပြောပါတယ်"

"အင်း သာဓု သာဓု အသိတရားရဖို့ အချိန်အခါတွေက လွန်တောင်လွန်နေပါပြီ၊ ဒီလိုလေးဖြစ်လာတယ်ဆိုရင်ပဲ တော်သေးတာပေါ့၊ ကဲ ဒကာမလေးကို လိုက်ရှာကြည့်လိုက်ပါဦး၊ သူ ဝေးဝေးမသွားတတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"[illegible]တဲ့ သားရှာကြည့်လိုက်ပါဦးမယ်"

သူ [illegible]ရှေ့က သုတ်ခနဲ ထလာခဲ့သည်။ သစ်ရိုပ်ဝါးရိပ်တွေ [illegible]ကြောင့် ချောင်းရေစပ်ဆိုတာကို တော်တော်နှင့်ရှာမတွေ့။ [illegible]ပြောသော ကျောင်းအနောက်ဘက်ကို ပြေးဆင်းလာခဲ့သည်။

"ရစ် ရစ်မှူး"

ချောင်းရေအစပ် ဝါးလုံးတန်းလေးပေါ်မှာ ထိုင်နေသော ပန်းရစ်မှူးကိုတွေ့လိုက်ရသည်။ တကာယ်ကိုအေးချမ်းစွာ ထိုင်နေတာပဲလား။ သူ့ကိုလွမ်းဆွေးသတိရနေတာများလား။

"ရစ်မှူး"

"ဟင်"

ခေါ်သံကြားလိုက်သည့်အခါမှာ ပျာခနဲ နောက်ကိုလှည့်ကြည့်လာသည်။ ဝါးလုံးတန်းပေါ်မှာ ဖျတ်ခနဲ ထရပ်ပြီး ယိုင်လဲမသွားအောင် ထိန်းနေရှာ၏။ သူ ကုန်းဆင်းလေးအတိုင်း တဖြည်းဖြည်းဆင်းလိုက်သည်။

"ရှင် ရှင် ဘာလို့လိုက်လာတာလဲ၊ မလာနဲ့ ရစ်မှူးဆီကို မလာနဲ့"

"ရစ်မှူး"

"ရစ်မှူး ရှင့်ကိုကြောက်တယ်၊ ရှင့်ကိုမတွေ့ချင်ဘူး ဟင့်အင်း"

"ရစ်မှူးရယ် ကိုယ်မှားပါတယ်၊ ကိုယ်တောင်းပန်ပါတယ်၊ နောက်ဘယ်တော့မှ ရစ်မှူးကို စိတ်ဆင်းရဲအောင် မလုပ်တော့ပါဘူး။ ကိုယ်တကယ်ပြောတာပါ၊ ကတိပေးပါတယ် ရစ်မှူးရယ်"

"ဟင့်အင်း မယုံဘူး ကမ္ဘာပိုင်၊ ရှင် ခဏခဏ နားလည်ပေးပါမယ်လို့ပြောနေခဲ့တာပဲ ဒါပေမဲ့"





"ဟုတ်ပါတယ် ကိုယ်အခု နောင်တရနေပါတယ်၊ ရစ်မှူးကို ချစ်လွန်းလို့ ဒီလိုတွေ မှားနေခဲ့တာပါ"

"ရှင်ချစ်သရွေ့ ထပ်မှားနေဦးမှာပဲ၊ ကျန်တာတွေကို ခွင့်လွှတ်လို့ရတယ်၊ ဒီရင်သွေးလေးကိစ္စကိုတော့ ရှင့်ကိုလုံးဝ ခွင့်မလွှတ်နိုင်ဘူး ကမ္ဘာပိုင်"

"အဲဒါ ကိုယ်သိပါတယ်၊ ရင်သွေးလေးကိစ္စနဲ့ပတ်သက်ပြီး ကိုယ်ပြောခဲ့မိတာတော့ ကိုယ်တောင်းပန်ပါတယ်၊ တောင်းပန်ပါတယ် ရစ်မှူးရယ်၊ ကိုယ့်ကိုခွင့်လွှတ်ပေးပါနော်"

"ဟင့်အင်း ရှင် ရှေ့တိုးမလာနဲ့"

"ဗွမ်း"

"ဟာ ရစ်မှူး"

ရစ်မှူး ရေထဲပြုတ်ကျသွားတာကို သူ့မျက်လုံးတွေ ပြာဝေသွားသည်။ ရစ်မှူး ပြုတ်ကျသွားသော ချောင်းထဲကို သူ ဝုန်းခနဲ ခုန်ဆင်းပစ်လိုက်သည်။

"ရစ်မှူး ရစ်မှူးရေ ရစ်မှူး"

သူ အသံတွေပြာအောင် အော်ရင်းလိုက်ရှာသည်။

"ရစ်မှူး"

ရစ်မှူးကိုမြင်လိုက်သည်နှင့် သူ အသံကုန်အောင် အော်ရင်း ပွေ့ချီကာ ဆယ်လိုက်သည်။ ကမ်းစပ်ထိပွေ့ချီလာကာ သူ စိုးရိမ်စိတ်တွေ ဝင်နေမိသည်။ ရစ်မှူး ဗိုက်ထဲက ကလေးလေးများ တစ်ခုခုဖြစ်သွားမလား။

www.burmeseclassic.com



"ရစ်မူး ရစ်မူး ရစ်မူးရေ"

"အင်"

"ရစ်မူး"

သူ ပွေ့ဖက်ထားရင်း ငိုချလိုက်မိသည်။ သူ ရစ်မူးကို ဘယ်လိုမှ အဆုံးရှုံးမခံနိုင်တာ သူ့ကိုယ်သူ ထိတ်လန့်စွာ သိလိုက်ရ၏။

"ရစ်မူးရယ်"

သူ အငမ်းမရ နမ်းရှုံ့ရင်းဖြင့် လွတ်ထွက်မသွားအောင် သူ တင်းကျပ်စွာ ဖက်တွယ်ထားလိုက်သည်။ ရစ်မူးက ရုန်းထွက်ချင်သော် လည်း သူလွှတ်မပေး။

"ရစ်မူးရယ် ရစ်မူးရယ် ကိုယ်တောင်းပန်ပါတယ်ကွာ၊ ကိုယ့်ကိုမထားခဲ့ပါနဲ့၊ မစွန့်ပစ်ခဲ့ပါနဲ့ ရစ်မူးရယ်၊ ရစ်မူးထားခဲ့တဲ့ဘဝမှာ ကိုယ် မနေပါရစေနဲ့ မနေရဲလို့ပါ၊ ကိုယ်ရစ်မူးကို စိတ်ဆင်းရဲအောင် မလုပ်တော့ပါဘူး၊ သောကတွေ မပေးတော့ပါဘူး၊ ကိုယ် သစ္စာဆိုပါမယ်၊ ကျိန်ဆိုကျိန်ပါမယ် ရစ်မူးရယ်နော်"

"ဟင့်အင်း ရှင့်အချစ်တွေကို ရစ်မူး ကြောက်တယ်၊ ရှင့်ရဲ့ အဲဒီစကားတွေကို ရစ်မူး မယုံရဲတော့ဘူး"

"ယုံကြည်လာအောင် ကိုယ်သက်သေပြပါမယ်၊ မေမေနဲ့အန်တီလည်း ရစ်မူးကိုနားလည်သွားပြီ၊ ရစ်မူးကို ဖိအားတွေလည်း မပေးတော့ဘူး၊ နှိပ်လည်းမနှိပ်စက်တော့ပါဘူး။ ရစ်မူးမှာ အန္တရာယ်တွေရှိလာရင်လည်း ကိုယ်အသက်နဲ့လဲပြီး ကာကွယ်ပါမယ်၊ ရစ်မူးဘက်ကရပ်တည်ပါမယ်၊ ယုံကြည်ပေးပါနော် ရစ်မူး၊ ယောကျ်ားကတိ ယောကျ်ားသစ္စာပါ"

"ရှင် တကယ်ပြောတာနော်"





သူ ဒီလောက်ပြောလာပြီဆိုတော့လည်း သူမနှလုံးသားက ကြာကြာတင်းခံမထားနိုင်ပေ။ ဘဝမှာလိုအပ်တာဆိုလို့ သူ့အချစ်တစ်ခုတည်းပါ။

"ရစ်မူး ရှင့်ကိုမုန်းကြည့်သေးတယ် ကမ္ဘာ"

"ဟင်"

"နာကြည်းမယ်လို့ ဖွတ်အားတင်းသေးတယ်"

"ရစ်မူး"

"ဒါပေမဲ့ ရစ်မူးနှလုံးသားက လက်မခံဘူး၊ ရှင့်ကိုပဲ တမ်းတမ်းစွဲနေတယ်၊ ရှင့်ကိုပဲ မျှော်လင့်နေတယ်၊ တောင့်တနေတယ်၊ တစ်နေ့နေ့မှာ မေ့သွားနိုင်မလားလို့ ဒီမှာလာပြီးရှောင်နေတာ"

"အဲဒီလို အတွေးမျိုး နောက်ဘယ်တော့မှ မတွေးပါနဲ့တော့ ရစ်မူးရယ်၊ ရစ်မူး ထားခဲ့ရင် ကိုယ်သေမှာပါ၊ ကိုယ်ရူးမှာပါ၊ ကိုယ်ရင်ကွဲနာကျမှာပါ ရစ်မူး၊ ရစ်မူးကို ကိုယ်သေဆုံးတဲ့အထိ နောင်ဘဝတွေထိ ချစ်သွားပါရစေ၊ သဝန်တို အတ္တလွှမ်းတဲ့အချစ်တွေနဲ့မဟုတ်ပါဘူး၊ ရင်ထဲက အစစ်အမှန်မေတ္တာတရားတွေနဲ့ ချစ်မှာပါ ရစ်မူးရယ်နော်"

"ရှင့်ရင်ထဲက စကားတွေလား"

"မယုံသင်္ကာပြန့်မေးနေတာလား ရစ်မူးရယ်၊ ကိုယ်ယုံအောင် ဘယ်လိုသက်သေပြပေးရမလဲ ဒီလိုလား"

"ဟိတ် ရှင်နော် ဒါ ဘုရားရိပ် တရားရိပ်နဲ့ ကင်းတာမဟုတ်ဘူး"

"ဘာဖြစ်လဲ မင်းယုံအောင် သက်သေပြမလို့ဥစ္စာ"

"ရှင် အဲဒီလိုနေရာဒေသမရွေး အလိုက်ကန်းဆိုးမသိလို့လည်း



www.burmeseclassic.com

www.burmeseclassic.com



ရစ်မူး ရှုးရှုးမူးမူးချစ်သွားခဲ့မိတာထင်တယ်၊ နောက်ဆို ရစ်မူးတို့ရင်သွေးလေးရလာတော့မှာ ရင့်ကျက်တည်ငြိမ်ပြီး လူကြီးဆန်ပါတော့"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

"ကလေးအဖေ ဖြစ်တော့မယ်သူက ကလေးလိုဆိုးနေလို့ ဖြစ်ပါ့မလား"

"ဟုတ်ကဲ့ ကျွန်တော် ဆင်ခြင်ပါ့မယ်ခင်ဗျာ"

"ကြည့် ကိုကိုနော် ပြောင်ချော်ချော်နဲ့"

"ဟား၊ အဲဒီ-ကိုကိုဆိုတဲ့အသံလေး ဒီတစ်သက်ပြန်မကြားရတော့ဘူးထင်တာ၊ ကျေးဇူးတင်ပါတယ် ရစ်မူးရယ် အချစ်ရယ်"

အားလုံးအတွက်
နတ်သမီး

BURMESE CLASSIC
www.burmeseclassic.com